ANFREL

Asian Network for Free Elections

# မြန်မာနိုင်ငံ ၂၀၁၇ ကြားဖြတ်ရွေးကောက်ပွဲများ
# မြန်မာနိုင်ငံ၏ ၂၀၂၀ အထွေထွေရွေးကောက်ပွဲများဆီသို့





ရွေးကောက်ပွဲလေ့လာစောင့်ကြည့်ရေးမစ်ရှင် အစီအရင်ခံစာ

ANFREL
Asian Network for Free Elections

# မြန်မာနိုင်ငံ ၂၀၁၇ ကြားဖြတ်ရွေးကောက်ပွဲများ

# မြန်မာနိုင်ငံ၏ ၂၀၂၀ အထွေထွေရွေးကောက်ပွဲများ ဆီသို့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတွင် ၂၀၁၇ ခုနှစ်၊ ကြားဖြတ်ရွေးကောက်ပွဲများအတွက် နိုင်ငံတကာ
စောင့်ကြည့်လေ့လာရေးအဖွဲ့ (IEOM) ၏ အပြီးသတ်အစီရင်ခံစာ

**ရေးသားသူ** : Ryan D Whelan, Dr. Aulina Adamy, Amin Iskandar, Ichal Supriadi နှင့် Chandanie Watawala
**ဘာသာပြန်သူ** : ဇာနည်မောင်
**စီစစ်အတည်ပြုသူ** : ဣန္ဒြာနွယ်
**အပြင်အဆင်** : ဝေယံ
**စာအုပ်အဖုံးဒီဇိုင်း** : စန်းမိုးအောင်
**ပုံနှိပ်သူ** : ရွှေမြန်မာ ဒီဇိုင်း နှင့် ပုံနှိပ်


မူရင်းပိုင်ရှင်ရေးထိုးမထားသော ဓါတ်ပုံများအတွက် ANFREL အဖွဲ့ မှ စောင့်ကြည့်လေ့လာသူများကို ကျေးဇူးတင်ပါသည်။

**ရေးသားထုတ်ဝေသူ**
The Asian Network for Free Elections (ANFREL)
105 Susthisarnwinichai Road, Samsennok, Huaykwang, Bangkok 10310, Thailand
Tel: (+66 2) 26931867
Email: anfrel@anfrel.org
Website: www.anfrel.org
ISBN: BN-60-153969

၂၀၁၇ ၊ ရန်ကုန်၊ မြန်မာ

*ဤအစီရင်ခံစာသည် မြန်မာနိုင်ငံတွင် လာရောက်ခဲ့သော ANFREL စောင့်ကြည့်လေ့လာရေးအဖွဲ့မှ တွေ့ရှိချက်များအားလုံးကို ထင်ဟပ်ထားခြင်းသာဖြစ်ပြီး မည်သည့် ANFREL ၏ စောင့်ကြည့်လေ့လာသူတစ်ဦးချင်း၊ ဝန်ထမ်း၊ အလှူရှင်များ သို့မဟုတ် အရပ်ဖက်အဖွဲ့အစည်းမိတ်ဖက်များတို့၏ အမြင်များကို ထင်ဟပ်ထားခြင်းမဟုတ်ပေ။ အစီရင်ခံစာတွင်ပါဝင်သော သတင်းအချက်အလက်များအတွက် မည်သည့်အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်က ကိုယ်စားပြု၍ တာဝန်ယူရန်မလိုပေ။ အစီရင်ခံစာပါ အကြောင်းအရာများကို ဇစ်မြစ် အဖြစ်ဖော်ပြကာ အသုံးပြုနိုင်သည်။*

ANFREL အစီရင်ခံစာ၏ အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားသည့် အစီရင်ခံစာသည်သာ တရားဝင်အတည် အသုံးပြုရန်ဖြစ်ပြီး၊ မြန်မာဘာသာသို့ပြန်ဆိုထားခြင်းသည် ရည်ညွှန်းရာတွင် အသုံးပြုရန်ဖြစ်သည်။ ထို့ကြောင့် အင်္ဂလိပ်ဘာသာနှင့် မြန်မာဘာသာ အတွင်း မကိုက်ညီမှု သို့မဟုတ် သံသယဖြစ်ဖွယ်ရှိမှုများ တွေ့ရှိပါက အင်္ဂလိပ်ဘာသာဖြင့်ရေးသားထားသော အစီရင်ခံစာကသာ အတည်ဖြစ်သည်။


Myanmar Information Management Unit
Myanmar Country Map
MIMU
Bhutan
India
Bangladesh
China
Vietnam
Laos
Thailand
Cambodia
Bay of Bengal
Andaman Sea
Kachin
Myitkyina
Sagaing
Lashio
Hakha
Chin
Sagaing
Mandalay
Shan
Kengtung
Mandalay
Taunggyi
Magway
Sittwe
Nay Pyi Taw
Magway
Loikaw
Rakhine
Kayah
Pyay
Bago
Bago
Kayin
Yangon
Hpa-An
Pathein
Yangon
Ayeyarwady
Mawlamyine
Mon
Dawei
Tanintharyi
Legend
Town Point
Capital
State Capital
Road
Coast
State Boundary
International Boundary
N
90°E
95°E
100°E
25°N
20°N
15°N
10°N

# ကျေးဇူးတင်လွှာ

မိမိတို့အဖွဲ့အနေဖြင့် သန္နိဌာန်ခိုင်မာစွာဖြင့် ပါဝင်ကြသော နိုင်ငံတကာမှ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများကို ကျေးဇူးတင်ကြောင်းပြောကြားလိုပါသည်။ ၎င်းတို့၏ ကြိုးစားပမ်းစားလုပ်ဆောင်မှုများသည် ဤအစီရင်ခံစာအတွက် သတင်းအချက်အလက်များပေးသည်။ မိမိတို့၏ ပြည်တွင်းမှ အဖွဲ့၏ စောင့်ကြည့်လေ့လာမှုအတွက် ကြိုးစားလုပ်ကိုင်မှု၊ စိတ်မြှုပ်နှံလုပ်ဆောင်မှုတို့သည် ၎င်းတို့၏ တိုင်းပြည်တွင် ဒီမိုကရေစီဆက်လက်ဖွံ့ဖြိုးလာရေးအတွက် အားတက်ဖွယ်လက္ခဏာဖြစ်သည်။

ANFREL ကလည်း အဖွဲ့လုပ်ငန်းတာဝန် အောင်မြင်ရေးအတွက် အချိန်များ၊ အင်အားများကို ရက်ရက်ရောရော ပေးခဲ့ကြသည့် ပြည်တွင်းဝန်ထမ်းများကိုလည်း ကျေးဇူးတင်ပါသည်။ တခါတခါတွေ့ကြုံရသော အရေးပါသည့် စိန်ခေါ်မှုများကို ကျော်လွှားနိုင်ခဲ့သည်။

ANFREL သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ အစိုးရတာဝန်ရှိသူများ၊ ကိုယ်စားလှယ်လောင်းများနှင့် နိုင်ငံရေးပါတီကိုယ်စားလှယ်များ၊ အရပ်ဖက် လူထုအခြေပြုအဖွဲ့အစည်းများ၊ မြန်မာနိုင်ငံမှ မီဒီယာများကို မိမိတို့အား လှိုက်လှိုက်လှဲလှဲကြိုဆိုခဲ့ကြသည့် အတွက်လည်းကောင်း၊ မိမိတို့နှင့် မိမိတို့၏ စောင့်ကြည့်လေ့လာသူများဖြင့် ပူးပေါင်းဆောင်ရွက်ပေးခဲ့ကြသည့်အတွက်လည်းကောင်း ကျေးဇူးတင်ပါသည်။

ANFREL အနေဖြင့် နောက်ထပ်ကျေးဇူးတင်ရမည့်သူများမှာ စောင့်ကြည့်လေ့လာရေးအဖွဲ့များဖြစ်ကာ ၎င်းတို့သည် ၎င်းတို့၏ စောင့်ကြည့်လေ့လာရေးအတွေ့အကြုံများ၊ နည်းစနစ်များနှင့် မူဘောင်များကို မျှဝေပေးခဲ့သည့်အတွက် ကျေးဇူးတင်ပါသည်။ မြန်မာနိုင်ငံ နော်ဝေသံရုံးမှတဆင့်ထောက်ပံ့သော နော်ဝေးနိုင်ငံခြားရေးရာ ဝန်ကြီးဌာန၊ ဆွစ်ဇာလန်သံရုံးမှတဆင့်ထောက်ပံ့သော Swiss Federal Department of Foreign Affairs တို့၏ စေတနာနှင့် ပံ့ပိုးကူညီမှုများသည် မိမိတို့၏ လုပ်ငန်းတာဝန်အောင်မြင်ရေးအတွက် မရှိမဖြစ်အစိတ်အပိုင်းဖြစ်သည်။ ၎င်းတို့၏ ပရော်ဖက်ရှင်နယ်ပီသမှုနှင့် နိုင်ငံရေးအရ ဘက်မလိုက်ပဲ ကြားနေရပ်တည်မှုကို ထိန်းသိမ်းထားနိုင်ခြင်းကို လေးစားမှုတို့သည် ANFREL အနေဖြင့် မြေပြင်တွင် မိမိတို့၏ စောင့်ကြည့်လေ့လာသူများ၏ တွေ့ရှိချက်များအပေါ်တွင်သာ အခြေပြု၍ လွတ်လွတ်လပ်လပ်လုပ်ကိုင်ရန် ဖြည့်ဆီးပေးသည်။ မြန်မာနိုင်ငံ၏ အပျိုသင်စ ဒီမိုကရေစီကို ကူညီပံ့ပိုးရန် အထက်ကအဖွဲ့အားလုံး၏ စဉ်ဆက်မပြတ်ရည်စူးမှုသည် ရှေ့ဆက်ရန်များစွာအားဖြစ်စေသည်။

အရေးအကြီးဆုံးသူများကို နောက်ဆုံးမှ ကျေးဇူးတင်စကားပြောရန် ချန်ထားခြင်းဖြစ်သည်။ ANFREL သည် မြန်မာနိုင်ငံမှ မဲဆန္ဒပေးကြသည့် ပြည်သူများကို လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်ကြောင်းပြောလိုပြီး လေးစားအားကျရပါသည်။ အထူးသဖြင့် ရွေးကောက်ပွဲအောင်မြင်ရေးအတွက် ကြီးစွာထည့်ဝင်မှုပြုကြသည့် ရွေးကောက်ပွဲနှင့်ဆိုင်သော အဖွဲ့အစည်းများဖြစ်သည်။ အားလုံးကို သိထားစေလိုသည်မှာ ANFREL ကရော၊ အာရှနှင့် ကမ္ဘာတလွှားမှ လွတ်လပ်မှုကို မြတ်နိုးသော လူအများက မြန်မာတို့၏ ကြိုးပမ်းအားထုတ်မှုအပေါ် လေးစားလျက်ရှိကြကာ ထောက်ခံပံ့ပိုးရန် အမြဲတစေရှိနေကြပါလိမ့်မည် ဆိုသည့်အကြောင်းဖြစ်ပါသည်။

# မာတိကာ


*အတိုကောက်စာလုံးများနှင့် မြန်မာအခေါ်အဝေါ်များ* ........ ၆

*ANFREL အကြောင်း* ........ ၉

*အမှာစာ* ........ ၁၁

**အဓိကအကြောင်းအရာများအကျဉ်းချုပ်** ........ ၁၃

**နိဒါန်းနှင့် စောင့်ကြည့်လေ့လာရေးအဖွဲ့ ကို ခြုံငုံကြည့်ရှုခြင်း** ........ ၂၅

မကြာသေးမီကရွေးကောက်ပွဲများအပေါ် ခြုံငုံကြည့်ရှုခြင်း ........ ၂၅

ANFREL လေ့လာရေး အဖွဲ့ အကြောင်း ........ ၂၈

ANFREL လေ့လာရေးမစ်ရှင် ကြိုတင်ပြင်ဆင်မှု ........ ၂၉

**ကြားဖြတ်ရွေးကောက်ပွဲ ဥပဒေနှင့် စီမံအုပ်ချုပ်မှု** ........ ၃၁

အခြေခံဥပဒေနှင့် ဥပဒေမူဘောင် ........ ၃၁

ရွေးကောက်ပွဲစနစ် - မြန်မာနိုင်ငံမှ ကြားဖြတ်ရွေးကောက်ပွဲများ ........ ၃၅

ရွေးကောက်ပွဲဆိုင်ရာ အုပ်ချုပ်ရေး - ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် (UEC) ........ ၃၈

**ရွေးကောက်ပွဲ အကြို** ........ ၄၃

မဲဆွယ်စည်းရုံးမှု ဝန်းကျင်အခြေအနေ ........ ၄၃

နောက်ဆုံးရ မဲစာရင်း ........ ၄၅

ပါတီများနှင့် ကိုယ်စားလှယ်လောင်းများ မှတ်ပုံတင်ခြင်း ........ ၄၉

မဲဆန္ဒရှင် အသိပညာပေးလုပ်ငန်း ........ ၅၀

**ရွေးကောက်ပွဲ ပတ်ဝန်းကျင်အခြေအနေ** ........ ၅၅

တပ်မတော်၏ အခန်းကဏ္ဍနှင့် လုံခြုံရေး အခြေအနေ ........ ၅၅

အမျိုးသမီးများ၏ ပါဝင်မှု ........ ၆၃

မသန်စွမ်းမဲဆန္ဒရှင်များ ........ ၇၁

အရပ်ဖက်လူထုအခြေပြုအဖွဲ့အစည်းတို့၏အခန်းကဏ္ဍ၊ စောင့်ကြည့်လေ့လာသူများနှင့်
ပါတီကိုယ်စားလှယ်တို့၏ သွားရောက်နိုင်မှုနှင့် လုပ်ငန်းတာဝန် ........ ၇၄

မီဒီယာ၏ အခန်းကဏ္ဍနှင့် လွတ်လပ်စွာဖော်ပြခွင့် ........ ၇၆

**ရွေးကောက်ပွဲနေ့** ........ ၇၉

ကြိုတင်မဲပေးခြင်း ........ ၇၉

ရွေးကောက်ပွဲနေ့ ........ ၈၆

သတ်မှတ်ချက်ပြည့်မီသည့် မဲဆန္ဒရှင်များ မဲပေးခွင့်မရခြင်း ........ ၉၈

**ရွေးကောက်ပွဲလွန်ကာလ** ........ ၁၀၂
ရွေးကောက်ပွဲနေ့ ရလဒ်များ ........ ၁၀၂
ရွေးကောက်ပွဲဆိုင်ရာ အငြင်းပွားမှု ဖြေရှင်းခြင်း ........ ၁၁၁

**အကြံပြုချက်များ** ........ ၁၁၅

**၂၀၁၅ အထွေထွေရွေးကောက်ပွဲနှင့် ၂၀၁၇ ကြားဖြတ်ရွေးကောက်ပွဲ - နှိုင်းယှဉ်ချက်** ........ ၁၂၃

**နောက်ဆက်တွဲ ၁ - နေရာချထားမှုမြေပုံ** ........ ၁၂၅

**နောက်ဆက်တွဲ ၂ - မှတ်ပုံတင်စာရင်းပေးသွင်းသော ကိုယ်စားလှယ် လောင်းများနှင့် ပါတီများ** ........ ၁၂၆

## အတိုကောက်စာလုံးများနှင့် မြန်မာအခေါ်အဝေါ်များ

| | |
|---|---|
| AESF | Asian Electoral Stakeholder Forum |
| Amyotha Hluttaw | အမျိုးသားလွှတ်တော် |
| ANDP | တိုင်းရင်းသားအားလုံးဒီမိုကရက်တစ်ပါတီ |
| ANFREL | Asian Network for Free Elections |
| ANP | ရခိုင်အမျိုးသားပါတီ |
| CNDP | ချင်းအမျိုးသားဒီမိုကရေစီပါတီ |
| CoC | လိုက်နာအပ်သည့် ကျင့်ဝတ်များ |
| CSOs | အရပ်ဖက် လူထုအခြေပြုအဖွဲ့အစည်းများ |
| DRI | Democracy Reporting International |
| EEOPs | Election Education and Observation Partners |
| EMB | ရွေးကောက်ပွဲကို စီမံခန့်ခွဲသည့် အဖွဲ့အစည်း |
| EMOs | ရွေးကောက်ပွဲလေ့လာစောင့်ကြည့်သည့် အဖွဲ့များ |
| ERCB | ရွေးကောက်ပွဲပြုပြင်ပြောင်းလဲရေးညှိနှိုင်းမှုအဖွဲ့ |
| FPTP | အနိုင်ရသူ အားလုံးယူသည့် စနစ် |
| GAD | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန |
| IDEA | The International Institute for Democracy and Electoral Assistance |
| IEO | နိုင်ငံတကာ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ |
| IEOM | နိုင်ငံတကာ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးမစ်ရှင် |
| IFES | International Foundation for Electoral Systems |
| IRI | International Republican Institute |
| MFA | နိုင်ငံခြားရေးဝန်ကြီးဌာန |
| MILI | Myanmar Independent Living Imitative |
| MNCP | မြန်မာအမျိုးသားကွန်ဂရက်ပါတီ |
| MNP | မွန်အမျိုးသားပါတီ |
| MOU | နားလည်မှုစာချွန်လွှာ |

| | |
|---|---|
| MPs | လွှတ်တော်ကိုယ်စားလှယ်များ |
| NCA | တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ် |
| NDF | အမျိုးသားဒီမိုကရက်တစ်အင်အားစု |
| NDI | National Democratic Institute |
| NEMGs | နိုင်ငံသားရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များ |
| NGOs | အစိုးရမဟုတ်သည့်အဖွဲ့အစည်းများ |
| NLD | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် |
| NMF | New Myanmar Foundation |
| NUP | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ |
| PACE | Peoples' Alliance for Credible Elections |
| Pyithu Hluttaw | ပြည်သူ့လွှတ်တော် |
| SNDP | ရှမ်းအမျိုးသားများဒီမိုကရေစီပါတီ |
| SNLD | ရှမ်းအမျိုးသားများဒီမိုကရေစီအဖွဲ့ချုပ် |
| SPDC | နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ |
| SSAN | ရှမ်းပြည်တပ်မတော်-မြောက် |
| SSPP | ရှမ်းပြည်တိုးတက်ရေးပါတီ |
| Swiss FDEA | Swiss Federal Department of Foreign Affairs |
| Tatmadaw | မြန်မာ့တပ်မတော် |
| UEC | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် |
| USDP | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |

## ANFREL အကြောင်း

Asian Network for Free Elections (ANFREL) ကို ၁၉၉၇ ခုနှစ်၊ နိုဝင်ဘာလတွင်ဖွဲ့စည်းခဲ့ပြီး ဒီမိုကရေစီ ရွေးကောက်ပွဲများမြှင့်တင်ရန် လုပ်ကိုင်နေသော အာရှမှ ဦးဆောင် NGO ဖြစ်ရန် ထူထောင်ခဲ့ခြင်းဖြစ်သည်။ ANFREL ၏ မူလလုပ်ငန်းသည် ရွေးကောက်ပွဲစောင့်ကြည့်ခြင်း၊ သက်ဆိုင်ရာနိုင်ငံများတွင် ဒီမိုကရေစီဖော်ဆောင်မှုများ၌ တက်ကြွစွာ လုပ်ကိုင်နေသော အရပ်ဖက်လူထုအခြေပြုအဖွဲ့အစည်းများဖွံ့ဖြိုးလာရန်နှင့် လေ့ကျင့်သင်ကြားမှုများ ပြုလုပ်ပေးနိုင်ရန်၊ ဒေသတွင်း၌ ဒီမိုကရေစီဖွံ့ ဖြိုးတိုးတက်ရေးအတွက် ရွေးကောက်ပွဲဆိုင်ရာ စိန်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းရန် စည်းရုံးခြင်း၊ အရေးဆိုခြင်းများကို အာရုံပြုလုပ်ဆောင်သည်။

ANFREL သည် စတင်ဖွဲ့စည်းစဉ်ကတည်းက ယခုအထိ အာရှတစ်လွှားမှ ရွေးကောက်ပွဲ ၄၈ ခုတွင် စောင့်ကြည့်လေ့လာခြင်းမစ်ရှင်များလုပ်ဆောင်ခဲ့ရာ ထိုမစ်ရှင်များတွင် အာရှမှရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူ တစ်ထောင်ကျော်ပါဝင်လုပ်ဆောင်ခဲ့သည်။ ANFREL သည် အာရှမှမိတ်ဖက် အရပ်ဖက်လူထုအခြေပြုအဖွဲ့အစည်းကွန်ရက်မှ စောင့်ကြည့်လေ့လာသူများကို ရှာဖွေပါသည်။[1] မိမိတို့၏ ရေရှည်ရည်ရွယ်ချက်မှာ ဒေသတွင်းတွင် ရွေးကာက်ပွဲနှင့် အုပ်ချုပ်ရေးတို့၌ ကျွမ်းကျင်မှုများတည်ဆောက်ပေးရန်နှင့် ဒီမိုကရေစီအလေ့အထကို ပြင်ပမှ လုပ်ဆောင်ပေးခြင်းထက် ပြည်တွင်းတွင်ဖွံ့ဖြိုးလာအောင်လုပ်၍ အမြစ်တွယ်လာစေရန် တို့ဖြစ်သည်။ ရွေးကောက်ပွဲအုပ်ချုပ်ရေးကို နိုင်ငံတကာပုံစံဖြင့် စောင့်ကြည့်လေ့လာခြင်းမှတဆင့် မိမိတို့၏ စောင့်ကြည့်လေ့လာသူများသည် နိုင်ငံတကာ၏ အကောင်းဆုံးအလေ့အထများကို အားကောင်းစွာ နားလည်သဘောပေါက်မှု တိုးတက်လာစေရန် ဖြစ်သည်။ ထိုနိုင်ငံတကာဗဟုသုတများကို ၎င်းတို့ကိုယ်စီ မိခင်နိုင်ငံများတွင် ရွေးကောက်ပွဲလုပ်ငန်းစဉ်အား ကောင်းလာစေရန် အသုံးချနိုင်သည်။

ရွေးကောက်ပွဲတွင် တိုက်ရိုက်စောင့်ကြည့်လေ့လာခြင်းများအပြင် ANFREL သည် ရွေးကောက်ပွဲနှင့် ဒီမိုကရေစီနှင့်သက်ဆိုင်သော ကိစ္စရပ်များတွင် ပါဝင်လုပ်ကိုင်နေသော အရပ်ဖက်လူထုအခြေပြု အဖွဲ့အစည်းများအတွက် လေ့ကျင့်သင်ကြားရေးများနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေးများကို လုပ်ဆောင်ပေးနေပါသည်။ ပြည်တွင်းမှ အဖွဲ့အစည်းများအား စွမ်းဆောင်ရည်မြှင့်တင်ပေးမှုများကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပေးခြင်းသည် ယနေ့အထိ မိမိတို့၏ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးမစ်ရှင်တိုင်း၏ အစိတ်အပိုင်းတစ်ခုဖြစ်သည်။ သက်ဆိုင်ရာနိုင်ငံတိုင်းမှ ပြည်တွင်းတွင် ပါဝင်ပတ်သက်နေသူများကို အဆိုပါစွမ်းဆောင်ရည်မြှင့်တင်ပေးခြင်းသည် ဒီမိုကရေစီဖော်ဆောင်ရေးကြိုးပမ်းမှု၏ အရေးအကြီးဆုံးအစိတ်အပိုင်းတစ်ခုဖြစ်သည်ဟု ANFREL က ယုံကြည်ပြီး၊ ထိုသို့သော ကြိုးပမ်းမှုများတွင် နိုင်ငံတကာအသိုင်းအဝိုင်းမှ စဉ်ဆက်မပြတ်ပံ့ပိုးမှုများ လက်ခံရရှိကာ အာရှဒေသတွင် ရွေးကောက်ပွဲပြုပြင်ပြောင်းလဲမှုများနှင့် ဒီမိုကရေစီဖော်ဆောင်ရေးကို တိုးတက်စေလိမ့်မည်ဟု မျှော်လင့်ပါသည်။

နောက်ဆုံးဆိုရပါက ANFREL သည် ရွေးကောက်ပွဲများနှင့် အခြားဒီမိုကရေစီလုပ်ငန်းစဉ်များနှင့် ဆက်စပ်နေသော သတင်းအချက်အလက်များ၊ ပုံနှိပ်ထားသော အထောက်အကူပစ္စည်းများကို ပြန့်နှံ့စေခြင်းများအပါအဝင်

[1] ANFREL အဖွဲ့ဝင်စာရင်းအပြည့်အစုံကို http://anfrel.org/our-members/ တွင် ကြည့်ပါ။

ရွေးကောက်ပွဲနှင့်ဆိုင်သော စည်းရုံးလှုံ့ဆော်မှုများနှင့် အရေးဆိုမှုများလုပ်ဆောင်နေပါသည်။ ANFREL သည် ၂၀၁၂ ခုနှစ်ကတည်းက အာရှရွေးကောက်ပွဲတွင် ပါဝင်နေသူများ၏ ဆွေးနွေးပွဲ (Asian Electoral Stakeholder Forum – AESF) ကို စီစဉ်ကျင်းပနေရာ အာရှတလွှားမှရွေးကောက်ပွဲတွင် ပါဝင်နေသော အရပ်ဖက်လူထု အခြေပြုအဖွဲ့အစည်းများ၊ ရွေးကောက်ပွဲကို စီမံအုပ်ချုပ်သည့်အဖွဲ့များကို နားလည်မှုများပိုမိုတည်ဆောက်နိုင်ရန်နှင့် အာရှတွင် လွတ်လပ်၍တရားမျှတသော ရွေးကောက်ပွဲများအတွက် ကျန်ရှိနေသော စိန်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းရာတွင် ပူးပေါင်းဆောင်ရွက်မှုများရရန် ဖိတ်ခေါ်တွေ့ဆုံစေပါသည်။

ရွေးကောက်ပွဲတွင် ပါဝင်နေသူ အမျိုးမျိုးသောပုဂ္ဂိုလ်များအား မိမိတို့၏အရေးဆိုမှု၊ စည်းရုံးမှုလုပ်ငန်းများတွင် ပါဝင်စေခြင်း၊ ဒေသတဝှမ်းမှ စောင့်ကြည့်လေ့လာသူများကို မိမိတို့၏ စောင့်ကြည့်ရေးမစ်ရှင်များ၌ ပါဝင်စေခြင်းများမှတဆင့် ချိတ်ဆက်ဆက်ဆံစေခြင်းဖြင့် ဒေသတွင်းစည်းလုံးညီညွတ်ရေးစိတ်ဓါတ်ကို အခြေခံလျက် ဒီမိုကရေစီဖွံ့ဖြိုးတိုးတက်ရေးကို ဖြစ်ပေါ်စေမည့် ပတ်ဝန်းကျင်ကောင်းတစ်ခုကို ANFREL က ဖန်တီးပေးလိုခြင်းဖြစ်သည်။ ANFREL ၏ လုပ်ဆောင်နေသော နယ်ပယ်သုံးခုဖြစ်သည့် ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာခြင်း၊ စွမ်းဆောင်ရည်တည်ဆောက်ပေးခြင်းနှင့် စည်းရုံးအရေးဆိုခြင်းတို့သည် မိမိတို့၏ ရည်မှန်းချက်ဖြစ်သော အာရှတလွှားတွင် အရည်အသွေးရှိသော ရွေးကောက်ပွဲများတိုးတက်လာရေးကို ရှေ့ဆက်ဖြစ်ထွန်းနိုင်ရန် ပံ့ပိုးပေးနိုင်ကာ တစ်ခုကိုတစ်ခု အပြန်အလှန်ပံ့ပိုးမှုရှိသည်ဟု ဆိုချင်ပါသည်။

# အမှာစာ

၂၀၁၅ ခုနှစ် မြန်မာနိုင်ငံ၏ သမိုင်းဝင်အထွေထွေရွေးကောက်ပွဲအပြီး ခန့်မှန်းခြေ ၁၇ လခန့်အလွန်တွင် ၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲသည် ၂၀၁၅ ကတည်းက စပြီး ရွေးကောက်ပွဲဆိုင်ရာ ဖြစ်ပေါ်တိုးတက်မှုများနှင့် ၂၀၂၀ ခုနှစ်ကို ရည်သန်လျက် ရွေးကောက်ပွဲဆိုင်ရာ တိုးတက်မှုလမ်းကြောင်းတို့ကို ဆန်းစစ်ရန် အခွင့်အလမ်း ဖြစ်သည်။ ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက် အထွေထွေရွေးကောက်ပွဲသည် တိုင်းပြည်အတွက် အမြဲပြန်ရည်ညွှန်းရမည့် စံသတ်မှတ်ချက်ချခဲ့သည့်သဖွယ်ဖြစ်သည်။ ၂၀၁၀ ခုနှစ်နှင့်ယှဉ်ပါက တိုင်းပြည်၏ နေရာအများစုတွင် ရွေးကောက်ပွဲဆိုင်ရာ တိုးတက်မှုများ မှတ်မှတ်ထင်ထင်ပြသနိုင်သည်။ မြန်မာနိုင်ငံမှ ပြည်သူများသည် မျိုးဆက်တစ်ခုတွင် ပထမဆုံးအကြိမ်အဖြစ် ၎င်းတို့၏ နိုင်ငံရေးအရ ရပိုင်ခွင့်ကို လွတ်လပ်သည်ဟုဆိုနိုင်သော ပတ်ဝန်းကျင်တွင် အသုံးချနိုင်ခွင့်ရခဲ့ရာ စိတ်ဝင်တစားရှိခဲ့သည့် စည်းရုံးမဲဆွယ်ကာလ၊ လွတ်လွတ်လပ်လပ် မဲပေးနိုင်ခဲ့ခြင်းနှင့် မဲဆန္ဒရှင်များ၏ ဆန္ဒကိုထင်ဟပ်သည့် အရွေးချယ်ခံအစိုးရ ဖွဲ့စည်းနိုင်ခဲ့ခြင်းများက မှတ်ကျောက်များပင်ဖြစ်သည်။ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲ၏ အောင်မြင်မှုက ရှိထားပြီးဖြစ်ခြင်းကြောင့် ၂၀၁၇ ခုနှစ် ရွေးကောက်ပွဲတွင် ပါဝင်ပတ်သက်နေသူများအတွက် စိန်ခေါ်မှုမှာ ၂၀၁၅ က အောင်မြင်ထားမှုများမှ အချို့ကိုတော့ ပြန်ရမှဖြစ်မည်ဆိုသောအချက်နှင့် ထိုရွေးကောက်ပွဲများမှ ထွက်ပေါ်လာသော ဒီမိုကရေစီ အရှိန်အဟုန်နှင့် တိုးတက်မှုများအပေါ် အခြေခံ၍ တည်ဆောက်ရေးပင်ဖြစ်သည်။

ANFREL သည် မြန်မာနိုင်ငံ၏ ဒီမိုကရေစီဖွံ့ဖြိုးတိုးတက်ရေးတွင် ထည့်ဝင်ကူညီမှုများကို ပုံစံအမျိုးမျိုးဖြင့် ပေးနေပါသည်။ ပြီးခဲ့သည့် ဆယ်စုနှစ်ကတည်းက ANFREL သည် ပြည်တွင်းမှ နိုင်ငံသားစောင့်ကြည့်လေ့လာသူများ၊ ဂျာနယ်လစ်များအတွက် စွမ်းဆောင်ရည်မြှင့်တင်ပေးသည့် လုပ်ဆောင်မှုများစွာ လုပ်ဆောင်ပေးခဲ့ပြီး ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင်လည်း တစ်နိုင်ငံလုံးသို့ စောင့်ကြည့်လေ့လာရေးအဖွဲ့စေလွှတ်၍ စောင့်ကြည့်လေ့လာရေးကို လုပ်ဆောင်ခဲ့သည်။ ထို့ကြောင့်ပင် ANFREL သည် ၂၀၁၇ ခုနှစ် ရွေးကောက်ပွဲ လုပ်ငန်းစဉ်တွင်လည်း ဆန်းစစ်မှုများပြုလုပ်ရန် ကောင်းစွာနေရာချထားနိုင်ခဲ့ပြီး ၂၀၁၅ မှစ၍ တိုးတက်လာမှုများနှင့် ပြုပြင်ပြောင်းလဲမှုလုပ်ဆောင်ရန် လိုအပ်နေဆဲနေရာများကို တိုင်းတာနိုင်ခဲ့သည်။

၂၀၁၇ တွင် အာရှတလွှားမှ ANFREL ၏ စောင့်ကြည့်လေ့လာသူများကို ပါဝင်စေလျက် ကြားဖြတ်ရွေးကောက်ပွဲကျင်းပသည့် ပြည်နယ်/တိုင်းဒေသကြီးနှင့် မြို့နယ်များအထိ စေလွှတ်ခဲ့သည်။ ၎င်းတို့၏ တွေ့ရှိချက်များသည် ဤအစီရင်ခံစာ၏ အခြေခံများဖြစ်ကာ အစီရင်ခံစာကို ဒီမိုကရေစီအတွက် စိတ်ရင်းစေတနာနှင့် ညီညွတ်သော စိတ်ဓါတ်ဖြင့်ပေးအပ်ပါသည်။ လာမည့်အထွေထွေရွေးကောက်ပွဲမတိုင်မီ နှစ်အနည်းငယ်အလိုတွင် ဤကြားဖြတ်ရွေးကောက်ပွဲကို စောင့်ကြည့်လေ့လာခြင်းဖြင့် ဤအစီရင်ခံစာသည် ၂၀၂၀ မတိုင်မီ ကျန်ရှိနေသော စနစ်မှ အားနည်းချက်များကို နိုင်ငံ၏ ရွေးကောက်ပွဲတွင် ပါဝင်ပတ်သက်နေသူအားလုံးက နက်နက်ရှိုင်းရှိုင်းနှင့် အသေးစိတ်ကိုင်တွယ်နိုင်ရန် အသုံးဝင်ပြီး အချိန်နှင့်အံကိုက် လမ်းပြမြေပုံတစ်ခုအဖြစ် လုပ်ဆောင်ပေးနိုင်လိမ့်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။

ANFREL အတွက်မူ စောင့်ကြည့်လေ့လာရေးမစ်ရှင်နှင့် ဤအစီရင်ခံစာသည် နိုင်ငံ၏ဒီမိုကရေစီအခြေခံ အုတ်မြစ်ကို တည်ဆောက်နေကြသည့် မြန်မာနိုင်ငံမှ လူထုအခြေပြုအဖွဲ့အစည်းများကို ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသည့် စွမ်းဆောင်ရည်အားကောင်းအောင် ဦးတည်၍ စဉ်ဆက်မပြတ်ကြိုးပမ်းမှု၏ သဘာဝအလျောက်

ဆက်လက်လုပ်ဆောင်နေသည့် အစိတ်အပိုင်းတစ်ခုဖြစ်သည်။ ကျွန်ုပ်တို့သည် မြန်မာနိုင်ငံတွင် ယနေ့အထိ တိုးတက်မှုများအပေါ် အားကျဂုဏ်ယူကာ မြန်မာနိုင်ငံမှ မိတ်ဆွေများနှင့် ယခုအတိုင်း ဆက်လက်တိုးတက်မှု သေချာစေရေးအတွက် လက်တွဲလုပ်ကိုင်ရန် ရှေးရှုလျက်ရှိပါသည်။

လေးစားစွာဖြင့်

Ichal Supriadi
အမှုဆောင်ဒါရိုက်တာ၊ ANFREL

# အဓိကအကြောင်းအရာများအကျဉ်းချုပ်

မြန်မာနိုင်ငံတွင် ကြားဖြတ်ရွေးကောက်ပွဲများကို ပြည်သူ့လွှတ်တော် လစ်လပ် ၉ နေရာ၊ အမျိုးသားလွှတ်တော် လစ်လပ် ၃ နေရာ၊ ပြည်နယ်/တိုင်းဒေသကြီး လွှတ်တော် လစ်လပ် ၇ နေရာ အတွက် စုစုပေါင်း မဲဆန္ဒနယ် ၁၉ ခု အတွက် ၂၀၁၇ ဧပြီလ ၁ ရက်က ကျင်းပခဲ့သည်။ အဆိုပါ မဲဆန္ဒနယ်များမှာ ပြည်နယ်နှင့် တိုင်းဒေသကြီး ၈ ခု (ပဲခူး၊ ရန်ကုန်၊ ချင်း၊ မွန်၊ စစ်ကိုင်း၊ ရှမ်း၊ ရခိုင်၊ ကယား) ၊ ခရိုင် ၁၃ ခု၊ မြို့နယ် ၂၂ ခု၊ ရပ်ကွက်/ကျေးရွာ ၇၂၇ ခု တို့မှ နယ်မြေအစိတ်အပိုင်းများဖြစ်သည်။

အလေ့အထအသစ်ဟု ဆိုနိုင်သော ကြားဖြတ်ရွေးကောက်ပွဲများကို ပြည်ထောင်စုမြန်မာနိုင်ငံ၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေတွင် *"မည်သည့် မဲဆန္ဒနယ်တွင်မဆို ရွေးကောက်ပွဲ ဆိုင်းငံ့မှုကြောင့်ဖြစ်စေ၊ လွှတ်တော်၏ ပုံမှန်သက်တမ်းအတွင်း လွှတ်တော်ကိုယ်စားလှယ်များ သေဆုံးခြင်း၊ ဥပဒေနှင့်အညီ တာဝန်ရပ်စဲခြင်း၊ တာဝန် ရုတ်သိမ်းခြင်းကြောင့်ဖြစ်စေ လစ်လပ်နေသော မဲဆန္ဒနယ်များအတွက် ကော်မရှင်က အချိန်အပိုင်းအခြားအလိုက် သတ်မှတ်ကျင်းပပေးသော ရွေးကောက်ပွဲများ"* ဟု ဖွင့်ဆိုထားသည်။[2]

ANFREL ၏ ကြားဖြတ်ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေးအဖွဲ့ နှင့် ထုတ်ပြန်ခဲ့သော အစီရင်ခံစာတွင် မူလ ရည်ရွယ်ချက်နှစ်ခုရှိသည်။ ပထမအချက်မှာ ရွေးကောက်ပွဲလုပ်ငန်းစဉ်၏ အရည်အသွေးတိုးတက်မှုနှင့် ကျဆင်း မှုမှန်သမျှကို အကဲဖြတ်ရန်အတွက် ၂၀၁၇ ကြားဖြတ်ရွေးကောက်ပွဲနှင့် ၂၀၁၅ အထွေထွေရွေးကောက်ပွဲများကို နှိုင်းယှဉ်ရန် အခွင့်အရေးကို ANFREL အစီရင်ခံစာက ပေးရန်ဖြစ်သည်။ ဤအချက်သည် ၂၀၁၅ တွင် စတင်ခဲ့ သော ပြုပြင်ပြောင်းလဲမှုကို တိုင်းတာရန်အတွက် အထောက်အကူပြုသည်။ ရွေးကောက်ပွဲအပြီး ၂၀၁၆ တွင် UEC က ထုတ်ပြန်သော အစီရင်ခံစာသည် ရွေးကောက်ပွဲစနစ်တိုးတက်ရေးအတွက် ပြည်တွင်းနှင့် နိုင်ငံတကာမှ ပါဝင် ပတ်သက်နေသူများ၏ အကြံပြုချက်များအပေါ် UEC ၏ တုန့်ပြန်မှုနှင့် ရိုးသားစွာစဉ်းစားမှုတို့ကို ထင်ဟပ်သည်။[3] UEC ၏ အားထုတ်မှုသည် များစွာအသိအမှတ်ပြုရန် ထိုက်တန်ပြီး အခြားနိုင်ငံများမှ ရွေးကောက်ပွဲစီမံခန့်ခွဲမှု အဖွဲ့များအတွက် လေ့လာသင်ယူရန် အဖိုးတန်သော လုပ်ဆောင်မှုတစ်ခုဖြစ်သည်။

ဒုတိယရည်ရွယ်ချက်သည် ANFREL အတွက် အဆန်းမဟုတ်သော်လည်း အရေးမကြီးဟု မဆိုနိုင်ပေ။ ဤအ ချက်သည် နိုင်ငံတကာစံနှုန်းများနှင့် အခြားအာရှနိုင်ငံများ၏ ရွေးကောက်ပွဲဆိုင်ရာအတွေ့အကြုံများကို အခြေခံ၍ ကြားဖြတ်ရွေးကောက်ပွဲလုပ်ငန်းစဉ်ကို နှိုင်းယှဉ်ပိုင်းခြားဆန်းစစ်ရန်ဖြစ်သည်။ ဒုတိယရည်ရွယ်ချက်၏ ရလဒ် သည် ၂၀၂၀ ရွေးကောက်ပွဲများအတွက် လောလောဆယ်အဆင်သင့်ဖြစ်မှုအဆင့်ကို ခန့်မှန်းနိုင်ရန်နှင့် အထူး သတိထားရန် လိုအပ်သော နယ်ပယ်များကို ဖော်ထုတ်နိုင်ရန်အတွက် အသုံးပြုနိုင်သည်။ ANFREL ၏ ဤအပြီး သတ်အစီရင်ခံစာသည် လာမည့်အထွေထွေရွေးကောက်ပွဲများ၏ အရည်အသွေးကိုတိုးတက်စေမည့် အထောက် အကူပြုနည်းစနစ်တစ်ခုအနေဖြင့် ပြီးခဲ့သော ၂၀၁၅ နိုဝင်ဘာလရွေးကောက်ပွဲများနှင့် ၂၀၁၇ ဧပြီလ ကြားဖြတ် ရွေးကောက်ပွဲများအကြား ပိုင်းခြားစိတ်ဖြာသုံးသပ်မှုကို ထည့်သွင်းထားသည်။

၂၀၁၅ အထွေထွေရွေးကောက်ပွဲနှင့် နှိုင်းယှဉ်သည့်အခါ ANFREL က လေ့လာတွေ့ရှိခဲ့သည့် သိသာ ထင်ရှားသော တိုးတက်မှုများမှာ နောက်ဆုံးရမဲဆန္ဒရှင်စာရင်း၊ ပြည်တွင်းနှင့် နိုင်ငံတကာစောင့်ကြည့်လေ့လာသူများ တရားဝင်

---

[2] နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ၊ အခန်း ၁၊ ပုဒ်မ ၂၊ အပိုဒ်ခွဲ ဇ

[3] ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ရွေးကောက်ပွဲအလွန်ကာလ အစီရင်ခံစာ၊ ၂၀၁၆

လေ့လာစောင့်ကြည့်ခွင့်ရခဲ့သော တပ်နယ်မြေအတွင်း မဲပေးသည့်လုပ်ငန်းစဉ်များကို ကောင်းစွာသွားရောက် လေ့လာနိုင်မှုအပါအဝင် တိုးတက်လာသော ပွင့်လင်းမြင်သာမှု၊ ပိုမိုကောင်းမွန်စွာ စီမံခန့်ခွဲမှုရှိလာသော မဲဆန္ဒနယ် အတွင်း ကြိုတင်မဲပေးခြင်းလုပ်ငန်းစဉ်၊ ဗဟုသုတတိုးပွားလာကာ ယုံကြည်စိတ်ချမှုရှိလာသော မဲရုံတာဝန်ခံများ၊ UEC ဝန်ထမ်းများနှင့် မဲရုံတာဝန်ခံများတွင် အမျိုးသမီး အရေအတွက်ပိုများလာခြင်း၊ ပို၍သန္နိဋ္ဌာန် ခိုင်မာလာကာ ကောင်းစွာလေ့ကျင့်ပေးထားသော ရွေးကောက်ပွဲ စီမံခန့်ခွဲရေးအဖွဲ့ (EMB) ၊ တံဆိပ်တုံးမနိုပ်သည့် မဲလက်မှတ်များ လျော့နည်းသွားစေသည့် ခိုင်လုံမဲနှင့်ဆိုင်သော လမ်းညွှန်ချက်များ၊ ပိုမိုမြန်ဆန်ပြီး ပွင့်လင်းမြင်သာမှုရှိလာသော မဲရေတွက်ခြင်းနှင့် စာရင်းရေးသွင်းခြင်း လုပ်ငန်းစဉ်များ၊ ၂၀၁၅ ခုနှစ်က လုံခြုံရေးအရ စိုးရိမ်မှုရှိခဲ့သော နယ်မြေ အချို့တွင် ရွေးကောက်ပွဲများ အောင်မြင်စွာကျင်းပနိုင်ခြင်း၊ မသန်စွမ်းပုဂ္ဂိုလ်များ လာရောက်မဲပေးနိုင်မည့် မဲရုံများ ကို ပြုလုပ်မည့် စမ်းသပ်စီမံချက် စသည်တို့ဖြစ်သည်။

သို့ရာတွင် မြန်မာ့ရွေးကောက်ပွဲစနစ်၏ သွင်ပြင်လက္ခဏာအချို့တွင် တိုးတက်မှုရှိရန် လိုအပ်နေသေးသည်။ မူ အားဖြင့် ရွေးကောက်ပွဲဆိုင်ရာမူဘောင်သည် ၂၀၁၅ နှင့် နှိုင်းယှဉ်လျှင် များစွာပြောင်းလဲသွားခြင်းမရှိပေ။ အထူး သဖြင့် လွှတ်တော်အတွင်း တပ်မတော်အတွက် ခွဲတမ်းပေးထားသောပုဒ်မများ၊ ကြိုတင်မဲပေးစနစ်စည်းကမ်း ချက်များအားနည်းခြင်း သို့မဟုတ် မရှင်းလင်းခြင်း (အထူးသဖြင့် မဲဆန္ဒနယ်ပြင်ပမဲပေးသူများအတွက်)၊ အမျိုး သမီးကိုယ်စားလှယ်လောင်းများ ပါဝင်မှုမရှိသေးခြင်း၊ မဲဆန္ဒရှင်အသိပညာပေးမှု မလုံလောက်ခြင်း၊ ရွေးကောက် ပွဲလုပ်ထုံးလုပ်နည်းများမှာ တသမတ်တည်းမဖြစ်ခြင်း (အထူးသဖြင့် မဲရုံများတွင် မဲရေတွက်ခြင်းနှင့် စုစည်းခြင်း လုပ်ငန်းစဉ်များတွင်)၊ မဲဆွယ်စည်းရုံးရေးရန်ပုံငွေအတွက် စည်းကမ်းများချမှတ်မှုနှင့် အကောင်အထည်ဖော်မှု မလုံလောက်ခြင်း၊ ယေဘုယျအားဖြင့် လာရောက်မဲပေးသူနည်းပါးခြင်း စသည်တို့ဖြစ်သည်။

ဒီမိုကရေစီထွန်းကားသော ဖွံ့ဖြိုးပြီးနိုင်ငံများမှာပင် ပြီးပြည့်စုံသော ရွေးကောက်ပွဲဟူ၍မရှိပေ။ သို့သော် အထူးသ ဖြင့် ဒီမိုကရေစီကင်းမဲ့သော အခြေအနေမျိုးကို ကြာရှည်ခံစားခဲ့ရသောတိုင်းပြည်တွင် လွတ်လပ်၍ တရားမျှတ သော ရွေးကောက်ပွဲများကို ဦးတည်သည့် ပိုမိုကောင်းမွန်သော တိုးတက်ပြောင်းလဲမှုများမှာ အလွန်အရေးကြီး သည်။ ကြားဖြတ်ရွေးကောက်ပွဲကျင်းပသော ပြည်နယ်နှင့် တိုင်းဒေသကြီး ၈ ခုမှ မြို့နယ် ၂၂ ခုစလုံးသို့ အချက် အလက်များကောက်ယူရန် နှစ်ပတ်ကြာသွားရောက်ခဲ့သူ နိုင်ငံတကာစောင့်ကြည့်လေ့လာသူ ၁၁ ဦးက ဤရွေး ကောက်ပွဲတိုးတက်မှုကို ဆန်းစစ်ခဲ့ကြသည်။ ရန်ကုန်တွင် တစ်လကြာရုံးစိုက်သည့် ရွေးကောက်ပွဲသရုပ်ခွဲပညာ ရှင်နှစ်ဦးက ဆက်လက်ပိုင်းခြားစိတ်ဖြာသုံးသပ်မှုကို လုပ်ဆောင်ပေးခဲ့သည်။ ပဏာမ စောင့်ကြည့်လေ့လာမှု အ ချက်အလက်များကိုမူ ရွေးကောက်ပွဲလေ့လာစောင့်ကြည့်ခြင်း၊ အဓိကပါဝင်ပတ်သက်သူများနှင့် ထဲထဲဝင်ဝင် တွေ့ဆုံမေးမြန်းမှုများမှတဆင့် စုဆောင်းခဲ့သည်။ ပိုင်းခြားစိတ်ဖြာသုံးသပ်ရာတွင် အသုံးပြုသည့် နောက်ဆက် တွဲအချက်အလက်များကိုမူ ၂၀၀၈ အခြေခံဥပဒေတွင် UEC နှင့် လွှတ်တော်အရပ်ရပ်တို့နှင့် အဓိကသက်ဆိုင် သည့် ဥပဒေများ၊ ရွေးကောက်ပွဲဆိုင်ရာလုပ်ထုံးလုပ်နည်းနှင့် လမ်းညွှန်စာအုပ်များ၊ ပုံနှိပ်နှင့် အွန်လိုင်းမီဒီယာများ၊ ရွေးကောက်ပွဲနှင့်ဆိုင်သည့် အခြားစာအုပ်စာတမ်းများမှ ရရှိသည်။

ပြီးပြည့်စုံသော ရွေးကောက်ပွဲဟူ၍ မရှိခြင်းကို လက်ခံသော်လည်း လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲ အတွက် စံသတ်မှတ်ချက်အဖြစ် အသုံးပြုနိုင်သော နိုင်ငံတကာစံနှုန်းများရှိသည်။ ဤအစီရင်ခံစာအတွက် ANFREL သည် လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲဆိုင်ရာ ဘန်ကောက် ကြေညာစာတမ်း၊[4] နိုင်ငံတ

[4] Bangkok Declaration on Free and Fair Elections

ကာရွေးကောက်ပွဲလေ့လာစောင့်ကြည့်မှုအတွက် စည်းမျဉ်းများနှင့် နိုင်ငံတကာ ရွေးကောက်ပွဲလေ့လာစောင့်ကြည့်သူများအတွက် လိုက်နာရမည့်ကျင့်ဝတ်များဆိုင်ရာ ကြေညာစာတမ်း၊[5] ဒီမိုကရေစီ ရွေးကောက်ပွဲဆိုင်ရာ ဒီလီ (Dili) ညွှန်ပြချက်များနှင့် ဘာလီကတိကဝတ်များကို အသုံးပြုထားသည်။

ယေဘုယျအားဖြင့် ၂၀၁၇ ကြားဖြတ်ရွေးကောက်ပွဲများသည် မြန်မာနိုင်ငံ၏ ရွေးကောက်ပွဲဆိုင်ရာ ဒီမိုကရေစီအတွက် အပြုသဘောဆောင်သော လမ်းကြောင်းပုံစံနှင့် ဆက်လက်တိုးတက်နေခြင်းကို ပြသခဲ့သည်ဟု ANFREL က သုံးသပ်သည်။ ၂၀၁၅ အထွေထွေရွေးကောက်ပွဲများနှင့်နှိုင်းယှဉ်လျှင် သိသာထင်ရှားသော တိုးတက်မှုများရှိခဲ့သည်။ သို့သော်လည်း မဝေးတော့သည့်အနာဂတ်၊ အထူးသဖြင့် ၂၀၂၀ အထွေထွေရွေးကောက်ပွဲများအတွက်စဉ်းစားလျှင် တိုးတက်ရန် လိုအပ်နေသော ရွေးကောက်ပွဲစနစ်၏ အဓိကလက္ခဏာအချို့ နှင့် လုပ်ထုံးလုပ်နည်းအချို့ ရှိနေသေးသည်။ ကြားဖြတ်ရွေးကောက်ပွဲလုပ်ငန်းစဉ်အပေါ် ANFREL လေ့လာတွေ့ရှိချက်များကို အောက်တွင် ဆွေးနွေးတင်ပြထားသည်။

### အခြေခံဥပဒေနှင့် ဥပဒေပိုင်းဆိုင်ရာ မူဘောင်

အခြေခံဥပဒေနှင့် ဥပဒေပိုင်းဆိုင်ရာမူဘောင်ကို ပြန်လည်သုံးသပ်မှုတွင် အချိန်တိကျမှန်ကန်မှုနှင့် နည်းပညာပိုင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများစွာတို့နှင့်သက်ဆိုင်သည့် အသေးစားပြောင်းလဲမှုများသာ အများဆုံးတွေ့ရှိရပြီး သိသာထင်ရှားသော အပြောင်းအလဲမရှိကြောင်းပြသနေသည်။ အဆိုပါနည်းပညာပိုင်းပြောင်းလဲမှုများသည် UEC ၏ လုပ်ပိုင်ခွင့်အောက်တွင်ရှိပြီး ၂၀၀၈ အခြေခံဥပဒေနှင့် သွေဖယ်ခြင်းမရှိသောကြောင့် လွှတ်တော်၏ခွင့်ပြုချက်မလိုအပ်ပေ။ ရွေးကောက်ပွဲဥပဒေများအပေါ် နည်းပညာဆိုင်ရာ၊ လုပ်ထုံးလုပ်နည်းဆိုင်ရာ ပြောင်းလဲမှုများသည် ရွေးကောက်ပွဲကောက်မရှင်၏ စီမံခန့်ခွဲမှုကို ရှင်းလင်းစွာသိရှိမှု မြှင့်တင်ရန် လွန်စွာအထောက်အကူပြုသည့်အပြင် ရွေးကောက်ပွဲကာလအတွင်း လုံးဝထိရောက်မှုရှိသည်ကို တွေ့ရှိရကြောင်း ဝန်ခံရမည်ဖြစ်သည်။

၂၀၀၈ အခြေခံဥပဒေတွင် ရွေးကောက်ပွဲလုပ်ငန်းစဉ်၏ ဒီမိုကရေစီလက္ခဏာကို ဆိုးဆိုးဝါးဝါး ထိခိုက်စေသည့် အစိတ်အပိုင်းများစွာ ပါဝင်နေဆဲဖြစ်ကြောင်း ANFREL စောင့်ကြည့်လေ့လာရေးအဖွဲ့က ၂၀၁၅ အထွေထွေရွေးကောက်ပွဲအစီရင်ခံစာတွင် ဖော်ပြခဲ့သည်။ အထင်ရှားဆုံးမှာ လွှတ်တော်ကိုယ်စားလှယ် ၂၅ ရာခိုင်နှုန်းကို တပ်မတော်အတွက် ချန်ပေးထားမှုဖြစ်သည်။ နောက်ထပ်စိုးရိမ်စရာအချက်များမှာ UEC ၏ လုပ်ပိုင်ခွင့် အတိုင်းအတာနှင့်  လွတ်လပ်မှု၊ လူနည်းစု/စည်းခြားခံရသော အသိုင်းအဝိုင်းမှ ယခင်ကအကြိုးဝင်ခဲ့သော မဲဆန္ဒရှင်များနှင့် ကိုယ်စားလှယ်လောင်းများကို ဆက်လက်ခွဲခြားပစ်ပယ်ဆက်ဆံမှု၊ သမ္မတရာထူး အရည်အချင်းသတ်မှတ်ချက်အပေါ် မဆီလျော်သော ကန့်သတ်ချက်များထားရှိမှုတို့ဖြစ်သည်။ အဆိုပါကိစ္စရပ်များထဲမှ အချို့သည် ၂၀၁၇ ကြားဖြတ်ရွေးကောက်ပွဲများနှင့် အထူးတလည်သက်ဆိုင်မှုမရှိသော်လည်း အနာဂတ် အထွေထွေရွေးကောက်ပွဲများ အပေါ်တွင် ကြီးမားသော သက်ရောက်မှုရှိမည်ဖြစ်သည်။

မြန်မာနိုင်ငံ၏ ဒီမိုကရေစီရွေးကောက်ပွဲများအတွက် အခြေခံအုတ်မြစ်အဖြစ် နိုင်ငံသားဆိုင်ရာနှင့် နိုင်ငံရေးရပိုင်ခွင့်ဆိုင်ရာ နိုင်ငံတကာသဘောတူညီချက်နှင့် ဘန်ကောက်ကြေညာစာတမ်းတို့ကဲ့သို့ နိုင်ငံတကာနှင့် ဒေသ

[5] Declaration of Principles for International Election Observation and Code of Conduct for International Election Observers, NDI and the United Nations Electoral Assistance Division (UNEAD), 2005; Text available at http://anfrel.org/declaration-of-principles-for-international-election-observation-and-code-of-conduct-for-international-election-observers/

တွင်းစံနှုန်းများကို လိုက်နာသော ဒီမိုကရေစီအပြည့်အဝထွန်းကားသည့် နိုင်ငံဖြစ်လာရန်အတွက် အထက်က ဆိုခဲ့သော ကိစ္စရပ်များကို သေချာစွာရေးဆွဲထားသည့် အခြေခံဥပဒေ ပြုပြင်ပြောင်းလဲမှုသည် အလွန်အမင်း အရေးကြီးသည်။

## ရွေးကောက်ပွဲကို စီမံခန့်ခွဲသည့် အဖွဲ့အစည်း

ဒီမိုကရေစီနည်းကျသော ရွေးကောက်ပွဲအတွက် ပတ်ဝန်းကျင်ကောင်းရရန် ဖန်တီးပေးသည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ လုပ်ဆောင်မှုများမှာ ချီးကျူးဖွယ်ကောင်းပြီး ရွေးကောက်ပွဲအောင်မြင်မှု၏ မရှိမဖြစ် အစိတ်အပိုင်းဟုလည်းဆိုနိုင်သည်။ UEC သည် လွန်ခဲ့သည့် နှစ်နှစ်ကထက် ပိုမိုစွမ်းဆောင်နိုင်သည်ကို သိသိသာသာတွေ့ရပြီး ထွက်ပေါ်လာသော ကိစ္စရပ်များမှာ ဘက်လိုက်သော ရည်ရွယ်ချက်ကြောင့်မဟုတ်ဘဲ ရှုတ်ထွေးချင်စရာကောင်းသော စည်းမျဉ်းများကြောင့် များသောအားဖြင့် ထွက်ပေါ်လာခြင်းဖြစ်သည်။

ANFREL အနေဖြင့် အဆိုပါလေ့လာရသော တိုးတက်မှုများကို ကြိုဆိုထိုက်သော်လည်း UEC အနေဖြင့် အဓိက အကြံပြုချက်များစွာကို အကောင်အထည်ဖေါ်ခြင်းမရှိသေးကြောင်းကို တွေ့ရသည်။ နောက်ထပ်လုပ်ဆောင်ရန်လိုအပ်သည်မှာ UEC ၏ လွတ်လပ်မှုနှင့် ဘက်မလိုက်မှုအပေါ် ဝေဖန်မှုနှင့် သက်ဆိုင်သည်။ ကော်မရှင်အထက်ပိုင်းဖွဲ့စည်းပုံတွင် UEC ဥက္ကဌနှင့် ဒေသအဆင့် ကော်မရှင်အဖွဲ့ခွဲ တာဝန်ခံများခန့်အပ်မှုကို သမ္မတကလုပ်ဆောင်သည်။ ထိုလုပ်ငန်းစဉ်အပေါ် သမ္မတက လွှမ်းမိုးမှုများလွန်းသည့်အစား UEC ဥက္ကဌနှင့် ဒေသအဆင့် ကော်မရှင်အဖွဲ့ခွဲ တာဝန်ခံများကို နိုင်ငံရေးများမပါစေရန် ကောင်းစွာ အကာအကွယ်ပေးထားသည့် ပွင့်လင်းမြင်သာသော လုပ်ငန်းစဉ်ဖြင့် ရွေးချယ်တင်မြှောက်သင့်သည်။ ဒေသန္တရအဆင့်ဖြစ်သော ရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲများမှာလည်း ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးကော်မတီဝင်များပင် ပါဝင်ဖွဲ့စည်းထားကြသည်။ အဓိက ရွေးကောက်ပွဲ လက်တွေ့ကျင်းပမှုသည် ၎င်းတို့၏ လက်ထဲတွင်ရှိသောကြောင့် အဆိုပါ အောက်ပိုင်းအဆင့်ဖွဲ့စည်းပုံသည် လုံးဝအရေးကြီးသည်ဟု ANFREL က ယူဆသည်။ အကောင်းဆုံးပုံစံအနေဖြင့် ကော်မရှင်အဖွဲ့ခွဲများနှင့် ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးအဖွဲ့များအကြား တိကျရှင်းလင်းစွာခွဲခြားထားမှုရှိရမည်ဖြစ်သည်။ ယေဘုယျအားဖြင့်ဆိုရလျှင် ရွေးကောက်ပွဲကော်မရှင်တာဝန်ရှိသူတစ်ဦးဖြစ်နိုင်ရန်အတွက် ကိုက်ညီမှုရှိရမည့် အသက်အရွယ်၊ အသက်မွေးဝမ်းကျောင်းနောက်ခံ စသည့် စံနှုန်းသတ်မှတ်ချက်များ ထည့်သွင်းရန်အတွက် UEC ဥပဒေ သို့မဟုတ် စည်းမျဉ်းများကို ပြင်ဆင်သင့်သည်ဟု ဆွေးနွေးသူတစ်ဦးက အကြံပြုသည်။ နောက်ထပ်အကြံပြုနိုင်သည်များရှိက အကျိုးများပါသည်။

## မဲဆန္ဒရှင်စာရင်း

မဲဆန္ဒရှင်စာရင်းနှင့် မဲဆန္ဒရှင် မှတ်ပုံတင်ခြင်းသည် ၂၀၁၅ အထွေထွေရွေးကောက်ပွဲတွင် အဓိကပြဿနာများထဲမှ တစ်ခုဖြစ်ပြီး အကြောင်းရင်းမှာ စာရင်းတွင် သတ်မှတ်ချက်ကိုက်ညီသော မဲဆန္ဒရှင်အရေအတွက်များစွာ မပါဝင်ခြင်းကြောင့်ဖြစ်သည်။ ဤကိစ္စသည် အများပြည်သူ စစ်ဆေးရန် ထုတ်ပြန်ပေးခဲ့သော စာရင်း၏ အစောဆုံး အသုတ်များတွင်ဖြစ်ပေါ်ခဲ့ပြီး ရွေးကောက်ပွဲနေ့တွင် အဆိုပါ စိုးရိမ်ပူပန်နေသော အရာများကို ပြုပြင်တည့်မတ်ပေးခဲ့သည့်တိုင်အောင် မဲဆန္ဒရှင်အချို့အကြား စိုးရိမ်ပူပန်မှုကို ဖြစ်ပေါ်စေခဲ့ပြီး ရလဒ်အပေါ် လေးစားမှုကို လျော့ပါးစေခဲ့သည်။ ယေဘူယျအားဖြင့် ၂၀၁၇ မဲစာရင်းသည် တိုင်ကြားမှုနှင့် ပြဿနာအနည်းငယ်သာရှိခဲ့သည်။ ၂၀၁၇

ကြားဖြတ်ရွေးကောက်ပွဲများအတွက် မဲဆန္ဒရှင်စာရင်း ပင်မအရင်းအမြစ်ကို ၂၀၁၅ ရွေးကောက်ပွဲ၏ database မှ ထုတ်ယူသုံးစွဲခဲ့ခြင်းဖြစ်သည်။ UEC ၏ ရည်မှန်းချက်ကောင်းသောအစီအစဉ်တစ်ခုမှာ ကြားဖြတ်ရွေးကောက်ပွဲကျင်းပသော နယ်မြေများတွင် အိမ်ပေါက်စေ့ သွားရောက်ခြင်းဖြင့် မဲစာရင်းကို စီစစ်ခဲ့ခြင်းဖြစ်သည်။ အဆိုပါ အိမ်တိုင်ရာရောက် မဲစာရင်းစစ်ဆေးမှုကို အရပ်ဖက်အခြေပြုအဖွဲ့အစည်းများ၏ အကူအညီဖြင့် လုပ်ဆောင်ခဲ့သည်။ UEC သည် အိမ်ပေါက်စေ့သွားရောက်နိုင်ခြင်းမရှိဟူသော ဝေဖန်မှုများကို အသာထား၍ ဤနည်းလမ်းကို အစိုးရ/ပုဂ္ဂလိက သယ်ယူပို့ဆောင်ရေးခက်ခဲသော ကျေးလက်နှင့် ဝေးလံခေါင်သီဒေသများတွင် နေထိုင်သော ပြည်သူများကအသိအမှတ်ပြုခဲ့ကြသည်။ ထိုသို့စစ်ဆေးမှုအပြင် ၂၀၁၇ ဖေဖော်ဝါရီလနှင့်မတ်လအတွင်း ရပ်ကွက်/ကျေးရွာအုပ်စုရုံးများတွင် နှစ်ကြိမ်ပြသခဲ့ရာ ပြည်သူများအနေနှင့် ပြဿနာတစ်စုံတစ်ရာရှိပါက စစ်ဆေး၍ ပြင်ဆင်ရန် အကြောင်းကြားခွင့်ရရှိစေခဲ့သည်။ သို့ရာတွင် ANFREL ၏ လေ့လာမှုများအရ မဲစာရင်းကို စစ်ဆေးသူ အလွန်နည်းပါးခဲ့ပြီး ထိုသို့ စစ်ဆေးရန်ပျက်ကွက်ခြင်း၏ အကြောင်းရင်းမှာ ကြားဖြတ်ရွေးကောက်ပွဲအပေါ် ယေဘုယျအားဖြင့် အားတက်သရောမရှိကြခြင်းနှင့် ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးများသည် မဲစာရင်း ပြသရန် အဆင်ပြေသောနေရာ မဟုတ်ခြင်းတို့ကြောင့်ဖြစ်သည်။ အဓိကစိုးရိမ်ကြသောကိစ္စတစ်ခုမှာ ကြိုတင်မဲပေးခြင်းအတွက် မဲစာရင်းကို ကြိုတင်ထုတ်ပြန်ပေးမှုမရှိခြင်းဖြစ်သည်။ ဤကိစ္စသည် အရပ်သားမဲဆန္ဒရှင်များ၏ လုပ်ထုံးလုပ်နည်းများကို လိုက်နာရန်မလိုအပ်သော မဲဆန္ဒနယ်ပြင်ပတွင် မဲပေးသည့် တပ်မတော်မှ ကြိုတင်မဲပေးသူများနှင့် အထူးသက်ဆိုင်မှုရှိသည်။

**လုံခြုံရေး အခြေအနေ**

ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပသောနယ်မြေများအနက် ရှမ်းပြည်နယ်မှ မိုင်းရှူး၊ ကျေးသီး၊ ကျိုင်းတုံမြို့နယ်များသည် အထူးသဖြင့် လုံခြုံရေးအရ စိုးရိမ်စရာများရှိခဲ့သည်။ ၎င်းတို့အနက် မိုင်းရှူးနှင့် ကျေးသီးသည် ၂၀၁၅ တွင် ရွေးကောက်ပွဲများဖျက်သိမ်းခဲ့သောကြောင့် ကိုယ်စားလှယ် ၈ နေရာ (ပြည်သူ့လွှတ်တော် ၂ နေရာနှင့် ပြည်နယ်လွှတ်တော် ၆ နေရာ) လစ်လပ်ခဲ့သည်။

အဆိုပါနယ်မြေအချို့၏ ပတ်ဝန်းကျင်အခြေအနေမှာ ၎င်းတို့ရွာတွင် မဲရုံဖွင့်လှစ်ရန် သင့်လျော်မှုမရှိဟု ယူဆရသောကြောင့် တစ်ရွာလုံးမှ မဲဆန္ဒရှင်များအားလုံး အိမ်နီးချင်းဒေသများသို့ သွားရောက်မဲပေးခဲ့ကြရသည်။ ယင်းကဲ့သို့အခြေအနေမျိုးသည် လွတ်လပ်စွာ မဲဆွယ်ခွင့်ကို ဆိုးဝါးစွာ အဟန့်အတားဖြစ်စေသည့်အပြင် မဲဆန္ဒရှင်များအတွက် အထူးဖိစီးမှုရှိသော နယ်မြေများတွင် မဲပေးသူအရေအတွက် များစွာလျော့နည်းသွားစေသည့် သက်ရောက်မှုရှိခဲ့သည်။ သို့တိုင်အောင် ၂၀၁၅ ခုနှစ်က ရွေးကောက်ပွဲ ဖျက်သိမ်းခဲ့ရသည့် နယ်မြေများတွင် ယခုအခါ ရွေးကောက်ပွဲများ ကျင်းပနိုင်ခြင်းကို မြင်တွေ့ရသည်မှာ အားတက်စရာပင်ဖြစ်သည်။ သို့ရာတွင် အဆိုပါ ရွေးကောက်ပွဲများပြီးသွားသည့်တိုင်အောင် လုံခြုံရေးစိန်ခေါ်မှုများကို ရင်ဆိုင်နေရသော အခြားသောမြို့နယ်များမှ ပြည်သူအတော်များများသည် ယခုအချိန်အထိ မဲပေးနိုင်ခြင်း မရှိကြသေးပေ။

**မဲဆန္ဒရှင် ပညာပေးခြင်း**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် (UEC) သည် မဲဆန္ဒရှင်ပညာပေးအတွက် ပစ္စည်းများကြိုတင်ပြင်ဆင်ရာတွင် ယခုတစ်ကြိမ်သည် ပိုမိုစနစ်တကျရှိလာခဲ့သည်။ UEC နှင့် ၎င်းကို ကူညီပံ့ပိုးသော အဖွဲ့အစည်းများအား တွေ့ဆုံမေးမြန်းမှုများအရ ကော်မရှင်သည် မဲဆန္ဒရှင် အသိပညာပေး ပိုစတာများနှင့် အခြားပစ္စည်းများကို ၂၀၁၆

ဒီဇင်ဘာလတွင် ပြီးစီးရန် စီမံခဲ့ပြီး ၂၀၁၇ ဇန်နဝါရီလဆန်းတွင် အရပ်ဖက်အခြေပြုအဖွဲ့အစည်းများ (CSOs) ၏ အကူအညီဖြင့် စတင်ဖြန့်ဖြူးခဲ့သည်။ တွေ့ဆုံမေးမြန်းခဲ့သော ပါဝင်သူအများစုက ၂၀၁၅ နှင့် နှိုင်းယှဉ်လျှင် CSOs များနှင့် ပူးပေါင်းဆောင်ရွက်မှုပုံစံသည်လည်း တိုးတက်မှုရှိလာကြောင်း သဘောတူကြသည်။ အမှန်စင်စစ် မဲပေးပွဲ မတိုင်မီ မဲရုံအများစုတွင် ပိုစတာများကပ်ထားနိုင်ခြင်းကြောင့် UEC ၏ မဲဆန္ဒရှင်ပညာပေးပစ္စည်း များထဲတွင် ပိုစတာများသည် လွှမ်းမိုးမှုအရှိဆုံး အမျိုးအစားဖြစ်ကြောင်း ANFREL က တွေ့ရှိခဲ့သည်။

**မသန်စွမ်း မဲဆန္ဒရှင်များ**

၂၀၁၇ ကြားဖြတ်ရွေးကောက်ပွဲတွင် UEC က လုပ်ဆောင်ခဲ့သော အားတက်စရာအကောင်းဆုံးတိုးတက်မှုတစ်ခုမှာ မသန်စွမ်းမဲဆန္ဒရှင်များအတွက် မဲရုံများကို စမ်းသပ်ဖြည့်ဆည်းပေးခြင်းဖြစ်သည်။ အရှေ့တောင်အာရှမှ ဒီမိုကရေစီအတွေ့အကြုံရင့်ကျက်သော အခြားနိုင်ငံများမှာပင် ယင်းကဲ့သို့ ရင်းမြစ်မျိုးကို ဖြည့်ဆည်းပေးခြင်း မရှိသေးသည်ကို စဉ်းစားလျှင် ANFREL သည် အထူးသဖြင့် အားရကျေနပ်မှုရှိပြီး ၂၀၂၀ အထွေထွေရွေးကောက်ပွဲတွင် အဆင်ပြေလွယ်ကူသော မဲရုံများကို ပိုမိုကျယ်ပြန့်စွာ ဖြည့်ဆည်းပေးခြင်းကို တွေ့မြင်ရန် မျှော်လင့်သည်။ UEC အား ကြိုတင်ပြင်ဆင်ဖို့ အချိန်ပိုပေးရန်အတွက် ဖြစ်နိုင်သမျှ အချိန်စော၍ မသန်စွမ်းမဲဆန္ဒရှင်များကို စီစစ်ကာ မဲစာရင်းတွင် ထည့်သွင်းခြင်းသည် ရှေ့ဆက်သွားနေသည့် လုပ်ငန်းစဉ်တစ်ခုလုံးကိုလည်း တိုးတက်စေမည်ဖြစ်သည်။ သာဓကအနေနှင့် စစ်ကိုင်းတိုင်းတွင် အမြင်အာရုံချို့တဲ့သူများအား သင်တန်းပေးကာ ၎င်းတို့အတွက် လိုအပ်သော မျက်မမြင်များဖတ်နိုင်သည့် ဆန္ဒမဲပြားများကို ဖြည့်ဆည်းပေးခဲ့သည်။ ယင်းကဲ့သို့ အားထုတ်မှုများသည် များစွာအသိအမှတ်ပြုရန် ထိုက်တန်ပြီး ရွေးကောက်ပွဲကို အားလုံးပါဝင်မှုရှိအောင် လုပ်ဆောင်ရာတွင် အထောက်အကူဖြစ်စေသည်။

**မဲဆွယ်စည်းရုံးရေးကာလ**

၂၀၁၅ နှင့် နှိုင်းယှဉ်လျှင် မဲဆွယ်စည်းရုံးရေးကာလသည် အေးချမ်းမှုရှိပြီး ပိုစတာများ၊ လက်ကမ်းစာစောင်များ၊ စတစ်ကာများ ဝေငှသော်လည်း တစ်အိမ်တက်ဆင်း သွားရောက်ခြင်းကဲ့သို့ တစ်ဦးချင်းပိုမို မဲဆွယ်စည်းရုံးသည့် နည်းလမ်းများဖက်သို့ လမ်းကြောင်းဦးတည်ခဲ့သည်။ အစိုးရ၏ ထိန်းချုပ်မှုများ ပတ်သက်မှုမရှိသော ကြားဖြတ်ရွေးကောက်ပွဲအတွင်း ယင်းကဲ့သို့ တိုးတက်မှုများကို မျှော်လင့်သည်ကို သိထားရမည်ဖြစ်သော်လည်း မဲဆွယ်စည်းရုံးသည့်ကာလနှင့် ရွေးကောက်ပွဲနေ့မတိုင်မီ မဲဆွယ်မှုများရပ်ဆိုင်းရသည့်နေ့ကာလအတွင်း သိသာထင်ရှားသော ဖြစ်ရပ်များနှင့်ပတ်သက်သည့် သတင်းပေးပို့မှုများ မရှိသောအချက်နှင့် အေးချမ်းမှုရှိခြင်းသည် ရွေးကောက်ပွဲအကြို ပတ်ဝန်းကျင်အခြေအနေ ပိုမိုကောင်းမွန်မှုကို ရည်ညွှန်းသည်။

မဲဆွယ်စည်းရုံးမှုများသည် ၂၀၁၅ ခုနှစ်က UEC နှင့် နိုင်ငံရေးပါတီများ သဘောတူညီမှုရရှိခဲ့သော "နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများအတွက် လိုက်နာသင့်သော ကျင့်ဝတ်များ" တွင် ဖော်ပြထားသော လမ်းညွှန်ချက်များအား များသောအားဖြင့် လိုက်နာမှုရှိသည်ကို တွေ့ရှိရသည့်အတွက် ANFREL က ပျော်ရွှင်ဝမ်းမြောက်သည်။ ရှမ်းပြည်နယ်ရှိ ပဋိပက္ခနယ်မြေများမှ အခြေအနေအပါအဝင် မဲဆွယ်စည်းရုံးမှုအခြေအနေသည် အေးချမ်းမှုရှိခဲ့ပြီး ကိုယ်စားလှယ်လောင်း အများစုမှာ ယခင် ၂၀၁၅ အထွေထွေရွေးကောက်ပွဲနှင့် နှိုင်းယှဉ်လျှင် ယခုကြားဖြတ်ရွေးကောက်ပွဲတွင် စိတ်လက်သက်သာစွာ မဲဆွယ်နိုင်သည်ဟု ခံစားကြရသည်။ UEC သည် မဲ

ဆွယ်သည့် သီးသန့်မဲဆွယ်အစီအစဉ်၊ ဟောပြောမည့်သူများ၊ နေရာများ စသည့် စည်းကမ်းသတ်မှတ်ချက်များ ကို ဖြေလျှော့ပေးခြင်းနှင့်အတူ မဲဆွယ်စည်းရုံးမှုများကို ပိုမိုရိုးရှင်းသော၊ အဆင့်ဆင့်ချုပ်ချယ်မှုနည်းပါးသော နည်းလမ်း ပုံစံဖြင့် ချဉ်းကပ်ကိုင်တွယ်ခဲ့သည်ဟု ကိုယ်စားလှယ်လောင်းများနှင့် နိုင်ငံရေးပါတီအများစုကပြောကြသည်။

ရှမ်းပြည်နယ်တွင် NLD ပါတီမှ ကိုယ်စားလှယ်လောင်း နန်းဆင့်ခမ်းသည် အချို့ကျေးရွာများတွင် ဒေသခံများ၏ ငြင်းပယ်မှုကြောင့် မဲဆွယ်ခြင်း မပြုနိုင်ခဲ့ပေ။ မိုင်းရှူးမြို့နယ်အတွင်းမှ အဆိုပါ ကျေးရွာများ (ကွန်ကျိုင်း၊ နောင်အစ်ပ်၊ မော်မေ့၊ ဝမ့်လွိုင်) တွင် ကြားဖြတ်ရွေးကောက်ပွဲကို ဖျက်သိမ်းပေးရန် သူကတင်ပြခဲ့သည်။ သို့ရာတွင် နန်းဆင့် ခမ်းသည် မတ်လ ၂၉ ရက်နေ့ မဲဆွယ်စည်းရုံးစဉ် ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP) နှင့် ရှမ်းပြည်မြောက်ပိုင်း တပ်မတော် (SSA-N) တို့၏ ခြိမ်းခြောက်ခြင်းကို ခံခဲ့ရသည်ဟု တိုင်ကြားခြင်းဖြစ်ကြောင်း မီဒီယာများက သတင်း ဖော်ပြခဲ့သည်။

ရှမ်းပြည်နယ် ကျိုင်းတုံတွင်မူ ၂၀၁၅ နှင့် နှိုင်းယှဉ်လျှင် ဝေးလံခက်ခဲသောဒေသများတွင် မဲဆွယ်ခြင်းကို ခြိမ်းခြောက်မှုမရှိဟု ပါတီများက ခံစားကြရသည်။ သို့ရာတွင် တပ်မတော်က နိုင်ငံရေးပါတီများကို လာရောက်ခွင့်ပြုမည်ဟု အစောပိုင်းက ကြေညာထားသော်လည်း တပ်နယ်မြေအတွင်း USDP ပါတီမှလွဲလျှင် မဲဆွယ်ခွင့်မရခဲ့ဟု အခြားပါတီအားလုံးက တိုင်ကြားကြသည်။

မဲဝယ်မှုကို ထောက်ပြခြင်းကဲ့သို့သော ကိစ္စရပ်များစွာ တွေ့ရှိခဲ့သော်လည်း ထိုကိစ္စများသည် အသေးအမွှားအဆင့်သာဖြစ်သည်။ လက်ကမ်းစာရွက်တွင် ဘုရားပုံတော်ကို အသုံးပြုခြင်းကဲ့သို့ ဘာသာရေးကို အသုံးချ မဲဆွယ်သည့် စွပ်စွဲစော်ကားမှုပါသော မဲဆွယ်မှုများအကြောင်း သတင်းပေးမှုများရှိခဲ့သော်လည်း ၎င်းတိုင်ကြားမှုများသည်လည်း ပြောပလောက်အောင်မရှိခဲ့ပေ။

**ကြိုတင်မဲပေးခြင်း**

၂၀၁၇ ကြားဖြတ်ရွေးကောက်ပွဲတွင် ကြိုတင်မဲပေးခြင်းသည် ၂၀၁၅ အထွေထွေရွေးကောက်ပွဲနှင့် နှိုင်းယှဉ်လျှင် တိုးတက်မှုရှိကြောင်း ပြသနေသည်။ ယေဘုယျအားဖြင့် ကြိုတင်မဲပေးမှုသည် ပိုမိုစီစဉ်တကျရှိပြီး ပွင့်လင်းမြင်သာမှုရှိသည်။ ယခုအကြိမ်တွင် မဲဆန္ဒနယ်အတွင်း ကြိုတင်မဲပေးခြင်းအစီအစဉ်ကို စောစီးစွာထုတ်ပြန်ပေးခဲ့ပြီး ANFREL က သွားရောက်လေ့လာခဲ့သော နေရာအများစုတွင် စီစဉ်ထားသည့်အတိုင်း အကောင်အထည်ဖော်ခဲ့သည်ကိုတွေ့ရသည်။

မဲဆန္ဒနယ်အတွင်း ကြိုတင်မဲပေးခြင်းတွင် တိုးတက်မှုများရှိခဲ့သော်လည်း တိုးတက်မှုလိုအပ်နေသော နယ်ပယ်အချို့ ရှိနေဆဲဖြစ်သည်။ မဲဆန္ဒနယ်အတွင်းကြိုတင်မဲပေးခြင်းကို အကောင်အထည်ဖော်ရာတွင် ကွဲလွဲမှုများစွာကို လေ့လာသူများက တွေ့ရှိခဲ့ကြသည်။ ထိုသို့ တသမတ်တည်းမဖြစ်သော ကွဲလွဲမှုများမှာ ကြိုတင်မဲပေးရာတွင် ဘောလ်ပင် သို့မဟုတ် တံဆိပ်တုံးကို အသုံးပြုခြင်း၊ မသန်စွမ်းမဲဆန္ဒရှင်များအတွက် မဲဆန္ဒနယ်အတွင်း အိမ်အရောက်သွား၍ ရွေ့လျားစနစ်ဖြင့် ကြိုတင်မဲပေးစေခြင်းတွင် စာအိတ်များကို အသုံးပြုခြင်း၊ မဲပုံးကို ပုဂ္ဂလိကပိုင်အိမ် (ရပ်/ကျေးဥက္ကဋ္ဌ သို့မဟုတ် ကော်မရှင်အဖွဲ့ဝင်တို့၏ အိမ်များ) တွင် သိမ်းထားခြင်း (ထိုကိစ္စမျိုးတွင် သွားရောက်လေ့လာနိုင်ခြင်း မရှိခဲ့) တို့ဖြစ်သည်။

မဲဆန္ဒနယ်အတွင်း ကြိုတင်မဲပေးခြင်းတွင် တွေ့ရှိရသော တိုးတက်မှုများကို မဲဆန္ဒနယ်ပြင်ပ ကြိုတင်မဲပေးခြင်းတွင် အသုံးမချနိုင်ခဲ့ပေ။ နိုင်ငံတကာနှင့် ပြည်တွင်းမှ ရွေးကောက်ပွဲလေ့လာစောင့်ကြည့်သူများနှင့် ပါတီကိုယ်စားလှယ်များသည် UEC ၏ မပြည့်စုံသော သတင်းအချက်အလက်နှင့် မရှင်းလင်းသော အစီအစဉ်များကြောင့် မဲဆန္ဒနယ်ပြင်ပကြိုတင်မဲပေးခြင်းကို လေ့လာရန်၊ စောင့်ကြည့်ရန် မဖြစ်နိုင်ခဲ့ပေ။ ထိုသို့ ရှင်းလင်းမှုနှင့် ပွင့်လင်း မြင်သာမှုမရှိခြင်း၊ လုပ်ငန်းစဉ်ဖြစ်ပေါ်မှုကို လိုက်ပါစောင့်ကြည့်ရန် ရှုတ်ထွေးမှုနှင့် အခက်အခဲရှိခြင်းတို့ကြောင့် မဲဆန္ဒနယ်ပြင်ပကြိုတင်မဲပေးခြင်း ဆောင်ရွက်မှုအပေါ် ANFREL မစ်ရှင်က အပြည့်အဝပုံဖော်နိုင်ခြင်း၊ ကျယ်ကျယ်ပြန့်ပြန့် မှတ်ချက်ပေးနိုင်ခြင်းမရှိပါ။

နောက်ထပ် စိုးရိမ်စရာအချက်မှာ မဲဆန္ဒနယ်ပြင်ပ ကြိုတင်မဲပေးခြင်းကို UEC ထက် အခြားအစိုးရဌာနများက ပိုမိုဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ မဲဆန္ဒနယ်ပြင်ပ ကြိုတင်မဲပေးခြင်းသည် အရေအတွက်နည်းပါးမှုကြောင့် ကြားဖြတ်ရွေးကောက်ပွဲရလဒ်များအပေါ် သက်ရောက်မှုမရှိခဲ့ဟု ဆိုနိုင်သော်လည်း ၂၀၂၀ အထွေထွေရွေးကောက်ပွဲတွင် သေချာပေါက် အရေးပါလာမည်ဖြစ်ရာ ပြဿနာတစ်ခုမဖြစ်မီ ယခုဖြေရှင်းထားရမည့်အရာဖြစ်သည်။

အိမ်တိုင်ရာရောက် ရွေ့လျားမဲရုံများမှတဆင့် ထိလွယ်ခိုက်လွယ်ရှိနေသူများအား ပါဝင်မဲပေးစေခြင်းသည် လေ့လာစောင့်ကြည့်သူများစွာကို စိတ်ဝင်စားစေခဲ့သည်။ မဲရုံများသို့ မလာရောက်နိုင်သော မဲဆန္ဒရှင်များအတွက် ရွေ့လျားမဲရုံစနစ်ဖြင့် ကြိုတင်မဲပေးစေခြင်းကို ဆောင်ရွက်ပေးသည့် UEC ၏ ရိုးသားသော အားထုတ်မှုများကို ANFREL က အသိအမှတ်ပြုသော်လည်း လုပ်ငန်းစဉ်၏ လျှို့ဝှက်မှုကို သေချာစေရန် တိုးတက်မှုရှိအောင် လုပ်ဆောင်ရန် လိုအပ်သည်။

မဲရုံအချို့တွင် ကြိုတင်မဲပေးခြင်းနှင့် ပတ်သက်၍ ရှုတ်ထွေးမှုများ ဖြစ်ပေါ်စေသော အဓိကအကြောင်းရင်းတစ်ခုမှာ ကြိုတင်မဲပေးခြင်းနှင့် သက်ဆိုင်သည့် စည်းမျဉ်းများနှင့် လက်စွဲများမရှိခြင်းကြောင့်ဖြစ်သည်။ ရရှိနိုင်သော တစ်ခုတည်းသော လက်စွဲမှာ ပင်လယ်ရပ်ခြား ကြိုတင်မဲပေးခြင်း အတွက်သာဖြစ်သည်။ ပိုမိုသင်တန်းပေးခြင်းနှင့် လုပ်ငန်းစဉ်၏ အချို့သွင်ပြင်များအပေါ် ထပ်မံထိန်းချုပ်ခြင်းတို့သည် ယုံကြည်စိတ်ချမှုကို တိုးမြှင့်ပေးပြီး လက်ရှိချို့ယွင်းချက်အချို့ကို ဖယ်ရှားပေးမည်ဖြစ်သည်။ ထို့အပြင် စည်းကမ်းချက်များကို တင်းကြပ်စွာလိုက်နာမှုရှိကြောင်း သေချာစေမည့် လုပ်ထုံးလုပ်နည်းတသမတ်တည်းပိုမိုဖြစ်ခြင်းကို ဖြစ်ပေါ်စေမည်ဖြစ်သည်။

**ရွေးကောက်ပွဲနေ့**
**မဲပေးခြင်းလုပ်ငန်းစဉ်**

သွားရောက်စောင့်ကြည့်လေ့လာခဲ့သော ၂၂ မြို့နယ်တွင် အသေးစား အမှားအယွင်းများမှလွဲ၍ မဲပေးခြင်းလုပ်ငန်းစဉ်ကို ချောမွေ့စွာ လုပ်ဆောင်နိုင်ခဲ့သည်။ မဲရုံအဖွဲ့ဝင်အများစုသည် ၂၀၁၅ ရွေးကောက်ပွဲများ ကျင်းပရာတွင် အတွေ့အကြုံများရရှိခဲ့သောကြောင့် ယခုအကြိမ်တွင် ပိုမိုယုံကြည်စိတ်ချမှုရှိနေကြသည်။ ရွေးကောက်ပွဲနေ့၏ ပွင့်လင်းမြင်သာမှုကို ကြီးကြီးမားမား ဖြစ်ပေါ်စေသော အရေးပါသည့် သွင်ပြင်တစ်ခုမှာ ရွေးကောက်ပွဲနေ့၏ သွင်ပြင်လက္ခဏာအားလုံးကို စောင့်ကြည့်လေ့လာသူများ လေ့လာနိုင်ရန်နှင့် ပါတီကိုယ်စားလှယ်များ ကြည့်ရှုနိုင်ရန် ဖွင့်ပေးထားခြင်းပင်ဖြစ်သည်။

ပြဿနာများ ရှိသော်လည်း ယင်းတို့မှာ လေ့ကျင့်ပေးထားမှုမရှိခြင်း၊ မရှင်းလင်းသောစည်းမျဉ်းများ၊ ကော်မရှင်အဖွဲ့ခွဲအဆင့်များအကြား နားလည်မှုလွဲမှားခြင်းတို့ကြောင့် ဖြစ်ပေါ်သော အသေးစားအမှားအယွင်းများသာဖြစ်သည်။

ANFREL သည် ပြည်နယ်/တိုင်းဒေသကြီး ၈ ခုတွင် မဲရုံစတင်ဖွင့်လှစ်ချိန်အတွက် မဲရုံ ၁၅ ခု၊ မဲပေးနေချိန်တွင် မဲရုံ ၁၆၆ ခု၊ မဲရုံပိတ်သိမ်းချိန်အတွက် မဲရုံ ၁၃ ခုတို့ကို စောင့်ကြည့်လေ့လာရန် လုပ်ဆောင်နိုင်ခဲ့သည်။ နေရာအများစုတွင် ယင်းလုပ်ငန်းစဉ်များကို စည်းကမ်းချက်များနှင့်အညီ ကျင်းပခဲ့ကြသည်။ ကြိုတင်ပြင်ဆင်မှု နှေးကွေးခြင်းနှင့် မဲရုံဝန်ထမ်းနောက်ကျခြင်းတို့ကြောင့် အချိန်နောက်ကျဖွင့်လှစ်သည့် မဲရုံအနည်းငယ်သာရှိသည်။ မဲရုံအဖွင့်တွင် ကောင်းစွာဆောင်ရွက်ရမည့် အရေးကြီးသောအဆင့်များမှာ မဲပေးသည့်နေရာများတွင် ပါတီကိုယ်စားလှယ်များ (များသောအားဖြင့် NLD နှင့် USDP) နှင့် ပြည်တွင်းမှ စောင့်ကြည့်လေ့လာသူများရှိနေခြင်း၊ ပစ္စည်းများအချိန်ကိုက်ရောက်ရှိကာ နေရာတကျထားရှိခြင်း၊ မဲပုံးကို လေးဖက်စလုံးမပိတ်မီ အလွတ်ဖြစ်ကြောင်း ပြသခြင်း၊ ပုံစံ ၁၃ (ကြိုတင်မဲပေးသူများစာရင်း) ကို ပြသထားခြင်းတို့ဖြစ်သည်။

နောက်ထပ်အဓိကစိုးရိမ်စရာအချက်တစ်ခုမှာ မဲဆန္ဒရှင်အသိပညာပေးမှုမလုံလောက်ခြင်းဖြစ်ပြီး မဲပေးသည့်လုပ်ငန်းစဉ်နှင့်ပတ်သက်၍ အချို့မဲဆန္ဒရှင်များ ရှုပ်ထွေးမှုကြောင့် ထွက်ပေါ်လာခဲ့သည်။ မဲရုံတွင် မဲဆန္ဒရှင်များကိုကူညီရန် ပါတီကိုယ်စားလှယ်များက ထိုအခွင့်အရေးကို အသုံးပြုခဲ့ကြသည်။ မဲရုံအနည်းငယ်တွင် တွေ့ရှိရသောအကောင်အထည်ဖော်မှုကွဲလွဲချက်များမှာ မဲပြားအချို့၏ နောက်ကျောဖက်တွင် တံဆိပ်ထုံးထုထားခြင်း၊ အချို့မဲရုံအရာရှိများက မဲဆန္ဒရှင်များကို အမည်စာရင်းစာအုပ်တွင် လက်မှတ်မထိုးခိုင်းခြင်း၊ မဲပေးခြင်းလုပ်ငန်းစဉ်နှေးကွေးမှုကြောင့် အချိန်ကြာမြင့်စွာ တန်းစီနေရခြင်းတို့ဖြစ်သည်။ ယင်းကဲ့သို့ ကွဲလွဲချက်များသည် ပိုမို လေ့ကျင့်သင်ကြားပေးရန် လိုအပ်ခြင်းကို ပြသနေသော်လည်း ခြွင်းချက်မျှသာဖြစ်ပြီး မဲပေးခြင်းလုပ်ငန်းစဉ်တစ်ခုလုံးအနေနှင့် ကျေနပ်အားရဖွယ်ရှိသည်ဟု ရှုမြင်ရသည်။

၂၀၁၅ ရွေးကောက်ပွဲများနှင့်နှိုင်းယှဉ်လျှင် ပြည်တွင်းနှင့် နိုင်ငံတကာစောင့်ကြည့်လေ့လာသူများသည် ကြိုတင်မဲပေးခြင်းနှင့် ရွေးကောက်ပွဲနေ့ မဲပေးခြင်းတို့ကို စောင့်ကြည့်လေ့လာရန် တရားဝင်သွားရောက်ကြည့်ရှုခွင့်ရရှိခဲ့ကြသည်။ တပ်စခန်းအတွင်းမဲရုံ ၂၇ ခုရှိသည့်အနက် ၁၅ ခုသို့ ANFREL အဖွဲ့ သွားရောက်လေ့လာခဲ့သည်။ ချီးကျူးဖွယ် တိုးတက်မှုများဖြစ်သော စနစ်တကျ စီစဉ်ဆောင်ရွက်ထားခြင်းနှင့် ပွင့်လင်းမြင်သာမှု တိုးတက်လာခြင်းကို စောင့်ကြည့်လေ့လာသူများက လေ့လာခဲ့ကြသည်။ သို့ရာတွင် မဲရုံများကို တပ်စခန်းအတွင်းထားရှိရန် ကနဦးဆုံးဖြတ်ထားခြင်းကဲ့သို့သော အချို့အရာများကိုမူ ဖြေရှင်းရန် လိုအပ်နေဆဲဖြစ်သည်။ ယင်းကဲ့သို့ နေရာများသည် လွတ်လပ်သော ရွေးကောက်ပွဲများ ယေဘုယျအားဖြင့် မဖြစ်နိုင်သော ထိန်းချုပ်ထားသည့် နေရာများဖြစ်သည်။ တပ်စခန်းနယ်မြေအတွင်း မဲရုံများထားရန် ဆုံးဖြတ်ချက်ကြောင့် ပါတီများနှင့် ကိုယ်စားလှယ်လောင်းများအနေနှင့် တပ်စခန်းနယ်မြေအတွင်း မဲဆွယ်ရန်နှင့် မဲဆန္ဒရှင်ပညာပေးလုပ်ငန်းများဆောင်ရွက်ရန် သွားရောက်နိုင်မှုချုပ်ခြယ်ခံရကာ မဲဆွယ်စည်းရုံးရေးကာလ၏ ပွင့်လင်းမှုနှင့် လွတ်လပ်မှုတို့ကို ဆက်လက်ထိခိုက်စေသည်။

## မဲရုံပိတ်ခြင်း လုပ်ငန်းစဉ်

မဲရုံပိတ်ခြင်းလုပ်ငန်းစဉ်နှင့်ပတ်သက်၍ မဲရုံအများစုမှာ အချိန်တိကျစွာ ပိတ်ခဲ့ကြပြီး ပိတ်ချိန်တွင် တန်းစီပြီးသား မဲဆန္ဒရှင်များမှာလည်း မဲပေးခွင့်ရရှိခဲ့သည်။ ရလဒ်များကို မဲရုံအပြင်ဖက်တွင် ပြသထားပြီး ထူးခြားသော ဖြစ်ရပ်များမရှိခဲ့သလို မည်သည့်တိုင်ကြားမှုမှ မရှိခဲ့ပေ။ မဲရုံဖွင့်ခြင်း၊ ပိတ်ခြင်းလုပ်ငန်းစဉ်နှင့်နှိုင်းယှဉ်လျှင် မဲရေတွက်ခြင်းလုပ်ငန်းစဉ်သည် ပြဿနာပိုကြီးသည်ဟုယူဆရပြီး UEC အနေဖြင့် ပိုမိုသတိထားရန်လိုအပ်သည်။ လေ့လာတွေ့ရှိခဲ့သော ကိစ္စရပ်များထဲတွင် ကြိုတင်မဲများကို ဦးစွာမရေတွက်ဘဲ နောက်ဆုံးမှ ရေတွက်ခြင်း၊ ရလဒ်များထွက်ပေါ်မလာမီနှင့် မဲရုံတွင် မကပ်မီ ပုံစံ-၁၆ ကို လက်မှတ်ထိုးခြင်း၊ မဲများစတင်မရေတွက်မီ အသုံးမပြုသောမဲပြားများကို စုစည်းထုတ်ပိုးမှုမပြုခြင်း ကဲ့သို့သော ပုံမမှန်သည့်အရာများစွာ ပါဝင်သည်။

## မဲရေတွက်ခြင်းနှင့် စုစည်းတွက်ချက်ခြင်း လုပ်ငန်းစဉ်

၂၀၁၅ ရွေးကောက်ပွဲနှင့်နှိုင်းယှဉ်ပါက မြို့နယ်အားလုံးတွင် ကိုယ်စားလှယ်လောင်းများနှင့် ပါတီကိုယ်စားလှယ်များက တားမြစ်ခံရခြင်းမရှိပဲ လေ့လာစောင့်ကြည့်ခဲ့ကြခြင်းကြောင့် ၂၀၁၇ ကြားဖြတ်ရွေးကောက်ပွဲ မဲရလဒ် စုစည်းတွက်ချက်ခြင်း လုပ်ငန်းစဉ်သည် မျှော်မှန်းထားသည်ထက် မြန်ဆန်ကာ ပိုမိုပွင့်လင်းမြင်သာမှုရှိခဲ့သည်။ အချို့နေရာများတွင်လေ့လာမှုများအရ အကြုံးမဝင်သောမဲများမှာ မဲဆန္ဒရှင်ပညာပေးမှုမရှိ၍ တံဆိပ်တုံးမှန်ကန်စွာ မထုတတ်သောကြောင့် အများဆုံးဖြစ်ခဲ့ကြောင်းတွေ့ရှိရသည်။

## လာရောက်မဲပေးသည့် မဲဆန္ဒရှင်အရေအတွက်

ယခုကြားဖြတ်ရွေးကောက်ပွဲတွင် ထွက်ပေါ်လာသော စိုးရိမ်စရာအချက်တစ်ခုမှာ မဲဆန္ဒရှင်လာရောက်မဲပေးမှုနည်းပါးခြင်းဖြစ်သော်လည်း ကံကောင်းစွာပင် ကြီးမားသော လမ်းကြောင်းကို ကိုယ်စားမပြုသောကြောင့် ထိုသို့ ပြန်မဖြစ်အောင် ရှောင်ရှားရန် ဖြေရှင်းဆောင်ရွက်သင့်သည်။ နိုင်ငံရေးတွင် ပုံမှန်ပါဝင်ဆင်နွှဲသည့် ယဉ်ကျေးမှုကို ပျိုးထောင်သင့်သည်။ ရွေးကောက်ပွဲ၏ အရေးပါမှုကို မြန်မာပြည်သူတို့၏ စိတ်တွင်စွဲမြဲနေအောင် ပြုလုပ်သင့်သည်။ ယင်းသို့ပြုလုပ်ခြင်းသည် မြန်မာနိုင်ငံ၏ ဒီမိုကရေစီဖွံ့ဖြိုးမှုကို အားပေးမည်ဖြစ်ပြီး နှစ်ပေါင်းများစွာ စစ်ဖက်အုပ်ချုပ်မှုက ယူဆောင်လာခဲ့သော ဆိုးကျိုးသက်ရောက်မှုများကို ဖယ်ရှားပစ်မည်ဖြစ်သည်။

၂၀၁၇ ကြားဖြတ်ရွေးကောက်ပွဲတွင် မဲပေးခွင့်ရှိသူ ၂,၀၃၂,၅၃၆ ဦးအနက် ၇၄၇,၄၅၀ ဦးကသာ လာရောက်မဲပေးခဲ့ကြသည်။ ကြားဖြတ်ရွေးကောက်ပွဲမဲပေးမှုသည် အထွေထွေရွေးကောက်ပွဲ မဲပေးမှုထက် ပုံမှန်အားဖြင့် လျော့နည်းလေ့ရှိသော်လည်း ယခုအကြိမ်တွင် ၅၀ ရာခိုင်နှုန်း မပြည့်သောကြောင့် သိသိသာသာလျော့နည်းနေသည်။

နိုင်ငံရေးပါတီ ၂၄ ခုမှ ကိုယ်စားလှယ်လောင်း ၉၄ ဦးနှင့် တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်လောင်း ၇ ဦးတို့က လစ်လပ် မဲဆန္ဒနယ် ၁၉ နယ်အတွက် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။ ပြည်သူ့လွှတ်တော် လစ်လပ် ၉ နေရာအတွက် မဲပေးခွင့်ရှိသူ ၁,၂၁၂,၄၀၀ ဦး ရှိသော်လည်း ၂၀၁၇ ဧပြီလ ၁ ရက်တွင် ၄၃၀,၄၁၉ ဦး (၃၄.၈၀ ရာခိုင်နှုန်း) မှု

သာမဲပေးခဲ့သည်။ အမျိုးသားလွှတ်တော် လစ်လပ် ၃ နေရာအတွက် မဲပေးခွင့်ရှိသူ ၆၉၉,၉၆၅ ဦးအနက် ၂၄၃,၅၉၀ ဦး (၃၄.၀၃ ရာခိုင်နှုန်း) မျှသာ လာရောက်မဲပေးခဲ့သည်။

ပြည်နယ်လွှတ်တော်၏ လစ်လပ် ၇ နေရာအတွက် မဲပေးခွင့်ရှိသူ ၂၂၆,၁၅၃ ဦးရှိသော်လည်း ရွေးကောက်ပွဲနေ့တွင် ၁၁၀,၉၀၀ ဦး (၄၉.၀၃ ရာခိုင်နှုန်း) လာရောက်မဲပေးခဲ့သည်။

ယေဘုယျလာရောက်မဲပေးမှုထက် ပိုမိုစိုးရိမ်ကြသည့်အချက်မှာ အချို့နယ်မြေများတွင် လာရောက်မဲပေးမှု သိသာထင်ရှားစွာ နည်းပါးခြင်းနှင့် မဲဆန္ဒနယ်များအကြား ကြီးမားစွာကွာဟခြင်းတို့ဖြစ်သည်။ ချင်းပြည်နယ်မှ အမျိုးသားလွှတ်တော်လစ်လပ်နေရာအတွက် မဲပေးခွင့်ရှိသူများ၏ ၇၅.၃၇ ရာခိုင်နှုန်း လာရောက်မဲပေးမှုသည် အမြင့်ဆုံးမဲပေးမှုဖြစ်ပြီး၊ မဲပေးခွင့်ရှိသူများ၏ ၁၂.၂၅ ရာခိုင်နှုန်းမျှသာ လာရောက်မဲပေးသော လှိုင်သာယာမြို့နယ်မှာ အနိမ့်ဆုံးမဲပေးမှုဖြစ်သည်။

လစ်လပ် မဲဆန္ဒနယ် ၁၉ နေရာအနက် လာရောက်မဲပေးမှု ၅၀ ရာခိုင်နှုန်းကျော်သော နေရာများမှာ အမ်း (၆၁.၅၅ ရာခိုင်နှုန်း)၊ ချင်း- အမျိုးသားလွှတ်တော် ၃ (၇၅.၃၇ ရာခိုင်နှုန်း)၊ ဖရူဆို မဲဆန္ဒနယ် ၁ (၆၈.၇၃ ရာခိုင်နှုန်း)၊ ကော့မှူး (၅၉.၂၈ ရာခိုင်နှုန်း)၊ ကျေးသီး (၅၀.၆၇ ရာခိုင်နှုန်း)၊ ကျေးသီးမဲဆန္ဒနယ် ၁ (၅၆.၆ ရာခိုင် နှုန်း)၊ မိုင်းရှူးမဲဆန္ဒနယ် ၂ (၅၁.၆၅ ရာခိုင်နှုန်း)၊ ညောင်ရွှေမဲဆန္ဒနယ် ၁ (၅၅.၉၄ ရာခိုင်နှုန်း) တို့ဖြစ်သည်။ ၄၀ ရာခိုင်နှုန်းထက်နည်းသော ၄ နေရာမှာ ချောင်းဆုံ (၃၈.၄၅ ရာခိုင်နှုန်း)၊ ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ် (၂၉.၂၃ ရာခိုင်နှုန်း)၊ လှိုင်သာယာ (၁၂.၂၅ ရာခိုင်နှုန်း) နှင့် ရန်ကုန် - အမျိုးသားလွှတ်တော် (၂၇.၁၅ ရာခိုင်နှုန်း) တို့ဖြစ်သည်။

## အကြံပြုချက်များ (အကြံပြုချက် အပြည့်အစုံကို ဤအစီရင်ခံစာအဆုံး စာမျက်နှာ (၁၁၅) တွင် ဖတ်ရှုနိုင်သည်)

မြန်မာနိုင်ငံမှ ရွေးကောက်ပွဲအခြေအနေသိသာထင်ရှားစွာ တိုးတက်မှုကို ANFREL က အသိအမှတ်ပြုသည်။ ၂၀၂၀ အထွေထွေရွေးကောက်ပွဲအတွက် ကြိုတင်ပြင်ဆင်သည့်အနေနှင့် အောက်ပါဆောင်ရွက်ချက်များကို ANFREL လေ့လာရေးမစ်ရှင်က အကြံပြုပါသည်။

ဝေးလံခက်ခဲသောဒေသနှင့် မြို့ပြဒေသနှစ်နေရာစလုံးတွင် မဲဆန္ဒရှင် အသိပညာပေးရန် အရပ်ဖက်အခြေပြုအဖွဲ့အစည်းအမျိုးမျိုးက တက်ကြွသောလှုပ်ရှားမှုများကို လုပ်ဆောင်လျက်ရှိသည်။ UEC အနေနှင့် မဲဆန္ဒရှင်များထံ လက်လှမ်းမီရန် ပိုမိုအားကောင်းပြီး ထိရောက်မှုရှိသော မဟာဗျူဟာကို ရှာဖွေသင့်သည်။ မဲပေးသည့် လုပ်ငန်းစဉ်နှင့်ပတ်သက်၍ ပိုမိုပါဝင်ဆင်နွဲကြရန် အားပေးခြင်းနှင့် သတင်းအချက်အလက်ပိုမိုဖြန့်ဝေခြင်းသည် မဲပေးခြင်းလုပ်ငန်းစဉ်မှ နှောင့်နှေးမှုများ၊ မဲပြားလေလွင့်မှုများကို လျှော့ချရန် အထောက်အကူ ဖြစ်စေမည်ဖြစ်သည်။

UEC သည် ရွေးကောက်ပွဲတွင် အားလုံးပါဝင်ဆင်နွဲမှုနှင့် မဲဆန္ဒရှင်စာရင်းမှန်ကန်မှုတို့ ဆက်လက်တိုးတက်ရန်အတွက် နည်းလမ်းများကို ရှာဖွေသင့်သည်။ ယခုနှစ်တွင် အသုံးပြုခဲ့သည့် တစ်အိမ်တက်ဆင်းနည်းလမ်းကဲ့သို့သော မဲဆန္ဒရှင်မှတ်ပုံတင်ခြင်းအတွက် တိုက်ရိုက်နှင့် သွယ်ဝိုက်နည်းလမ်းများကို ဆက်လက်အသုံးပြုတိုးချဲ့သင့်သည်။ အက္ခရာစဉ်အလိုက်ဖြစ်စေ၊ အိမ်ထောင်စုအလိုက်ဖြစ်စေ စီစဉ်ထားသော မဲဆန္ဒရှင်စာရင်း အသုံးပြုမှုသည် လက်ခံနိုင်စရာ ဖြစ်သော်လည်း ဇီဝဆန်းစစ်မှုကဲ့သို့ အဆင့်မြင့် လုံခြုံရေးစီစစ်မှု နည်းလမ်းများကိုလည်း လေ့လာသင့်သည်။ ပိုမိုအရေးကြီးသောအချက်မှာ အစိုးရအနေနှင့် ရွှေ့ပြောင်းနေထိုင်သူမဲဆန္ဒရှင်များအား မဲပေးခွင့်ရရှိစေပြီး ၎င်းတို့၏ ရပိုင်ခွင့်များကို အသိအမှတ်ပြုရန် လိုအပ်ခြင်းဖြစ်သည်။

မဲဆန္ဒနယ်အတွင်းနှင့် ပြင်ပတွင် ကြိုတင်မဲပေးခြင်းလုပ်ငန်းစဉ်ကိုလည်း ပြန်လည်လေ့လာသုံးသပ်သင့်သည်။ ၎င်းလုပ်ငန်းစဉ်နှစ်ခုစလုံးကို ကျင်းပသည့် လုပ်ငန်းစဉ်မှာ ရိုးရှင်းရန်နှင့် အများသိအောင် ထုတ်ပြန်ပေးရန်လိုအပ်ပြီး သို့မှသာ စိတ်ပါဝင်စားသူများက လေ့လာစောင့်ကြည့်နိုင်မည်ဖြစ်သည်။ ပင်လယ်ရပ်ခြားတွင် မဲပေးခြင်းသည် ပြည်ပတွင်နေထိုင်သူနိုင်ငံသားများစွာကို ကောင်းစွာပါဝင်နိုင်ရန် လက်လှမ်းမီစေမည့် ကြီးမားသော အခွင့်အလမ်းများရှိနေသော နောက်ထပ်နယ်ပယ်တစ်ခုဖြစ်သည်။ ၎င်းတို့အများစုသည် အနီးအနားနိုင်ငံများတွင် ရောက်ရှိနေသူများဖြစ်သောကြောင့် ပင်လယ်ရပ်ခြားမဲပေးခြင်းလုပ်ငန်းစဉ်ကို တိုးချဲ့ရာတွင် ကုန်ကျစရိတ်မများပေ။

ကြားဖြတ်ရွေးကောက်ပွဲအတွင်း အထူးသဖြင့် မဲဆွယ်သည့်ကာလအတွင်း တန်းတူရည်တူယှဉ်ပြိုင်မှုရှိစေရန် ဆောင်ရွက်ပေးမှုများ လိုအပ်သည်။ ပွင့်လင်းမြင်သာမှု တိုးတက်စေရန်နှင့် ပြည်သူပိုင်ရင်းမြစ်များ အလွဲသုံးစားပြုမှုကို ဟန့်တားနိုင်ရန်အတွက် လက်ရှိမဲဆွယ်မှုဆိုင်ရာ ဘဏ္ဍာရေးစည်းကမ်းချက်များနှင့်၊ ၎င်းစည်းကမ်းများ အကောင်အထည်ဖော်မှုနှင့် ထိရောက်မှုတို့ကို ပြန်လည်လေ့လာသုံးသပ်သင့်သည်။

မဲပေးခြင်းနှင့် မဲရေတွက်ခြင်းလုပ်ငန်းစဉ် ပွင့်လင်းမြင်သာမှုနှင့် ဖြောင့်မတ်မှန်ကန်မှုကို တိုးတက်စေရန်အတွက် UEC အနေနှင့် ကော်မရှင်အဖွဲ့ခွဲများအကြား ဆက်သွယ်ဆောင်ရွက်မှု အားကောင်းအောင် ဆောင်ရွက်ရန်နှင့် မဲရုံစည်းကမ်းများ အကောင်အထည်ဖော်မှု တညီတညွတ်တည်းဖြစ်အောင် မဲရုံဝန်ထမ်းများအား သင်တန်းပေးခြင်းကို ပိုမိုပေးရန်နှင့် မွမ်းမံရန်လိုအပ်သည်။ ထို့အပြင် မဲရေတွက်ခြင်းနှင့် ရလဒ်များ စုစည်းတွက်ချက်ခြင်း လုပ်ငန်းစဉ်တို့ကို ပိုမိုတိုးတက်စေရန်အတွက် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာများ (ICT) အသုံးပြုရေးကိုလည်း ရှာဖွေလေ့လာသင့်သည်။ မဲဆွယ်စည်းရုံးခြင်း၏ ပွင့်လင်းမြင်သာမှုနှင့် လွတ်လပ်မှုတို့ကို မြှင့်တင်ရန်အတွက် တပ်စခန်းနယ်မြေအတွင်း မဲရုံများမထားရှိသင့်သည့် သဘောထားကို ANFREL က ထပ်မံတင်ပြလိုသည်။

နောက်ဆုံးအနေနှင့် ရွေးကောက်ပွဲများ မကျင်းပရသေးသော နယ်မြေများတွင် ရွေးကောက်ပွဲများ ကျင်းပရေးကို ပိုမိုအားပေးကူညီမှုများ ပြုလုပ်ပေးရမည်ဖြစ်သည်။ UEC အနေနှင့် အဆိုပါရည်မှန်းချက်အောင်မြင်နိုင်ရန်အတွက် အစိုးရအပြင် တိုင်းရင်းသားလက်နက်ကိုင်အုပ်စုများနှင့် ပူးပေါင်းဆောင်ရွက်မှု၊ ဧစပ်ညှိနှိုင်းမှုတို့ကို ပြုလုပ်သင့်သည်။ သို့မှသာ ပြည်သူလူထုကို အမှန်တကယ် ကိုယ်စားပြုသော အစိုးရကိုရရှိနိုင်မည်ဖြစ်သည်။

# နိဒါန်းနှင့် စောင့်ကြည့်လေ့လာရေးအဖွဲ့ကို ခြုံငုံကြည့်ရှုခြင်း

## မကြာသေးမီကရွေးကောက်ပွဲများအပေါ် ခြုံငုံကြည့်ရှုခြင်း

မြန်မာနိုင်ငံသည် ရှေ့ဆက်သွားနေသော ဒီမိုကရေစီလုပ်ငန်းစဉ်တွင် ကြီးမားသော စိန်ခေါ်မှုများ ရှိနေဆဲဖြစ်သော်လည်း ပြီးခဲ့သောဆယ်စုနှစ်အတွင်း ကမ္ဘာ့အထင်ရှားဆုံး ဒီမိုကရေစီအသွင်ကူးပြောင်းမှုကို တွေ့ကြုံခဲ့ရသည်။ လွတ်လပ်စွာ ပြောဆိုခွင့်မှသည် နိုင်ငံရေးအကျဉ်းသားများစွာကို လွှတ်ပေးခြင်းအထိ ဒီမိုကရေစီ မျက်နှာစာအမျိုးမျိုးတွင် မြန်ဆန်သော တိုးတက်မှုများကို လုပ်ဆောင်နိုင်ခဲ့သည်။ မြန်မာနိုင်ငံ၏ ရွေးကောက်ပွဲစနစ်ပြုပြင်ပြောင်းလဲမှုများမှာလည်း အလားတူအားတက်စရာကောင်းသည်။ နောက်သို့ပြန်ကြည့်ပါက ရွေးကောက်ပွဲလုပ်ငန်းစဉ်၏ ပြီးခဲ့သော ၁၀ နှစ်တာကာလက ၂၀၀၈ ခုနှစ်တွင် ဖြစ်နိုင်ချေ အလွန်ခက်ခဲခဲ့သည်ကို တွေ့မြင်ရမည်ဖြစ်သည်။ ရွေးကောက်ပွဲနှင့် သက်ဆိုင်သော နယ်ပယ်တိုင်းသည် တိုးတက်မှုအတော်ကြီးရခဲ့ရာ ကာလရှည်ရပ်တည်ခဲ့သော အတိုက်အခံပါတီဝင်များ ၂၀၁၅ ရွေးကောက်ပွဲတွင် ရွေးချယ်ခံရမှုသည် အထင်ရှားဆုံးရလဒ်ဖြစ်သည်။ ထိုကဲ့သို့ ဖြစ်နိုင်ချေမရှိခဲ့သော အတိုက်အခံပါတီဝင်များစွာ ရွေးချယ်တင်မြှောက်ခံရခြင်းသည် ထိုစဉ်က အုပ်ချုပ်ခဲ့သူများ၏ ကြီးမားစွာလွှမ်းမိုးခြင်းခံခဲ့ရသော ၂၀၀၈ ဆန္ဒခံယူပွဲနှင့် ၂၀၁၀ ရွေးကောက်ပွဲများပင်ဖြစ်သည်။

၂၀၁၀ အထွေထွေရွေးကောက်ပွဲသည် နှစ်ပေါင်း ၂၀ အတွင်း ပထမဆုံးအကြိမ်ဖြစ်ပြီး ၂၀၀၈ ခုနှစ်က အငြင်းပွားဖွယ် ဆန္ဒခံယူပွဲဖြင့် အတည်ပြုခဲ့သော အခြေခံဥပဒေ ရေးဆွဲပြီးနောက် ထွက်ပေါ်လာခြင်းဖြစ်သည်။ အဆိုပါ ရွေးကောက်ပွဲများကို တပ်မတော်၏ အဆင့် ၇ ဆင့် ဒီမိုကရေစီ လမ်းပြမြေပုံတွင် ထည့်သွင်းရေးဆွဲထားသည်။ ၂၀၀၈ အခြေခံဥပဒေအရ ထည့်သွင်းထားသော ကန့်သတ်မှုများနှင့် ရွေးကောက်ပွဲဆိုင်ရာ မူဘောင်တို့အရ ထိုအချိန်က လွှတ်တော်များနှင့် ရွေးကောက်ပွဲကော်မရှင်တို့ကို တပ်မတော်က ထိန်းချုပ်ထားခဲ့ရာ အဓိက အတိုက်အခံ NLD ပါတီက ၎င်းတို့ခေါင်းဆောင်အပေါ် အထူးပစ်မှတ်ထားသော ကန့်သတ်ချက်များနှင့် တန်းတူညီမျှယှဉ်ပြိုင်ခွင့်မရခြင်းတို့ကို အကြောင်းပြုကာ ရွေးကောက်ပွဲကို သပိတ်မှောက်ခဲ့သည်။ ထိုသို့ သပိတ်မှောက်မှုကြောင့် မြန်မာနိုင်ငံသားများအကြား ရွေးကောက်ပွဲ၏ တရားဝင်မှုအပေါ် အသိအမှတ်ပြုမှု နည်းပါးခဲ့ပြီး အထူးသဖြင့် ၁၉၉၀ ရွေးကောက်ပွဲတွင် NLD ပါတီ အနိုင်ရခဲ့သောရလဒ်ကို ထိုစဉ်က တပ်မတော်အစိုးရက ဖျက်သိမ်းခဲ့သော အချက်ကြောင့်ဖြစ်သည်။ ၁၉၉၀ ရွေးကောက်ပွဲတွင် NLD ပါတီသည် ၆၀ ရာခိုင်နှုန်း မပြည့်သော ထောက်ခံမဲနှင့် ကိုယ်စားလှယ်နေရာ ၈၀ ရာခိုင်နှုန်းမျှသာ အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ထိုသို့ NLD ပါတီက သပိတ်မှောက်ခြင်း၊ ပါတီခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်ကို နေအိမ်အကျယ်ချုပ်ထိန်းသိမ်းထားခြင်းတို့ကြောင့် တပ်မတော်ကျောထောက်နောက်ခံပြုထားသော USDP ပါတီက ပြည်သူ့လွှတ်တော် (အောက်လွှတ်တော်) ၏ ရွေးကောက်တင်မြှောက်သောနေရာ ၃၂၆ နေရာအနက် ၂၅၉ နေရာ (၇၉ ရာခိုင်နှုန်း) နှင့် အမျိုးသားလွှတ်တော် (အထက်လွှတ်တော်) ၏ ရွေးချယ်တင်မြှောက်သောနေရာ ၁၆၈ နေရာအနက် ၁၂၉ နေရာ (၇၇ ရာခိုင်နှုန်း) အနိုင်ရရှိခဲ့သည်။ ၂၀၁၀ ရွေးကောက်ပွဲသည် လွတ်လပ်သော ရွေးကောက်ပွဲလေ့လာစောင့်ကြည့်မှုများကို ခွင့်မပြုသော်လည်း ကြိုတင်မဲပေးစနစ် အလွဲသုံးစားပြုမှုများနှင့် ရွေးကောက်ပွဲနေ့မဲလိမ်မှုများအပါအဝင် ဖွဲ့စည်းထားမှုဆိုင်ရာနှင့် လုပ်ထုံးလုပ်နည်းဆိုင်ရာ ချို့ယွင်းချက်အမျိုးမျိုးတို့ကြောင့် လူထု

၏ဆန္ဒကို တရားဝင်သော ကိုယ်စားပြုမှု မရှိကြောင်းနှင့် ဆိုးဆိုးဝါးဝါး လိမ်ညာထားကြောင်း လွတ်လပ်သော အကဲခတ်လေ့လာသူများက ဆုံးဖြတ်ခဲ့ကြသည်။

အဆိုပါ ရွေးကောက်ပွဲအပြီးတွင် ဦးသိန်းစိန်က နစ်ပေါင်းငါးဆယ် စစ်အုပ်ချုပ်ရေးကို အစားထိုးသော အမည်ခံ အရပ်သားအစိုးရ၏ အကြီးအကဲအဖြစ် ၂၀၁၁ မတ်လတွင် ကျမ်းသစ္စာကျိန်ဆိုခဲ့သည်။ ၎င်းသည် ထိပ်တန်းအဆင့် ဗိုလ်ချုပ်ကြီးတစ်ဦး ဖြစ်သော်လည်း အရပ်ဖက်သမ္မတရာထူးကို ရယူရန်အတွက် စစ်တပ်မှ တရားဝင်အနားယူခဲ့သည်။

ဒေါ်အောင်ဆန်းစုကြည်သည် ၂၀၁၀ ရွေးကောက်ပွဲ ပြီးကာစအချိန်တွင် နေအိမ်အကျယ်ချုပ်မှ လွတ်မြောက်လာခဲ့ပြီး သူမ၏ပါတီသည် ၂၀၁၅ အတွက် ရေ့ပြေးနိမိတ်ဖြစ်သော ၂၀၁၂ ကြားဖြတ်ရွေးကောက်ပွဲတွင် သောင်ပြိုကမ်းပြို အနိုင်ရရှိခဲ့သည်။ ၂၀၁၅ အထိ မေးနေဆဲဖြစ်သော ကာလရှည်ကြာက မေးခွန်းဖြစ်သည့် ရွေးကောက်ပွဲဆိုင်ရာ စက်ဝန်းအဆုံးတွင် တိုးတက်မှု မည်မျှသက်သေပြနိုင်ခဲ့သလဲ ဟူသောအချက်နှင့် အသစ်ပြုပြင်ပြောင်းလဲထားသော ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်တွင် စစ်မှန်သော ဖြောင့်မတ်မှန်ကန်မှု ဖြည့်ဆည်းပေးရာတွင် လုံလောက်မှု ရှိသလား ဟူသောအချက်တို့ဖြစ်သည်။

မြန်မာနိုင်ငံတစ်ဝှမ်းတွင် ANFREL ၏ အကဲခတ်လေ့လာသူများကို ဖြန့်ကျက်ထားခြင်းအားဖြင့် ၂၀၁၅ ရွေးကောက်ပွဲဖြစ်စဉ်အပေါ် ANFREL ၏ စောင့်ကြည့်လေ့လာမှုတစ်လျှောက်လုံးတွင် အဆိုပါမေးခွန်းများကို ဖြေကြားစေခဲ့သည်။ စောင့်ကြည့်လေ့လာသူများက တိုးတက်ရန် လိုအပ်နေဆဲ နယ်ပယ်များကို ဖော်ထုတ်ခဲ့ကြသော်လည်း ရွေးကောက်ပွဲသည် ကျယ်ပြန့်စွာ တရားဝင်မှုရှိပြီး ရလဒ်များသည် ပြည်သူလူထု၏ဆန္ဒကို မှန်ကန်တိကျစွာ ကိုယ်စားပြုသည်ဟု ရှုမြင်ရကြောင်း ပြန်လည်တင်ပြခဲ့ကြသည်။ အဆုံးတွင်မူ မြန်မာပြည်သူများသည် မျိုးဆက်တစ်ခုအတွင်း ပထမဆုံးအနေနှင့် စိတ်အားတက်ကြွဖွယ် မဲဆွယ်စည်းရုံးမှုကာလ၊ လွတ်လပ်သော မဲပေးပွဲ၊ မဲဆန္ဒရှင်များ၏ ဆန္ဒကို ထင်ဟပ်သော ရွေးချယ်တင်မြှောက်ခံ အစိုးရကို အာဏာအပ်နှင်းခြင်း စသည်တို့ ထင်ဟပ်ပြသနေသော သိသိသာသာလွတ်လပ်မှုရှိလာသည့် ပတ်ဝန်းကျင်အခြေအနေတစ်ခုတွင် နိုင်ငံရေးဆိုင်ရာ ရပိုင်ခွင့်များကို ကျင့်သုံးနိုင်ခဲ့ပြီဖြစ်သည်။ ANFREL ၏ စောင့်ကြည့်လေ့လာမှုနှင့် ထိုအချိန်က မိမိတို့၏ အသေးစိတ် အစီရင်ခံစာများအရ[6] ၂၀၁၅ နိုဝင်ဘာလ ၈ ရက် အထွေထွေရွေးကောက်ပွဲသည် မြန်မာနိုင်ငံ၏ ရွေးကောက်ပွဲဆိုင်ရာ စံနှုန်းအသစ်ကို ဖြစ်ပေါ်စေခဲ့ပြီး ၂၀၁၀ နောက်ပိုင်း နိုင်ငံအနှံ့တွင် သိသာထင်ရှားသော ရွေးကောက်ပွဲဆိုင်ရာတိုးတက်မှုကို ဖော်ထုတ်ပြသခဲ့သည်။

သင်ခန်းစာယူခဲ့သော အရာများစွာအနက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ၎င်းကို ပံ့ပိုးကူညီသော အဖွဲ့အစည်းများသည် အဆိုပါနယ်ပယ်တွင် အသစ်အဆန်းဖြစ်နေသော်လည်း ရွေးကောက်ပွဲများကို စီမံခန့်ခွဲရာတွင် လုပ်နိုင်စွမ်းထက်ပိုခဲ့ကြောင်း ၂၀၁၅ ရွေးကောက်ပွဲက ပြသခဲ့ပြီး ထိုအချက်သည် ၂၀၁၀ ရွေးကောက်ပွဲပြီးကာစက အခြေအနေထက် များစွာတိုးတက်လာခဲ့ခြင်းဖြစ်သည်။ UEC ၏ ပါဝင်ထိတွေ့မှု၊ ပွင့်လင်းမြင်သာမှု၊ ပရော်ဖက်ရှင်နယ်ပီသမှုတို့နှင့်ပတ်သက်၍ ၂၀၁၀ နှင့် ၂၀၁၅ အကြား သိသာထင်ရှားသော ကွဲပြားခြားနားမှုသည် ချဲ့ကားဖော်ပြခြင်းမဟုတ်ပါ။

[6] ANFREL အစီရင်ခံစာ http://anfrel.org/category/mission-reports Asian Network for Free Elections (ANFREL), 2016

၂၀၁၅ ရွေးကောက်ပွဲများအပြီးတွင် သမ္မတဦးထင်ကျော် ဦးဆောင်သော အစိုးရကို လွှတ်တော်က ဖွဲ့စည်းပေးခဲ့ပြီး သမ္မတက ပြည်ထောင်စုအဆင့် ဝန်ကြီးဌာနများနှင့် အခြား အစိုးရအဖွဲ့အစည်းများ၏ အကြီးအကဲရာထူးများကို ဆက်လက်ခန့်အပ်သည်။ အဆိုပါ ခန့်အပ်ခံရသူများထဲမှ ၁၀ ဦးသည် အသစ်ရွေးချယ်တင်မြှောက်ခံရသော လွှတ်တော်ကိုယ်စားလှယ်များ ဖြစ်ကြသည်။ "အကယ်၍ ပြည်ထောင်စုဝန်ကြီး တစ်ဦးဦးသည် လွှတ်တော် ကိုယ်စားလှယ်ဖြစ်နေပါက ပြည်ထောင်စုဝန်ကြီးအဖြစ် ခန့်အပ်ခံရသောနေ့မှစ၍ လွှတ်တော်မှ နုတ်ထွက်ပြီးဖြစ် သည်ဟု မှတ်ယူရမည်" ဟုဖော်ပြထားသော ၂၀၀၈ အခြေခံဥပဒေ ပုဒ်မ ၂၃၂ (ဈ) အရ ထိုသို့ ခန့်အပ်ခံရသော လွှတ်တော်ကိုယ်စားလှယ်များ၏ နေရာများမှာ လစ်လပ်သွားသည်။

၂၀၁၅ တွင် ANFREL က စိုးရိမ်ခဲ့သောအရာများထဲမှ တစ်ခုမှာ အကြမ်းဖက်မှုများကြောင့် ရွေးကောက်ပွဲဖျက်သိမ်း ထားသော ဒေသများတွင် နေထိုင်သူများ၏ မဲပေးခွင့် ဆုံးရှုံးမှုဖြစ်သည်။ သို့သော် ၂၀၁၅ တွင် ရွေးကောက်ပွဲ ကျင်းပခွင့်မရခဲ့သော မြို့နယ် ၂ ခုတွင် နောက်ဆုံး၌ လုံခြုံရေးအခြေအနေ လုံလုံလောက်လောက် တိုးတက်မှုရှိ သောကြောင့် ၂၀၁၇ တွင် သက်ဆိုင်ရာ ကိုယ်စားလှယ်များကို ရွေးချယ်ခွင့် ရရှိခဲ့ခြင်းဖြစ်သည်။ ဧပြီလ ၁ ရက်က ရွေးချယ်တင်မြှောက်သော ကိုယ်စားလှယ် ၁၉ ဦးအနက် ထိုနယ်မြေများမှ ၆ ဦး ပါဝင်ခဲ့သည်။

ကျန်နေသော လစ်လပ် ၃ နေရာမှာ ရွေးချယ်တင်မြှောက်ခံ ကိုယ်စားလှယ်များ ကွယ်လွန်သွားသောကြောင့် လစ်လပ်သွားခြင်းဖြစ်သည်။ အဆိုပါ လစ်လပ် ကိုယ်စားလှယ်နေရာ (ရာထူးတိုးသွားသော ၁၀ နေရာ၊ ၂၀၁၅ တွင် ရွေးကောက်ပွဲ မရှိခဲ့သော ၆ နေရာ၊ ကွယ်လွန်သူလွှတ်တော်ကိုယ်စားလှယ် ၃ နေရာ) စုစုပေါင်း ၁၉ နေရာကို ဧပြီလ ၁ ရက်က ရွေးချယ်တင်မြှောက်ခဲ့သည်။ အဆိုပါ လစ်လပ်ကိုယ်စားလှယ် ၁၉ နေရာအနက် ပြည်သူ့ လွှတ်တော်မှ ၉ နေရာ၊ အမျိုးသားလွှတ်တော်မှ ၃ နေရာ၊ ကယားနှင့် ရှမ်းပြည်နယ် လွှတ်တော်များမှ ၆ နေရာ အသီးသီး ပါဝင်သည်။

၂၀၁၅ တွင် ထွက်ပေါ်လာသော ရှင်းနေသည့် တိုးတက်မှုအရ ၂၀၁၇ တွင် မြန်မာနိုင်ငံ၏ ရွေးကောက်ပွဲတွင် ပါဝင်ပတ်သက်နေသူများအားလုံးအတွက် စိန်ခေါ်မှုမှာ ၂၀၁၅ သည် လွဲချော်မှုတစ်ခု မဟုတ်ကြောင်း အတည်ပြု ရန်ဖြစ်သည်။ ၂၀၁၅ ၏ အောင်မြင်မှုသည် မြန်မာပြည်သူများအကြား ၎င်းတို့နိုင်ငံတွင် ဖြစ်နိုင်ချေရှိလာသော ရွေးကောက်ပွဲ အရည်အသွေးအတွက် မျှော်လင့်ချက်အသစ်များကို ဖန်တီးပေးသည်။ မြန်မာနိုင်ငံသည် ရရှိခဲ့ သော ရလဒ်များကို အတည်ပြုရန်နှင့် ရွေးကောက်ပွဲတိုးတက်မှု လမ်းကြောင်းပေါ်တွင် နောက်တစ်ဆင့်လှမ်းရန် လိုအပ်သည်။

သမိုင်းတွင်ခဲ့သော ၂၀၁၅ ရွေးကောက်ပွဲနှင့် လာမည့် ၂၀၂၀ အထွေထွေရွေးကောက်ပွဲအကြားတွင် ထွက်ပေါ် လာသည့် ယခု ၂၀၁၇ ကြားဖြတ်ရွေးကောက်ပွဲသည် နိုင်ငံအတွက် ၂၀၁၅ ကတည်းက ရွေးကောက်ပွဲနှင့် ပတ်သက်သော တိုးတက်မှုများကို သုံးသပ်၊ ဆန်းစစ်ရန်နှင့် ၂၀၂၀ မတိုင်မီ တိုးတက်မှုရှိရန် လိုအပ်သော နေရာများအတွက် အချက်အလက်များရရှိရေးအတွက် သီးသန့်အခွင့်အလမ်းတစ်ခုပင်ဖြစ်သည်။

# ANFREL စောင့်ကြည့်လေ့လာရေးအဖွဲ့ အကြောင်း

၂၀၁၇ ကြားဖြတ်ရွေးကောက်ပွဲများကို ANFREL က စောင့်ကြည့်လေ့လာမှုသည် မြန်မာနိုင်ငံတွင် ဒီမိုကရေစီ ထွန်းကားရေးအတွက် ANFREL က ရေရှည်ကျယ်ကျယ်ပြန့်ပြန့် ထောက်ခံပံ့ပိုးမှု၏ နောက်ထပ်ကဏ္ဍတစ်ခု ဖြစ်သည်။ ANFREL သည် မြန်မာနိုင်ငံသို့ နောက်တစ်ကြိမ် ပြန်လာရသည့်အတွက် ဝမ်းမြောက်ပျော်ရွှင်ပြီး မြန်မာနိုင်ငံ၏ အနာဂတ် ဒီမိုကရေစီ ဖွံ့ဖြိုးရေးကို ဆက်လက်အားပေးရန် မျှော်မှန်းသည်။

ANFREL ဥက္ကဋ္ဌ Mr. Damaso G.Magbual (ဒါမာဆိုဂျီမက်ဂ်ဘူဝယ်လ်) ဦးဆောင်သော ကြားဖြတ်ရွေးကောက်ပွဲ လေ့လာရေးအဖွဲ့သည် လေ့လာစောင့်ကြည့်မှု စွမ်းဆောင်ရည်ကို အားကောင်းစေရန်အတွက် နိုင်ငံတကာ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူ ကျွမ်းကျင်အဖွဲ့ကို ဖြန့်ကျက်ကာ ပြည်တွင်းမှ ရွေးကောက်ပွဲလေ့လာ စောင့်ကြည့်ရေး အဖွဲ့များနှင့် လက်တွဲလုပ်ဆောင်ခဲ့သည်။ ရွေးကောက်ပွဲလုပ်ငန်းစဉ် ဆက်လက်ဖွံ့ဖြိုးရေးကို အားပေးရန်အတွက် မြန်မာနိုင်ငံမှ ရွေးကောက်ပွဲများကို လေ့လာစောင့်ကြည့်ခြင်းသည် အဓိကအရေးပါကြောင်း ANFREL က ယုံကြည်သည်။ ANFREL ၏ လေ့လာစောင့်ကြည့်သူများရှိနေခြင်းသည် ရွေးကောက်ပွဲ မှုမမှန်မှုများနှင့် ရွေးကောက်ပွဲနှင့် ဆက်စပ်ဖြစ်ပေါ်သော လူ့အခွင့်အရေးချိုးဖောက်မှုများကို လျော့နည်းသွားစေရန် အထောက်အကူပြုသည်ဟုလည်း ANFREL က ယုံကြည်သည်။ ကြားဖြတ်ရွေးကောက်ပွဲများသည် လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲဆိုင်ရာ နိုင်ငံတကာစံနှုန်းများနှင့် ကိုက်ညီခြင်းရှိသလား ဟူသောအချက်နှင့် ၂၀၁၅ ရွေးကောက်ပွဲအပြီးတွင် ANFREL ကဲ့သို့ ရွေးကောက်ပွဲလေ့လာသူများ၏ အကြံပြုချက်များအပေါ် မည်သည့် အတိုင်းအတာအထိ အကောင်အထည်ဖော်ခဲ့သည် ဟူသောအချက်ကို ANFREL ၏ ၂၀၁၇ ကြားဖြတ်ရွေး ကောက်ပွဲလေ့လာရေးအဖွဲ့က အထူးအာရုံစူးစိုက်ခဲ့သည်။ ကြားဖြတ်ရွေးကောက်ပွဲကို လေ့လာခဲ့သော တစ်ခုတည်းသော နိုင်ငံတကာရွေးကောက်ပွဲလေ့လာရေးအဖွဲ့အဖြစ် ANFREL သည် မြန်မာနိုင်ငံ၏ ဒီမိုကရေစီ ဖွံ့ဖြိုးမှုအတွက် အားတက်သရော ဆက်လက်ပံ့ပိုးနိုင်သည့်အတွက်လည်း ဂုဏ်ယူဝမ်းမြောက်သည်။

မြန်မာနိုင်ငံ၏ ပြည်တွင်း ရွေးကောက်ပွဲ လေ့လာစောင့်ကြည့်မှုများ ခိုင်မာအားကောင်းစေရန်အတွက် ပြည်တွင်းမှ ရွေးကောက်ပွဲ လေ့လာစောင့်ကြည့်ရေးအုပ်စုများ (NEMGs) အား နောက်ဆက်တွဲသင်တန်းများ ပေးခဲ့ပြီး ထိုအုပ်စုများသည် ၂၀၁၄ နှင့် ၂၀၁၅ တွင် ANFREL က အကောင်အထည်ဖော်ခဲ့သော အရပ်ဖက်အခြေပြုအဖွဲ့ အစည်းနှင့် မီဒီယာစွမ်းဆောင်ရည်မြှင့်တင်ရေးအစီအစဉ်တွင် ပါဝင်ခဲ့သောအဖွဲ့များဖြစ်သည်။

နိုင်ငံတကာစောင့်ကြည့်လေ့လာရေးမစ်ရှင် (IEOM) သည် နိုင်ငံတကာ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေး မှုများနှင့် နိုင်ငံတကာရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများဆိုင်ရာ ကျင့်ဝတ်များကို အမြဲတစေပင်လိုက်နာခဲ့သည်။[7] ထို့အပြင် လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲဆိုင်ရာ ဘန်ကောက်ကြေညာစာတမ်းနှင့် ဒီမိုကရေစီရွေးကောက်ပွဲဆိုင်ရာ ဒီလီညွှန်းဆိုချက်များ ကဲ့သို့သော ဒေသတွင်း စံနှုန်းများအပါအဝင် နိုင်ငံတကာ

[7] နိုင်ငံတကာ ရွေးကောက်ပွဲ လေ့လာစောင့်ကြည့်ရေးမှုများ ကြေညာစာတမ်းနှင့် နိုင်ငံတကာ ရွေးကောက်ပွဲလေ့လာစောင့်ကြည့် သူများ ဆိုင်ရာကျင့်ဝတ်ဥပဒေ - NDI နှင့် ကုလသမဂ္ဂရွေး ကောက်ပွဲ အထောက်အကူပြုဌာန UNEAD ၂၀၀၅၊ http://anfrel.org/declaration-of-principles-for-international-election-observation-and-code-of-conduct-for-international-election-observers/

အသိအမှတ်ပြု လူ့အခွင့်အရေးနှင့် ရွေးကောက်ပွဲဆိုင်ရာ စည်းမျဉ်းများ၏ လမ်းညွှန်ချက်များကိုလည်း ANFREL က ခံယူလိုက်နာခဲ့သည်။[8]

ANFREL သည် ၎င်း၏ ကွန်ရက်ကို ပါဝင်ဖွဲ့စည်းထားသည့် လွတ်လပ်သော အာရှအရပ်ဖက်အခြေပြု အဖွဲ့အစည်းများထံမှ ခေါ်ယူစုဆောင်းထားသော ကျား/မ အချိုးညီသည့် စောင့်ကြည့်လေ့လာရေးအဖွဲ့ကို ရွေးချယ်ခဲ့သည်။ IEOM သည် ၂၀၁၅ နိုဝင်ဘာလ ရွေးကောက်ပွဲအပြီးတွင် ANFREL က ထုတ်ပြန်ခဲ့သော အစီရင်ခံစာနှင့် အကြံပြုချက်များအပေါ် တိုးတက်မှုတိုင်းတာရန်အတွက် ရွေးကောက်ပွဲ ကြိုတင်ပြင်ဆင်မှုနှင့် နိုင်ငံရေး အခြေအနေကို ပိုင်းခြားဆန်းစစ်ရန် ရွေးကောက်ပွဲဆိုင်ရာ ကျွမ်းကျင်သူနှစ်ဦး (ရွေးကောက်ပွဲဆိုင်ရာ သရုပ်ခွဲပညာရှင် - Election Analysts) ကို တစ်လကြာစေလွှတ်ခဲ့သည်။ နိုင်ငံတကာရွေးကောက်ပွဲ လေ့လာစောင့်ကြည့်သူ ၁၁ ဦးကိုလည်း ရွေးကောက်ပွဲ ဆက်စပ်ဖြစ်ရပ်များကို လေ့လာရန်အတွက် ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပသည့် မဲဆန္ဒနယ်များသို့ ရွေးကောက်ပွဲမတိုင်မီမှ မဲရေတွက်ပြီးချိန်အထိ ၁၂ ရက်ကြာ စေလွှတ်ခဲ့သည်။ လေ့လာရေးမစ်ရှင်အဖွဲ့ကို မြန်မာ့ရေးရာကျွမ်းကျင်သူတစ်ဦးက လမ်းညွှန်ဦးဆောင်ပြီး စီမံခန့်ခွဲရေးအဖွဲ့ကမူ ရန်ကုန်ယာယီရုံးမှနေ၍ လုပ်ရှားမှုအားလုံးကို ညှိနှိုင်းဆောင်ရွက်ပေးသည်။ ANFREL သည် မီဒီယာများနှင့် တွေ့ဆုံခဲ့ပြီး လေ့လာရေးမစ်ရှင်အတွင်း ကြေညာချက်နှင့် အစီရင်ခံစာများကို ပုံမှန်ထုတ်ပြန်ပေးသည်။ ယာယီ အစီရင်ခံစာနှင့် ထုတ်ပြန်ချက်ကို ဧပြီလ ၃ ရက် နံနက် သတင်းစာရှင်းလင်းပွဲတွင် ထုတ်ပြန်ပေးခဲ့ပြီး ယခုပိုမိုပြည့်စုံသော အပြီးသတ် အစီရင်ခံစာသည် ယာယီအစီရင်ခံစာအပေါ် အခြေခံတည်ဆောက်ထားပြီး ရွေးကောက်ပွဲ အကြိုကာလနှင့် ရွေးကောက်ပွဲကာလ အသေးစိတ်တွေ့ရှိချက်များကို ထည့်သွင်းထားသည့်အပြင် ဧပြီလ ၃ ရက် နောက်ပိုင်း ရွေးကောက်ပွဲအလွန်ကာလ ရွေးကောက်ပွဲဆိုင်ရာ တိုးတက်မှုများကိုပါ တင်ပြထားသည်။

## ANFREL စောင့်ကြည့်လေ့လာရေးမစ်ရှင် ကြိုတင်ပြင်ဆင်မှု

စောင့်ကြည့်လေ့လာရေးမစ်ရှင်အတွက် ကြိုတင်ပြင်ဆင်မှုများကို ANFREL ၏ ဘန်ကောက်ရုံးနှင့် ရန်ကုန်မြို့ မီကာဆာ ဟိုတယ်တွင် တည်ရှိသော ရန်ကုန်ရုံးတွင် စတင်လုပ်ဆောင်ခဲ့သည်။ ရန်ကုန်ရုံးသည် ထောက်ပံ့ပို့ဆောင်ရေး စီမံခန့်ခွဲမှု၊ စီမံအုပ်ချုပ်မှုနှင့် အခြားထောက်ပံ့ပို့ဆောင်ရေး စိန်ခေါ်မှုများကို ဖြေရှင်းဆောင်ရွက်လုပ်ကိုင်ပေးနေသော အတွေ့အကြုံရှင့် ပြည်တွင်းနှင့် နိုင်ငံတကာဝန်ထမ်းများအပေါ် မှီခိုအားပြုထားသည်။ ၎င်းတို့သည် သင်တန်းပေးရေး အစီအစဉ်များအတွက် NGOs များနှင့် စီစစ်ခြင်း၊ စေ့စပ်ညှိနှိုင်းခြင်းတို့ကို လုပ်ဆောင်ခဲ့ပြီး ANFREL နှင့် စောင့်ကြည့်လေ့လာသူများအား အသိအမှတ်ပြုစာရွက်စာတမ်းများ ရရှိရေးအတွက် UEC နှင့် ဆက်သွယ်ဆောင်ရွက်ခဲ့သည်။ ဘန်ကောက်ရုံးက စောင့်ကြည့်လေ့လာသူများကို စုဆောင်းခေါ်ယူရန်နှင့် စောင့်ကြည့်လေ့လာရေးမစ်ရှင်၏ ဘဏ္ဍာရေးနှင့် ငွေစာရင်းစနစ်များကို စီမံခန့်ခွဲရန် ဦးဆောင်လုပ်ကိုင်ခဲ့သည်။

"လွှတ်တော် ရွေးကောက်ပွဲများကို လေ့လာမည့် နိုင်ငံတကာရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများအတွက် လုပ်ထုံးလုပ်နည်းများ" နှင့် ပတ်သက်သည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ၀၂/၂၀၁၆ ကြေညာချက် အပြီးတွင် ANFREL က ရွေးကောက်ပွဲများ စောင့်ကြည့်လေ့လာရေးအတွက် အသိအမှတ်ပြုရန် လျှောက်ထား

[8] http://anfrel.org/what-we-do/campaigns-advocacy/ တွင် အသေးစိတ်ကြည့်

ခဲ့သည်။ ANFREL ကို UEC က ဖေဖော်ဝါရီလအစောပိုင်းတွင် အသိအမှတ်ပြုခဲ့ပြီး စောင့်ကြည့်လေ့လာရေးမစ်ရှင် ကြိုတင်ပြင်ဆင်မှုကို အရှိန်မြှင့်ရန်အတွက် ဖေဖော်ဝါရီလ နောက်ဆုံးပတ်တွင် ရန်ကုန်၌ စီမံချက်ရုံးခန်းကို ဖွင့်စည်းခဲ့သည်။

အချိန်ပြည့်ဝန်ထမ်းသုံးဦး (စီမံခန့်ခွဲရေးနှင့် ဆက်ဆံရေးအရာရှိ၊ ထောက်ပံ့ပို့ဆောင်ရေးအရာရှိနှင့် ပရိုဂရမ် တွဲဖက်) ကို လေးလတာခန့်အပ်ခဲ့သည်။ ANFREL အကဲခတ်လေ့လာသူများအတွက် တရားဝင် ဆိုက်ရောက် ဗီဇာကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စီစဉ်ပေးသည်။ အဖွဲ့အစည်းဆိုင်ရာ အသိအမှတ်ပြုမှု လုပ်ထုံး လုပ်နည်း ၂/၂၀၁၆ နှင့် အကြုံးဝင်သော အလားတူ လုပ်ထုံးလုပ်နည်းများအရ စောင့်ကြည့် လေ့လာသူများနှင့် စကားပြန်တစ်ဦးချင်းသည် စောင့်ကြည့်လေ့လာခြင်းနှင့် ဘာသာပြန်ဆိုမှုတို့အတွက် အသိအမှတ်ပြု ခွင့်ပြုချက်ကို ရရှိသည်။

စောင့်ကြည့်လေ့လာရေးမစ်ရှင်တစ်ခုလုံးကို အတိုင်ပင်ခံများက စွမ်းဆောင်ရည်တက်စေမည့် လိုအပ်သည့် ကျွမ်း ကျင်မှုများနှင့် ဗဟုသုတများကို အချိန်နှင့်အမျှပေးခြင်း၊ အဖွဲ့၏ လုပ်ဆောင်မှုများ၊ လုံခြုံရေး၊ EMLO ODK အစီရင်ခံတင်ပြခြင်း၊ ထောက်ပံ့ပို့ဆောင်မှု၊ ဘဏ္ဍာရေးစသည့် နယ်ပယ်အလိုက် အားကောင်းအောင် အထောက် အကူပြုခဲ့ကြသည်။

ရွေးကောက်ပွဲ မတိုင်မီနှင့် ရွေးကောက်ပွဲအပြီး ကာလနှစ်ခုစလုံးတွင် စောင့်ကြည့်လေ့လာရေး အဖွဲ့ဝင်များသည် UEC ၏ ရွေးကောက်ပွဲ ကြိုတင်ပြင်ဆင်မှုများကို အကဲဖြတ်ရန်၊ ANFREL စောင့်ကြည့်လေ့လာသူများသည် အသိအမှတ်ပြုမှုရရှိထားခြင်းကြောင့် တွန်းအားပေးကူညီရန်နှင့် ANFREL ၏ ကနဦးတွေ့ရှိချက်များကို ကော်မ ရှင်ထံ တင်ပြဆွေးနွေးရန်အတွက် နေပြည်တော်၌ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဌ ဦးလှသိန်းနှင့် လည်းကောင်း၊ ကော်မရှင် အဖွဲ့ဝင်များနှင့် လည်းကောင်း မကြာခဏ တွေ့ဆုံခဲ့ကြသည်။



# ကြားဖြတ်ရွေးကောက်ပွဲ ဥပဒေနှင့် စီမံအုပ်ချုပ်မှု

## အခြေခံဥပဒေနှင့် ဥပဒေမူဘောင်

၂၀၁၇ ကြားဖြတ်ရွေးကောက်ပွဲများသည် ၂၀၀၈ အခြေခံဥပဒေနှင့် ၂၀၁၀ အစောပိုင်းတွင် ရေးဆွဲခဲ့သော ရွေးကောက်ပွဲဆက်စပ်ဥပဒေများအရ ၂၀၁၀ ရွေးကောက်ပွဲများအတွက် ရေးဆွဲထားသော ဥပဒေမူဘောင်မှ များစွာပြောင်းလဲသွားခြင်းမရှိသော ဥပဒေများအပေါ်တွင် အခြေခံထားသည်။

၂၀၁၅ ရွေးကောက်ပွဲများအပြီးတွင် အရေးပါသော အာဏာလွှဲပြောင်းမှု ဖြစ်ပေါ်ခဲ့သော်လည်း လက်ရှိအာဏာရအစိုးရသည် ရွေးကောက်ပွဲမူဘောင်နှင့် အခြေခံဥပဒေကိစ္စတို့တွင် အဓိကပြုပြင်ပြောင်းလဲမှုများ မပြုလုပ်နိုင်သေးပေ။ မြန်မာနိုင်ငံ၏ ရွေးကောက်ပွဲဆိုင်ရာ ဥပဒေများသည် ၂၀၁၀ နှင့် ၂၀၁၅ ရွေးကောက်ပွဲများအပြီးတွင် အထက်တွင်ဖေါ်ပြထားသကဲ့သို့ ပြင်ဆင်မှုနှင့် ဖြည့်စွက်မှုအချို့ရှိခဲ့သော်လည်း ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဥပဒေ၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေ၊ ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ၊ အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ၊ သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်း ဥပဒေ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးလွှတ်တော် ဥပဒေများသည် ထိုစဉ်က အာဏာရ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ရေးဆွဲထုတ်ပြန်ခဲ့သော ၂၀၁၀ ခုနှစ်က ဥပဒေများနှင့် အလားတူပင် ဖြစ်နေသေးသည်။

မြန်မာပြည်သူလူထုသည် ဒီမိုကရေစီ ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်မှုကို မျှော်လင့်ချက် ကြီးမားစွာထားနေကြသည်။ ထိုသို့ဖြစ်လာရန် အခြေခံဥပဒေဆိုင်ရာနှင့် ဥပဒေဆိုင်ရာ နက်နက်နဲနဲ ပြုပြင်ပြောင်းလဲမှုကို အလွန်အမင်းလိုအပ်သည်။ လုပ်ဆောင်နိုင်ခဲ့သော တိုးတက်ပြောင်းလဲမှုအနည်းငယ်ကို အားပေးထိုက်သော်လည်း နိုင်ငံ၏ ရွေးကောက်ပွဲဆိုင်ရာနှင့် ဥပဒေဆိုင်ရာ မူဘောင်သည် မြန်မာ့ရွေးကောက်ပွဲစနစ် တစ်ခုလုံး၏ ဖြောင့်မတ်မှုကို အားနည်းစေမည့် ခေတ်မမီတော့သည့် ယခင်တပ်မတော်အုပ်ချုပ်ရေးကာလ၏ အကျိုးစီးပွားပါဝင်သော အရာများ ဆက်လက်ပါဝင်နေသည်။

ANFREL က ရှုမြင်သော လက်ရှိစနစ်၏ အားနည်းချက်များထဲမှ အဓိကအချက်တစ်ခုမှာ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်နှစ်ရပ်ဖြင့်ဖွဲ့စည်းထားသော ပြည်ထောင်စုလွှတ်တော်နှင့် ပြည်နယ်နှင့် တိုင်းဒေသကြီးလွှတ်တော်များတွင် ကိုယ်စားလှယ်နေရာ ၂၅ ရာခိုင်နှုန်းကို တပ်မတော်က ဆက်လက်ခန့်အပ်ထားမှု ဖြစ်သည်။[9] တပ်မတော်သည် မြန်မာ့နိုင်ငံရေးတွင် အမြဲတမ်းနေရာယူရန်အတွက် ပြည်ထောင်စုအဆင့်နှင့် ဒေသဆိုင်ရာလွှတ်တော်များတွင် ကိုယ်စားလှယ်နေရာ စုစုပေါင်း၏ လေးပုံတစ်ပုံကို သီးသန့်ရယူထားသည်။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တာဝန်ပေးအပ်သော တပ်မတော်သားများဖြစ်သည့် အဆိုပါကိုယ်စားလှယ်များသည် အရပ်ဖက်အစိုးရနှင့်သာမကဘဲ တပ်မတော်အစိုးရက ဆောင်ယူပေးခဲ့သည်ဟုဆိုနိုင်သော ဒီမိုကရေစီ အသွင်ကူးပြောင်းမှုနှင့် ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်နေသည်။ အဆိုပါအလေးအနက်ထားရမည့် အမှားသည် ၂၀၀၈ အခြေခံ

[9] ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ (၂၀၀၈)၊ အခန်း ၄၊ ပုဒ်မ ၁၄၁ (ခ)၊ ပုဒ်မ ၁၀၉ (ခ)

ဥပဒေကို စတင်မိတ်ဆက်သည့် ကာလတွင် စောဒကတက်မှုနှင့် ပြစ်တင်ဝေဖန်မှုများခံခဲ့ရသောအချက် ဖြစ်သည်။ သို့ရာတွင် တပ်မတော်၏ ပြဿနာပေးနေသည့် အခွင့်ထူးရယူမှုသည် ကျန်ရှိနေဆဲပင်ဖြစ်သည်။

ထိုသို့ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က တိုက်ရိုက်ခန့်အပ်သော တပ်မတော်သား ကိုယ်စားလှယ် ၂၅ ရာခိုင်နှုန်းကြောင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်နေရာ စုစုပေါင်း ၂၂၄ နေရာအနက် ရွေးကောက်တင်မြှောက်သော ကိုယ်စားလှယ်နေရာ ၁၆၈ သာ ရှိပြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နေရာ စုစုပေါင်း ၄၄၀ အနက် ရွေးကောက်တင်မြှောက်သော ကိုယ်စားလှယ်နေရာ ၃၃၀ သာ ရှိသည်။[10] ကျန်ရှိသော အမျိုးသားလွှတ်တော်မှ ၅၆ နေရာနှင့် ပြည်သူ့လွှတ်တော်မှ ၁၁၀ နေရာကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ခန့်အပ်တာဝန်ပေးသည်။[11]

အခြေခံဥပဒေတွင် ထိုပြဋ္ဌာန်းချက်ရှိနေသ၍ ရွေးကောက်ပွဲမှတဆင့် လွှတ်တော်တွင် အပြည့်အဝထင်ဟပ်နေရမည့် လူထု၏သဘောထားအသံသည် တပ်မတော်၏ လွှတ်တော်ခွဲတမ်းကြောင့် တိုးတိတ်နေဦးမည်ဖြစ်သည်။ တစ်ဖက်သတ် အနိုင်ရလဒ်များ ထွက်ပေါ်ခဲ့သော ၂၀၁၅ ရွေးကောက်ပွဲတွင် ထိုကိစ္စသည် ပြဿနာမကြုံခဲ့ရသော်လည်း နောင်ကာလတွင် အနိုင်ရပါတီကို လူများစုကိုယ်စားမပြုသော အစိုးရဟု အများက ထင်မှတ်စေရန်အတွက် နေရာအနည်းငယ်သာ အနိုင်ရသောပါတီ သို့မဟုတ် ပါတီများက ရွေးကောက်တင်မြှောက်ခံ မဟုတ်သည့် တပ်မတော်ကိုယ်စားလှယ်အစုအဖွဲ့နှင့် မဟာမိတ်ဖွဲ့သည့် အခြေအနေမျိုးကို ဖြစ်ပေါ်စေနိုင်ပေသည်။ ထိုကဲ့သို့ ပြဿနာမျိုးရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ လွှတ်တော်တွင်းမှ တပ်မတော်ကိုယ်စားလှယ်နေရာများသည် ဒီမိုကရေစီ၏ မူများနှင့် ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်နေသောကြောင့် ဖယ်ရှားရမည်ဖြစ်သည်။

ထိုဖြစ်စဉ်မျိုး အမြဲတမ်း ဖြစ်နေခြင်း ရှိ၊ မရှိကို အသာထား၍ တပ်မတော်ကိုယ်စားလှယ်အစုအဖွဲ့ တည်ရှိနေမှုသည် လွှတ်တော်အတွင်းရှိ ရွေးချယ်တင်မြှောက်ခံနိုင်ငံရေးပါတီများ၏ ဆုံးဖြတ်ချက်ချမှတ်မှုများနှင့် ဥပဒေအတည်ပြုရန်၊ ကော်မတီများဖွဲ့စည်းရန်၊ သမ္မတရွေးချယ်တင်မြှောက်ရန်၊ တပ်မတော်က ထောက်ခံမဲ ပေးမည်မဟုတ်သော အခြေခံဥပဒေပြင်ဆင်ရန် ကိစ္စတို့တွင် လိုအပ်လာမည့် အများစုထောက်ခံမှုများအပေါ်တွင် ဆက်လက်သက်ရောက်မှုရှိနေမည်ဖြစ်သည်။ အထက်ကဖော်ပြခဲ့သော ကိစ္စရပ်တစ်ခုချင်းအတွက် ပုံမှန်အားဖြင့် ထောက်ခံမှုတွင် နည်းသောသတ်မှတ်ချက်သာလိုအပ်သည့် လွှတ်တော်ပုံမှန်လုပ်ငန်းစဉ်များကဲ့သို့မဟုတ်ပဲ  အနည်းဆုံးအားဖြင့် ရွေးချယ်တင်မြှောက်ခံကိုယ်စားလှယ်စုပါအများစု၏ ထောက်ခံမှု လိုအပ်မည်ဖြစ်သည်။

အခြေခံဥပဒေ၏ အချို့အပိုင်းများကို ပြင်ဆင်ရတော့မည့် အချိန်မျိုးတွင် တပ်မတော်အစုအဖွဲ့၏ ဒီမိုကရေစီသဘာဝနှင့် ဆန့်ကျင်နေသော အနေအထားသည် အထင်ရှားဆုံးဖြစ်သည်။ တပ်မတော်သည် လွှတ်တော်တွင်းရှိ ၂၅ ရာခိုင်နှုန်းဝေစုရယူထားခြင်းနှင့် အခြေခံဥပဒေပြင်ဆင်ရန် လွှတ်တော်တွင်းထောက်ခံမှု ၇၅ ရာခိုင်နှုန်း ကျော်ရန် လိုအပ်ခြင်းတို့ကြောင့် အခြေခံဥပဒေ၏ အဓိကအခန်းများကို ပြင်ဆင်ရေးအပေါ်တွင် ထိရောက်သော ဗီတိုအာဏာကို ရရှိထားသည်။ အခြေခံဥပဒေ ပြင်ဆင်ရေးနှင့် ပတ်သက်၍ ၂၀၀၈ အခြေခံဥပဒေ အခန်း (၁၂) တွင် "အခြေခံဥပဒေပြင်ဆင်ရန် ရေးဦးစွာ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်စုစုပေါင်း၏ ၇၅ ရာခိုင်နှုန်းကျော်

[10] ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ (၂၀၀၈)၊ အခန်း ၄၊ ပုဒ်မ ၁၄၁ (က နှင့် ခ)၊ ပုဒ်မ ၁၀၉ (က နှင့် ခ)
[11] ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ (၂၀၀၈)၊ အခန်း ၄၊ ပုဒ်မ ၁၄၁ (ခ)၊ ပုဒ်မ ၁၀၉ (ခ)

ကထောက်ခံရန်နှင့် ထို့နောက်တွင် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲတွင် မဲပေးပိုင်ခွင့်ရှိသူအရေအတွက်၏ ထက်ဝက်ကျော်က ထောက်ခံမှသာ ပြင်ဆင်ခွင့်ရှိသည်" ဟုဖေါ်ပြထားသည်။[12] တပ်မတော်အစိုးရက ရေးဆွဲခဲ့ပြီး အငြင်းပွားဖွယ်ဆန္ဒခံယူပွဲဖြင့် အတည်ပြုထားသော အခြေခံဥပဒေ၏ အဓိကအချက်ကို တပ်မတော်က ခွင့်မပြုပဲပြင်ဆင်ရန် လုံးဝမဖြစ်နိုင်ပေ။ ပြည်သူလူထုနှင့် ၎င်းတို့ရွေးချယ်တင်မြှောက်သော လွှတ်တော်ကိုယ်စားလှယ်များအကြားတွင် အခြေခံဥပဒေပြင်ဆင်ရေးကို မည်မျှပင် လိုလားထောက်ခံစေကာမူ ရွေးချယ်တင်မြှောက်ခံကိုယ်စားလှယ် အရေအတွက်ဖြင့် အခြေခံဥပဒေကို ပြင်ဆင်ရန် မဖြစ်နိုင်ပေ။

တပ်မတော်ခေါင်းဆောင်ဟောင်းများက ရေးဆွဲခဲ့သော အခြေခံဥပဒေတွင် ယင်းကဲ့သို့ ပြဋ္ဌာန်းချက်မျိုး ပါဝင်သည်မှာ အံ့အားသင့်စရာမရှိသော်လည်း တိုင်းပြည်အတွက် နိုင်ငံရေးဆုံးဖြတ်ချက်များချမှတ်သောနေရာတွင် တပ်မတော်က ဆက်လက်အမြစ်တွယ်ဆုပ်ကိုင်ထားမှုကြောင့် လွှတ်တော်တွင်းရှိ တပ်မတော်၏ ဗီတိုအာဏာသည် ရေရှည်တွင် စိုးရိမ်စရာဖြစ်လာသည်။ ထိုအချက်သည် တပ်မတော်၏ နိုင်ငံရေးအခန်းကဏ္ဍကို ဖော်ပြထားသော အခြေခံဥပဒေ ပုဒ်မ (၆) ပါ အခြေခံမူများနှင့် ကိုက်ညီသည်ဟုဆိုသော်လည်း ထိုအခန်းနှင့် အလားတူပြဋ္ဌာန်းချက်များသည် ဒီမိုကရေစီ၏အခြေခံမူများနှင့် ဆန့်ကျင်နေပြီး ခေတ်မီသော၊ ရွေးကောက်ပွဲများ ပါဝင်သော ဒီမိုကရေစီစနစ်ဖြစ်လာရန် အသွင်ကူးပြောင်းနေမှုကိုလည်း ထိခိုက်စေသည်။[13]

သို့ဖြစ်၍ ကိုယ်စားလှယ် ၁၀၀ ရာခိုင်နှုန်းစလုံးကို ပြည်သူလူထုက ရွေးချယ်တင်မြှောက်သော ပိုမို၍ ဒီမိုကရေစီနည်းကျသည့် လွှတ်တော်ဖွဲ့စည်းပုံ ဖြစ်လာစေရန် အသွင်ကူးပြောင်းမှုသည် မြန်မာနိုင်ငံ၏ ဒီမိုကရေစီတိုးတက်ပြောင်းလဲမှုတွင် သဘာဝကျသော နောက်တဆင့်ဖြစ်သည်ဟု ANFREL က ယုံကြည်သည်။ ကံကောင်းသောအချက်မှာ တချိန်က လွှတ်တော်တွင် စစ်တပ်၏ အစုအဖွဲ့ ရှိခဲ့သော်လည်း ကိုယ်ပိုင်ဒီမိုကရေစီ ဖြစ်ထွန်းမှုရလဒ်များကို စုစည်းနိုင်ခဲ့ပြီး လူထုကို ပိုမိုကိုယ်စားပြုသော လွှတ်တော်အဖြစ်သို့ အသွင်ကူးပြောင်းနိုင်ခဲ့သော အင်ဒိုနီးရှားကဲ့သို့သော တိုင်းပြည်များ၏ နမူနာကို မြန်မာနိုင်ငံအနေနှင့် လေ့လာသင်ယူနိုင်ခြင်းဖြစ်သည်။ ထိုနမူနာကို သင်ခန်းစာယူခြင်းသည် မြန်မာနိုင်ငံအတွက် အပြည့်အဝရွေးချယ်တင်မြှောက်ခံလွှတ်တော်နှင့် အရပ်ဖက် အစိုးရဖြစ်လာရေးသို့ ဦးတည်သော အရေးကြီးသည့်အဆင့် ဖြစ်လိမ့်မည်။

ရွေးကောက်ပွဲဆိုင်ရာဥပဒေပါ အခြားပြဋ္ဌာန်းချက်အချို့သည် အငြင်းပွားဖွယ်ရာဖြစ်ကြောင်း ၂၀၁၅ ရွေးကောက်ပွဲတွင် သက်သေပြခဲ့သောကြောင့် အနာဂတ်ကာလတွင် ပြုပြင်ပြောင်းလဲရေးအတွက် လေ့လာသုံးသပ်ရန် လိုအပ်သည်။ အခြေခံဥပဒေ ပုဒ်မ ၅၉ သည် သမ္မတနှင့် ဒုတိယသမ္မတများ၏ အရည်အချင်းသတ်မှတ်ချက်များနှင့် သက်ဆိုင်သည်။ အထူးသဖြင့် ၎င်းပုဒ်မ ၅၉ (စ) သည် NLD ပါတီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်အား သူမ၏ ပါတီသောင်ပြိုကမ်းပြိုအနိုင်ရသော်လည်း သမ္မတမဖြစ်နိုင်စေရန် ပိတ်ပင်တားဆီးထားသည့် အချက်ကြောင့် အငြင်းပွားဖွယ်ရာဖြစ်ကြောင်း ထင်ရှားသည်။ ၎င်းပုဒ်မ ၅၉ (စ) တွင် သမ္မတသည် "၎င်းကိုယ်တိုင်ဖြစ်စေ၊ မိဘတစ်ဦးဦးကဖြစ်စေ၊ အိမ်ထောင်ဖက်တစ်ဦးကဖြစ်စေ၊ သားသမီးများနှင့် ၎င်းတို့၏ အိမ်ထောင်ဖက် တစ်ဦးဦးကဖြစ်စေ ပြည်ပနိုင်ငံတစ်ခုကို သစ္စာခံရန် တာဝန်ရှိခြင်း (သို့) သစ္စာခံခြင်း (သို့) ပြည်ပနိုင်ငံသား ခံယူထားခြင်း

[12] ၎င်း - အခန်း ၁၂ "အခြေခံဥပဒေပြင်ဆင်ခြင်း"၊ ပုဒ်မ ၄၃၆ (က)။

[13] ပြည်ထောင်စု၏ အခြေခံတစ်ဦးတည်ချက်များမှာ (စ) နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍတွင် တပ်မတော်က ပါဝင်ထမ်းဆောင်နိုင်ရေး၊ အခြေခံဥပဒေ အခန်း၁ အခြေခံမူများ၊ ပုဒ်မ ၆ (စ)။

မရှိစေရ။[14] ၎င်းတို့သည် နိုင်ငံခြားအစိုးရတစ်ခုထံမှ ရပိုင်ခွင့်နှင့် အခွင့်အရေးများကို ခံစားရန် အကြိုးဝင်သူများ (သို့) ပြည်ပနိုင်ငံသားများ မဖြစ်စေရ” ဟု ဖော်ပြထားသည်။ ၎င်းတွင် သင့်လျော်မှန်ကန်သော ကျိုးကြောင်း ဖော်ပြချက်မဟုတ်ခြင်းကြောင့် ယင်းပုဒ်မသည် ဗြိတိသျှနိုင်ငံသားဖြစ်သော သားနှစ်ဦး၏ မိခင်ဖြစ်သူ ဒေါ်အောင် ဆန်းစုကြည်အား သမ္မတရာထူးမရအောင် ပိတ်ပင်တားဆီးရန် အထူးတလည် ရည်ရွယ်ရေးဆွဲထားခြင်းဖြစ် သည်ဟု အကဲခတ်လေ့လာသူ အများစုက သဘောတူသတ်မှတ်ထားကြသည်။

ရွေးကောက်ပွဲ မတိုင်မီအချိန်နှင့် ကျင်းပပြီးချိန် နှစ်ခုစလုံးတွင် NLD ပါတီဝင်များက ဒေါ်အောင်ဆန်းစုကြည် သမ္မတရာထူးကို ရယူနိုင်ခွင့်ရှိရန်အတွက် ပုဒ်မ ၅၉ (စ) ကို ပထမတွင် ပြင်ဆင်ရန်၊ ထို့နောက်တွင် ဆိုင်းငံ့ထားရန် ကြိုးစားခဲ့ကြသည်။[15] သမ္မတကောင်းတစ်ဦး ဖြစ်စေမည့် ခေါင်းဆောင်မှု အရည်အသွေးနှင့် သက်ဆိုင်ခြင်းမရှိဘဲ ပုဂ္ဂိုလ်ရေးပစ်မှတ်ထားသော ယင်းကဲ့သို့ စာပိုဒ်ကို ဖယ်ရှားခြင်းသည် ကြိုက်နှစ်သက်သူကို ရွေးချယ်ရန် လူထု၏ လွတ်လပ်ခွင့်ကို တိုးမြှင့်ပေးပြီး အခြေခံဥပဒေ၏ တရားမျှတမှုနှင့် ဘက်မလိုက်မှုတို့အပေါ် လူထု၏ ယုံကြည် စိတ်ချမှုကို မြှင့်တင်ပေးမည်ဖြစ်သည်။

မြန်မာနိုင်ငံအနေနှင့် နောက်ထပ် လေ့လာဆန်းစစ်ရမည့် ကိစ္စတစ်ခုမှာ လွှတ်တော်ကိုယ်စားလှယ်များအတွက် မဲဆန္ဒနယ်များကို မည်သို့ပိုင်းခြားသတ်မှတ်သည်ဟူသော အချက်ဖြစ်ပြီး တစ်နည်းအားဖြင့် ဆိုရလျှင် လူဦးရေ ပမာဏများစွာကွာခြားသော မြို့နယ်များက ပြည်သူ့လွှတ်တော် (အောက်လွှတ်တော်) တွင် တန်းတူညီမျှ ကိုယ် စားပြုခွင့်ရရှိခြင်းနှင့် အမျိုးသားလွှတ်တော် (အထက်လွှတ်တော်) တွင် ပြည်နယ်နှင့် တိုင်းဒေသကြီးများကို တန်းတူညီမျှ ကိုယ်စားပြုခွင့်ပေးထားခြင်းတို့၏ လက်တွေ့အကျိုးသက်ရောက်မှုကိုဆိုလိုသည်။[16] တနည်းအား ဖြင့်လည်း မြန်မာလူထုသည် ၎င်းတို့ကိုယ်တိုင်အတွက် ဆုံးဖြတ်ရန် လွတ်လပ်ခွင့်ရှိသော နိုင်ငံရေးဆုံးဖြတ်ချက် တစ်ခု ဖြစ်သည်။ သို့ရာတွင် လွှတ်တော် (အထူးသဖြင့် ပြည်သူ့လွှတ်တော်) စနစ်အတွင်း ဖွဲ့စည်းထားသော ဟန်ချက်မညီမှုကို အနာဂတ်တွင် ပြုပြင်ပြောင်းလဲနိုင်ရန် အလားအလာအတွက် လမ်းကြောင်းများကို အနည်း ဆုံးလေ့လာရာဖွေထားသင့်သည်ဟု ANFREL က ယုံကြည်သည်။ ကိုယ်စားလှယ်နေရာတစ်ခုစီ၏ ကိုယ်စားပြုမှု အချိုး ကြီးစွာဟန်ချက်မညီခြင်း (ကိုယ်စားလှယ်နေရာတစ်နေရာ အတွက် မဲဆန္ဒရှင် အရေအတွက်) ကို ဖြစ် ပေါ်စေသော မဲဆန္ဒနယ် နယ်နိမိတ်သတ်မှတ်မှုစနစ်များသည် အခြားတိုင်းပြည်များစွာတွင် ပြဿနာရှိနေခြင်းမှာ ထင်ရှားသောကြောင့် မြန်မာနိုင်ငံအနေနှင့် အနာဂတ်တွင် ထိုကဲ့သို့ပြဿနာများအား ရှောင်ရှားသည်ကို ANFREL က မြင်တွေ့လိုပါသည်။ အကယ်၍ မဲဆန္ဒနယ်နှင့် ကိုယ်စားလှယ်တစ်ဦးစီက ကိုယ်စားပြုသော မဲဆန္ဒရှင်အရေ အတွက်နှင့်ပတ်သက်၍ မျှတသော ခွဲဝေသတ်မှတ်မှုမျိုးကို သဘောတူလက်ခံကြမည်ဆိုပါက ယင်းကဲ့သို့ပြုပြင် ပြောင်းလဲမှုမျိုးက လွှတ်တော်စနစ်အတွင်းတွင် ရှိပြီးသားမျှတမှုကို ပိုမိုခိုင်မာအားကောင်းစေလိမ့်မည် ဟု ANFREL က ယုံကြည်သည်။

မြန်မာနိုင်ငံ၏ ဒီမိုကရေစီ အသွင်ကူးပြောင်းမှုတွင် ချီးကျူးဂုဏ်ပြုထိုက်သည့် အရှိန်အဟုန် ရရှိနေသောကြောင့် ယခင်က အုပ်ချုပ်ခဲ့သော တပ်မတော်အစိုးရက ရေးဆွဲခဲ့သည့် အခြေခံဥပဒေနှင့် ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ

[14] ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဖွဲ့ စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ (၂၀၀၈)၊ အခန်း ၃၊ “သမ္မတနှင့် ဒုတိယသမ္မတများ” ပုဒ်မ ၅၉ (စ)၊
[15] ၎င်း
[16] ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံ အခြေခံဥပဒေ (၂၀၀၈) အခန်း (၄) “လွှတ်တော်” ပုဒ်မ ၁၀၉ (က) နှင့် ၁၄၁ (ခ)

များတွင် ပြဿနာများစွာရှိနေပြီး အရေးကြီးသော ဒီမိုကရေစီစံနှုန်းများနှင့် လွဲချော်နေခြင်းကို အလွယ်တကူ မေ့ပျောက်ထားနိုင်သည်။ ANFREL အနေနှင့် မြန်မာနိုင်ငံ၏ ကြီးမားသော ဒီမိုကရေစီအလားအလာကို ယုံကြည်မှုရှိသည်။ ထို့အပြင် မြန်မာနိုင်ငံ၏ ဒီမိုကရေစီအပြည့်အဝထွန်းကားရေး ကတိကဝတ်ကို ပြည့်မီစေရန်အတွက် ဒီမိုကရေစီမူများနှင့် မြန်မာလူထု၏မျှော်လင့်ချက်ဆန္ဒများကို ကောင်းစွာထင်ဟပ်သည့် အခြေခံဥပဒေနှင့် ရွေးကောက်ပွဲဥပဒေများ ဖြစ်ပေါ်လာစေရန် အားလုံးပါဝင်မှုရှိသော၊ နိုင်ငံသားများဦးဆောင်သော လုပ်ငန်းစဉ်မှ တဆင့် လေ့လာသုံးသပ်၍ ပြင်ဆင်ရေးဆွဲရန် လိုအပ်သည်ဟုလည်း ANFREL က ယုံကြည်သည်။

**ရွေးကောက်ပွဲစနစ် - မြန်မာနိုင်ငံမှ ကြားဖြတ်ရွေးကောက်ပွဲများ**

ကြားဖြတ်ရွေးကောက်ပွဲများကို ပြည်ထောင်စုမြန်မာနိုင်ငံ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေတွင် *"လွှတ်တော်သက်တမ်းတစ်ခုအတွင်း မည်သည့်မဲဆန္ဒနယ်တွင်မဆို ရွေးကောက်ပွဲရွှေ့ဆိုင်းမှုကြောင့်ဖြစ်စေ၊ နုတ်ထွက်ခြင်း၊ ကွယ်လွန်ခြင်း၊ တာဝန်ပြီးဆုံးခြင်းကြောင့်ဖြစ်စေ၊ လွှတ်တော်ကိုယ်စားလှယ်တာဝန်မှ ရုတ်သိမ်းခြင်းကြောင့်ဖြစ်စေ လစ်လပ်သွားသော မဲဆန္ဒနယ်များအတွက် ဥပဒေနှင့်အညီ အချိန်အပိုင်းအခြားအလိုက် ကော်မရှင်က သတ်မှတ်ကျင်းပပေးသော ရွေးကောက်ပွဲများ"* ဟု အဓိပ္ပါယ်ဖွင့်ဆိုထားသည်။[17]

၂၀၁၆ ဖွန်လ ၈ ရက်တွင် သမ္မတဦးထင်ကျော်က ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်နယ်နှင့်တိုင်းဒေသကြီးလွှတ်တော်များ၏ ရွေးကောက်ပွဲဆိုင်ရာ ဥပဒေများတွင် လွှတ်တော်ကိုယ်စားလှယ် လစ်လပ်နေရာများ ဖြည့်တင်းခြင်းနှင့် သက်ဆိုင်သည့် ပြဋ္ဌာန်းချက်များကို ပြင်ဆင်သည့် ဥပဒေကြမ်းသုံးခုကို လက်မှတ်ရေးထိုးခဲ့သည်။ ၎င်းတို့သည် ဥပဒေတစ်ခုစီအတွက် လေးကြိမ်မြောက် ပြင်ဆင်ချက်ဥပဒေများဖြစ်ပြီး တစ်ခုစီတိုင်းတွင် ၎င်းတို့နှင့်ဆင်တူသော ပုဒ်မ ၈၉ ရှိနေရာ ထိုပုဒ်မ၌ ရိုးရှင်းစွာ ဖော်ပြထားသည်မှာ "လွှတ်တော်တွင် မည်သည့်အကြောင်းရင်းကြောင့်မဆို ကိုယ်စားလှယ်နေရာ လစ်လပ်သွားပါက ဥပဒေနှင့်အညီ ကြားဖြတ်ရွေးကောက်ပွဲများ ကျင်းပနိုင်သည်" ဟုဖြစ်သည်။ ပြင်ဆင်ချက်များတွင် လစ်လပ်နေရာ ဖြည့်တင်းခြင်းနှင့်ပတ်သက်၍ ပိုမိုတိကျစွာ ဖြည့်စွက်ထားသည်။ သာဓကအားဖြင့် လေးကြိမ်မြောက် ပြင်ဆင်ချက်ဥပဒေ ပုဒ်မ ၈၉ (က) တွင် လစ်လပ်သွားသောအချိန်တွင် ကျန်ရှိသော လွှတ်တော်သက်တမ်းအပေါ် အခြေခံ၍ ကြားဖြတ်ရွေးကောက်ပွဲများမကျင်းပမီ အချိန်ကာလကို ရှင်းလင်းစွာ ဖော်ပြ ထားခြင်းဖြစ်သည်။[18]

စောင့်ကြည့်လေ့လာသူများသည် ၂၀၂၀ ရွေးကောက်ပွဲများမတိုင်မီ ရွေးကောက်ပွဲလုပ်ငန်းစဉ် အားကောင်းစေရမည်ဟူသော UEC ၏ ခိုင်မာသော သန္နိဋ္ဌာန်ကို မှတ်တမ်းတင်ထားပါသည်။ ယခင်ရွေးကောက်ပွဲများမှ အကြံပြုချက်များအနက် UEC ၏ လုပ်ပိုင်ခွင့်အာဏာအတွင်း၌ရှိသော အကြံပြုချက်များကို လုပ်ဆောင်ပြီးဖြစ်သည်။ အဓိကအကျိုးရလဒ်မှာ ဥပဒေပိုင်းနှင့် ညွှန်ကြားချက်ပိုင်းဆိုင်ရာ အဓိကမူ ငါးခုကို ပြန်လည်သုံးသပ်ခြင်းနှင့် မြန်မာ

---

[17] နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေ ပုဒ်မ (၂) အခန်း (၁)

[18] ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ ဥပဒေ လေးကြိမ်မြောက် ပြင်ဆင်ခြင်း ဥပဒေ၊ ဥပဒေအမှတ် ၃၀/၂၀၁၆ ။ ၂၀၁၆ ဖွန်လ ၈ ရက်တွင် ထုတ်ပြန်သည်။ အမျိုးသားလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးလွှတ်တော် ရွေးကောက်ပွဲဥပဒေများတွင် ပုဒ်မ ၈၉ ကို ပြင်ဆင်သည့် လေးကြိမ်မြောက် ပြင်ဆင်ခြင်းဥပဒေ နမူနာ

နိုင်ငံ၏ အခြေအနေနှင့်ကိုက်ညီသော မူအချို့ကိုကျင့်သုံးရန် အားလုံးသဘောတူညီမှုရယူနိုင်ရေးကို လုပ်ဆောင်နေခြင်းတို့ဖြစ်သည်။

ဧပြီလ ၁ ရက် ကြားဖြတ်ရွေးကောက်ပွဲသည် မဲဆန္ဒရှင်စာရင်း၊ မဲပေးခြင်း လုပ်ထုံးလုပ်နည်း၊ မဲရေတွက်ခြင်းနှင့် စုစည်းခြင်း လုပ်ထုံးလုပ်နည်းများ တိုးတက်စေရန်နှင့် ရွေးကောက်ပွဲနေ့ တပ်တွင်းမဲရုံများတွင် မဲရေတွက်ရာတွင် ပွင့်လင်းမြင်သာမှု တိုးတက်စေရန် ညွှန်ကြားချက်များထုတ်၍ UEC က ဥပဒေပြုစရာ မလိုသော ပြောင်းလဲမှုများ ပြုလုပ်ခဲ့ခြင်း ပေါ်လွင်ပါသည်။ UEC သည် ၂၀၁၇ ကြားဖြတ်ရွေးကောက်ပွဲဆိုင်ရာ မဲရုံမှူး၊ ဒုတိယမဲရုံမှူး၊ မဲရုံ အဖွဲ့ဝင်များလက်စွဲကို ထုတ်ဝေခဲ့ရာ မဲရုံတာဝန်ရှိသူများသာမကပဲ စောင့်ကြည့်လေ့လာသူများနှင့် ပါတီကိုယ်စားလှယ်များ အတွက်ပါ လွန်စွာအသုံးဝင်ခဲ့သည်ကို တွေ့ရှိရသည်။

အဆိုပါအောင်မြင်မှုရသော်လည်း မြန်မာနိုင်ငံသည် ရွေးကောက်ပွဲဆိုင်ရာပြုပြင်ပြောင်းလဲမှုများ ပိုမိုပြုလုပ်နိုင်ရန်နှင့် ဒီမိုကရေစီနည်းကျသော ရွေးကောက်ပွဲများပိုမိုဖြစ်လာစေရန် လုံလောက်သော ဥပဒေပိုင်းဆိုင်ရာ မူဘောင်ကို ဖန်တီးရန် လိုအပ်နေသေးသည်။ အပြည့်အဝ ရွေးချယ်တင်မြှောက်ခံလွှတ်တော်ကိုဖန်တီးရန် လွှတ်တော်ကိုယ်စားလှယ်များ ရွေးချယ်တင်မြှောက်ခြင်းနှင့်ပတ်သက်သည့် ပြဌာန်းချက်များ ပြုပြင်ပြောင်းလဲရေးသည် လိုအပ်သော အခြေခံကျသည့် ဒီမိုကရေစီနည်းကျဆောင်ရွက်ချက်ဖြစ်ကြောင်းကို ထပ်မံသတိပေးရန်မှာ ကျွန်ုပ်တို့အတွက် အရေးကြီးသည်။ မည်သို့သောသူများသည် နိုင်ငံသားများဖြစ်ကြောင်း အဓိပ္ပါယ်ဖွင့်ဆိုရန်နှင့် များပြားလှသော တိုင်းရင်းသားလူမျိုးစုမဲဆန္ဒရှင်များနှင့် ကိုယ်စားလှယ်လောင်းများ၏ မဲပေးခွင့်ဆုံးရှုံးမှုကို ရှောင်ရှားနိုင်ရေးအတွက် အားလုံးအပေါ် မျှတသောစံနှုန်းကို ကျင့်သုံးနိုင်အောင် ထိုဆောင်ရွက်ချက်အား လုပ်ဆောင်ရန်လိုအပ်သည်။

၂၀၁၀ နှင့် ၂၀၁၅ ကဲ့သို့ပင် ၂၀၁၇ ဧပြီလ ၁ ရက်တွင် လွှတ်တော်သုံးရပ်အတွက် လစ်လပ်သွားသော မဲဆန္ဒနယ်များမှ ကိုယ်စားလှယ်များကို ရွေးချယ်ရန် မဲအများဆုံးရသူ အနိုင်ရသောစနစ် (FPTP) ကို အသုံးပြုခဲ့သည်။ ပြည်ထောင်စုအဆင့်လွှတ်တော်တွင် အမျိုးသားလွှတ်တော် (အထက်လွှတ်တော်) နှင့် ပြည်သူ့လွှတ်တော် (အောက်လွှတ်တော်) နှစ်ရပ်ပါဝင်ပြီး ဒေသအဆင့် လွှတ်တော်များမှာ ပြည်နယ်နှင့် တိုင်းဒေသကြီးတစ်ခုစီတွင် ရှိသည်။

အမျိုးသားလွှတ်တော်တွင် ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံးမှ ကိုယ်စားလှယ် ၁၂ ဦးစီ အညီအမျှ ကိုယ်စားပြုပါဝင်ကာ စုစုပေါင်း ကိုယ်စားလှယ် ၁၆၈ ဦးဖြင့် ဖွဲ့စည်းထားသည်။ ပြည်နယ်နှင့် တိုင်းဒေသကြီးတစ်ခုစီတွင် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်နေရာအတွက် မဲဆန္ဒနယ်များကို သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီး၏ မြို့နယ်များအပေါ် အခြေခံ၍ ဦးစွာဆုံးဖြတ်သည်။ သို့ရာတွင် မြို့ နယ် ၁၂ ခုထက်ပိုသော သို့မဟုတ် လျော့သော ပြည်နယ်/တိုင်းဒေသကြီးများအတွက် မဲဆန္ဒနယ် ၁၂ ခု သေချာစေရန် လူဦးရေကိုလိုက်၍ သေးငယ်သောမြို့ များကို ပေါင်းခြင်း၊ ကြီးသောမြို့ များကို ခွဲခြင်းတို့ကို UEC က ဆောင်ရွက်ပေးသည်။ သာဓကအားဖြင့် မြို့နယ် ၁၂ ခု မပြည့်သော ပြည်နယ်/တိုင်းဒေသကြီးတွင် အကြီးဆုံးမြို့ များကို UEC က မဲဆန္ဒနယ် ၂ ခု ခွဲခြမ်းပေးရသည်။ မြို့နယ် ၁၂ ခုထက်ပိုသော အခြားပြည်နယ်/တိုင်းဒေသကြီးများတွင်မူ မဲဆန္ဒနယ် ၁၂ ခုဖြစ်စေရန်အတွက် သေးငယ်သောမြို့များကို မဲဆန္ဒနယ်တစ်ခုအဖြစ် ပေါင်းစည်းပေးရသည်။

ပြည်သူ့လွှတ်တော်တွင်မူ မြို့နယ်ပေါင်း ၃၃၀ အပေါ် အခြေခံ၍ ရွေးချယ်တင်မြှောက်ခံ လွှတ်တော်ကိုယ်စားလှယ် ၃၃၀ ကို ခွင့်ပြုထားရာ ပြည်နယ်နှင့် တိုင်းဒေသကြီးများအကြား အရေအတွက်တူညီရန် မလိုအပ်သောကြောင့် အထက်ကကဲ့သို့ ချိန်ညှိပေးရန် မလိုအပ်ပေ။ ထို့အတွက် ရှမ်းပြည်နယ်ကဲ့သို့ ပြည်နယ်ကြီးများသည် အိမ်နီးချင်း ပြည်နယ်/တိုင်းဒေသကြီးများထက် မြို့နယ်ပိုများသောကြောင့် လွှတ်တော်သို့ ကိုယ်စားလှယ် အရေအတွက် ပို၍ လွှတ်နိုင်မည်ဖြစ်သည်။ အခြေခံဥပဒေ ပုဒ်မ ၁၀၉ တွင် "ပြည်သူ့လွှတ်တော်သည် ကိုယ်စားလှယ် အရေအတွက် အများဆုံး ၄၄၀ အထိ ဖွဲ့စည်းခွင့်ရှိသည် (က) မြို့နယ်ကို အခြေခံ၍လည်းကောင်း၊ လူဦးရေကို အခြေခံ၍ လည်းကောင်း၊ မြို့နယ် ၃၃၀ ထက်ပိုလာပါက အသစ်ဖွဲ့စည်းသည့်မြို့နယ်ကို နယ်မြေ တဆက်တစပ် တည်းဖြစ်သော သင့်လျော်သည့် မြို့နယ်တစ်ခုခုနှင့် ပူးပေါင်း၍လည်းကောင်း၊ ဥပဒေနှင့်အညီ မဲဆန္ဒနယ် သတ်မှတ်၍ ရွေးကောက်တင်မြှောက်သည့် ၃၃၀ ထက် မပိုသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ (ခ) တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဥပဒေနှင့်အညီ အမည်စာရင်းတင်သွင်းသည့် ၁၁၀ ဦးထက်မပိုသော တပ်မ တော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ" ဟု ပြဋ္ဌာန်းထားသည်။[19]

ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်တွင် လွှတ်တော်တစ်ခုစီ၏ ကိုယ်စားလှယ်အရေအတွက်ကို အကြောင်းအ ချက်အတော်များများအပေါ် အခြေခံ၍ဆုံးဖြတ်သည်။ ကိုယ်စားလှယ်အရေအတွက်အများဆုံးသည် သက်ဆိုင် ရာပြည်နယ်နှင့် တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အရေအတွက်အပေါ်တွင် အခြေခံ၍ ရိုးရှင်းစွာ တွက်ချက်ခြင်း ဖြစ်ပြီး မြို့နယ်တစ်ခုစီတွင် မဲဆန္ဒနယ်နှစ်ခုစီ ခွဲထားပြီး မဲအများဆုံးရသူ အနိုင်ရသော စနစ်ဖြင့် ရွေးချယ်သည်။

ပြည်ထောင်စုအဆင့်မှာကဲ့သို့ပင် ရွေးချယ်တင်မြှောက်ခံ ကိုယ်စားလှယ်အရေအတွက်၏ လေးပုံတစ်ပုံနှင့် ညီမျှ သော တပ်မတော်သားကိုယ်စားလှယ်များကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ခန့်အပ်ခြင်းအားဖြင့် တပ်မ တော်က ခွဲတမ်းဝေစုရယူထားရာ ဒေသအဆင့် လွှတ်တော်ကိုယ်စားလှယ်စုစုပေါင်း၏ ၂၅ ရာခိုင်နှုန်းနီးပါးခန့်ကို ရယူထားသည်။

ဒေသအဆင့် လွှတ်တော်များ ဖွဲ့စည်းပုံကို ဆုံးဖြတ်သည့် နောက်ဆုံးအချက်မှာ သက်ဆိုင်ရာ ပြည်နယ်နှင့် တိုင်း ဒေသကြီးတစ်ခုစီ၏ တိုင်းရင်းသားလူမျိုးစုအချိုးနှင့် လူဦးရေတို့ဖြစ်ပြီး သက်ဆိုင်ရာနယ်မြေအတွင်းနေထိုင် သော တိုင်းရင်းသားများ၏အရေအတွက်ကို မူတည်၍ ဆုံးဖြတ်သော တိုင်းရင်းသားလူမျိုးစု လွှတ်တော်ကိုယ်စား လှယ်များ သို့မဟုတ် တိုင်းရင်းသားလူမျိုးစုရေးရာဝန်ကြီးများ ပါဝင်လာခဲ့သည်။ အခြေခံဥပဒေ ပုဒ်မ ၁၅ တွင် "လျော်ကန်သင့်မြတ်သော လူဦးရေပမာဏရှိသည့် တိုင်းရင်းသားလူမျိုးများအတွက် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စု ဥပဒေပြုရေးတွင် ထိုတိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ ပါဝင်ခွင့်ရှိသည်" ဟူသော ရပိုင်ခွင့်ကို ပြဋ္ဌာန်းပေးထားသည်။[20]

UEC သည် ၂၀၂၀ ရွေးကောက်ပွဲများမတိုင်မီ ရွေးကောက်ပွဲလုပ်ငန်းစဉ် ခိုင်မာအားကောင်းရေးအတွက် ခိုင်မာ သော သံဓိဋ္ဌာန်ရှိကြောင်း ပြသထားသည်။ ယခင်ရွေးကောက်ပွဲများမှ အကြံပြုချက်များအနက် UEC ၏ လုပ်ပိုင် ခွင့်အာဏာအတွင်း၌ရှိသော အကြံပြုချက်များကို လုပ်ဆောင်လျက်ရှိသည်။ အဓိကအကျိုးရလဒ်မှာ ဥပဒေပိုင်းနှင့်

---

[19] ပုဒ်မ ၁၀၉ (က) နှင့် (ခ)

[20] ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံအခြေခံဥပဒေ (၂၀၀၈) အခန်း (၁) "နိုင်ငံတော် အခြေခံမူများ" ပုဒ်မ ၁၅

ညွှန်ကြားချက်ပိုင်းဆိုင်ရာ အဓိကမူ ငါးခုကို ပြန်လည်သုံးသပ်ခြင်းနှင့် မြန်မာနိုင်ငံ၏ အခြေအနေနှင့် ကိုက်ညီသော မူအချို့ကို ကျင့်သုံးရန် အားလုံးသဘောတူညီမှုရယူနိုင်ရေးကို လုပ်ဆောင်နေခြင်းတို့ဖြစ်သည်။

**ရွေးကောက်ပွဲဆိုင်ရာ အုပ်ချုပ်ရေးနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် (UEC)**

ရွေးကောက်ပွဲဆိုင်ရာ စီမံခန့်ခွဲသည့်အဖွဲ့ (EMB) ဟူသော အခေါ်အဝေါ်သည် ရွေးကောက်ပွဲများ ကျင်းပရန် သီးသန့်တာဝန်အပ်နှင်းထားသော အစိုးရဌာန သို့မဟုတ် ဌာနများကို ရည်ညွှန်းသည်။[21] မြန်မာနိုင်ငံ၏ ရွေးကောက်ပွဲစီမံခန့်ခွဲသည့် အဖွဲ့ဖြစ်သော ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် (UEC) ကို ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံ၏ ၂၀၀၈ အခြေခံဥပဒေအရ ဖွဲ့စည်းထားသည်။[22]

UEC ကို ၂၀၀၈ ခုနှစ်၊ မေလဆန္ဒခံယူပွဲကျင်းပပြီးနောက် ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ ၎င်းသည်ယခုအခါ ဆယ်စုနှစ်တစ်ခုခန့် အတွေ့အကြုံရှိခဲ့ပြီး စဖွဲ့ကတည်းက မှန်မှန်တိုးတက်မှုရှိလာသည်ကို ပြသနေသည်။ သို့သော်၎င်း၏ လွတ်လပ်မှုနှင့် ဘက်မလိုက်မှုသေချာစေရန် နောက်ထပ်လုပ်စရာများစွာ လိုအပ်နေပါသေးသည်။[23] ထိုအဆင့်များကို လုပ်ဆောင်ခြင်းသည် မြန်မာနိုင်ငံမှ ရွေးကောက်ပွဲများကို လွတ်လပ်၍ တရားမျှတအောင် လုပ်ဆောင်ရာ၌ တိုးတက်မှုများဆက်လက်ရရှိရန်နှင့် လက်ခံထားသော နိုင်ငံတကာ၏ ဒီမိုကရေစီမူများနှင့် အညီဖြစ်စေရန် အထောက်အကူပြုပါသည်။

မြန်မာနိုင်ငံ၏ ဥပဒေများအရ UEC ၏ အဓိကတာဝန်သည် မဲဆန္ဒပေးနိုင်သော အရွယ်ရောက်သည့် မြန်မာနိုင်ငံသားတိုင်း၏ မဲပေးပိုင်ခွင့်ကို ကြီးကြပ်ခြင်းနှင့် နိုင်ငံရေးပါတီများကို ကြီးကြပ်ခြင်းအပါအဝင် ပြည်ထောင်စုအဆင့်လွှတ်တော်များ၊ တိုင်းဒေသကြီး/ပြည်နယ်အဆင့် လွှတ်တော်များမှ တပ်မတော်သားမဟုတ်သော လွှတ်တော်ကိုယ်စားလှယ်ရွေးကောက်ပွဲများ ကျင်းပရန်ဖြစ်သည်။[24] UEC သည် ရွေးကောက်ပွဲအကြို၊ ရွေးကောက်ပွဲ အတွင်းနှင့် ရွေးကောက်ပွဲအလွန်ကာလများအတွင်း လွှတ်တော်ရွေးကောက်ပွဲများအတွက် စီမံခန့်ခွဲမှုလုပ်ငန်းများကို ကိုင်တွယ်ရန်၊ ကြီးကြပ်ရန်နှင့် လုပ်ဆောင်ရန် တာဝန်ရှိသည်။

UEC သည် သမ္မတက ခန့်အပ်ပြီး လွှတ်တော်က အတည်ပြုပေးသော ကော်မရှင်အဖွဲ့ဝင်များက ကြီးကြပ်သည့် လွတ်လပ်သော အမြဲတမ်း အစိုးရဌာနတစ်ခုဖြစ်သည်။ ရုံးချုပ်သည် နေပြည်တော်တွင် ရုံးစိုက်ပြီး နိုင်ငံတစ်လွှား ပြည်နယ်/တိုင်းဒေသကြီးများနှင့် မြို့နယ်အဆင့်များတွင် ကော်မရှင်အဖွဲ့ခွဲများရှိသည်။ သတ်မှတ်ထားသော ဥပဒေအရ[25] UEC သည် အနည်းဆုံး ကော်မရှင်အဖွဲ့ဝင်ငါးဦး ရှိရမည်ဖြစ်သည် (အများဆုံး ကန့်သတ်ချက်မရှိပါ)။ ၂၀၁၇ ကြားဖြတ်ရွေးကောက်ပွဲများကို စီမံခန့်ခွဲခဲ့ကြသော ကော်မရှင်အဖွဲ့ဝင်များမှာ အမျိုးသားများချည်း ဖြစ်ကြပြီး ၂၀၁၆ မတ်လ ၃၀ ရက်တွင် သမ္မတဦးထင်ကျော်က ခန့်အပ်ခဲ့ခြင်းဖြစ်၍ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်

---

21 ကျား/မ တန်းတူညီမျှရေးနှင့် ရွေးကောက်ပွဲ စီမံခန့်ခွဲသည့်အဖွဲ့များ- အကောင်းဆုံး လက်တွေ့လမ်းညွှန်၊ International Foundation for Electoral Systems ၊ ၂၀၁၄

22 မြန်မာနိုင်ငံ ၂၀၀၈ အခြေခံဥပဒေ

23 မြန်မာနိုင်ငံ၏ ကြားဖြတ်ရွေးကောက်ပွဲများ - နိုင်ငံတကာစံများနှင့်ညီရန် များစွာလိုသေး၊ Alternative Asean Network on Burma, 2012.

24 ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင် ဥပဒေ (ပြည်ထောင်စု လွှတ်တော် ဥပဒေ အမှတ် ၃/၂၀၁၂) ၂၀၁၂

25 Ibid 5 and Ibid 6

ဒေါ်အောင်ဆန်းစုကြည်နှင့် တိုင်ပင်ခန့်အပ်ခဲ့သည်ဟု ယူဆရသည်။ UEC အဖွဲ့ဝင်များမှာ ဦးလှသိန်း (ဥက္ကဌ)၊ ဦးအောင်မြင့် (အဖွဲ့ဝင်)၊ ဦးစိုးရယ် (အဖွဲ့ဝင်)၊ ဦးထွန်းခင် (အဖွဲ့ဝင်)၊ ဦးလှတင့် (အဖွဲ့ဝင်) တို့ဖြစ်သည်။[26]

NLD ပါတီသည် မှတ်ပုံတင်ခြင်းနှင့် မဲပေးခြင်းလုပ်ငန်းစဉ်များတွင် စည်းကမ်းဖောက်ဖျက်မှုအချို့ ရှိသည်ဟူသော စွပ်စွဲချက်များရှိသော်လည်း ယခုနှစ်ကြားဖြတ်ရွေးကောက်ပွဲများသည် အတုအယောင် ၂၀၁၀ ရွေးကောက်ပွဲများနှင့်လုံးဝမတူပဲ နိုင်ငံတကာစံနှုန်းအချို့ကို မမီသော်ငြား ယေဘုယျအားဖြင့် တရားဝင်မှု၊ လွတ်လပ်မှု၊ မျှတမှုရှိသည်ဟု နိုင်ငံတကာစောင့်ကြည့်လေ့လာသူများက ယေဘုယျအားဖြင့် သဘောတူကြသည်။ ၂၀၁၅ အထွေထွေရွေးကောက်ပွဲများတွင် ရွေးကောက်ပွဲ စီမံအုပ်ချုပ်မှုသည် ဥပဒေပိုင်းဆိုင်ရာနှင့် ဖွဲ့စည်းထားပုံတို့တွင် လွတ်လပ်မှုမရှိသော်လည်း UEC သည် ၎င်း၏လုပ်ငန်းကို စိတ်ရင်းစေတနာဖြင့် လုပ်ဆောင်ခဲ့ပုံရသည်။[27]

ကြားဖြတ်ရွေးကောက်ပွဲမဲပေးခြင်းလုပ်ငန်းစဉ်ကို ကောင်းစွာစနစ်ကျပြီး ပွင့်လင်းမြင်သာမှုရှိစေရန် ကြိုးပမ်းအားထုတ်မှုများမှတဆင့် UEC သည် ရွေးကောက်ပွဲတွင် ပါဝင်ပတ်သက်နေသူများ၏ စိတ်ချယုံကြည်မှုကို ရရှိခဲ့ပုံရပြီး ၂၀၁၅ နှင့် နိုင်းယှဉ်လျှင် ဧပြီလ ၁ ရက် ရွေးကောက်ပွဲများကို စီမံဆောင်ရွက်မှုသည် ကြီးမားစွာ တိုးတက်လာခဲ့သည်။ တွေ့ရှိရသော ထင်သာမြင်သာ အောင်မြင်မှုများတွင် ရွေးကောက်ပွဲများ စီစဉ်ကျင်းပရာ၌ မဲရုံတာဝန်ရှိသူများ၏ စည်းမျဉ်းစည်းကမ်းနှင့် ဗဟုသုတတိုးတက်လာမှုများ ပါဝင်သည်။ လူထုအား အချက်အလက် များများစားစား ရယူခွင့်ပေးခြင်းနှင့် တပ်ရင်းနယ်မြေများတွင်မဲပေးခြင်းလုပ်ငန်းစဉ်ကို စစ်ဆေးခွင့်ပေးခြင်းတို့အားဖြင့် ပွင့်လင်းမြင်သာမှုတိုးတက်လာခဲ့ပြီး အကျိုးဆက်အနေနှင့် ကော်မရှင်အပေါ် လူထု၏ယုံကြည်မှု တိုးတက်လာခဲ့သည်။ ပြည်တွင်းနှင့် နိုင်ငံတကာမှ ရွေးကောက်ပွဲနှင့်သက်ဆိုင်သူများ၊ လေ့လာစောင့်ကြည့်သူများဖြင့် UEC ၏ ပူးပေါင်းဆောင်ရွက်မှုကိုလည်း ချီးကျူးထိုက်ပေသည်။

အဆိုပါ တိုးတက်အောင်မြင်မှုများ ရှိသော်လည်း မိမိတို့အဖွဲ့ အနေဖြင့် ရွေးကောက်ပွဲ စီမံခန့်ခွဲမှုတွင် ပုံသဏ္ဍာန်မမှန်မှုအချို့ကို တွေ့ရှိနေရဆဲပင်ဖြစ်သည်။ အဓိကစိုးရိမ်စရာတစ်ခုမှာ UEC ၏ ကော်မရှင်အဖွဲ့ခွဲအဆင့်များတွင် ညှိနှိုင်းဆောင်ရွက်မှုမရှိခြင်းနှင့် ဆက်သွယ်မှု အားနည်းခြင်းဖြစ်သည်။ UEC တွင် ပြည်နယ်/တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်/ကျေးရွာအုပ်စုအဆင့်အပါအဝင် ပြည်ထောင်စုအဆင့်အောက် ကော်မရှင်အဖွဲ့ခွဲများစွာရှိသည်။ UEC ၏ ကော်မရှင်အဖွဲ့ခွဲများကပေးသော သတင်းအချက်အလက်များသည် ပြည်နယ်/တိုင်း တစ်ခုနှင့်တစ်ခု ယေဘုယျအားဖြင့် တူညီမှုမရှိကြောင်းကို စောင့်ကြည့်လေ့လာသူများက တွေ့ရှိခဲ့ကြပြီး ထိုအချက်က ရှုပ်ထွေးမှုများကို ဖြစ်ပေါ်စေခဲ့သည်။

---

[26] http://www.myanmarpresidentoffice.gov.mm/2015en/?q=briefing-room/news/2016/03/31/id-6500

[27] မြန်မာနိုင်ငံမှ ၂၀၁၅ အထွေထွေရွေးကောက်ပွဲများကို လေ့လာစောင့်ကြည့်ခြင်း- အပြီးသတ်အစီရင်ခံစာ၊ Carter Center ၂၀၁၆

**စောင့်ကြည့်လေ့လာသူများ၏ အစီရင်ခံချက် -**

ရန်ကုန်တိုင်းဒေသကြီးတွင် တိုင်းဒေသကြီးအဆင့်ကော်မရှင်အဖွဲ့ခွဲနှင့် ရပ်ကွက်/ကျေးရွာအုပ်စုအဆင့် ကော်မရှင်အဖွဲ့ခွဲများအကြား ကွဲပြားခြားနားသည့် သတင်းအချက်အလက် ထုတ်ပြန်မှုများကို စောင့်ကြည့်လေ့လာသူများက လက်ခံရရှိခဲ့သည်။ ထန်တလန်မြို့နယ် (ချင်းပြည်နယ်) တွင် မြို့နယ်အဆင့်ကော်မရှင်အဖွဲ့ခွဲနှင့် ရပ်ကွက်/ကျေးရွာအုပ်စုအဆင့် ကော်မရှင်အဖွဲ့ခွဲများအကြား ရွေးကောက်ပွဲဆိုင်ရာ ထောက်ပံ့ရေးပစ္စည်း ဖြန့်ဝေမှုနှင့် ပတ်သက်၍ ဆက်သွယ်ဆောင်ရွက်မှု လိုအပ်ချက်များရှိသည်။

အမှန်စင်စစ် ၂၀၁၅ ရွေးကောက်ပွဲများနှင့် ပတ်သက်၍ ANFREL အစီရင်ခံစာတွင် ဆက်သွယ်ဆောင်ရွက်မှု ညံ့ဖျင်းမှုများကို ဖော်ပြခဲ့ပြီးဖြစ်သော်လည်း ယင်းပြဿနာမှာ ရှိနေဆဲပင်ဖြစ်သည် -[28]

> *"ဤအချက်သည် UEC နှင့် ၎င်း၏ ကော်မရှင်အဖွဲ့ခွဲများအကြား အဆက်အသွယ်ပြတ်တောက်မှု သို့မဟုတ် ဆက်သွယ်ဆောင်ရွက်ရန် ပျက်ကွက်မှုမှ ဆင်းသက်ဖြစ်ပေါ်လာသည်ဟု ANFREL က ယုံကြည်သည်။ အဖွဲ့၏တွေ့ရှိချက်မှာ UEC ထံမှ ဆုံးဖြတ်ချက်များကို ကော်မရှင်အဖွဲ့ခွဲများက မှန်ကန်စွာ ဆက်သွယ်ဆောင်ရွက်မှုမရှိခြင်း သို့မဟုတ် နားလည်သဘောပေါက်မှု မရှိခြင်းဖြစ်သည်"*

UEC သည် အခြေခံဥပဒေအရ ကိုယ်ပိုင်ရုံးအဖွဲ့ဖြင့် လွတ်လပ်သော ရွေးကောက်ပွဲကော်မရှင်ဖြစ်သော်လည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ မြို့နယ်အဆင့်နှင့် ရပ်/ကျေးအဆင့်ရုံးဖွင့်လှစ်ထားသော အခြားဌာနဆိုင်ရာများမှ ရင်းမြစ်များနှင့် ဝန်ထမ်းများက ပံ့ပိုးလုပ်ဆောင်ပေးရသော ရောထွေးသည့် ရွေးကောက်ပွဲ စီမံခန့်ခွဲမှု အဖွဲ့အစည်းတစ်ခုဟု သတ်မှတ်နိုင်သည်။ သို့ဖြစ်ရာ UEC ၏ ကော်မရှင်အဖွဲ့ခွဲအများစုသည် ထွေ/အုပ် ရုံးများတွင် ရုံးစိုက်ရပြီး ၎င်းဝန်ထမ်းများကို မှီခိုရသောကြောင့် UEC ၏ လွတ်လပ်မှုနှင့် အများအသိအမှတ်ပြုမှုအပေါ် သံသယများမြင့်တက်စေသည်။ လွတ်လပ်၍ ဘက်မလိုက်သော အဖွဲ့အစည်းက ရွေးကောက်ပွဲများကို အကောင်အထည်ဖော်ခြင်းသည် ရွေးကောက်ပွဲလုပ်ငန်းစဉ်၏ ဖြောင့်မတ်မှန်ကန်မှုကို သေချာစေသော အကောင်းဆုံးနည်းလမ်းဖြစ်သည်ဟု အကောင်းဆုံးနိုင်ငံတကာလုပ်ထုံးလုပ်နည်းများက ညွှန်းဆိုထားသည်။[29]

ထို့ကြောင့် ANFREL က ၂၀၁၅ ရွေးကောက်ပွဲနှင့်ပတ်သက်သော အစီရင်ခံစာတွင် ရွေးကောက်ပွဲ စီမံခန့်ခွဲရေး ဒေသန္တရအဆင့်ဝန်ထမ်းများအား နောက်ဆက်တွဲရင်းမြစ်များ (လူနှင့်ငွေကြေး) ဖြည့်တင်းပေးရမည်ဟူသော အကြံပြုချက်ကို အကြိမ်ကြိမ်ဖော်ပြခဲ့သည်။ ရည်ရွယ်ချက်မှာ ထွေ/အုပ် ဌာနအပေါ် မှီခိုမှုကို လျှော့ချခြင်းဖြင့် UEC

---

[28] မြန်မာနိုင်ငံ ၂၀၁၅ အထွေထွေရွေးကောက်ပွဲနှင့် ဒေသန္တရရွေးကောက်ပွဲများ - ANFREL ရွေးကောက်ပွဲလေ့လာစောင့်ကြည့်ရေးအဖွဲ့ အစီရင်ခံစာ ၂၀၁၆၊ စာမျက်နှာ ၃၁

[29] ရွေးကောက်ပွဲ စည်းမျဉ်းနှင့် စံနှုန်း- Carter Center အကဲဖြတ်လက်စွဲ၊ Carter Center

၏ လွတ်လပ်မှုကို သေချာစေရန်ဖြစ်သည်။ ဖွဲ့စည်းထားပုံနှင့် လုပ်ထုံးလုပ်နည်းဆိုင်ရာ လွတ်လပ်မှုသည် ရွေးကောက်ပွဲ စီမံခန့်ခွဲသည့် အဖွဲ့များအား နိုင်ငံရေး ဩဇာလွှမ်းမိုးမှုနှင့် ဘက်လိုက်မှု စွပ်စွဲချက်များမှ အကောင်း ဆုံးကူညီကာကွယ်ပေးနိုင်သည်ဟု အခြားတိုင်းပြည်များ၏ အကောင်းဆုံးလက်တွေ့ ဆောင်ရွက်မှုများက ညွှန်ပြ နေသည်။ ရပ်/ကျေးအဆင့်နှင့် အမြဲတမ်း ကော်မရှင်ဝန်ထမ်းများ အပါအဝင် ဒေသန္တရအဆင့် ရွေးကောက်ပွဲ ကော်မရှင်ဝန်ထမ်းများအားလုံးအား ထွေ/အုပ် ဦးစီးဌာနနှင့် ခွဲထားရန် ANFREL က အစိုးရကို တိုက်တွန်းသည်။

**လေ့လာစောင့်ကြည့်သူများ၏ အစီရင်ခံချက် -**

UEC ကော်မရှင်အဖွဲ့ခွဲ၏ ဘက်မလိုက်ကြားနေမှုနှင့်ပတ်သက်၍ သီးခြားစီတိုင်ကြား ထားမှုများကို လေ့လာသူများက တွေ့ရှိခဲ့သည်။ သာဓကတစ်ခုမှာ ကျေးသီးမြို့နယ်ရှိ မင်းခေါင်းကျေးရွာ (ရှမ်းပြည်နယ်) တွင် ကျေးရွာဥက္ကဋ္ဌသည် မဲရုံများ စီမံခန့်ခွဲခြင်း အပါအဝင် ရွေးကောက်ပွဲလုပ်ငန်းစဉ်များကို SNLDပါတီနှင့်ဆက်နွယ်သည်ဟု အကဲခတ်ရ သူလူတစ်စုနှင့် အတူတကွ လုပ်ဆောင်ခဲ့မှုကြောင့် UEC၏ ဘက်မလိုက်မှုကို သံသယရှိ ကြောင်း တိုင်ကြားခံရမှုဖြစ်သည်။ လေ့လာသူများက ၎င်းတို့အလုပ်လုပ်သည့် နယ်မြေနှင့် ကားများတွင် SNLD စတစ်ကာများ တွေ့ရှိကြောင်းဆိုသည်။ သို့ရာတွင် မဲဆန္ဒရှင်များ အပေါ် ကျေးရွာဥက္ကဋ္ဌက စွက်ဖက်ကြောင်းအထောက်အထားမရှိဘဲ မဲဆွယ်သည့်ကာလ အတွင်း နိုင်ငံရေးပါတီများအားလုံးကို တန်းတူညီမျှ အဆင်ပြေချောမွေ့အောင် ၎င်းက ဆောင်ရွက်ပေးခဲ့သည်။ ဖရူဆိုမြို့နယ် (ကယားပြည်နယ်) တွင် UEC ရပ်ကွက်/ကျေးရွာ အုပ်စု အဆင့်ကော်မရှင်အဖွဲ့ ခွဲအချို့မှာ ရုံးခန်းမရှိသောကြောင့် ၎င်းတို့၏ နေအိမ်တွင် ရွေးကောက်ပွဲဆိုင်ရာပစ္စည်းအချို့ (ဤဖြစ်ရပ်တွင်ကြိုတင်မဲပုံးများ) ကို သိမ်းဆည်းထား ခဲ့ရာ နိုင်ငံရေးပါတီ ကြီးများကို ဘက်လိုက်သည်ဟု အချို့ကိုယ်စားလှယ် လောင်းများက စွပ်စွဲခဲ့ကြသည်။

ဤအခြေအနေသည် UEC ကော်မရှင်အဖွဲ့ခွဲများ၏ အဖွဲ့ဝင်များ - အထူးသဖြင့် ငွေကြေးရင်းမြစ် လုံလောက်မှု မရှိသော ရပ်ကွက်/ကျေးရွာအုပ်စုအဆင့် ကော်မရှင်အဖွဲ့ခွဲများအကြား ရွေးကောက်ပွဲဆိုင်ရာ ဗဟုသုတချို့တဲ့မှု ကြောင့် ပိုမိုဆိုးဝါးခဲ့ခြင်းဖြစ်သည်။ အကျိုးဆက်မှာ ၎င်းတို့သည် လုပ်ငန်းဆောင်တာများနှင့် အကောင်အထည် ဖော်မှုတို့တွင် ဒေသန္တရအုပ်ချုပ်ရေးဌာန၊ အထူးသဖြင့် ထွေ/အုပ်ဦးစီးဌာနအပေါ် မှီခိုအားထား ခဲ့ကြရသည်။[30] ရွေးကောက်ပွဲစီမံခန့်ခွဲမှုသည် ရပ်ကွက်/ကျေးရွာအုပ်စုအဆင့် ကော်မရှင်အဖွဲ့ခွဲများအပေါ်တွင် အဓိကမူတည် နေသော်လည်း ၎င်းအဆင့်ကော်မရှင်အဖွဲ့ခွဲများအား သတင်းအချက်အလက်နှင့် ငွေကြေးရင်းမြစ်ပံ့ပိုးမှု အား နည်းသောကြောင့် ထိုကိစ္စသည် ကြီးမားသော ပြဿနာဖြစ်သည်။ ထိုကိစ္စသည် UEC ၏ လုပ်ငန်းပိုင်းဆိုင်ရာ ကျွမ်းကျင်မှုနှင့် ရွေးကောက်ပွဲ၏ တရားမျှတမှုတို့ကို နိမ့်ကျစေသည့် နောက်ဆက်တွဲ လုပ်ထုံးလုပ်နည်း အမျိုး မျိုးကွဲပြားမှုများကို ဖြစ်ပေါ်စေသည်။ UEC ၏ ကော်မရှင်အဖွဲ့ခွဲအများစုသည် ၂၀၁၅ အထွေထွေရွေးကောက်ပွဲ များတွင် ပါဝင်ဆောင်ရွက်ရမှုသာ အတွေ့အကြုံရခဲ့သောကြောင့် ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပရာတွင် ယုံ

[30] Ibid 10

ကြည်စိတ်ချမှုရှိကြောင်း ပြသခဲ့ကြသော်လည်း ၂၀၂၀ အထွေထွေရွေးကောက်ပွဲများအတွက် ကြိုတင်ပြင်ဆင်ရန် UEC ဝန်ထမ်းများအား သင်ကြားလေ့ကျင့်ရေးသည် အရေးကြီးသောလုပ်ငန်း ဖြစ်နေဆဲပင်ဖြစ်သည်။

နောက်ထပ်စိုးရိမ်စရာတစ်ခုမှာ ရွေးကောက်ပွဲအတွက် လက်ရှိအစိုးရက ခန့်အပ်ခဲ့သော UEC အဖွဲ့ဝင်ငါးဦးတွင် အမျိုးသမီး သို့မဟုတ် တိုင်းရင်းသားတစ်ဦးမှ မပါဝင်ခြင်းဖြစ်သည်။[31] UEC အဖွဲ့ဝင်များကို သမ္မတက ခန့်အပ်နိုင်ပြီး အခြေခံဥပဒေဆိုင်ရာ သတ်မှတ်စံနှုန်းပြည့်မီခြင်းမရှိမှသာ လွှတ်တော်က ပယ်ချနိုင်သော်လည်း ရွေးချယ်မှုလုပ်ငန်းစဉ်တွင် သင့်တော်မှန်ကန်သည့် စစ်ဆေးမှုမရှိဘဲ[32] UEC အား နိုင်ငံရေးအရအသုံးချရန် အလားအလာရှိလာနိုင်သည်။ NLD ပါတီသည် အတိုက်အခံနိုင်ငံရေးပါတီအဖြစ်ရပ်တည်ခဲ့စဉ်က UEC အဖွဲ့ဝင်များသည် အာဏာရပြည်ခိုင်ဖြိုးပါတီအစိုးရနှင့်[33] နီးစပ်လွန်းသည်ဟု ဝေဖန်ထောက်ပြ ပြောဆိုခဲ့ဖူးသော်လည်း ယခုလက်ရှိအစိုးရအဖြစ် ကိုယ်တိုင် ဦးဆောင်ရသောအခါတွင် အလားတူလုပ်ငန်းစဉ်ကို ကျင့်သုံးနေပေသည်။

နောက်ဆုံးအနေနှင့် ရခိုင်ပြည်နယ် အမ်းမြို့နယ်မှ အစီရင်ခံချက်တွင် ခရိုင်အဆင့်ကော်မရှင်အဖွဲ့ခွဲသည် မဲရုံစာရင်းနှင့် မဲဆန္ဒရှင်အရေအတွက်ကို ထုတ်ပေးရန် တုန့်ဆိုင်းသည့်အပြင် မဲဆန္ဒနယ် ပြင်ပမှ ကြိုတင်မဲများ ထည့်သည့်ပုံးကို ပြသရန်ငြင်းဆန်ခဲ့သည်ဟု ဖော်ပြထားသည်။ အဆိုပါ အစီရင်ခံချက်မှလွဲ၍ UEC ကော်မရှင်အဖွဲ့ခွဲများသည် အကဲခတ်လေ့လာသူများနှင့် ပူးပေါင်းဆောင်ရွက်မှု၊ ဆက်သွယ်ဆောင်ရွက်မှု ရှိသည်ဟု ရှုမြင်ခြင်း ခံရသည်။ ယေဘုယျအားဖြင့် UEC သည် ကြားဖြတ်ရွေးကောက်ပွဲများ ချောမွေ့စွာ ကျင်းပနိုင်စေရန် သန္နိဋ္ဌာန်ရှိပြီး ကြိုးစားလုပ်ဆောင်ခဲ့သည်ဟု ရှုမြင်ရသည်။

---

[31] http://www.myanmarpresidentoffice.gov.mm/2015en/?q=briefing-room/news/2016/03/31/id-6500

[32] Ibid 5 and Ibid 6

[33] https://www.irrawaddy.com/election/news/senior-nld-leader-calls-uec-bias-over-election-complaints

## ရွေးကောက်ပွဲ အကြို

## မဲဆွယ်စည်းရုံးမှု ဝန်းကျင်အခြေအနေ

၂၀၁၅ နှင့် နိုင်းယှဉ်လျှင် ကိုယ်စားလှယ်လောင်းများနှင့် ပါတီများ၏ ၂၀၁၇ မဲဆွယ်မှုမှာ ကြားဖြတ်ရွေးကောက်ပွဲကျင်းပရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အတော်များများတွင် စိတ်အားထက်သန်မှု သိပ်ရှိကြပုံမရပေ။ အမှန်တော့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ချမှတ်ပေးထားသော ဇန်နဝါရီ ၃၀ ရက်၊ ၂၀၁၇ တွင် စတင် သည့် မဲဆွယ်ကာလ ရက်ပေါင်း ၆၀ မှာ ၂၀၁၅ တုန်းကထက် အတော်နည်းပါသည်။

မဲဆွယ်ခြင်း အတိုင်းအတာကို ဖယ်ထားပါက ၂၀၁၇ ကြားဖြတ်ရွေးကောက်ပွဲအတွက် ယေဘုယျမဲဆွယ်စည်းရုံးမှုဝန်းကျင်အခြေအနေမှာ ၂၀၁၅ တုန်းကထက် ပိုတိုးတက်လာပါသည်။

အဘယ်ကြောင့်ဆိုသော် နေရာအများစုတွင် မဲဆွယ်ခြင်းမှာ ၂၀၁၅ တုန်းက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် နိုင်ငံရေးပါတီများ သဘောတူထားသည့် နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများလိုက်နာသင့်သည့် ကျင့်ဝတ်များ လမ်းညွှန်တွင် ပါရှိသည့်အတိုင်း ဆောင်ရွက်ကြသောကြောင့် ဖြစ်ပါသည်။

မဲဆွယ်စည်းရုံးသည့် ဝန်းကျင်အခြေအနေမှာ ပဋိပက္ခဖြစ်ပွားနေသည့် ရှမ်းပြည်နယ်တွင်ပင် ယေဘုယျအားဖြင့် အေးအေးချမ်းချမ်း ရှိပါသည်။ ကိုယ်စားလှယ်လောင်း အများစုကလည်း ၂၀၁၅ ထက် ပို၍ ပေါ့ပေါ့ပါးပါး မဲဆွယ်ကြပါသည်။ ကိုယ်စားလှယ်လောင်းများနှင့် နိုင်ငံရေးပါတီများမှာ UEC သို့ ၎င်းတို့၏ မဲဆွယ်အကြောင်းအရာကို တင်ပြရန် မလိုတော့သော်လည်း အချို့သော မြို့နယ်များတွင်မူ ဒေသအာဏာပိုင်တို့က လိုအပ်သည်ဟုဆိုကာ တင်ခိုင်းသည်များရှိသည်။ ဤသည်မှာ အချို့ဒေသဆိုင်ရာအဆင့်များက ယင်းကိစ္စကို ၂၀၁၅ တုန်းကလို တင်ပြရန် မလိုတော့သည်ကို မသိနားမလည်သောကြောင့် ဖြစ်သည်။

ANFREL လေ့လာစောင့်ကြည့်သူများက တွေ့ဆုံမေးမြန်းထားသော ကိုယ်စားလှယ်လောင်းများနှင့် နိုင်ငံရေးပါတီအများစုမှာ ၎င်းတို့အနေဖြင့် ၂၀၁၅ တုန်းကထက် တင်ပြရသောကိစ္စများ ပိုနည်းပြီး ပိုမိုလွတ်လပ်သော မဲဆွယ်စည်းရုံးခြင်းကို ၂၀၁၇ ကြားဖြတ်ရွေးကောက်ပွဲတွင် ပြုလုပ်နိုင်သည်ကို အသိအမှတ်ပြုသည်ဟု ပြောဆိုကြပါသည်။

NLD ကိုယ်စားလှယ်လောင်း တစ်ဦးဖြစ်သည့် နန်းဆင့်ခမ်းက အချို့ရွာများတွင် ဒေသခံများက ခြိမ်းခြောက်မှုများကြောင့် မဲဆွယ်နိုင်ခြင်း မရှိကြောင်း တိုင်ကြားလာပါသည်။ ၎င်းအနေဖြင့် ယင်းသို့သော မိုင်းရှူး မဲဆန္ဒနယ် ၂ မှ ပြည်နယ်လွှတ်တော်နေရာ ပြိုင်သောရွာများ (ကွန်ကျိုင်း၊ နောင်အစ်ပ်၊ မော်မေ့နှင့် ဝမ့်လွိုင်) တွင် ရွေးကောက်ပွဲလုပ်ခွင့် မပေးရန် မေးမြန်းတိုင်ကြားမှုများ ဆက်လက်လုပ်ဆောင်ခဲ့ပါသည်။

မီဒီယာက နန်းဆင့်ခမ်းမှာ ၎င်း၏ မတ်လ ၂၉ ရက်နေ့ မဲဆွယ်ပွဲကို SSPP/SSA က ခြိမ်းခြောက်သည်ဟု စွပ်စွဲခဲ့ကြောင်း ဖော်ပြကြသည်။ ၎င်းက ကြားဖြတ်ရွေးကောက်ပွဲ၌ မဲဘယ်လို ပေးရမလဲဆိုသည်ကို ရှင်းပြနေဆဲတွင် သေနတ်ပစ်ဖောက်သံကြားရသဖြင့် ၎င်းနှင့် မဲဆွယ်ပေးကြသူများ မော်မေ့ကျေးရွာတွင် ဆက်လက်မဲဆွယ်ရန် ကြောက်ရွံ့ခဲ့ရသည်ဟု ဆိုပါသည်။

နန်းဆင့်ခမ်းက မြန်မာတိုင်းမ်ကို NLD ကိုယ်စားလှယ်လောင်းနှင့် မဲဆွယ်သူများက မဲပေးသူများနှင့် မိုင်းရှူးတွင် တွေ့ဆုံခဲ့ကြပြီး ရွာသားများက ကြားဖြတ်ရွေးကောက်ပွဲ၌ NLD ကို မဲပေးရန် ကြောက်ရွံ့နေကြသည်ဟု ပြောကြားခဲ့သည်။

ANFREL လေ့လာစောင့်ကြည့်သူများက သတိပြုမိသည်မှာ အချို့နေရာများ၌ ကိုယ်စားလှယ်လောင်းများနှင့် နိုင်ငံရေးပါတီများသည် မဲဝယ်ခြင်းကို လုပ်ဆောင်နေသေးရာ USDP မှ (ရှမ်း - ကျိုင်းတုံ၊ ချင်း - ထန်တလန် တို့တွင် USDP က မက်လုံးအဖြစ် တစ်ဦးလျှင် ကျပ် ၃၀၀၀) မဲပေးသူများကို တစ်ဦးလျှင် ကျပ် ၄၀၀၀ - ၅၀၀၀ လောက် ပေး၍ မဲပြားကို ငွေပေးဝယ်နေမှုများရှိခြင်းပင် ဖြစ်သည်။ ချင်း - ထန်တလန်တွင် NLD က တီရှပ်နှင့် ဘောင်းဘီများပေးခဲ့ပြီး ပဲခူးတွင် နေ့လည်စာများကျွေးခဲ့ပါသည်။ ထိုသို့သော စွပ်စွဲမှုများဖြင့် အမှုဖွင့်တိုင်ကြားမှုများ မရှိသော်လည်း ထိုသို့သော မဲဆန္ဒရှင်များအပေါ် မလျော်ကန်သည့် ဩဇာလွှမ်းမိုးရန် ကြိုးစားမှုများကို အားမပေးရန် ဂရုပြု၍ စောင့်ကြည့်နေရန် လိုအပ်နေသေးသည်။

ချင်းပြည်နယ်တွင် NLD က လက်ရှိ အစိုးရတာဝန်ထမ်းဆောင်နေမှု ပါဝါကို အသုံးပြု၍ မဲပေးသူများကို လွှမ်းမိုးရန် ကြိုးစားနေခြင်းကို ANFRL က တွေ့ရှိရပါသည်။ ထန်တလန်သို့ သမ္မတ (ဖေဖော်ဝါရီ ၆၊ ၂၀၁၇)၊ ဒုတိယသမ္မတ (ဖေဖော်ဝါရီ ၂၁၊ ၂၀၁၇) နှင့် ပြည်ထောင်စုအဆင့် ဝန်ကြီး ၁၂ ဦးတို့ NLD ကိုယ်စားလှယ်လောင်းအား အားပေးထောက်ခံရန် လာရောက်လည်ပတ်ခဲ့ကြပါသည်။ NLD အပါအဝင် နိုင်ငံရေးပါတီအများစု လက်မှတ်ရေးထိုးထားသော ကိုယ်စားလှယ်လောင်းများနှင့် နိုင်ငံရေးပါတီများ လိုက်နာရန်ကျင့်ဝတ် (CoC) လမ်းညွှန်ချက် အပိုဒ် ၆.၂ တွင် "အကြီးတန်း အစိုးရ အရာရှိတစ်ဦးဦးအနေဖြင့် ၎င်း၏ အာဏာ၊ နေရာ၊ အခွင့်အာဏာနှင့် ငွေကြေးဆိုင်ရာ နည်းလမ်းများကို အသုံးပြု၍ ကိုယ်စားလှယ်တစ်ဦးအတွက် မဲဆွယ်ပေးခြင်း မပြုလုပ်ရ" ဟု ပါရှိပါသည်။ ထိုသို့ အကြီးတန်းခေါင်းဆောင်များအားဖြင့် မဲဆွယ်ပေးခြင်းမှာ အနည်းဆုံးအနေဖြင့် ကျင့်ဝတ်ဖောက်ဖျက်ရာ ရောက်ပါသည်။ ယင်းမှာ ဥပဒေကဲ့သို့ လိုက်နာရမည်ဟူသော သတ်မှတ်ထားသည့် စာတမ်းတစ်ခု မဟုတ်ဘဲ လိုက်နာသင့်သည့် စာရိတ္တပိုင်းဆိုင်ရာ ကျင့်ဝတ်ပင် ဖြစ်ပါသည်။

မွန်ပြည်နယ်တွင် မဲဆွယ်စည်းရုံးခြင်းများ ရပ်ဆိုင်းရမည့်အချိန် (cooling period) တွင် လူထုတွေ့ဆုံပွဲနှင့် အစည်းအဝေးများပြုလုပ်ရန် ထောက်ပံ့ပို့ဆောင်ရေးဆိုင်ရာ ပြဿနာကို ကိုယ်စားလှယ်လောင်းအားလုံးနှင့် နိုင်ငံရေးပါတီများက စောဒကတက်ကြပါသည်။ အဘယ်ကြောင့်ဆိုသော် ပါတီများအားလုံးက ချောင်းဆုံတစ်နေရာတည်းတွင် တပြိုင်နက်စည်းရုံးမဲဆွယ်မှုများ ပြုလုပ်ချင်ကြသောကြောင့်ဖြစ်သည်။ ၎င်းတို့က ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ကို ၎င်းတို့၏ မဲဆွယ်မည့်အစီအစဉ်များကို ကြိုတင်ပေးထားပါလျက် ပါတီတစ်ခု၏ မဲဆွယ်လှုပ်ရှားမှုကို အခြားပါတီတစ်ခုက ထိပါးခြင်းမပြုနိုင်စေရန် ပါတီတစ်ခုစီ၏ မဲဆွယ်စည်းရုံးမှုပြုလုပ်နိုင်မည့် အစီအစဉ်ချမှတ်မထားခြင်းနှင့် ယင်းကို အာရုံစိုက်ရန် ပျက်ကွက်ခြင်းအတွက် အပြစ်တင်ကြပါသည်။

ထိုအချိန်တွင် ရှမ်းပြည်နယ်၊ ကျိုင်းတုံမဲဆန္ဒနယ်၌ ပါတီများက ၎င်းတို့အနေဖြင့် ဝေးလံခေါင်ဖျားဒေသများတွင် သွားရောက်မဲဆွယ်ရာတွင် ၂၀၁၅ တုန်းကနှင့်ယှဉ်လျှင် ခြိမ်းခြောက်ခံရသည်ဟု မခံစားရကြောင်းဆိုပါသည်။ ယင်းထင်မြင်ချက်မှာ နန်းဆင့်ခမ်း၏ ရှမ်းပြည်နယ်အခြားနေရာများ၌ မြင့်တက်နေသော စိုးရိမ်မှုများနှင့် ကွာခြားနေပါသည်။ ပါတီများလာရောက်မဲဆွယ်စည်းရုံးနိုင်ကြောင်း တပ်မတော်မှ ကြိုတင်ကြေညာချက် ထုတ်ပြန်ခဲ့

သော်လည်း USDP မှလွဲ၍ ပါတီအားလုံးက တပ်မတော်စခန်းများတွင် မဲဆွယ်စည်းရုံးမှုလုပ်ခွင့်မရခြင်းကို စောဒကတက်ကြပါသည်။

ကိုယ်စားလှယ်လောင်းများနှင့် နိုင်ငံရေးပါတီအများစုတို့က လူပုဂ္ဂိုလ်များကို တိုက်ရိုက်မဲဆွယ်မှုများ ပြုလုပ်ကြပါသည်။ ဥပမာ တအိမ်တက်ဆင်းမဲဆွယ်ခြင်း၊ ပိုစတာများ၊ လက်ကမ်းစာစောင်များနှင့် စတစ်ကာများ ဝေငှခြင်းတို့ဖြစ်ပါသည်။ အခြားမဲဆွယ်လှုပ်ရှားမှုများမှာ ဟောပြောခြင်းများနှင့် အုပ်စုလိုက်အစည်းအဝေးများ၊ စတိတ်ရှိုးများနှင့် ဂီတဖျော်ဖြေပွဲများ ပြုလုပ်ခြင်းတို့ ဖြစ်ပါသည်။

ယေဘုယျအားဖြင့် မဲဝယ်ခြင်းရှိသည်ဟု ညွှန်ပြနေမှုအချို့ ကဲ့သို့သော ဥပဒေချိုးဖောက်မှုများ တွေ့ရသော်လည်း အလွန် နည်းပါသည်။ ကိုယ်စားလှယ်လောင်းများနှင့် ပါတီများမှာ အမုန်းပွားစေသော ဟောပြောမှုများရှိပြီး မြတ်စွာဘုရားပုံကို လက်ကမ်းစာစောင်တွင် ထည့်သွင်းထားခြင်းကဲ့သို့သော ဘာသာရေးဆိုင်ရာ အသုံးချမှုများရှိနေသည်ဟူသော သတင်းများ တက်လာသော်လည်း အရေအတွက်အားဖြင့် အလွန်နည်းပါသည်ဟု ဆိုကြသည်။

ANFREL အနေဖြင့် ၂၀၁၅ တွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် နိုင်ငံရေးပါတီများအကြား သဘောတူထားကြသော လိုက်နာရမည့် ကျင့်ဝတ်များ လမ်းညွှန်အတိုင်း အများဆုံးဆောင်ရွက်ကြသည်ကို ကျေနပ်မိပါသည်။

**နောက်ဆုံးရ မဲစာရင်း**

တိကျသော မဲစာရင်းမှာ မဲပေးခွင့်ရှိသူများ မဲပေးပိုင်ခွင့်ကို သေချာစေပြီး ရွေးကောက်ပွဲရလဒ်ကို အများလက်ခံမှုအတွက် အထောက်အပံ့ဖြစ်သည်။ ၂၀၁၇ ကြားဖြတ်ရွေးကောက်ပွဲကို  ဦးတည်သော အဓိကကျသည့် ကိစ္စတစ်ရပ်မှာ ၂၀၁၅ အထွေထွေရွေးကောက်ပွဲမတိုင်ခင်က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ပြုစုထားသော မဲစာရင်းများကို ပြန်လည်ပြင်ဆင်ရခြင်းပင်ဖြစ်သည်။ ၂၀၁၅ မဲစာရင်းမှာ မီဒီယာပေါ်တွင် အဝေဖန်ခံရဆုံး ဖြစ်ခဲ့ပြီး ၂၀၁၅ အထွေထွေရွေးကောက်ပွဲ၏ ပြဿနာအရှိဆုံးကိစ္စတစ်ရပ်အဖြစ် ကျယ်ကျယ်ပြန့်ပြန့် သတ်မှတ်ခံခဲ့ရသဖြင့် ဤသို့ပြင်ဆင်ရန် မဖြစ်မနေလိုအပ်ခြင်းဖြစ်ပါသည်။ ၂၀၁၅ မဲစာရင်းမှာ မဲပေးသူများ၏ အမည်များနှင့်ပတ်သက်၍ ကြီးကြီးမားမား အမှားများသာမက မဲပေးရန် သေချာမှတ်ပုံတင်ထားသည်ဆိုသော မဲပေးခွင့်ရှိသူအများအပြား စာရင်းတွင် ပါမလာခြင်းများလည်း ဖြစ်ခဲ့ပါသည်။

ထို့ကြောင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၂၀၁၇ ကြားဖြတ်ရွေးကောက်ပွဲ ပြုလုပ်ရာတွင် မှန်ကန်တိကျ၍ လက်ရှိအချိန်နှင့် ကိုက်ညီပြည့်စုံသော မဲစာရင်းရရှိအောင် အင်တိုက်အားတိုက် ကြိုးစားခဲ့ခြင်းဖြစ်ပါသည်။ စုဆောင်းရရှိသော သတင်းအချက်အလက်များအရ ၂၀၁၇ ကြားဖြတ်ရွေးကောက်ပွဲအတွက် မဲစာရင်းများကို အချိန်မီထုတ်ပြန်နိုင်ရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် အဆင့် ၃ ဆင့်ဖြင့် လုပ်ဆောင်ခဲ့သည်ဟုဆိုသည် -

၁။ ၂၀၁၆ ခုနှစ် ဩဂုတ်လအစောပိုင်းကတည်းက ၂၀၁၅ မဲစာရင်း၏ database မှ သက်ဆိုင်သော အချက်အလက်များကို ကြားဖြတ်ရွေးကောက်ပွဲပြုလုပ်မည့် သက်ဆိုင်ရာမြို့နယ်များ (၈ ပြည်နယ်/ တိုင်းဒေသကြီး) သို့ ပုံနှိပ်ရန်အတွက် ဖြန့်ဝေခဲ့ပါသည်။

၂။ နိုဝင်ဘာ ၂၀၁၆ တွင် အိမ်တိုင်ရာရောက် မဲစာရင်းကောက်ခံမှုကို အရပ်ဖက်အဖွဲ့အစည်းများ အကူအညီဖြင့် လုပ်ဆောင်ခဲ့ပါသည်။ ယင်းမှာ ကြားဖြတ်ရွေးကောက်ပွဲကျင်းပရာတွင် ပါဝင်မည့် အိမ်ထောင်စု အားလုံးသို့ သွားရောက်လိုသည့် ရည်ရွယ်ချက်ရှိသော UEC ၏ အမြော်အမြင်ရှိသည့် အစီအစဉ်တစ်ခုလည်း ဖြစ်ပါသည်။ သို့သော်လည်း ပြည်တွင်းမှ လေ့လာစောင့်ကြည့်ရေးအဖွဲ့ တစ်ခုဖြစ်သည့် People Alliance for Credible Elections' (PACE) ၏ ၂၂ မြို့နယ်လုံးတွင် ကောက်ယူသော အရေအတွက်ပြ စစ်တမ်း၏ အဆိုအရ ဖြေကြားသူများ၏ ၅၅% ကသာ UEC က ၎င်းတို့အိမ်သို့ လာရောက်ခဲ့သည်ဟု ဆိုကြသည်ကိုတွေ့ရသည်။

၃။ လူထုမှ မဲစာရင်းကို စစ်ဆေးပြီး ပြဿနာရှိပါက UEC သို့ တင်ပြနိုင်ရန် ဒေသတစ်ခုစီမှ မဲစာရင်းကို နှစ်ကြိမ်ကြေညာပေးသည် (၂၀၁၇ ဖေဖော်ဝါရီ ပထမနှစ်ပတ်တွင် ကြေညာခဲ့ပြီး မတ်လ ၂ ရက်နေ့ တွင် ထပ်မံ ကြေညာပေးခဲ့သည်) ။

IFES ၏ ပဏာမအစီရင်ခံစာကို အခြေခံ၍ဆိုရပါက မဲစာရင်းမှ ခန့်မှန်းခြေ အမည်များ ၁၀.၃% ထပ်မံ ဖြည့်ခဲ့ရပြီး ၁.၈၃% ဖယ်ထုတ်လိုက်ရသည်ဟုဆိုသည်။ ရလဒ်အားဖြင့် ကြားဖြတ်ရွေးကောက်ပွဲကျင်းပမည့် မဲဆန္ဒနယ်များ တွင် တရားဝင်မှတ်ပုံတင်ထားသည့် မဲပေးသူအရေအတွက်ပေါင်း ၂.၀၃၂.၅၃၆ ဦး ရှိသည်ဟုဆိုပါသည်။ ထို့ပြင် ANFREL ၏ လေ့လာစောင့်ကြည့်မှုအရ အစောပိုင်းရွေးကောက်ပွဲများထက်စာလျှင် ၂၀၁၇ မဲစာရင်းမှာ သိသာစွာပင် ပိုမှန်ကန်လာသည်ကို တွေ့ရပါသည်။ အမှန်ပင်၊ ANFREL လေ့လာစောင့်ကြည့်သူများက ၂၀၁၇ မဲစာရင်း နှင့် ပတ်သက်၍ ကြီးကြီးမားမား စောဒကတက်မှုများမတွေ့ရှိရပေ။

| မြို့ နယ် | ၂၀၁၅ မဲစာရင်း | ၂၀၁၇ မဲစာရင်း | ကွာခြားမှု |
|---|---|---|---|
| အမ်း | ၇၃,၆၉၃ | ၇၅,၈၂၈ | ၂.၈၂% |
| ချောင်းဆုံ | ၁၂၆,၆၂၉ | ၁၂၆,၂၂၅ | -၀.၃၂% |
| ဒဂုံမြို့ သစ်အရှေ့ | ၁၁၁,၈၃၅ | ၉၉,၆၃၁ | -၁၂.၂၅% |
| ဒဂုံမြို့ သစ်ဆိပ်ကမ်း | ၈၄,၂၂၈ | ၈၉,၈၀၇ | ၆.၂၁% |
| လှိုင်သာယာ | ၄၄၃,၉၉၈ | ၃၇၈,၅၁၆ | -၁၇.၃၀% |
| ဖရူဆို* | ၈,၆၉၃ | ၉,၅၇၀ | ၉.၁၆% |
| ကော့မှူး | ၉၂,၅၂၈ | ၉၄,၆၉၈ | ၂.၂၉% |
| ကျိုင်းတုံ* | ၅၆,၂၁၇ | ၅၆,၁၃၆ | -၀.၁၄% |
| ကျေးသီး | ၅၁,၄၈၀ | ၅၃,၄၁၅ | ၃.၆၉% |
| မိုင်းရှူး | ၅၃,၇၀၃ | ၄၃,၉၆၄ | -၂၂.၁၅% |
| မုံရွာ | ၂၃၄,၉၃၆ | ၂၅၀,၀၄၀ | ၆.၀၄% |
| ညောင်ရွှေ* | ၆၂,၂၅၄ | ၆၂,၇၀၅ | ၀.၇၂% |
| အမျိုးသား၊ ပဲခူး ၄ | ၃၂၁,၀၆၁ | ၃၂၀,၃၃၈ | -၀.၂၃% |
| အမျိုးသား၊ ရန်ကုန် ၆ | ၃၄၉,၇၅၇ | ၃၄၃,၆၀၀ | -၁.၇၉% |
| အမျိုးသား၊ ချင်း ၃ | ၂၇,၉၀၂ | ၂၈,၀၂၇ | ၀.၄၅% |

၂၀၁၅ အထွေထွေရွေးကောက်ပွဲနှင့်ပတ်သက်သော ANFREL က နောက်ဆုံးပေးခဲ့သည့် အစီရင်ခံစာပါ အကြံပြုချက်များအား ပြန်ကြည့်ပါက UEC အနေဖြင့် မှန်ကန်သောမဲစာရင်းတစ်ခုရရှိအောင် ရည်ရွယ်သော ၎င်း၏ ကြိုးပမ်းဆောင်ရွက်မှုမှာ အောင်မြင်မှုကြီးကြီးမားမားရရှိခဲ့သည်ဟု ANFREL က ယုံကြည်ပါသည်ဟု ဆိုခဲ့သည်။ ထို့ကြောင့်လည်း ရွေးကောက်ပွဲကို အများအသိအမှတ်ပြုမှုနှင့် UEC အပေါ် ပြည်သူလူထုယုံကြည်မှု ပိုတိုးလာခဲ့ခြင်းဖြစ်သည်။ အိမ်တိုင်ရာရောက် မဲစာရင်းစီစစ်ခြင်း၏ အဓိကအောင်မြင်မှုမှာ ပိုမိုရှင်းလင်းပြီး အများပိုမိုလက်ခံသော မဲစာရင်းကို ရရှိနိုင်ခဲ့ခြင်း ဖြစ်သည်။ ANFREL အနေဖြင့် လေ့လာတွေ့ရှိရသည်မှာ သွားလာရခက်ခဲသော ဝေးလံခေါင်ဖျားဒေသများနှင့် ကျေးလက်နေပြည်သူများက အိမ်တိုင်ရာရောက်မဲစာရင်းစီစစ်ခြင်းမဟာဗျူဟာကို အသိအမှတ်ပြုကြသည်။ တကယ်တန်းတွင်လည်း မဲပေးသူအများစုမှာ ပထဝီအနေအထားအရ စိန်ခေါ်မှုရှိသော ဆင်းရဲသည့် ကျေးရွာများတွင် နေထိုင်ကြပါသည်။ ယင်းသို့သော လူထုအတွက် အိမ်တိုင်ရာရောက် မဲစာရင်းစီစစ်ခြင်းမှာ ၎င်းတို့ကို အစိုးရက အသိအမှတ်ပြုရာရောက်ပြီး ၎င်းတို့၏ အခွင့်အရေးများကို အကာအကွယ်ပေးရာလည်းရောက်ပါသည်။ နှစ်ပေါင်းများစွာ စစ်အာဏာရှင်စနစ်အပြီးတွင် ယင်းသို့သော အစိုးရဖက်မှ တက်ကြွမှုရှိသည့်မဟာဗျူဟာကို UEC က ပြည်သူလူထု၏ ယုံကြည်မှုရရှိရန် အပေါင်းလက္ခဏာဆောင်သော ခြေလှမ်းတစ်ခုအဖြစ် ကြိုးပမ်းခဲ့ခြင်းလည်း ဖြစ်ပါသည်။

သတိပြုရမည်မှာ ၂၀၁၇ ကြားဖြတ်ရွေးကောက်ပွဲသည် လွန်ခဲ့သည့် ၂ နှစ်က ကျင်းပပြုလုပ်ခဲ့သည့် တစ်နိုင်ငံလုံးလွှမ်းခြုံသော အထွေထွေရွေးကောက်ပွဲနှင့်ယှဉ်လျှင် အလွန်သေးငယ်သော မဲဆန္ဒရှင်အစိတ်အပိုင်းလေးသာပါဝင်ခဲ့ခြင်း ဖြစ်သည်ဆိုသည့် အချက်ဖြစ်သည်။ တအိမ်တက်ဆင်း မဲစာရင်းစီစစ်ခြင်းမှာ UEC ၏ ကောင်းမွန်သောရည်ရွယ်ချက်ဖြစ်သော်လည်း ယင်းမဟာဗျူဟာမှာ လူအင်အားနှင့် ထောက်ပံ့သယ်ယူပို့ဆောင်ရေး ဆိုင်ရာစိန်ခေါ်မှုတို့ အများကြီးရှိပြီး ၂၀၁၇ တွင် တစ်နိုင်ငံလုံး၏ မဲဆန္ဒရှင်အစိတ်အပိုင်းသေးသေးလေး၌ ဆောင်ရွက်ရသည့်ကိုပင် အိမ်ခြေအားလုံးသို့ သွားရောက်ကောက်ယူရန် UEC က မစီမံနိုင်ခဲ့ပေ။ ANFREL လေ့လာစောင့်ကြည့်သူများက အိမ်တိုင်ရာရောက် အချက်အလက်ကောက်ခံမှုမှာ မျှတမှုမရှိကြောင်း၊ အချို့အိမ်များကို မကောက်ဘဲချန်သွားကြောင်း တိုင်ကြားမှုများရှိသည်ကို မှတ်ချက်ပေးကြသည်ကို မှတ်သားခဲ့ရသည်။ ထို့ကြောင့် ၂၀၂၀ အထွေထွေ ရွေးကောက်ပွဲကျလျှင် UEC အနေဖြင့် ယခုကဲ့သို့ လုပ်ဆောင်နိုင်မည်လားဆိုသည့် မေးခွန်းထွက်ပေါ်လာပါသည်။ ရွေးကောက်ပွဲစီမံခန့်ခွဲမှုမှာ ရည်ရွယ်ချက်ကောင်းရှိခြင်းတစ်ခုတည်းပေါ်တွင် မူတည်ခြင်းမဟုတ်။ ယင်းမှာ အချိန်၊ လူအင်အားနှင့် သုံးစွဲနိုင်မည့် ငွေပမာဏတို့နှင့် ချိန်ထိုးကာ မဲစာရင်းတိုးတက်မှုရှိစေရန် ထိရောက်ပြီး အကျိုးဖြစ်ထွန်းစေမည့် နည်းလမ်းများကို အသုံးပြုရမည်ဖြစ်သည်။ ယခုတစ်ကြိမ်တွင် UEC အနေဖြင့် IFES ကဲ့သို့ ရွေးကောက်ပွဲဆိုင်ရာ အကူအညီပေးရေးအဖွဲ့များထံမှ မဲစာရင်းစီမံခန့်ခွဲမှုဆိုင်ရာ အကူအညီများ လုံလောက်စွာ ရရှိခဲ့သဖြင့် ကံကောင်းသွားခြင်းဖြစ်ပါသည်။ သို့သော် နောင်တွင် ယင်းကဲ့သို့ပံ့ပိုးပေးမှုများ လျော့နည်းသွားသည့်အခါ ကိုယ့်ဘက်တွင် လုံလောက်သောတိုးတက်မှုရှိနေရမည်မှာ ဇောက်အမှန်ပင်ဖြစ်ပါသည်။

တချိန်တည်းမှာပင် UEC ၏ အခြားသော အဓိကမဟာဗျူဟာတစ်ခုဖြစ်သည့် မဲစာရင်းအမှားများကို ပြင်ဆင်နိုင်ရန် လူထုကို စောစီးစွာ ချပြခြင်းအစီအစဉ်မှာ ထူး၍အောင်မြင်မှုမရပေ။ အပေါ်တွင် ဖော်ပြခဲ့သလို UEC က မဲစာရင်းများကို ကျေးရွာအုပ်စု/ရပ်ကွက်အဆင့်တို့ရှိ ကော်မရှင်အဖွဲ့ ခွဲရုံးများတွင် ၂ ကြိမ်တိုင်တိုင် ဖော်ပြပေးခဲ့

သော်လည်း လူအနည်းငယ်ကသာ ၎င်းတို့၏ မဲစာရင်းကို လာရောက်ကြည့်ရှုကာ အမှားများကို စောဒက တက်ခဲ့ကြသည်။ ပိုဆိုးသည့်အချက်ကို ANFREL လေ့လာစောင့်ကြည့်သူများ တွေ့ခဲ့ရသည်မှာ မဲစာရင်းများ ကပ်ပေးရာတွင် သေချာဂရုစိုက်ခြင်းမရှိဘဲ တွေ့ရာနေရာ ကြုံသလို ကပ်ခြင်းကြောင့် နေဒဏ် မိုးဒဏ်များဖြင့် ကပ်ထားသည့် မဲစာရင်း စာရွက်များ ပျက်စီးသွားခဲ့ရသည့် သီးသန့်ကိစ္စအချို့ ရှိခဲ့ခြင်းဖြစ်သည်။ ယင်းဗျူဟာ၏ အောင်မြင်မှုမှာ ကော်မရှင်အဖွဲ့ခွဲရုံးများသို့ လာရောက်ကြည့်ရှုမည့်သူများပေါ်တွင် မူတည်နေပြီး လူထု၏ နိုင်ငံရေးအရ စိတ်ပါဝင်စားမှု ရေချိန်မှာ နိမ့်ပါးနေသဖြင့် အောင်မြင်မှုရရန် ခက်ခဲခြင်းဖြစ်ပါသည်။ ထိုသို့ဖြစ်ရခြင်းမှာ စစ်အုပ်ချုပ်ရေးတလျှောက် နိုင်ငံသားအခွင့်အရေးများ ဖိနှိပ်ခံထားရခြင်း၏ အမွေကြောင့် ဖြစ်ကောင်း ဖြစ်နိုင်ပေသည်။ နှစ်ပေါင်း ငါးဆယ်နီးပါး အစိုးရဆိုသည်မှာ တပ်မတော်နှင့်သာ ဆက်စပ်နေသောကြောင့် ယနေ့အချိန်တွင် အစိုးရရုံးများ၌ မဲစာရင်းကပ်ခြင်းမှာ အထောက်အကူသိပ်မဖြစ်ချေ။ အဘယ်ကြောင့်ဆိုသော် လူထုမှာ အစိုးရ/တပ်နှင့် ဝေးဝေးနေလေ အရှုပ်အရှင်းကင်းလေဟု ယူဆနေဆဲ ဖြစ်သောကြောင့်ပင်ဖြစ်သည်။

ဖြစ်နိုင်ခြေရှိသော အခြားနည်းလမ်းတစ်ခုမှာ လူထုနှင့်နီးစပ်မှုရှိသည့်ဈေးများ၊ ကျောင်းများ၊ ပန်းခြံများထဲတွင် မဲစာရင်းများကပ်ထားခြင်းဖြစ်သည်။ ယင်းသို့ပြုလုပ်လျှင် လူထုက ၎င်းတို့အမည်ပါမပါ လာရောက်စစ်ဆေးခြင်းကို အားပေးမည်ဖြစ်သည်။ ယင်းမဟာဗျူဟာမှာ အခြားအာရှနိုင်ငံအတော်များများ၌ အလုပ်ဖြစ်သည်ကို တွေ့ရသည်။ ရေရှည်အတွက်မူ လူထု၏ နိုင်ငံရေးတွင် စိတ်ပါဝင်စားမှု တိုးတက်လာရန် များစွာလိုအပ်သကဲ့သို့ တချိန်တည်းတွင် ရွေးကောက်ပွဲဆိုင်ရာ ပညာပေးရေးလုပ်ငန်းများကို နိုင်ငံနှင့်အဝှမ်း တိုးတက်လာရေးကိုလည်း လုပ်ဆောင်ရမည်ဖြစ်သည်။

ထို့ပြင် ရပ်ကွက်/ကျေးရွာအုပ်စုအဆင့်ရှိ UEC ကော်မရှင်အဖွဲ့ခွဲ ရုံးများတွင် မဲစာရင်း သွားစစ်၍ ရသည့်အပြင် UEC သည် အွန်လိုင်း (https://checkvoterlist.uecmyanmar.org/) မှ မဲစာရင်းစစ်၍ရအောင် ပြုလုပ်ပေးခဲ့ သည်။ ယင်းနည်းလမ်းကို မဲပေးသူများ ကိုယ်ရေးအချက်အလက် မှန်မမှန် စစ်ဆေးနိုင်ရန်အတွက် ၂၀၁၅ တွင် စတင်လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။ သို့သော် ဝက်ဘ်ဆိုက်မှာ လူအနည်းငယ်သာ အသုံးပြုကြသည့် Unicode Font ဖြစ်သဖြင့် မြန်မာအင်တာနက်အသုံးပြုသူအများစု ပိုမိုလက်လှမ်းမီနိုင်သည့် Font ပြုလုပ်ပေးရမည်ဖြစ်သည်။ မဲစာရင်းစီစစ်ခြင်းလုပ်ငန်းစဉ်တွင် ဝက်ဘ်ဆိုက်၏ ထိရောက်မှုကို တိုင်းတာသော စာရင်းဇယား အချက်အလက် တစ်ခုမှမရှိပေ။ အင်တာနက်လက်လှမ်းမီမှုနှင့် မြန်မာနိုင်ငံရှိ ပြည်သူများ၏ အသိပညာတို့တွင် အကန့်အသတ်ရှိနေခြင်းတို့ကြောင့် လူအနည်းငယ်ကသာ အွန်လိုင်းမှ မဲစာရင်းစစ်သည့်နည်းကို အသုံးပြုကြခြင်းဖြစ်ပါလိမ့်မည်။

နောက်ဆုံးရ မဲစာရင်းနှင့် တွဲနေသည်မှာ မဲဆန္ဒရှင်သက်သေခံလက်မှတ်များဖြစ်ပြီး မှတ်ပုံတင်ထားသော မဲဆန္ဒရှင်ကို ၎င်းတို့မဲပေးရမည့်နေရာကို ရှာဖွေရလွယ်စေရန်နှင့် မဲလာပေးသည့်အခါ မဲရုံဝန်ထမ်းများအနေဖြင့် မဲပေးမည့် သူတို့၏ နာမည်များကို အလွယ်တကူရှာဖွေနိုင်စေရန် လုပ်ပေးထားခြင်းဖြစ်သည်။ ANFREL လေ့လာစောင့်ကြည့်သူများက မဲဆန္ဒရှင်သက်သေခံလက်မှတ်များကို ရွေးကောက်ပွဲမတိုင်ခင်ရက်များတွင် ဝေငှထားသည်ကို တွေ့ရသည်။ အခြားလေ့လာသူများက တချို့ မဲပေးခွင့်လက်မှတ်များ အလွဲသုံးစားခံရသည်ကို စိုးရိမ်မှုရှိခဲ့ကြပြီး ANFREL လေ့လာသူများကတော့ ထိုသို့အလွဲသုံးမှုများကို မတွေ့ရှိခဲ့ရပေ။ ANFREL လေ့လာစောင့်ကြည့်သူများနှင့် သံရုံးအချို့တို့မှ အခြားနိုင်ငံတကာကိုယ်စားလှယ်များက မဲဆန္ဒရှင်သက်သေခံလက်မှတ်များအား ရွေးကောက်ပွဲနေ့ရောက်ကာမှ မဲရုံရှေ့တွင် (မဲရုံဝန်ထမ်းမဟုတ်သည့်) တစုံတစ်ယောက်က လိုက်လံဝေငှနေသည်ကို တွေ့ခဲ့ကြရသည်။ ယင်းမှာ လိမ်လည်ရန်အတွက် အလားအလာရှိသောနေရာအဖြစ် ကနဦးတွင်

အချို့က စိုးရိမ်မှုရှိကြသော်လည်း ANFREL က လေ့လာတွေ့ရှိသည်မှာ မဲရုံတွင် ဖြန့်ဝေခြင်းသည် လုံးဝ မှန်သည်ဟု မဆိုလိုသော်လည်း လိမ်လည်ရန် ကြိုးစားခြင်းဆိုသည်ထက် လက်တွေ့ကျကျလုပ်ဆောင်ရန် ကြိုးစားမှု ဖြစ်ပုံရပါသည်။ မည်သို့ဆိုစေ မဲဆန္ဒရှင်သက်သေခံလက်မှတ်များအား ရွေးကောက်ပွဲနေ့မတိုင်ခင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ဝန်ထမ်းများ ကိုယ်တိုင်ကသာ အပြီးဖြန့်ဝေသင့်သည်ဟု ANFREL အ နေဖြင့် ယုံကြည်ပါသည်။



ပုံ ၁ - ရှမ်းပြည်နယ်၊ ကျိုင်းတုံ၊ ပန်တောက်ရွာတွင် ရွေးကောက်ပွဲနေ့၌ မဲဆန္ဒရှင်သက်သေခံလက်မှတ်များ ဝေနေစဉ်

ယခုနှစ်တွင် တိုးတက်မှု ရှိသော်လည်း မဲစာရင်းတွင် အမည်မှားခြင်း၊ နှစ်ခါထပ်နေခြင်းနှင့် မဲပေးသူ၏ အချက်အ လက်များမှားယွင်းနေခြင်းများ ရှိနေဆဲဖြစ်ခဲ့ပါသည်။ သို့သော် ယခုမဲစာရင်းမှာ ၂၀၁၅ တုန်းက သုံးခဲ့သော စာရင်းထက် သိသိသာသာ တိုးတက်လာပါသည်။ မည်သို့ဆိုစေ ဘာသာစကား မတူညီမှုများမှာ ပြဿနာတစ် ခုအဖြစ် ရှိနေဆဲဖြစ်ကာ ချင်းပြည်နယ်၊ ထန်တလန်နှင့် ရှမ်းပြည်နယ်၊ မိုင်းရှူးတို့ကဲ့သို့ နေရာများရှိ တိုင်းရင်း သားလူနည်းစု အတော်များများမှာ မြန်မာစာကို မဖတ်တတ်ကြသည့်အတွက် နောင်တွင် UEC အနေဖြင့် ဂရုပြု ကိုင်တွယ်သင့်ပါသည်။ ယင်းအချက်မှာ မဲပေးသူများ မှတ်ပုံတင်သည့် ကိစ္စအတွက်သာမက ရွေးကောက်ပွဲနှင့် ပတ်သက်သော အခြားကိစ္စရပ်များတွင်ပါ အသုံးချရမည် ဖြစ်ပါသည်။

## ပါတီများနှင့် ကိုယ်စားလှယ်လောင်းများ မှတ်ပုံတင်ခြင်း

၂၀၁၅ ခုနှစ်က ပါတီများနှင့် ကိုယ်စားလှယ်လောင်းများ မှတ်ပုံတင်ခြင်းအပေါ် ANFREL က အပေါင်းလက္ခဏာ ဆောင်လှသည့်အချက်သိပ်မရှိကြောင်း တွေ့ရှိရမှုနှင့်ယှဉ်လျှင် ယခုနှစ် ကြားဖြတ်ရွေးကောက်ပွဲ၌ မှတ်ပုံတင် ခြင်းလုပ်ငန်းစဉ်မှာ ပွင့်လင်းမြင်သာမှုနှင့် မျှတမှုတို့တွင် ကြီးစွာ တိုးတက်မှုများရှိသည်။

၂၀၁၅ အထွေထွေရွေးကောက်ပွဲတုန်းက ANFREL မှ လေ့လာစောင့်ကြည့်သူများက ပါတီများနှင့် ကိုယ်စား လှယ်လောင်းများ မှတ်ပုံတင်ရာတွင် အသုံးပြုသည့် လုပ်ထုံးလုပ်နည်းအဆင့်ဆင့်ကို ဝေဖန်ခဲ့သည်။ အဘယ် ကြောင့်ဆိုသော် ယင်းလုပ်ထုံးလုပ်နည်းများတွင် အုပ်စုအချို့ကို အခြားအုပ်စုများထက် ပို၍ ဦးစားပေးခံရသော မမျှတသည့် အရည်အချင်းသတ်မှတ်မှုများဖြင့် လျှောက်လွှာတင်ခြင်းနှင့် ဘက်လိုက်မှုများရှိနေသောကြောင့်ဖြစ်

သည်။[34] အထူးသဖြင့် အလွန်တင်းကြပ်သော ကိုယ်စားလှယ်လောင်းအရည်အချင်းသတ်မှတ်မှုနှင့် ဥပဒေသက် ရောက်မှု ညီညီမျှမျှ မရှိခြင်းတို့အတွက် ဝေဖန်ခံရသည်။ အထူးသဖြင့် ANFREL ၂၀၁၅ လေ့လာတွေ့ရှိချက်မှာ မူဆလင် ကိုယ်စားလှယ်လောင်းများအတွက် အရည်အချင်း သတ်မှတ်ချက်ကို ပိုမြှင့်ထားပြီး တရုတ် သို့မဟုတ် အခြားမူဆလင်အနွယ်မဟုတ်သော ကိုယ်စားလှယ်လောင်းများ မှတ်ပုံတင်ရာတွင်မူ ပို၍လွယ်ကူပျော့ပြောင်း သော သတ်မှတ်ချက်များ ထားရှိပေးထားသည်။

ကြားဖြတ်ရွေးကောက်ပွဲတွင်မူ နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများမှတ်ပုံတင်ခြင်းကိစ္စများ၌ အသေး အဖွဲကိစ္စလေးများသာ ထွက်ပေါ်ခဲ့သည်။ ကိုယ်စားလှယ်လောင်းများနှင့် နိုင်ငံရေးပါတီများကို တွေ့ဆုံမေး မြန်းရာတွင် မှတ်ပုံတင်ခြင်းလုပ်ငန်းစဉ်နှင့်ပတ်သက်၍ အတော်လေးကျေနပ်မှုရှိကြသည်ကို ဖော်ပြကြပြီး ဒီမိုက ရေစီပိုဆန်လာသည်ဟု ယုံကြည်ကြသည်။ အားလုံးက ပြောကြသည်မှာ ကိုယ်စားလှယ်လောင်း အရေအတွက် နည်းသွားခြင်းနှင့် ကြားဖြတ်ရွေးကောက်ပွဲတွင် ပါဝင်သောမဲဆန္ဒနယ်များမှာ နည်းသွားခြင်းကြောင့် UEC အ နေဖြင့် ၂၀၁၅ တုန်းက မှတ်ပုံတင်ခြင်းလုပ်ငန်းစဉ်နှင့်ပတ်သက်ပြီး အငြင်းပွားမှုအများဆုံးဖြစ်ခဲ့သည့် မဲဆန္ဒနယ် များ မပါတော့၍လည်း ဖြစ်ကောင်း ဖြစ်နိုင်ပါသည်။

UEC မှ အချက်အလက်များအရ နိုင်ငံရေးပါတီ ၂၄ ပါတီမှ ကိုယ်စားလှယ်လောင်း ၈၇ ဦးနှင့် တစ်သီးပုဂ္ဂလ ၇ ဦးတို့က လစ်လပ်မဲဆန္ဒနယ် ၁၉ နေရာအတွက်ယှဉ်ပြိုင်ခဲ့ကြသည်။ ယှဉ်ပြိုင်ရသောနေရာများမှာ ပြည်သူ့လွှတ် တော်တွင် ၉ နေရာ၊ အမျိုးသားလွှတ်တော်တွင် ၃ နေရာ၊ တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်များတွင် ၇ နေ ရာဖြစ်သည်။

၂၀၁၇ ကြားဖြတ်ရွေးကောက်ပွဲ၌ အဓိကယှဉ်ပြိုင်ကြသော ပါတီများမှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ(NLD)၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ (USDP) ၊ ရခိုင်အမျိုးသားပါတီ (ANP) ၊ ရှမ်းဒီမိုကရေစီအဖွဲ့ချုပ်ပါတီ (SNLD) ၊ မွန်အမျိုးသားပါတီ (MNP) ၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ (NUP) ၊ အမျိုးသားဒီ မိုကရေစီ အင်အားစုပါတီ (NDF) ၊ လူမျိုးပေါင်းစုံဒီမိုကရေစီပါတီ (ကယားပြည်နယ်) (ANDP) နှင့် မြန်မာအမျိုး သားကွန်ဂရက်ပါတီ (MNCP) တို့ ဖြစ်ကြသည်။

ကိုယ်စားလှယ်လောင်း စုစုပေါင်းအတော်အတန်များသော ပါတီများမှာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါ တီ (၁၉ ဦး) နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ (၁၈ ဦး) တို့ ဖြစ်ကြပြီး NUP (၃ ဦး) ၊ SNDP (၇ ဦး)၊ ANP (၂ ဦး)၊ SNLD (၇ ဦး)၊ MNP (၁ ဦး)၊ NDF (၅ ဦး)၊ ANDP (၁ ဦး)၊ MNCP (၁ ဦး) တို့ကဲ့သို့ အဓိက နိုင်ငံရေးပါတီများမှာ ကိုယ်စားလှယ်လောင်း အနည်းငယ်ဖြင့် သိသိသာသာ ထိုးဖောက်ယှဉ်ပြိုင်ခဲ့ကြသည်။[35]

## မဲဆန္ဒရှင် အသိပညာပေးလုပ်ငန်း

အောင်မြင်သည့် မဲဆန္ဒရှင်ပညာပေးလုပ်ငန်းသည် မဲပေးသူများအား ရွေးကောက်ပွဲလုပ်ငန်းစဉ်နှင့် ရွေးကောက် ခံကိုယ်စားလှယ်များအကြောင်းသိစေရန် သတင်းအချက်အလက်ပြည့်စုံစွာ ထောက်ပံ့ပေးခြင်းဖြင့် မဲဆန္ဒရှင်များ

[34] ၂၀၁၅ အထွေထွေနှင့် ဒေသဆိုင်ရာ ရွေးကောက်ပွဲ - ANFREL ရွေးကောက်ပွဲ လေ့လာစောင့်ကြည့်ရေး မစ်ရှင် အစီရင်ခံစာ၊ ၂၀၁၆၊ စာမျက်နှာ ၄၇.
[35] ပူးတွဲပါ ကိုယ်စားလှယ်လောင်းများနှင့် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းသို့ ဝင်ကြည့်ရန်။

ရွေးကောက်ပွဲလုပ်ငန်းစဉ်တွင် ဆန္ဒထက်သန်စွာ အပြည့်အဝပါဝင်နိုင်ရန်နှင့် မဲရုံတွင် မှန်ကန်သည့် ဆုံးဖြတ်ချက်များဖြင့် မဲပေးနိုင်မှုကို သေချာစေသည်။ မဲပေးသူများအနေဖြင့် မိမိအခွင့်အရေးဖြစ်သည့် ရွေးကောက်ပွဲနေ့တွင် မည်သို့ပါဝင်မဲပေးရမည်၊ မှားယွင်းစွာရေးခြစ်မှုများကြောင့် ပယ်မဲဖြစ်နိုင်သည့် အခြေအနေ၊ မဲပေးခွင့်ပိတ်ပင်ခံရခြင်းနှင့် ဖယ်ရှားခံရခြင်းကို ဖြစ်စေနိုင်သည့် ကိစ္စရပ်များအကြောင်း သိထားရန်လိုအပ်သည်။ ထိရောက်သည့် မဲဆန္ဒရှင်ပညာပေးလုပ်ငန်းသည် ရွေးကောက်ပွဲနေ့မတိုင်မီရက်များတွင် ကြိုတင်၍ ကောင်းမွန်စွာစတင် ဆောင်ရွက်ခြင်းဖြစ်ပါသည်။ လူနည်းစုဘာသာစကားများ၊ အမြင်ပိုင်းဆိုင်ရာ ချို့တဲ့မှုများနှင့် မသန်စွမ်းမဲဆန္ဒရှင် စသည်တို့အတွက်ပါ ထည့်သွင်းစဉ်းစားရန်တို့သည် ရွေးကောက်ပွဲမတိုင်မီ ကြိုတင်ပြုလုပ်ရမည့် စစ်မှန်သော မဲဆန္ဒရှင်ပညာပေးလုပ်ငန်းအတွက် မရှိမဖြစ်လိုအပ်သော အချက်များပင်ဖြစ်သည်။

ထို့ကြောင့် ရွေးကောက်ပွဲအကြိုကာလ မဲဆန္ဒရှင်ပညာပေးလုပ်ငန်းသည် လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲ၏ မရှိမဖြစ်သော အစိတ်အပိုင်းတစ်ခုဖြစ်ပြီး ဒီမိုကရေစီကို ငံ့လင့်နေသည့် နိုင်ငံတစ်ခုအတွက် အရေးကြီးသည့် အစိတ်အပိုင်းတစ်ခုဖြစ်ပါသည်။ လူထုအနေဖြင့် မဲရုံများတွင် မှန်ကန်စွာဆုံးဖြတ်မဲပေးနိုင်ရန် အထောက်အကူဖြစ်စေနိုင်ပြီး မိမိတို့မဲပေးနိုင်သည့် အခွင့်အရေးကို မည်သို့အသုံးပြုရမည်ကို ပိုမိုနားလည်လာကာ ရွေးကောက်ပွဲစနစ်တစ်ခုလုံးကိုလည်း ပိုမိုသိရှိလာစေနိုင်ပါသည်။ မကြာသေးခင်နှစ်များက မြန်မာလူထုအနေဖြင့် လူထုပါဝင်နိုင်သော ဒီမိုကရေစီ (participatory democracy) ကို များစွာသင်ယူလေ့လာပြီး ဖြစ်သော်လည်း ဒီမိုကရေစီရွေးကောက်ပွဲများနှင့်မူ ထိတွေ့မှုနည်းပါးနေပါသည်။ သို့ပါ၍ ပြည်သူလူထုအနေဖြင့် ရွေးကောက်ပွဲလုပ်ငန်းစဉ်နှင့် ၎င်းတို့၏ တက်ကြွစွာပါဝင်မှုအရေးကြီးပုံကို ကောင်းစွာသိရှိလာစေရန် ပိုမိုထိရောက်မှုရှိသော မဲဆန္ဒရှင်ပညာပေးလှုပ်ရှားမှုလုပ်ငန်းများ မဖြစ်မနေပြုလုပ်ရမည် ဖြစ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ဆောင်ရွက်ချက်များတိုးတက်လာခြင်းကြောင့် ကြားဖြတ်ရွေးကောက်ပွဲလုပ်ငန်းစဉ်ကို ပြည်သူများပိုမိုသတိပြုမိလာကြောင်း ANFREL မှ လေ့လာစောင့်ကြည့်သူများက တွေ့ရှိခဲ့ပါသည်။ ၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲတွင် မဲဆန္ဒရှင်ပညာပေးလုပ်ငန်းအတွက် ပညာပေးအထောက်အကူပစ္စည်းများကို International Foundation for Electoral Systems (IFES) မှ အကူအညီဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဖြန့်ဝေပေးခဲ့ပါသည်။ ကြားဖြတ်ရွေးကောက်ပွဲနှင့် သက်ဆိုင်သည့်နယ်မြေများရှိ အရပ်ဖက်အခြေပြုအဖွဲ့အစည်းများ၏ အကူအညီကိုရယူ၍ မဲစာရင်း လက်ကမ်းစာစောင် ၂၂၈,၀၀၀ နှင့် မဲစာရင်းနံရံကပ်ကြော်ငြာ ၂၃,၀၀၀ ကို ဖြန့်ဝေပေးခဲ့ခြင်း ဖြစ်ပါသည်။ မဲဆန္ဒရှင် ၁၀ ယောက်အတွက် လက်ကမ်းကြော်ငြာ ၁ ခု၊ မဲဆန္ဒရှင် အယောက် ၁၀၀ အတွက် နံရံကပ်ကြော်ငြာ ၁ ခု နှုန်း ဖြန့်ဝေပေးခဲ့ပါသည်။

မဲဆန္ဒရှင်ပညာပေးလုပ်ငန်းအတွက် အထောက်အကူပစ္စည်းများကို တိုင်းရင်းသားဘာသာစကား ၅ မျိုးဖြင့် ရရှိနိုင်ပြီး လက်ကမ်းစာစောင် ၂၈,၀၀၀ ကို လူနည်းစုတိုင်းရင်းသားဒေသရှိ မဲပေးခွင့်ရှိသူ အရေအတွက်များသည့် နယ်မြေများသို့ ဖြန့်ဝေပေးခဲ့ပါသည်။ UEC နှင့် IFES တို့သည် ဒေသခံအရပ်ဖက်အခြေပြုအဖွဲ့ အစည်းများ၏ အကူအညီဖြင့် မဲဆန္ဒရှင်ပညာပေး လက်ကမ်းစာစောင် ၂၁၇,၀၀၀ နှင့် ပိုစတာ ၂၃,၀၀၀ ကို ဖြန့်ဝေခဲ့သည်။ ဒေသခံအရပ်ဘက်လူ့အဖွဲ့အစည်းများ၏ အကူအညီဖြင့် ကြားဖြတ်ရွေးကောက်ပွဲနှင့် သက်ဆိုင်သည့် နယ်မြေများသို့ စိတ်ဓာတ်တက်ကြွစေသည့် ပိုစတာ (motivational posters) ၂၃,၅၀၀ ဖြန့်ဝေပေးခဲ့ပါသည်။ တိုင်းရင်းသားဘာသာစကား ၅ မျိုးဖြင့် ရေးသားထားသည့် ပိုစတာ ၅,၇၅၀ ကိုလည်း ဖြန့်ဝေပေးခဲ့ပါသည်။

ANFREL အနေဖြင့် မဲဆန္ဒရှင်ပညာပေးလုပ်ငန်းပုံစံအမျိုးမျိုးကို မျက်မြင်တွေ့ရှိခဲ့ရာ အသံချဲ့စက်အသုံးပြုခြင်း၊ တံခွန်များချိတ်ဆွဲခြင်း (တာပေါ်လင်စ) ၊ ပိုစတာ၊ လက်ကမ်းစာစောင်များ၊ ဘာသာအမျိုးမျိုးဖြင့် လှုံ့ဆော်ပိုစတာများ (ရှမ်း၊ မွန်၊ ရခိုင်၊ လိုင်နှင့် ကရင်နီ) နှင့် ဆိုရှယ်မီဒီယာများကို အသုံးပြုသည်ကို တွေ့ရသည်။ ဖြန့်ဝေသောနည်းလမ်းများမှ တစ်အိမ်တက်ဆင်းမှသည် အွန်လိုင်းအထိ နည်းအမျိုးမျိုးရှိပါသည်။

EEOPs ၊ PACE ၊ Hornbill ၊ Justice Drum ၊ Bago Observers Group ၊ KBI ၊ iSchool နှင့် New Myanmar Foundation ကဲ့သို့သော အရပ်ဖက်အခြေပြုအဖွဲ့အစည်းများကဦးဆောင်၍ ကြားဖြတ်ရွေးကောက်ပွဲနှင့် သက်ဆိုင်သည့် မဲဆန္ဒနယ်များ၊ မြို့နယ်များအားလုံးတွင် မဲဆန္ဒရှင်ပညာပေးအလုပ်ရုံဆွေးနွေးပွဲများ ကျင်းပခဲ့သည်။ မဲဆန္ဒရှင်များအတွက် မဲပေးနည်းနှင့် မဲပေးနိုင်သည့်အချိန်စသည့် အခြေခံသတင်းအချက်အလက်များ ရရှိစေရန်အတွက် နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများမှ ဝင်ရောက်ပညာပေးမှုများပြုလုပ်ခဲ့ကြပါသည်။ ရွေးကောက်ပွဲတွင် မဲပေးမည့်ပြည်သူများအား အသိပညာပေးရန်အတွက် ပုံနှိပ်ထုတ်ဝေထားသော အရာများနှင့် အသုံးချသည့်နည်းလမ်းများသည် အတော်အတန် ကျေနပ်ဖွယ်ရာရှိပြီး ANFREL အနေဖြင့် ယခုအရာများအား ၂၀၂၀ ရွေးကောက်ပွဲမတိုင်မီ ပိုမိုကျယ်ပြန့်ပြန့်ဖြစ်လာစေရန် မျှော်လင့်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်ရှိ အရပ်ဘက်အခြေပြုအဖွဲ့အစည်းတစ်ခုဖြစ်သည့် Myanmar Independent Living Initiative (MILI) သည် ၂၀၁၇ ကြားဖြတ်ရွေးကောက်ပွဲတွင် မသန်စွမ်းများ မဲပေးနိုင်ရေးအတွက် ဆောင်ရွက်ပေးခဲ့သည့်အဖွဲ့ဖြစ်ပါသည်။ မွန်ပြည်နယ် ချောင်းဆုံမြို့နယ်တွင်မူ Election Education and Observation Partners (EEOPs) ၊ Peoples' Alliance for Credible Elections (PACE) နှင့် Carter Centre စသည့် အဖွဲ့အစည်းများက မဲဆန္ဒရှင်ပညာပေးသည့် အလုပ်ရုံဆွေးနွေးပွဲများကို ဦးစီးကျင်းပပေးခဲ့သည်ကို ANFREL မှ တွေ့ရှိခဲ့ပါသည်။

အစိုးရနှင့် အရပ်ဘက်အဖွဲ့အစည်းများညှိနှိုင်း၍ စနစ်တကျစီစဉ်ထားပြီး ထိရောက်မှုရှိသော မဲဆန္ဒရှင်ပညာပေးလုပ်ငန်းအမျိုးမျိုးကို ANFREL က တွေ့ရှိရသည့် တချိန်တည်းတွင် လက်တွေ့ မြေပြင်အခြေအနေ၌ တွေ့ရှိရသည်မှာ ပိုမိုသန္နိဋ္ဌာန်ခိုင်မာပြီး ပိုမိုကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်ရမည့် မဲဆန္ဒရှင်ပညာပေးလုပ်ငန်းများ လိုအပ်နေသေးသည်ဟု ဖော်ထုတ်ရရှိသည်။ ANFREL လေ့လာစောင့်ကြည့်သူများနှင့် အချို့ပြည်တွင်းရွေး ကောက်ပွဲလေ့လာစောင့်ကြည့်ရေးအဖွဲ့များက မဲဆန္ဒရှင်ပညာပေးလုပ်ငန်းနှင့် မဲဆန္ဒရှင်များသိရှိနားလည်မှု မရှိ ဖြစ်နေသည့်အချက်မှာလည်း သတိပြုမိလောက်သည်ဟု ဆိုကြသည်။[36] ယင်းမှာ မဲဆန္ဒရှင်ပညာပေးလုပ်ငန်းများသည် ကြားဖြတ်ရွေးကောက်ပွဲကျင်းပရာ အချို့နေရာများသို့ မရောက်ရှိဟု သတိထားမိသည်။ အထူးသဖြင့် ၂၀၁၅ တုန်းက ရွေးကောက်ပွဲမလုပ်ခဲ့ရသော ကျေးသီးနှင့် မိုင်းရှူးတို့ကဲ့သို့ နေရာများတွင် ဖြစ်ပါသည်။ မဲပေးရသည့်ရပိုင်ခွင့်နှင့် လူတစ်ဦး၏ နိုင်ငံရေးစိတ်အားထက်သန်မှုကို ဖော်ထုတ်မှုနိုင်မှုတို့၏ အရေးကြီးပုံအား မသိရှိကြကြောင်း မဲရုံများတွင် သတိပြုမိရသည်။ ယင်းကြောင့် မဲလာပေးသူအရေအတွက်နည်းပါးရခြင်းဖြစ်ပြီး မဲပေးခြင်းလုပ်ငန်းစဉ်အကြောင်း မဲရုံအချို့၌ ရှုပ်ထွေးမှု ဖြစ်နေကြသည်ကိုလည်း တွေ့နိုင်ပါသည်။ ဥပမာ လှိုင်သာယာမြို့

[36] https://www.pacemyanmar.org/portfolio-item/press-release-pre-election-period-overview/

နယ်၌ မဲပေးသူအရေအတွက်မှာ ၂၀၁၅ တွင် ၁၅၃,၀၉၂ ရှိရာမှ ၂၀၁၇ တွင် ၄၆,၄၁၈ သို့ ၂၄% လျော့ကျသွားသည်။

ရွေးကောက်ပွဲအကြိုကာလတွင် ANFREL မှ တွေ့ဆုံမေးမြန်းရာတွင် NLD ကိုယ်စားလှယ်လောင်း ဦးဝင်းမင်းက ကြားဖြတ်ရွေးကောက်ပွဲကျင်းပရာ နေရာအများစုသို့ သွားရောက်၍ ကြားဖြတ်ရွေးကောက်ပွဲနှင့် ပတ်သက်သည့် မဲပေးခြင်းဆိုင်ရာ အခြေခံသတင်းအချက်အလက်များကို ရှင်းပြခဲ့သည်ဟု ပြောပြပါသည်။ မြန်မာနိုင်ငံတွင် ဒီမိုကရေစီရွေးကောက်ပွဲအတွေ့အကြုံမရှိမှုမှာ မဲဆန္ဒရှင်ပညာပေးလုပ်ငန်းများ အဘယ်ကြောင့်လိုအပ်သည်ဆိုသည့် အဓိကအကြောင်းရင်းတစ်ခုပင် ဖြစ်ပါသည်။

ချင်းပြည်နယ်တွင် လေ့လာစောင့်ကြည့်သူများက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ မဲဆန္ဒရှင်ပညာပေးလုပ်ငန်းများ အလွန်နည်းပါးစွာ လုပ်ဆောင်ခဲ့ကြောင်း မှတ်သားခဲ့ရပြီး ၎င်းလုပ်ခဲ့ကြသည်မှာ ရွာသားများအားတံခွန်အနည်းငယ်စိုက်ထူရန်နှင့် လက်ကမ်းစာစောင်များဝေငှခြင်းသာဖြစ်ပါသည်။ တိုင်းရင်းသားဘာသာစကားဖြင့် ပညာပေးထောက်ကူပစ္စည်းများမှာ မလုံလောက်ပေ။ မြို့နှင့်ရွာအဆင့်များတွင် ဖြန့်ဝေသော တံခွန်အသေးတစ်ခုမှလွဲ၍ ကျန်ပစ္စည်းများအားလုံးမှာ မြန်မာစာများနှင့်သာဖြစ်ပါသည်။ လေ့လာစောင့်ကြည့်သူများက အရပ်ဖက်အဖွဲ့အစည်းများ၏ မဲဆန္ဒရှင်ပညာပေးလုပ်ငန်းများသည် ချင်းပြည်နယ်ကျေးရွာအဆင့်များတွင် အလွန်နည်းပါးသည်ဟု မှတ်သားခဲ့ကြပါသည်။[37]

ရှမ်းပြည်နယ်၊ ညောင်ရွှေ မဲဆန္ဒနယ်တွင် ကြားဖြတ်ရွေးကောက်ပွဲ ဘယ်နေ့ကျင်းပမည် သို့မဟုတ် မည်သည့်ပါတီက မည်သို့မူဝါဒရှိသည်ဆိုသည့် ရွေးကောက်ပွဲနှင့်ပတ်သက်သည့်အကြောင်းများကို မဲပေးသူ အတော်များများက မသိကြဘဲ ကိုယ်စားလှယ်လောင်းများ ကိုယ်တိုင်သာ သိနေကြသည်။ သို့သော်လည်း ၎င်းတို့သည် နိုင်ငံရေးပါတီများနှင့် မဟာမိတ်များအကြောင်း ယေဘုယျအမြင်ရှိကြပြီး လက်ရှိအုပ်ချုပ်နေသည့် ပါတီအကြောင်းနှင့်ပါတီကြီးများ၏ ခေါင်းဆောင်များအကြောင်း အနည်းငယ်သိရှိကြပါသည်။ ANFREL လေ့လာစောင့်ကြည့်သည့်အဖွဲ့က တံခွန်များနှင့် လက်ကမ်းစာစောင်များကို လမ်းဘေးနှင့် မဲပေးမည့်နေရာဖြစ်သည့် ရပ်ကွက်ရုံးများတွင်ကပ်ထားသည်ကို ပိုမိုတွေ့ရကာ UEC မှလာသော မဲဆန္ဒရှင်ပညာပေးလုပ်ငန်းမှာ နည်းသည်ကို တွေ့ရသည်။ ထိုသို့သော ထောက်ကူပစ္စည်းများက အသုံးဝင်သော်လည်း မဲဆန္ဒရှင်များက UEC ဘက်မှ ပိုမိုကမကထပြုစတင်သော ချဉ်းကပ်မှုတစ်ခုလိုအပ်ကြောင်း ဖော်ပြခဲ့သည်။ ယင်းကို မဲဆန္ဒရှင်များနှင့် အရပ်ဖက်အဖွဲ့အစည်းများကို တွေ့ဆုံမေးမြန်းရာတွင် ထင်ဟပ်နေကြောင်း တွေ့ရသည်။ မလုံလောက်သော မဲဆန္ဒရှင်ပညာပေးရေးအစီအစဉ်များအကြောင်းပြောတိုင်း UEC ကိုပင် ရည်ညွှန်းကြသည်။

မိုင်းရှူး (ရှမ်းပြည်နယ်) တွင် မဲပေးသူများမှာ မည်သို့ မဲပေးရမည် သို့မဟုတ် မဲပေးတံဆိပ်တုံး မည်သို့အသုံးပြုရမည်ကို နားမလည်ကြပေ။ အချို့လူများမှာ လုပ်ငန်းစဉ်အကြောင်း မည်သည့် အသိပညာဗဟုသုတမှ မရှိကြပေ။ ရန်ကုန်တွင် မဲရုံအများအပြား၌ မဲပေးသူနှင့် မဲရုံဝန်ထမ်းအကြား ရှည်လျားသော ဆွေးနွေးမှုများ ပြုလုပ်ခြင်းမှာ မဲဆန္ဒရှင်ပညာပေးလုပ်ငန်းများ ယင်းနေရာတို့တွင် မလုံလောက်မှုကို ထင်ဟပ်စေပါသည်။

---

[37] ချင်းပြည်နယ် ANFREL လေ့လာသူ အစီရင်ခံစာကို အခြေခံသည်

ပယ်မဲအရေအတွက် မြင့်မားမှုနှင့်ပတ်သက်ပြီး ရန်ကုန်၊ ကမာရွတ် မဲရုံ ၁ တွင် ၂.၂၈% မှာ မဲပေးသူများက ကိုယ်စားလှယ်လောင်းတစ်ဦးထက်ပို၍မဲပေးထားခြင်း၊ တံဆိပ်တုံးမထုထားခြင်း (သဘောမှာ ၎င်းတို့ မည်သည့် ကိုယ်စားလှယ်ကိုမှ မဲမပေး) နှင့် အကွက်မှား၍ တံဆိပ်တုံးထုထားခြင်းတို့ကြောင့်ဖြစ်ပြီး မဲဆန္ဒရှင်ပညာပေးခြင်း ပိုမိုလိုအပ်နေသည်ကို ညွှန်ပြနေမှုများ ဖြစ်ပါသည်။

လုံလောက်သော မဲဆန္ဒရှင်များ၏ သိရှိနားလည်မှုကို မျှော်လင့်ချက်အတိုင်းအတာကို အသစ်ပေါ်ထွန်းလာသော နိုင်ငံများတွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ အတွေ့အကြုံမရှိသေးဟူသော နားလည်မှုဖြင့် ချိန်ထိုးရမည် ဖြစ်သည်။ ANFREL အနေဖြင့် မဲဆန္ဒရှင်အသိပညာပေးလုပ်ငန်းများလုပ်ဆောင်ပေးသည့် အဖွဲ့ များစွာ၏ ချီးကျူး ထိုက်သော လုပ်ဆောင်မှုကို အသိအမှတ်ပြုပါသည်။ ၂၀၂၀ မတိုင်ခင် ဘာသာစကားပေါင်းစုံဖြင့်ရော၊ သုံးနိုင် သမျှနည်းလမ်းပေါင်းစုံသုံးပြီး ပညာပေးလုပ်ငန်းများ ထိထိရောက်ရောက်နှင့် ကျယ်ကျယ်ပြန့်ပြန့်ရေရှည် လုပ် ဆောင်နိုင်ရန် လိုအပ်နေဆဲ ဖြစ်ပါသည်။

# ရွေးကောက်ပွဲ ပတ်ဝန်းကျင်အခြေအနေ
## တပ်မတော်၏ အခန်းကဏ္ဍနှင့် လုံခြုံရေး အခြေအနေ

မြန်မာနိုင်ငံတွင် အရပ်ဖက်လုံခြုံရေးဆိုင်ရာ စိုးရိမ်မှုများသည် ကာလကြာမြင့်စွာဖြစ်ပေါ်နေသော ပြဿနာတစ်ရပ်ဖြစ်သည်။ ဗိုလ်ချုပ်ကြီးနေဝင်း၏ ၁၉၆၂ အာဏာသိမ်းမှုသည် ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် အုပ်ချုပ်သော ဒီမိုကရေစီစနစ်အဆုံးသတ်မှု၏ အမှတ်အသားဖြစ်ခဲ့ပြီး နောက်ဆက်တွဲနှစ်ပေါင်း ၅၀ နီးပါးရှိသော စစ်တပ်အုပ်ချုပ်မှုတို့က အမျိုးသားလုံခြုံရေးဆိုင်ရာ အခြေခံများအပေါ်မူတည်၍ ပေါ်ပေါက်လာခဲ့ခြင်းဟု အကြောင်းပြသည်။

တပ်မတော်က နိုင်ငံကိုအုပ်ချုပ်ခဲ့စဉ် လူငါးဦးထက်ပို၍ စုဝေးခြင်းကို တားမြစ်ခြင်း၊ မီဒီယာကို ဆင်ဆာဖြတ်ခြင်းနှင့် အလားအလာရှိသည့် များစွာသော အတိုက်အခံအဖွဲ့များကို ထိန်းချုပ်ရန် ကြိုးစားခြင်းတို့နှင့်အတူ ဖိနှိပ်မှုအတိုင်းအတာမှာများလွန်းခဲ့သည်။ ကျန်ရှိနေသော အတိုက်အခံပြုမှုများကို ကျောင်းသားမျိုးဆက်များ၊ မြန်မာနိုင်ငံရှိ မတူကွဲပြားသော တိုင်းရင်းသားများ၊ ဘာသာအားလုံး၏ ခေါင်းဆောင်များ၊ မူရှိသော ဒီမိုကရက်တစ်ပြုပြင်ပြောင်းလဲရေးသမားများနှင့် ဆိုးရွားလှသည့် အခြေအနေများတွင်ပင် အာဏာရှင်နှင့် ဖိနှိပ်မှုများကို ဆန့်ကျင်ကာ ရုန်းကန်လှုပ်ရှားမှုများ ဆက်လက်လုပ်ဆောင်ခဲ့သည့် သန္နိဋ္ဌာန်ခိုင်မာသော နိုင်ငံသားများက မကြာခဏ ဦးဆောင်ခဲ့ခြင်းဖြစ်သည်။

၂၀၁၁ မတ်လတွင် အရပ်သားအစိုးရပြန်တက်လာသော်လည်း စစ်တပ်သည် နိုင်ငံရေးမှ အပြည့်အဝထွက်ခွာသွားမည်ဟု အချက်ပြခဲ့ခြင်းမရှိပေ။ ဗိုလ်ချုပ်များ၏ "စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ" သို့ အသွင်ကူးပြောင်းမှုသည် စစ်တပ်က အစိုးရအပေါ် ထိန်းချုပ်ထားသည့် ၎င်း၏ အာဏာကို စွန့်လွှတ်ခြင်းမရှိဘဲ အမည်ခံအရပ်သားအုပ်ချုပ်ရေး ပြန်လည်ဖြစ်ထွန်းလာစေရန် အသေအချာဆောင်ရွက်ခဲ့ခြင်းပင်ဖြစ်သည်။ တပ်မတော်သည် အုပ်ချုပ်ရေးတွင် တိုက်ရိုက်ပါဝင်ခြင်းမှ ဆုတ်ခွာသွားခြင်းနှင့်အတူ နိုင်ငံရေးတွင် တပ်မတော်၏ အခန်းကဏ္ဍရှိ နေစေရန် ဥပဒေအရထည့်သွင်းခြင်းများပြုလုပ်လာရာ တပ်ကနိုင်ငံကို အုပ်ချုပ်ရာတွင် ၎င်း၏အခန်းကဏ္ဍဆက် လက်ရှိနေရေးကို အာမခံမှုရှိစေရန် ရွေးကောက်ပွဲပုံစံအသစ်ကို ရေးဆွဲခဲ့ခြင်းဖြင့် ၎င်း၏အကျိုးစီးပွားများကို လုံခြုံစိတ်ချမှုရှိအောင် ဆောင်ရွက်ခဲ့သည်။

မြန်မာနိုင်ငံတွင် တပ်မတော်က တိုက်ရိုက်အုပ်ချုပ်သည့် ခေတ်ကာလတလျှောက် တပ်အုပ်ချုပ်မှုနှင့် လုံးလုံးကွဲပြားမှုမရှိသည့် သို့မဟုတ် ပျော့ပြောင်းမှုမရှိသည့် ရွေးကောက်ပွဲများကို ကျင်းပပြုလုပ်ခဲ့ပါသည်။ ယင်းခေတ်ကာလ၏ အသိသာဆုံးသော ပြယုဒ်တစ်ခုအဖြစ်ရှိခဲ့သည့် ၁၉၉၀ ရွေးကောက်ပွဲတွင် အတိုက်အခံက လွှတ်တော်၌ နေရာအများစုအနိုင်ရရှိခဲ့သည်။ သို့သော် အတိုက်အခံမှာအာဏာကို ဘယ်သောအခါမှ လွှဲပြောင်း ရယူခွင့် မရခဲ့ပါ။ တင်းကြပ်သော စစ်တပ်အုပ်ချုပ်မှုထံမှ အသွင်ကူးပြောင်းရေးစတင်ရန် ပြုစုရေးဆွဲခဲ့သည့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအောက်တွင်ပင်လျှင် ၂၀၁၀ နိုဝင်ဘာ၌ ပထမဦးဆုံးကျင်းပပြုလုပ်ခဲ့သည့် ရွေးကောက်ပွဲများသည် လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲများအတွက် သတ်မှတ်ထားသော အနိမ့်ဆုံး စံများကိုပင် မပြည့်မီခဲ့ပါ။ တပ်မတော်၏ နိုင်ငံရေးပါတီက အများစုအနိုင်ရရှိသည်မှာလည်း အံ့သြစရာတော့မဟုတ်ပေ။ ယင်းမှသာ အရပ်သားအသွင်ဆောင်သည့်ခေါင်းဆောင်မှုအောက်တွင် တပ်ကိုအာဏာရှိနေအောင် ဆက်လက်ထိန်းသိမ်းထားနိုင်မည်ဖြစ်သည်။

ANFREL သည် ၎င်း၏ ၂၀၁၅ အထွေထွေရွေးကောက်ပွဲ အစီအရင်ခံစာတွင် ၂၀၁၀ အထွေထွေရွေးကောက်ပွဲနှင့်နှိုင်းယှဉ်ကာ အပေါင်းလက္ခဏာဆောင်သော ဖြစ်ထွန်းတိုးတက်မှုများကို မှတ်တမ်းတင်ခဲ့သည်။ သို့သော်လည်း ပြည့်စုံမှုမရှိသော ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအောက်တွင် ရွေးကောက်ပွဲနှစ်ခုစလုံးကို ကျင်းပခဲ့ခြင်းဖြစ်သည်။ အစီရင်ခံစာ၏အဆိုအရ ၂၀၁၅ ရွေးကောက်ပွဲသည် သိသာထင်ရှားသည့် တိုးတက်မှုရှိသည်ကို ဖော်ပြခဲ့ပြီး အများ၏အသိအမှတ်ပြုမှုရှိသည်ဟုလည်း ယေဘူယျအားဖြင့် သတ်မှတ်ခဲ့သည်။ သို့သော် တပ်မတော်အုပ်ချုပ်မှုကာလရှည်လျားသော သမိုင်းကြောင်းရှိနေသောကြောင့် ရွေးကောက်ပွဲများသမာသမတ်ကျမှုနှင့် ပတ်သက်၍ ပြည်သူများအကြား စိုးရိမ်မှုများတော့ ကျန်ရှိနေပါသေးသည်။ ယင်းအခြေအနေကြောင့် အဓိကအကြောင်းအရာနှစ်ခုကို အောက်တွင်ဆွေးနွေးဖော်ပြသွားပါမည်။ ပထမတစ်ခုမှာ တပ်မတော်၏ အခန်းကဏ္ဍဖြစ် ပြီး ဒုတိယတစ်ခုမှာ ၂၀၁၇ ကြားဖြတ်ရွေးကောက်ပွဲကာလအတွင်း လုံခြုံရေးအခြေအနေတို့ဖြစ်သည်။ ယင်းအကြောင်းအရာနှစ်ခုမှာ အပြန်အလှန်ဆက်နွယ်နေလျက်ရှိရာ ယင်းအကြောင်းအရာများကို ဆွေးနွေးရာ၌ တစ်ခုစီသီးခြားခွဲ၍ ဆွေးနွေးဖို့မှာ ခက်ခဲလှပါသည်။

ဒီမိုကရေစီတွင် အဓိကကြန်အင်လက္ခဏာ လေးရပ်ရှိပါသည်။ ၎င်းတို့မှာ လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲများ၊ အရွယ်ရောက်သူတိုင်းမဲပေးပိုင်ခွင့်၊ လွတ်လပ်စွာ ပြောဆိုခွင့်၊ သတင်းစာလွတ်လပ်ခွင့်နှင့် လွတ်လပ်စွာ ဖွဲ့စည်းနိုင်ခွင့် အစရှိသော နိုင်ငံသားလွတ်လပ်ခွင့်၊ အရပ်ဖက်ထိန်းချုပ်မှုအပြင်ဖက်တွင် ရှိနေသည့် လုံခြုံရေးတပ်ဖွဲ့ များကဲ့သို့သော ရွေးကောက်ခံမဟုတ်သည့် အုပ်ထိန်းသူ သို့မဟုတ် "ကာကွယ်စောင့်ရှောက်သူများ" မရှိခြင်း တို့ဖြစ်သည်။[38] ဒီမိုကရေစီနိုင်ငံတစ်ခုတွင် အစိုးရသည် မဲဆန္ဒရှင်မှတ်ပုံတင်စာရင်းပြုစုခြင်းတွင် ဝင်ရောက်စွက်ဖက်ခြင်း၊ ခြိမ်းခြောက်မှုများတွင် ပါဝင်နေခြင်း သို့မဟုတ် အလားအလာရှိသော မဲဆန္ဒရှင်များ အားဖြားယောင်းခြင်းများ မပြုလုပ်ရပေ။ စစ်တပ်အုပ်ချုပ်သော နိုင်ငံများတွင် ဒီမိုကရေစီ၏ အဆိုပါကြန်အင်လက္ခဏာများမှာ တစ်ခု သို့မဟုတ် တစ်ခု ထက်ပို၍ ပျောက်ဆုံးနေတတ်ကြသည်။

မြန်မာနိုင်ငံတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ (USDP) သည် ရွေးကောက်ပွဲများကို ဝင်ရောက်ယှဉ်ပြိုင်ရန် အရပ်သားတံဆိပ်ကပ် ယာဉ်တစ်စီးကဲ့သို့ တပ်မတော်က ဖွဲ့စည်းလိုက်သည့် ကိုယ်ပိုင်ပါတီဖြစ်သည်။ ၂၀၁၀ တွင် USDP သည် ၈၀ ရာခိုင်နှုန်းနီးပါး အမတ်နေရာအများစုကို အနိုင်ရရှိခဲ့သည် (ယင်းတွင် တပ်မတော်က လွှတ်တော်ကိုယ်စားလှယ်များအဖြစ် တိုက်ရိုက်ရွေးချယ်ခန့်အပ်သည့် ၂၅ ရာခိုင်နှုန်း မပါဝင်ပါ) ။ ယခင်တပ်မတော်ဗိုလ်ချုပ်ကြီးဖြစ်ပြီး USDP ခေါင်းဆောင်ဖြစ်သော ဦးသိန်းစိန်သည် လွှတ်တော်ရွေးကောက်ပွဲများမှတဆင့် ၂၀၁၀ တွင် သမ္မတအဖြစ် ရွေးကောက်ခံရသည်မှာ တိုက်ဆိုင်မှုတစ်ရပ်တော့မဟုတ်ပါ။ ထို့အပြင် တပ်မတော်က အုပ်ချုပ်ထားသော အစိုးရ၏ အစိတ်အပိုင်းတစ်ရပ်အနေဖြင့် ရှိနေသည့် UEC အပေါ် ပြည်သူများက မဲပေးရာတွင် စစ်တပ်အနိုင်ရရှိစေရန် ရွေးကောက်ပွဲများ၌ ကြားဝင်လုပ်ဆောင်ပေးမည့် တပ်မတော်၏ လက်ကိုင်တုတ်အဖွဲ့ အစည်းတစ်ခုအဖြစ် ရှုမြင်ကြသည်။

သို့သော် ၂၀၁၅ တွင် နိုင်ငံရေးအခင်းအကျင်းမှာ ပြောင်းလဲသွားခဲ့သည်။ ယင်းနှစ်တွင် USDP မှာ ဆိုးဆိုးရွားရွား ရှုံးနိမ့်သွားကာ NLD သည် တိုင်းဒေသကြီးများတွင် အမတ်နေရာ ၉၅ ရာခိုင်နှုန်းနှင့် ပြည်နယ်များတွင် အမတ်

[38] စစ်တပ်အုပ်ချုပ်မှုအောက် မြန်မာနိုင်ငံ ၁၉၆၂-၁၉၈၈၊ Konsam Shakila Devi; http://manipuruniv.academia.edu/konsamShakilaDevi တွင်ရနိုင်သည်။

နေရာ ၄၅ ရာခိုင်နှုန်းအပါအဝင် ရွေးကောက်ခံ အမတ်နေရာအားလုံး၏ လေးပုံသုံးပုံကို အနိုင်ရရှိခဲ့သည်။ ၂၀၁၇ တွင် NLD သည် UEC အဖွဲ့ဝင်များကို ရွေးချယ်နိုင်ခဲ့ရာ USDP က ကြားဝင်နှောက်ယှက်နိုင်သည့် အာဏာမှာ "အကန့်အသတ်" ဖြင့်သာ ကျန်ရှိတော့သည်။ သို့သော် USDP သည် တပ်မတော်က ဘဏ္ဍာရေးအားဖြင့် ကျော ထောက်နောက်ခံပေးထားသည့် (အချမ်းသာဆုံးပါတီမဟုတ်လျှင်တောင်) အချမ်းသာဆုံးပါတီများထဲက တစ်ခု အဖြစ် ရှိနေဆဲဖြစ်သည်။

ပြီးခဲ့သည့် အခန်းများတွင် ဖော်ပြခဲ့သလိုပင် ၂၀၁၇ ကြားဖြတ်ရွေးကောက်ပွဲသည် ပြည်နယ် သို့မဟုတ် တိုင်း ဒေသကြီး ရှစ်ခုတွင် ကျင်းပပြုလုပ်ခဲ့သည်။ ယင်းပြည်နယ်/တိုင်းဒေသကြီး ရှစ်ခုအနက် ရှမ်းပြည်နယ်နှင့် ရခိုင် ပြည်နယ်သည် လုံခြုံရေးကိစ္စရပ်များကြောင့် တပ်မတော်အင်အားအများအပြားရှိနေသည့် နေရာများဖြစ်သည်။ ဒေသခံလက်နက်ကိုင်အဖွဲ့အစည်းများနှင့် တိုက်ပွဲများရှိနေခြင်းကြောင့် ရှမ်းပြည်နယ်၌ ၂၀၁၅ က ကျင်းပပြုလုပ် မည့် ရွေးကောက်ပွဲများကို ပယ်ဖျက်ခဲ့ရသည်။ အမှန်စင်စစ် ၁၉၄၈ လွတ်လပ်ရေးရရှိစဉ်ကတည်းက မြန်မာနိုင်ငံ တွင် တပ်မတော်နှင့် လူပ်ရှားနေသော တော်လှန်ရေးအဖွဲ့များအကြား ဖြစ်ပွားနေသော ပြည်တွင်းပဋိပက္ခသည် လက်တွေ့အားဖြင့် အနည်းဆုံး နိုင်ငံ၏ အစိတ်အပိုင်းများတွင် ဆက်လက်ဖြစ်ပွားနေဆဲဖြစ်ပြီး ကိုယ်ပိုင်ပြဋ္ဌာန်း ခွင့်အတွက် တိုက်ပွဲဝင်နေသည့် တိုင်းရင်းသားအဖွဲ့များရှိရာ ကချင်၊ ကရင်၊ ကယား၊ ရခိုင်နှင့် ရှမ်းအစရှိသည့် ပြည်နယ် ငါးခုတွင် ပဋိပက္ခများဆက်လက်ဖြစ်ပွားလျက်ရှိသည်။

၂၀၁၅ တွင် ရွေးကောက်ပွဲများကျင်းပစဉ်က ပယ်ဖျက်ခဲ့သည့် နေရာအချို့ကို ၂၀၁၇ ကြားဖြတ်ရွေးကောက်ပွဲများ၌ ကျင်းပပြုလုပ်နိုင်ခဲ့ခြင်းမှာ တိုးတက်မှုရှိသော လက္ခဏာပင်ဖြစ်သည်။ လုံခြုံရေးအခြေအနေက မကြာခင် ခွင့်ပြု မည်ဆိုပါက အခြားနေရာများတွင်လည်း (အတိအကျအားဖြင့် ၂၀၂၀ အထွေထွေရွေးကောက်ပွဲအတွက်) အလား တူ ရွေးကောက်ပွဲများ ကျင်းပပြုလုပ်လာနိုင်လိမ့်မည်ဟု ANFREL က မျှော်လင့်ပါသည်။

ပို၍အရေးကြီးသောအချက်မှာ မဲဆွယ်စည်းရုံးရေးကာလ လုံခြုံရေးအခြေအနေဖြစ်သည်။ ရွေးကောက်ပွဲနေ့နှင့် ရွေးကောက်ပွဲအပြီးတို့တွင် ငြိမ်းငြိမ်းချမ်းချမ်းရှိနေခဲ့သည်။ ANFREL လေ့လာသူများသည် မည်သည့်အဓိကကျ သော လုံခြုံရေးကိစ္စရပ်များကိုမှ တွေ့ရှိခဲ့ခြင်းမရှိခဲ့ပါ။ ၎င်းမှာ ရွေးကောက်ပွဲများမှတဆင့် စစ်ဖက်အုပ်ချုပ်ရေးမှ အရပ်ဖက်အုပ်ချုပ်ရေးသို့ အသွင်ပြောင်းနေပြီဆိုသော နိုင်ငံရေးသန္နိဋ္ဌာန်မှာ "ဖြည်းဖြည်း၊ သို့သော်သေချာမှုရှိစွာ" အမြစ်တွယ်နေပြီဖြစ်ကြောင်းကို ဖော်ပြသည့် ညွှန်းကိန်းတစ်ရပ်ပင်ဖြစ်သည်။ တပ်မတော်က ဒေါ်အောင်ဆန်း စုကြည်အား သမ္မတမဖြစ်ရန် ပိတ်ပင်ထားသည့်အပြင် တပ်မတော်အတွက် အဓိကဝန်ကြီးဌာန သုံးနေရာ (ကာကွယ်ရေး၊ ပြည်ထဲရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီးဌာနများ) ချန်လှပ်ထားသည့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံ ဥပဒေပြင်ဆင်ရေးကို ပိတ်ပင်ထားနိုင်ကတည်းက အရပ်ဖက်ထိန်းချုပ်မှု ပြည့်ပြည့်ဝဝ ရရှိသည်ဟု မဆိုနိုင်ပေ။

ရခိုင်ပြည်နယ်ရှိ လစ်လပ်အမတ်နေရာများသည် ယခင်လုံခြုံရေးဆိုင်ရာ စိုးရိမ်ချက်များကြောင့် (ရှမ်းပြည်နယ်တွင် ဖြစ်ပွားခဲ့သည့် ကိစ္စရပ်မျိုးကဲ့သို့) မဟုတ်ပါ။ သို့သော် ရခိုင်ပြည်နယ်ရှိအခြေအနေများသည် တင်းမာမှုမြင့် မားလျက်ရှိနေသေးသည်ဟု သတ်မှတ်ရခြင်းမှာ ယင်းဒေသတွင် နေထိုင်သော ရိုဟင်ဂျာလူဦးရေနှင့် စစ်တပ်နှင့် လုံခြုံရေးတပ်ဖွဲ့များက ကျောထောက်နောက်ခံပေးထားသည့် အခြားတိုင်းရင်းသားများအကြား ဖြစ်ပွားနေသည့် လူမျိုးရေးနှင့် ဘာသာရေးပဋိပက္ခကြောင့်ဖြစ်သည်။ ဘင်္ဂလားဒေ့ရှ်နှင့် နယ်စပ်ခြင်းထိစပ်နေသည့် မောင်တော ခရိုင်တွင် ပဋိပက္ခများအများဆုံးဖြစ်ပွားခဲ့ခြင်းနှင့်အတူ ရခိုင်ပြည်နယ်မြောက်ပိုင်း၌ များမကြာမီက တိုက်ခိုက်မှု

များရှိခဲ့သည်။ ရခိုင်သည် ကြားဖြတ်ရွေးကောက်ပွဲ၌ အမ်းမြို့နယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နေရာ တစ်နေရာ၌သာ ပြိုင်ဆိုင်မှုရှိခဲ့ပါသည်။ ကံကောင်းစွာပင် ပဋိပက္ခဇုန်နှင့် အတော်ဝေးသောနေရာ၌ ရွေးကောက်ပွဲ ကျင်းပနိုင်ခဲ့ပြီး ရခိုင်ပြည်နယ်အတွင်း မကြာမီကဖြစ်ပွားခဲ့သည့် ပဋိပက္ခသည် တပ်အင်အား အများအပြားကို ပြည်နယ်နေရာအနှံ့အပြား၌ ထားရှိရသောအဖြစ်သို့ ရောက်ခဲ့ရသည်။

## ရှမ်းပြည်နယ်တွင် လုံခြုံရေးနှင့်ပတ်သက်သော စိုးရိမ်ရမှုများ

ANFREL ၏ စောင့်ကြည့်လေ့လာမှုများအရ တင်းမာမှုများရှိနေသော မိုင်းရှူး၊ ကျေးသီးနှင့် ကျိုင်းတုံမြို့နယ်များ တည်ရှိရာ ရှမ်းပြည်နယ်သည် လုံခြုံရေးအရ စိန်ခေါ်မှုများ ကျယ်ပြန့်မှုအရှိဆုံးပြည်နယ်ဖြစ်သည်။ ဇန်နဝါရီ ၂၁ တွင် တပ်မတော်နှင့် မိုင်းရှူး၊ မိုင်းဆတ်မြို့ များတွင်ရှိသော ရှမ်းပြည်တိုးတက်ရေးပါတီ၏ လက်နက်ကိုင်အဖွဲ့ ဖြစ်သည့် ရှမ်းပြည်တပ်မတော်-မြောက် (SSA-N) တို့အကြား မိုင်းရှူးမြို့၌ တိုက်ပွဲများဖြစ်ပွားခဲ့သည်။ SSA-N သည် ၂၀၁၅ က ရေးထိုးခဲ့သော တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ သဘောတူစာချုပ်တွင် လက်မှတ် ရေးထိုးထားခဲ့ခြင်းမရှိသော လက်နက်ကိုင်အဖွဲ့များထဲမှ တစ်ဖွဲ့ဖြစ်သည်။

အထူးသဖြင့် ရှမ်းပြည်နယ် မိုင်းရှူးမြို့နယ်တွင် ရှမ်းလက်နက်ကိုင်အဖွဲ့က ရဲမှလုံခြုံရေးရယူပေးမှုကို ငြင်းဆန်ခဲ့ ပြီးနောက် ကျေးရွာအုပ်စု (၄) စု (ကွန်ကျိုင်း၊ နောင်အစ်ပ်၊ မော်မေ့ နှင့် ဝမ့်လွိုင်ကျေးရွာများ)ရှိ မဲရုံ (၆) ရုံကို နေရာ သစ်များဆီသို့ ရွှေ့ပြောင်းခဲ့သည်။ ထိုသို့ မဲရုံနေရာများ ရွှေ့ပြောင်းရန် ဆုံးဖြတ်ချက်ကို ပါတီအားလုံး၏ သဘော တူညီချက်ဖြင့် လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။ UEC စည်းမျဉ်းစည်းကမ်းများအရ မဲရုံတစ်ရုံစီတွင် လုံခြုံရေးအတွက် အနည်းဆုံးလူနှစ်ဦးက တာဝန်ယူဆောင်ရွက်ရမည်ဖြစ်ပြီး တစ်ဦးမှာ မဲရုံအပေါက်ဝတွင်ဖြစ်ကာ ကျန်တစ်ဦးက မဲရုံထွက်ပေါက်၌ဖြစ်သည်။ ယင်းမှာ မဲရုံတစ်ရုံစီတွင် လုံခြုံရေးတစ်ဦးသာထားရှိသော ၂၀၁၅ အထွေထွေရွေး ကောက်ပွဲနှင့် မတူညီသောအချက်များထဲမှ တစ်ချက်ဖြစ်သည်။ လုံခြုံရေးတာဝန်ထမ်းဆောင်သူမှာ ရဲတပ်ဖွဲ့မှ ဖြစ်ပြီး ရှမ်းပြည်နယ်မှ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့က ခွင့်ပြုရန်ငြင်းဆန်ခဲ့သည်။ စောင့်ကြည့်လေ့လာသူ၏ တွေ့ဆုံမေးမြန်းမှုအရ အထက်ဖော်ပြပါမဲရုံများတွင် လုံခြုံရေးအတွက် ရဲတပ်ဖွဲ့ရော ရှမ်းပြည်မြောက်ပိုင်း တပ်မတော် (SSA-N) ကဲ့သို့သော လက်နက်ကိုင်အဖွဲ့များမှပါ မည်သူတစ်ဦးတစ်ယောက်ကိုမှမထားရှိရန် ပါတီများအကြား သဘောတူထားကြသည်။

ပဋိပက္ခများ ဆက်လက်ဖြစ်ပွားနေခြင်းကြောင့် ရှမ်းပြည်နယ်ရှိ အချို့သော မြို့နယ်များကို ဒေသခံတိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များက အနည်းဆုံးအားဖြင့် တစိတ်တပိုင်းထိန်းချုပ်ထားကာ အခြားမြို့ နယ်များကိုတော့ မြန် မာ့တပ်မတော်က ထိန်းချုပ်ထားသည်ဟု သိမှတ်ထားသင့်သည်။ လက်နက်ကိုင်အဖွဲ့တစ်ဖွဲ့ချင်းစီက အစောင့်ချ ထားသည့် နေရာများကို မြင်တွေ့ရသည်မှာ သမရိုးကျပင်ဖြစ်သည်။ ရုံဖန်ရံခါတွင် နယ်စပ်များကဲ့သို့ ဖြစ်နေသည့် နေရာများတွင် စစ်ဆေးရေးများနှင့် ဂိတ်များရှိသည်။ ပါတီအားလုံး၏ ဆုံးဖြတ်ချက်ဖြင့် မဲရုံများ၏ တည်နေရာကို ရွှေ့ဆိုင်းခဲ့သည့်တိုင် ပြဿနာများ (အထူးသဖြင့် ရွာသူ၊ ရွာသား များအတွက်) ပေါ်ပေါက်လျက် ရှိနေပါသေး သည်။ လေ့လာစောင့်ကြည့်သူများက ပြုလုပ်သော တွေ့ဆုံမေးမြန်းမှုများအရ ပြည်သူများသည် ယင်းအကြောင်း ကို ၎င်းတို့အား အသိပေးမှုမရှိခဲ့ခြင်းကြောင့် နောက်ဆုံးအချိန်ဆုံးဖြတ်ချက်အပေါ် စောဒကတက်ကြသည်။ သူတို့၏ ကျေးရွာနှင့် ဝေးကွာလွန်းလှသည့် မဲရုံအသစ်များ၏ တည်နေရာကို ရင်းနှီးမှုလည်း မရှိသည့်ပြင် သွားရေး

လာရေးပြဿနာကိုဖြစ်ပေါ်စေခဲ့ပါသည်။ အများစုမှာ ဆင်းရဲကြသဖြင့် ကိုယ်ပိုင်ယာဉ်မရှိသလို၊ အစိုးရသယ်ယူပို့ဆောင်ရေး ဝန်ဆောင်မှုကိုလည်း မရှိပါ။




Map of Shan State
Source: asiapacific.anu.edu.au

ပြောင်းရွှေ့သွားသော မဲရုံနေရာများသို့ ဝေးကွာသည့် နေရာများမှ မဲပေးရန်လာရောက်ကြသော ရွာသူ၊ ရွာသားများအတွက် ရွေးကောက်ပွဲနေ့တွင် သယ်ယူပို့ဆောင်ရေး ဝန်ဆောင်မှုကို UEC က လျင်မြန်စွာ ဖြည့်ဆီးပေးနိုင်ခဲ့ခြင်းအပေါ် အသိအမှတ်ပြုပါသည်။ အနာဂတ်တွင် မဲရုံတည်နေရာများကို ဆုံးဖြတ်ချက်ချရာတွင်၊ အထူးသဖြင့် ပဋိပက္ခနယ်မြေများ၌ ယခုနှစ် ဖြစ်ပွားသွားခဲ့သော နောက်ဆုံးအချိန် ဆုံးဖြတ်ချက်ပြဿနာမျိုးကို ရှောင်ရှားနိုင်ရန် UEC က သတိကြီးစွာ ဆုံးဖြတ်ရန် လိုအပ်သည်မှာ ထင်ရှားပါသည်။ မဲဆန္ဒရှင်ပြည်သူများ၏ ရှုပ်ထွေးမှုနှင့် ဝေးကွာသော မဲရုံများသို့ သွားရောက်ရာတွင် သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုများရရှိရန် လိုအပ်မှုတို့အပြင် ထို့ကဲ့သို့ နောက်ကျသော အပြောင်းအလဲများသည် အလားအလာရှိသော မသမာမှုများ ကျူးလွန်သွားစေနိုင်သည့် နေရာတစ်ခုကို ဖန်တီးလိုက်သလိုဖြစ်စေခဲ့ပါသည်။ ယင်းပြဿနာမျိုး နောင်တကြိမ် မဖြစ်

ပေါ်စေရန် UEC သည် ပဋိပက္ခတွင် ပါဝင်နေသော အဖွဲ့များအားလုံးက သဘောတူညီသည့် ကြားနေဖြစ်သော နေရာများကို မဲရုံနေရာများအဖြစ် ရွေးကောက်ပွဲမတိုင်မီ ကြိုတင်၍ ရွေးချယ်သင့်ပါသည်။

NLD နှင့် USDP ပါတီတို့သည် ထိုနယ်မြေများတွင်ပင် ရွေးကောက်ပွဲမဲဆွယ်စည်းရုံးရန် ခွင့်ပြုချက်ပေးရန် ငြင်းဆန်ခြင်းခံခဲ့ရသည်ကိုလည်း လေ့လာစောင့်ကြည့်သူများက တွေ့ရှိခဲ့ရသည်။ ပါတီနှစ်ခုလုံးသည် လက်နက်ကိုင်အဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ရန် ကျေးရွာခေါင်းဆောင်များထံမှ ခွင့်ပြုချက်တောင်းခံသည့် စာတင်ပြရန် ညွှန်ကြားခြင်းခံခဲ့ရကြောင်းကို ANFREL လေ့လာစောင့်ကြည့်သူအား သတင်းပေးကြသည်။ နောက်ပါတီတစ်ခုဖြစ်သော SNLD သည် ယင်းနေရာ၌ ရွေးကောက်ပွဲမဲဆွယ် စည်းရုံးရေးများပြုလုပ်ရာတွင် အခက်အခဲများ မရှိခဲ့ခြင်းမှာ SSA-N ထိန်းချုပ်ထားသော နေရာများတွင် SNLD က မဲဆွယ်စည်းရုံးရေး ပြုလုပ်နိုင်ကြောင်း SSPP နှင့် SSA-N တို့က ကြေညာချက်ထုတ်ပြန်ခဲ့သောကြောင့်ဖြစ်သည်။ ပါတီနှစ်ခုအား မဲဆွယ်စည်းရုံးခွင့်ကို ပိတ်ပင်ဟန့်တား၍ အခြားပါတီတစ်ခုကို ခွင့်ပြုပေးခြင်းသည် UEC ၏ ဥပဒေစည်းမျဉ်းများနှင့် ရှင်းရှင်းလင်းလင်း ဆန့်ကျင်လျက်ရှိနေပြီး လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲများ၏ မူများကိုလည်း ချိုးဖောက်ခြင်းဖြစ်သည်။ ANFREL သည် ထိုကဲ့သို့သော ရွေးကောက်ပွဲနှုန်းစံများကို ပြောင်းပြောင်းတင်းတင်း ချိုးဖောက်မှုမျိုး နောက်ထပ်ဘယ်သောအခါမှ မဖြစ်ပေါ်ဖို့ မျှော်လင့်မိသလို အနာဂတ်ရွေးကောက်ပွဲများတွင် ပြဿနာကို တင်ပြဖော်ထုတ်ပြီး ပါတီအားလုံးအား နေရာအားလုံးတွင် တံခါးဖွင့်ပေးထားကြောင်း သေချာစေရန် အရေးယူ ဆောင်ရွက်သွားနိုင်ရန် UEC အား တိုက်တွန်းပါသည်။

လေ့လာစောင့်ကြည့်သူများက ရွာသူရွာသားများထံမှ လုံခြုံရေးနှင့်ပတ်သက်၍ စိုးရိမ်မှုများကို ကြားသိမှတ်သားခဲ့ရသော မြို့နယ်များရှိသော်လည်း ယင်းမြို့နယ်များတွင် ယခုနှစ်၌ မည်သည့်ဖြစ်ရပ်မျိုးမှ ပေါ်ပေါက်ခဲ့ခြင်း မရှိခဲ့ပါ။ စိုးရိမ်မှုများသည် ယခင်က ဖြစ်ပွားခဲ့သော (ဥပမာအားဖြင့် ကျိုင်းတုံမြို့) အတွေ့အကြုံများအပေါ် အများစုအခြေခံကာ ပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်။ ကျိုင်းတုံမြို့တွင် USDP သည် ၎င်းတို့ပါတီအား မဲပေးရန် ရွာသူရွာသားများအား ခြိမ်းခြောက်မှုရှိကောင်းရှိနိုင်သည်ဟု စိုးရိမ်မှုများရှိရခြင်းမှာ ၂၀၁၅ ၌ တပ်က USDP အား မထောက်ခံလျှင် ရွာလုံးကျွတ်မီးရှို့မည်ဟု ခြိမ်းခြောက်ခဲ့ခြင်းကြောင့်ဖြစ်သည်။ ပန်ချူကျေးရွာတွင် တပ်အုပ်စုများက USDP ရှုံးခဲ့လျှင် မဲဆန္ဒရှင်များကို လက်တုန့်ပြန်သွားမည်ဟု ခြိမ်းခြောက်သည့်အခါ မဲဆန္ဒရှင်တို့သည် ပြီးခဲ့သည့် ရွေးကောက်ပွဲ၌ ခြိမ်းခြောက်ဖိအားပေးခံရသော သားကောင်များဖြစ်ခဲ့ရသည်။ ထိုကိစ္စရပ်များသည် စိုးရိမ်မှု သို့မဟုတ် တင်းမာမှုကို မြင့်မားစေသော ကိစ္စရပ်များဖြစ်သော်လည်း ထိုသို့သော စိုးရိမ်မှု မျိုးထွက်ပေါ်ခြင်းမရှိသည့် အခြားမြို့နယ်များ၏ မဲလာပေးသည့် ဦးရေနှင့်ယှဉ်ပါက ဤဒေသတွင် မြင့်မားသော မဲလာပေးသည့် ဦးရေရှိသည်ကို တွေ့ရခြင်းကြောင့် ထိုကိစ္စရပ်များသည် ရလဒ်များအပေါ် အနည်းငယ်သာ လွှမ်းမိုးနိုင်သည် သို့မဟုတ် လုံးဝလွှမ်းမိုးနိုင်မှု မရှိဆိုသည်ကို ANFREL က ယုံကြည်သည်။

## တပ်ရင်းတပ်ဖွဲ့များအတွင်းမှ မဲရုံများ

တပ်ရင်းများအတွင်းရှိ မဲရုံများသည် တပ်မတော်က ရွေးကောက်ပွဲများကို လွှမ်းမိုးရန် ကြိုးစားနေသေးခြင်း ရှိ၊ မရှိနှင့်ပတ်သက်၍ ပိုမိုစိုးရိမ်ရသော အစိတ်အပိုင်းတစ်ရပ်အဖြစ် ထည့်သွင်းစဉ်းစားရန် လိုအပ်သည့် ကိစ္စတစ်ရပ်လည်းဖြစ်သည်။ ယခုနှစ်တွင် ရှမ်း၊ ရန်ကုန်၊ ရခိုင်၊ မွန်၊ ပဲခူးနှင့် စစ်ကိုင်းတို့တွင် တပ်ရင်းများ၌ မဲရုံ ၂၇ ရုံရှိရာ ၁၃ ရုံမှာ ရခိုင်ဒေသတွင်ဖြစ်သည်။

| ပြည်နယ်/ တိုင်းဒေသကြီး | မြို့နယ် | မဲရုံတည်နေရာ | ရပ်ကွက်/ကျေးရွာအုပ်စု | မဲရုံနံပါတ် |
|---|---|---|---|---|
| ရှမ်း | ကျိုင်းတုံ | ထပရ (၉၃၂) ၊ ထောက်ပို့ တပ်ရင်း | ရပ်ကွက် အမှတ် (၁) | ၆ |
| ရှမ်း | ကျိုင်းတုံ | ခမရ (၅၂၉)၊ ခြေမြန်တပ်ရင်း | ရန်လောကျေးရွာအုပ်စု | ၅ |
| ရှမ်း | ကျိုင်းတုံ | မစခ (၉၀၉)၊ အမြောက်တပ် စစ်ဆင်ရေးကွက်ကဲမှု | မိုင်းခွန်ကျေးရွာအုပ်စု | ၅ |
| ရန်ကုန် | လှိုင် | တပ်ထိန်း (၁) | ရပ်ကွက်အမှတ် (၁၄)၊ အုတ်ကျင်း၊ သမိုင်း။ | ၅ |
| ရန်ကုန် | လှိုင် | တပ်ထိန်း (၃) | ရပ်ကွက်အမှတ် (၁၅) အုတ်ကျင်း၊ သမိုင်း။ | ၃ |
| ရန်ကုန် | လှိုင် | တပ်ထိန်း (ရာဇဝတ်မှု ဖော်ထုတ်ရေး အကူတပ်) | ရပ်ကွက် အမှတ် (၁၅) အုတ်ကျင်း၊ သမိုင်း။ | ၄ |
| ရန်ကုန် | လှိုင်သာယာ | ခမရ (၅၃၂)၊ ခြေမြန်တပ်ရင်း | နှောင်ကျေးရွာ | ၁၁ |
| ရခိုင် | အမ်း | ဆအရ (၉၁၉)၊ ဆက်သွယ်ရေးအင်ဂျင်နီယာ တပ်ရင်း | ဇေရပ်ကွက် | ၄ |
| ရခိုင် | အမ်း | လလစ (၇၅၇)၊ လျှပ်စစ်နှင့် စက်မှု အင်ဂျင်နီယာတပ်စိတ် | အမ်းတောင်ကျေးရွာ အုပ်စု | ၄ |
| ရခိုင် | အမ်း | ခမရ (၃၇၀)၊ ခြေမြန်တပ်ရင်း | အမ်းတောင်ကျေးရွာ အုပ်စု | ၅ |
| ရခိုင် | အမ်း | နပခ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် | အမ်းမြောက်ကျေးရွာအုပ်စု | ၅ |
| ရခိုင် | အမ်း | အစရ (၈) | အမ်းမြောက်ကျေးရွာအုပ်စု | ၆ |
| ရခိုင် | အမ်း | အမတ (၃၇၄) အမြောက်တပ် စစ်ဆင်ရေး ကွပ်ကဲမှု | အမ်းမြောက်ကျေးရွာ အုပ်စု | ၇ |
| ရခိုင် | အမ်း | စနခ (၃၄၅) ၊ ခဲယမ်းမီး ကျောက်တပ် | အမ်းမြောက်ကျေးရွာအုပ်စု | ၈ |
| ရခိုင် | အမ်း | စရဖ (နပခ)၊ ထောက်လှမ်း ရေးတပ်၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် | အမ်းမြောက်ကျေးရွာအုပ်စု | ၉ |

| | | | | |
|---|---|---|---|---|
| ရခိုင် | အမ်း | ဒစရ (၂/၃၀၀) ဒေသစစ်ဆင်ရေးတပ် | အမ်းမြောက်ကျေးရွာအုပ်စု | ၁၀ |
| ရခိုင် | အမ်း | ခမရ (၃၇၃)၊ ခြေမြန်တပ်ရင်း | အမ်းမြောက်ကျေးရွာ အုပ်စု | ၁၁ |
| ရခိုင် | အမ်း | ထပခ (၉၂၆) ထောက်ပို့တပ် | လုံးကောက်ကျေးရွာ အုပ်စု | ၆ |
| ရခိုင် | အမ်း | ခမရ (၃၇၂)၊ ခြေမြန်တပ်ရင်း | လုံးကောက်ကျေးရွာ အုပ်စု | ၇ |
| ရခိုင် | အမ်း | စလအတပ်ခွဲ (၉၄၆)၊ အင်ဂျင်နီယာ တပ်ခွဲ | လုံးကောက်ကျေးရွာ အုပ်စု | ၈ |
| မွန် | ချောင်းဆုံ | ရေတပ်သဘော်တပ်စိတ် - ၄၆ | အရှေ့ချောင်းဆုံရပ်ကွက် | ၂ |
| ပဲခူး | ညောင်လေးပင် | ခမရ (၂၀)၊ ခြေမြန်တပ်ရင်း | ရပ်ကွက်အမှတ် (၃) အထက်တန်းကျောင်း | ၂ |
| စစ်ကိုင်း | မုံရွာ | ခမရ (၁၆)၊ ခြေလျင်တပ်ရင်း | အောင်ချောင်းသာရပ်ကွက် မူလတန်း (၁၉) | ၂ |
| စစ်ကိုင်း | မုံရွာ | တစခ - ဒေသစစ်ဆင်ရေး | အိုးဘိုတောင်ရပ်ကွက်၊ မူလတန်းကျောင်း (၃၇) | ၁ |
| စစ်ကိုင်း | မုံရွာ | နမခ (အနောက်မြောက်ပိုင်း စစ်ဌာန ချုပ်) | ဇန္ဒူလရပ်ကွက် | ၂ |
| စစ်ကိုင်း | မုံရွာ | နမခ (အနောက်မြောက်ပိုင်း စစ်ဌာနချုပ်) | ဇန္ဒူလရပ်ကွက်၊ အားကစားခန်းမ | ၃ |
| စစ်ကိုင်း | မုံရွာ | အစရ (၁၂) | ဇန္ဒူလရပ်ကွက် | ၄ |

၂၀၁၅ နှင့်မတူဘဲ UEC သည် နိုင်ငံတကာနှင့် ပြည်တွင်းရွေးကောက်ပွဲ လေ့လာစောင့်ကြည့်သူများနှင့် ပါတီကိုယ်စားလှယ်များအား တပ်ရင်းများ၌ မဲပေးခြင်းလုပ်ငန်းစဉ်၊ ကြိုတင်မဲပေးခြင်းနှင့် ရွေးကောက်ပွဲနေ့ မဲပေးခြင်းအပါအဝင်ကို တရားဝင်စောင့်ကြည့်လေ့လာခွင့်ပေးခဲ့သည်။ တပ်ရင်း ၁၅ ခုရှိ မဲရုံများသည် ကောင်းမွန်စွာဖွဲ့စည်းထားခြင်းဖြစ်ပြီး ထိထိရောက်ရောက်ဆောင်ရွက်နိုင်သည်ကို ANFREL လေ့လာစောင့်ကြည့်သူများ တွေ့မြင်ခဲ့ရသည်။ မှတ်သားလောက်ဖွယ် တိုးတက်လာသော တပ်ရင်းအတွင်းမှ မဲရုံများ၏ ပွင့်လင်းမြင်သာမှုကို အလေးထားအသိအမှတ်ပြုသော်လည်း ဖော်ထုတ်ရန်လိုအပ်သည့် ကိစ္စရပ်အချို့ ရှိပါသည်။ ပထမတစ်ခုမှာ "ထိန်းချုပ်နေရာများအဖြစ်" သတ်မှတ်ခြင်းခံထားရသည့် တပ်ရင်းများအတွင်းတွင် မဲရုံများထားရှိရန် ဆုံးဖြတ်ချက်သည် လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲများဖြစ်ရေးအတွက် နိုင်ငံတကာက သတ်မှတ်ထားသည့် စံချိန်စံညွှန်းများနှင့် မကိုက်ညီပေ။ ဒုတိယတစ်ခုမှာ ရွေးကောက်ပွဲဆိုင်ရာစီမံခန့်ခွဲသူအချို့သည် တပ်မှူး၏ ဆုံးဖြတ်

ချက်အပေါ်မူတည်၍ တပ်ရင်းများအတွင်း မဲဆွယ်စည်းရုံးခွင့် သို့မဟုတ် မဲဆန္ဒရှင်ပညာပေးလုပ်ငန်းများကို ဆောင်ရွက်ကြရခြင်းဖြစ်သည်။

တပ်မတော်၏ အခန်းကဏ္ဍကို သုံးသပ်၍ရနိုင်သည့် နောက်ထပ်ရှုဒေါင့်တစ်ခုမှာ တပ်ရင်းတပ်ဖွဲ့များစွာ ချထားသော နေရာများမှ ထွက်ပေါ်လာသော ကြားဖြတ်ရွေးကောက်ပွဲရလဒ်နှင့် တပ်ဖွဲ့ဝင်အင်အား ပို၍နည်းပါးစွာ ချထားသော နေရာများ၏ ကြားဖြတ်ရွေးကောက်ပွဲရလဒ်များကို နှိုင်းယှဉ်ဖော်ပြချက်မှတဆင့်ဖြစ်သည်။ တပ်ဖွဲ့အင်အားများစွာ ချထားသောနေရာများတွင် တပ်မဟာမိတ်ဖြစ်သော USDP က အနိုင်ရလိမ့်မည်ဟု လေ့လာသုံးသပ်သူများက ခန့်မှန်းကြသည်။ လစ်လပ်မဲဆန္ဒနယ် စုစုပေါင်း ၁၉ နေရာအနက် NLD က ၁၁ နေရာနှင့် USDP က ၂ နေရာအနိုင်ရခဲ့သော နေရာများဖြစ်ကာ ၃ နေရာမှာ လုံခြုံရေးအကြောင်းပြချက်များကြောင့် လစ်လပ်ခြင်းဖြစ်သည်။ ယခင်က USDP အနိုင်ရရှိခဲ့သော လစ်လပ်နေရာ ၂ နေရာမှာ ရခိုင်ပြည်နယ်ရှိ ပြည်သူ့လွှတ်တော်နေရာနှင့် ရှမ်းပြည်နယ် ကျိုင်းတုံမြို့နယ်ရှိ ပြည်နယ်လွှတ်တော်နေရာတို့ဖြစ်သည်။ ၂၀၁၇ တွင် USDP သည် ပြည်နယ်လွှတ်တော်၌ ထပ်မံအနိုင်ရရှိအောင် ဆောင်ရွက်ခြင်းဖြင့် ကျိုင်းတုံမြို့နယ်ရှိ ၎င်းတို့၏ နေရာကို ထိန်းသိမ်းထားနိုင်ခဲ့ပြီး၊ လူအများ၏ မျှော်လင့်ထားချက်များနှင့် ကွဲပြားစွာ တပ်အင်အားများစွာ ချထားခြင်းမရှိသော မွန်ပြည်နယ်ရှိ ပြည်သူ့လွှတ်တော်နေရာကို (ချောင်းဆုံမြို့နယ်) အနိုင်ရရှိခဲ့သည်။ သို့သော် ယင်းဒေသသည် NLD က မိုလ်ချုပ်အောင်ဆန်းအမည်ဖြင့် တံတားအမည်ပေးအပ်ခြင်းနှင့်ပတ်သက်၍ မကြာမီက အငြင်းပွားဖွယ်အခြေအနေများ ဖြစ်ပေါ်ခဲ့သော နေရာဖြစ်သည်။

SNLD သည်  ပြည်နယ်ကြားဖြတ်ရွေးကောက်ပွဲ၌ ကျေးသီးနှင့် မိုင်းရှူးမြို့နယ်များရှိ မဲဆန္ဒနယ် ၆ ခုစလုံးကို အနိုင်ရရှိခဲ့ရာ အာဏာရ NLD ပါတီ၏ ကိုယ်စားလှယ်များကိုကျော်လွန်၍ တောင်ပြိုကမ်းပြို အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ SNLD သည် မြန်မာအစိုးရနှင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ် ချုပ်ဆိုထားသော လက်နက်ကိုင်အဖွဲ့များနှင့်သာမက လက်မှတ်ရေးထိုးထားခြင်းမရှိသော အဖွဲ့များနှင့်ပါ ဆက်ဆံရေးကောင်းသည်။ အမ်းမြို့နယ်တွင်း မဲဆန္ဒရှင်များသည် ရခိုင်အမျိုးသားပါတီ (ANP) ကို ထောက်ခံခဲ့ကြပြီး ANP သည် အမ်းမြို့နယ်တွင် ကိုယ်စားလှယ်နေရာတစ်နေရာ အနိုင်ရရှိခဲ့သည်။

နိဂုံးချုပ်အားဖြင့်ဆိုရလျှင် တပ်မတော်က ရွေးကောက်ပွဲလုပ်ငန်းစဉ်တွင် ကြားဖြတ်ဝင်ရောက်ဟန့်တားမှု မရှိခြင်းနှင့်အတူ ယေဘုယျအခြေအနေသည် လွတ်လပ်၍ တရားမျှတသော ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပပြုလုပ်နိုင်ခဲ့သည့် အခြေအနေကောင်းမျိုးဖြစ်ခဲ့ရာ မြန်မာနိုင်ငံ၏ ဒီမိုကရေစီအတွက် ရှင်းရှင်းလင်းလင်းကို အပေါင်းလက္ခဏာ ဆောင်စေခဲ့ပါသည်။

## အမျိုးသမီးများ၏ ပါဝင်မှု

မြန်မာနိုင်ငံသည် ရာစုနှစ်ထက်ဝက်နီးပါးလောက် စစ်အာဏာရှင်အုပ်ချုပ်မှု၏ ဖိနှိပ်မှုဒဏ်ကို ခံစားခဲ့ရသည်။ ဒေါ်အောင်ဆန်းစုကြည် (လေးစားစွာဖြင့် "Lady" ဟု ရည်ညွှန်းကြသော) က နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်ဖြစ်လာပြီး သူမ၏ NLD ပါတီသည် ၂၀၁၅ ၌ လွှတ်တော်ကိုယ်စားလှယ်နေရာအများစု အနိုင်ရရှိစဉ်ကတည်းက အမျိုးသမီးများမှာ ရွေးကောက်ပွဲနှင့် နိုင်ငံရေးတွင် ပိုမိုပါဝင်လာလိမ့်မည်ဆိုသည့် မြင့်မားသော မျှော်လင့်ချက်တစ်ခုဖြစ်ထွန်းလာခဲ့သည်။ နိုင်ငံ၏ နိုင်ငံရေးနှင့် ဆုံးဖြတ်ချက်ချမှတ်ခြင်းလုပ်ငန်းစဉ်တွင် အမျိုးသမီးများရော၊ အမျိုး

သားများပါ တက်ကြွစွာ ပြည့်ပြည့်ဝဝ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန်ဆိုသည်မှာ အရေးကြီးလှပါသည်။ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုဘဝ အခန်းကဏ္ဍအားလုံးတွင် အမျိုးသားများနှင့် အမျိုးသမီးများတန်းတူအခွင့်အရေး ရရှိမှု၊ ခွဲခြားဆက်ဆံခြင်း မရှိမှုတို့သည် အခြေခံလူ့အခွင့်အရေးဆိုင်ရာ မူများဖြစ်ကြသည်။[39]

၂၀၁၇ နှင့် ၂၀၁၅ အကြား ကြားဖြတ်ရွေးကောက်ပွဲ မဲဆန္ဒနယ်များရှိ အမျိုးသမီးကိုယ်စားလှယ် ရာခိုင်နှုန်းကို နှိုင်းယှဉ်ကြပါက ၂၀၁၅ တွင် ၂၂.၅ ရာခိုင်နှုန်း (အမျိုးသမီးကိုယ်စားလှယ်လောင်း ၁၈ ဦး နှင့် အမျိုးသားကိုယ်စားလှယ်လောင်း ၆၂ ဦး) ရှိရာမှ ၂၀၁၇ တွင်၂၀.၅ ရာခိုင်နှုန်း (အမျိုးသမီးကိုယ်စားလှယ်လောင်း ၁၆ ဦးနှင့် အမျိုးသားကိုယ်စားလှယ်လောင်း ၇၈ ဦး) အထိ လျော့ကျသွားခဲ့သည်။ ရန်ကုန်တိုင်းဒေသကြီးတွင် အမျိုးသမီးကိုယ်စားလှယ်လောင်းတစ်ဦးသည် တစ်သီးပုဂ္ဂလအဖြစ် ဝင်ရောက်ယှဉ်ပြိုင်စဉ်တွင် NLD သည် အမျိုးသမီးကိုယ်စားလှယ်လောင်းနှစ်ဦးကိုသာ ဝင်ရောက်ယှဉ်ပြိုင်စေခဲ့သည်။ တစ်ဦးမှာ ရန်ကုန်တိုင်းဒေသကြီးမှ ပြည်သူ့လွှတ်တော်အတွက် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သူဖြစ်ပြီး ကျန်တစ်ဦးမှာ ပဲခူးတိုင်းဒေသကြီးမှ အမျိုးသားလွှတ်တော်အတွက် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သူဖြစ်သည်။ SNDP သည် ရှမ်းပြည်နယ်တစ်ပြည်နယ်လုံးတွင် အမျိုးသမီးကိုယ်စားလှယ် ငါးဦးကို ဝင်ရောက်ယှဉ်ပြိုင်ရန် ရွေးချယ်ခဲ့သည်။ (ဇယားကိုကြည့်ပါ။)

၂၀၁၇ တွင် အမျိုးသမီးကိုယ်စားလှယ် ၁၆ ဦးရှိသည့်အနက် အမျိုးသားလွှတ်တော်တွင် ၂ နေရာသာ အနိုင်ရရှိခဲ့သည်။ ပဲခူးမှ (ဒေါ်စန်းစန်းမြင့်- NLD) နှင့် မိုင်းရှူးမြို့နယ်မှ (နန်းကောင်းခမ်း-SNLD) တို့ဖြစ်သည်။ ၂၀၁၅ အထွေထွေရွေးကောက်ပွဲတွင် ယင်းမဲဆန္ဒနယ်များမှ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် အမျိုးသားကိုယ်စားလှယ်ဦးရေသည် ၆၂ ဦးရှိရာမှ ၂၀၁၇ ကြားဖြတ်ရွေးကောက်ပွဲတွင် ၇၈ ဦးထိ မြင့်မားလာကြောင်း IFES ၏ ကနဦးအချက်အလက်များတွင် ဖော်ပြထားသည်။ ပို၍ မညီမမျှဖြစ်လာသည့် ကျား၊မ ကိုယ်စားလှယ်လောင်းဦးရေနှင့် ပြောင်းပြန်ဖြစ်နေသည်မှာ မဲပေးရန် အမည်စာရင်းတင်သွင်းခဲ့သည့် အမျိုးသမီးမဲဆန္ဒရှင်ဦးရေသည် (အမည်စာရင်းတင်သွားထားသည့် မဲဆန္ဒရှင်စုစုပေါင်း၏ ၅၂.၉ ရာခိုင်နှုန်း) အမျိုးသားမဲဆန္ဒရှင်ဦးရေထက် (၄၇.၁ ရာခိုင်နှုန်း) ပို၍များပြားခဲ့သည်။

ယင်းမှာ အမျိုးသမီးမဲဆန္ဒရှင်များကလည်း အမျိုးသားကိုယ်စားလှယ်လောင်းများကို ရွေးချယ်သည်ဟု ဖော်ပြနေသည့်နည်းတူ ၎င်းအရေအတွက်သည် နိုင်ငံရေးတွင် အမျိုးသမီးများပါဝင်မှုကို ပြသနေသော သတိပေးခေါင်းလောင်းဖြစ်သည်။ NLD သည် ယခုနှစ်ကြားဖြတ်ရွေးကောက်ပွဲတွင် ကိုယ်စားလှယ်လောင်း ၁၈ ဦးအနက် ၂ ဦးကိုသာ အမျိုးသမီးကိုယ်စားလှယ်လောင်းအဖြစ် ရွေးချယ်ခြင်းအတွက် ဝေဖန်မှုများခံခဲ့ရသည်။ အမျိုးသမီးတစ်ဦးက NLD ပါတီကို ဦးဆောင်သည်ဆိုသော်ငြားလည်း အမျိုးသမီး ကိုယ်စားလှယ်လောင်း နှစ်ဦးကိုသာ ရွေးချယ်ခြင်းက အမျိုးသမီးကိုယ်စားလှယ်လောင်းဦးရေနည်းပါးမှုကို တစ်စိတ်တစ်ပိုင်းအားဖြင့် ဖော်ပြနေခြင်းဖြစ်သည်။

အမျိုးသမီးကိုယ်စားလှယ်များ ပါဝင်မှုနှုန်းနည်းပါးမှုကို လွှတ်တော်အတွင်း၌ တပ်မတော်က ရယူထားသည့် ကိုယ်စားလှယ်ဦးရေ အချိုးအစားတွင်လည်း တွေ့ရှိနိုင်ပါသည်။ ၂၀၁၅ အထွေထွေရွေးကောက်ပွဲနောက်ပိုင်း တပ်က ခန့်အပ်သည့် အမျိုးသမီးကိုယ်စားလှယ် ၃ ဦးသာရှိပါသည်။ တပ်အဖွဲ့အစည်းများသည် ဒီမိုကရေစီပို၍

[39] ၁၉၄၈ တစ်ကမ္ဘာလုံးဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်း

ထွန်းကားပြီး ကျား၊မ တန်းတူညီမျှမှုပိုရှိသော နိုင်ငံများတွင်ပင်လျှင် ဖိုဝါဒကြီးစိုးသော ခိုင်မာသည့် သမိုင်းကြောင်းရှိကြသည်။[40] အမျိုးသမီးအရေးတက်ကြွလှုပ်ရှားသူများကို တွေ့ဆုံမေးမြန်းမှုများ ပြုလုပ်ခဲ့ရာ ဖြေကြားသူတစ်ဦးက မြန်မာအမျိုးသမီးများသည် ကိုယ်စားလှယ်လောင်းများအဖြစ် ဝင်ရောက်ယှဉ်ပြိုင်ရန် စွမ်းဆောင်ရည်မရှိဟု သတ်မှတ်ခြင်းမှာ မမျှတကြောင်းနှင့် စွမ်းဆောင်ရည်မရှိသော အမျိုးသားကိုယ်စားလှယ်များကိုပင် ကိုယ်စားလှယ်အဖြစ်လက်ခံကာ ရွေးကောက်တင်မြောက်ကြသေးကြောင်း ရှင်းလင်းပြောကြားသွားခဲ့သည်။ အစဉ်လာအားဖြင့် အချို့သော လုပ်ငန်းစားများတွင် အမျိုးသမီးများသည် လူမှုရေးနှင့် စီးပွားရေး အဆင့်အတန်းမြင့်မားသော နေရာများတွင်ရှိကြသော်လည်း အစိုးရနှင့် အစိုးရတာဝန်ထမ်းဆောင်မှုများတွင်မူ ကိုယ်စားပြုပါဝင်မှုမှာ နည်းပါးလျက်ရှိနေပါသည်။ နိုင်ငံ၏ အဖွဲ့အစည်းများ အားလုံးတွင် အမျိုးသမီးများ ပိုမိုပါဝင်လာမှုကို မြန်မာ့ဒီမိုကရေစီအတွက် ယုတ္တိကျသော နောက်အဆင့် တစ်ဆင့်အဖြစ် ANFREL က ရှုမြင်ထားသည်။ ထိုသို့ဖြစ်ရန်အတွက် မြန်မာအစိုးရနှင့် အရပ်ဖက်လူ့အဖွဲ့အစည်းများထံတွင် ခိုင်မာသော သန္နိဋ္ဌာန်ရှိရန် လိုအပ်ပါလိမ့်မည်။

မြန်မာနိုင်ငံသည် ကိုယ်စားလှယ်များ ရွေးချယ်ရာတွင် အနိုင်ရသူ အကုန်ယူသည့် (FPTP) စနစ်ကို ကျင့်သုံးသည်။ ယေဘူယျအားဖြင့် အချိုးကျရွေးကောက်ခြင်းစနစ်များသည် အမျိုးသမီးများရွေးကောက်ခံခြင်းနှင့် ကျား၊မ အချိုးသဘောတရားကို ဖော်ဆောင်ရာတွင် FPTP စနစ်များထက် ပို၍အထောက်အကူပြုသည်။[41] IFES အဆိုအရ မဲဆန္ဒနယ်တစ်ခုစီအတွက် ကိုယ်စားလှယ်နေရာ တစ်နေရာသာ ပေးအပ်ထားသော နိုင်သူအကုန်ယူစနစ်တွင် နိုင်ငံရေးပါတီများသည် အမျိုးသမီးများကို ကိုယ်စားလှယ်လောင်းများအဖြစ် ရွေးချယ်ချင်းထက် အမျိုးသားများကိုသာ ရွေးချယ်အမည်စာရင်းတင်သွင်းခြင်းက ပို၍စိတ်ချရသည်ဟု မြင်နေသောကြောင့်ဖြစ်သည်။[42] အမှန်စင်စစ် FPTP ရွေးကောက်ပွဲ စနစ်တွင် အမျိုးသမီးကိုယ်စားလှယ်လောင်းဦးရေ မြင့်မားလာတိုင်း ရွေးကောက်ခံ အမျိုးသမီးဦးရေ များပြားသွားမည်မဟုတ်ပါ။ ၂၀၁၇ ကြားဖြတ်ရွေးကောက်ပွဲ၌ ယင်းသဘောတရားမှာ မှန်ကန်ခဲ့ပါသည်။ အဓိကပါတီကြီးများက အမျိုးသားကိုယ်စားလှယ်လောင်းများကိုသာ ပို၍ရွေးချယ်ကြပြီး အမျိုးသမီးကိုယ်စားလှယ်လောင်း ၁၇.၇ ရာခိုင်နှုန်း တိုးမြင့်ခဲ့သော်လည်း ယင်းကြားဖြတ်ရွေးကောက်ပွဲတွင် ကိုယ်စားလှယ်လောင်း အားလုံးအနက် ၂ ဦးသာ အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ တစ်ဦးမှာ အမျိုးသားလွှတ်တော်အတွက် ပဲခူးတိုင်းဒေသကြီးမှ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သော ဒေါ်စန်းစန်းမြင့် (NLD) ဖြစ်ပြီး ကျန်တစ်ဦးမှာ ပြည်သူ့လွှတ်တော်အတွက် ရှမ်းပြည်နယ် မိုင်းရှူးမြို့နယ်မှ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သော နန်းကောင်းခမ်း (SNLD) ဖြစ်သည်။[43]

---

40 ကျား၊မ နှင့် စစ်တပ် လူမှုဗေဒ။ Donna Winslow, ဆွီဒင်အမျိုးသားကာကွယ်ရေးကောလိပ် (သို့) ခေါင်းဆောင်မှုနှင့် စီမံခန့်ခွဲမှုဌာန

41 ကုလသမဂ္ဂ ငြိမ်းချမ်းရေး ထိန်းသိမ်းမှု လုပ်ငန်းများ၊ "ပဋိပက္ခအလွန် ရွေးကောက်ပွဲဖြစ်စဉ်များ၌ အမျိုးသမီးများ ၏ အခန်းကဏ္ဍကို မြှင့်တင်ခြင်းအပေါ် ပူတွဲလမ်းညွှန်မှုများ

42 ကျား၊မ တန်းတူညီမျှရေးနှင့် ရွေးကောက်ပွဲဆိုင်ရာ စီမံခန့်ခွဲမှု အဖွဲ့အစည်းများ - အကောင်းဆုံးလက်တွေ့ ကျင့်သုံးမှု လမ်းညွှန်ချက်၊ ရွေးကောက်ပွဲဆိုင်ရာ စနစ်များအတွက် အပြည်ပြည်ဆိုင်ရာ ဖောင်ဒေးရှင်း၊ ၂၀၁၄

43 http://uecmyanmar.org/images/stories/photo/news_photos/27-4-2017/amyothar.pdf

| အမည် | ပါတီ/တစ်သီးပုဂ္ဂလ | ပြည်နယ်/ တိုင်း ဒေသကြီး | လွှတ်တော် | မဲဆန္ဒနယ် |
|---|---|---|---|---|
| ဒေါ်ခင်မာလာ | အမျိုးသားဒီမိုကရေစီအင်အားစု | ရန်ကုန် | ပြည်သူ့ | ဒဂုံမြို့သစ် (အရှေ့) |
| ဒေါ်ဥမ္မာတင် | ဒီမိုကရက်တစ်ပါတီ(မြန်မာ) | ရန်ကုန် | ပြည်သူ့ | ဒဂုံမြို့သစ် (အရှေ့) |
| ဒေါ်ခင်ခင်လင်း | မြန်မာတောင်သူလယ်သမား ဖွံ့ဖြိုးတိုးတက်ရေးပါတီ | ရန်ကုန် | ပြည်သူ့ | ကော့မှူး |
| ဒေါ်စိန်ကျော့န | ဒီမိုကရက်တစ်ပါတီ (မြန်မာ) | ရန်ကုန် | ပြည်သူ့ | ကော့မှူး |
| ဒေါ်နီလာစိုးတင့် | မြန်မာအမျိုးသားကွန်ဂရက်ပါတီ | ရန်ကုန် | ပြည်သူ့ | ကော့မှူး |
| နန်းတင်ဦး | ရှမ်းအမျိုးသားဒီမိုကရက်တစ်ပါတီ | ရှမ်း | ပြည်သူ့ | ကျေးသီး |
| နန်းခမ်းရင်အောင် | ရှမ်းအမျိုးသားဒီမိုကရက်တစ်ပါတီ | ရှမ်း | ပြည်သူ့ | မိုင်းရှူး |
| Daw Za Tlem (Pi Za Tlem) | ချင်းအမျိုးသားတိုးတက်ရေးပါတီ | ချင်း | အမျိုးသား | မဲဆန္ဒနယ် အမှတ် (၃) |
| ဒေါ်စန်းစန်းမြင့် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ပဲခူး | အမျိုးသား | မဲဆန္ဒနယ် အမှတ် (၄) |
| ဒေါ်နီလာအုန်း (ခေါ်) ဒေါ်ထိုက်အိန္ဒြေဦး | တစ်သီးပုဂ္ဂလ | ရန်ကုန် | အမျိုးသား | မဲဆန္ဒနယ် အမှတ် (၆) |
| နန်းနွေးနွေး | ရှမ်းအမျိုးသားဒီမိုကရက်တစ်ပါတီ | ရှမ်း | ပြည်နယ် | ကျေးသီး မဲဆန္ဒနယ် (၁) |
| နန်းမွန်းအောင် | ရှမ်းအမျိုးသားဒီမိုကရက်တစ်ပါတီ | ရှမ်း | ပြည်နယ် | ကျေးသီး မဲဆန္ဒနယ် (၂) |
| နန်းစံဦး | ရှမ်းအမျိုးသားဒီမိုကရက်တစ်ပါတီ | ရှမ်း | ပြည်နယ် | မိုင်းရှူး မဲဆန္ဒနယ် (၁) |
| နန်းကောင်းခမ်း | ရှမ်းအမျိုးသားဒီမိုကရက်တစ်ပါတီ | ရှမ်း | ရှမ်း | မိုင်းရှူး မဲဆန္ဒနယ် (၂) |
| နန်းဆင့်ခမ်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ရှမ်း | ပြည်နယ် | မိုင်းရှူး မဲဆန္ဒနယ် (၂) |

| | | | | |
|---|---|---|---|---|
| ဒေါ်နတာလီနာ (ခေါ်) ယာမိ | အခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ရှမ်း | ပြည်နယ် | ကျိုင်းတုံ မဲဆန္ဒနယ် (၂) |

ရွေးကောက်ခံအမျိုးသမီးကိုယ်စားလှယ်ဦးရေမြင့်မားစေရန် ပြုလုပ်နိုင်သော နည်းလမ်းများတော့ရှိပါသည်။ ပထမတစ်ခုမှာ အမျိုးသမီးများအတွက် "သီးခြားချန်လှပ်ထားသော ကိုယ်စားလှယ်နေရာများ" နည်းလမ်းကို အသုံးပြု၍ ဥပဒေပြုရေးတွင် အမျိုးသမီးများ အချိုးအစားတစ်ရပ် ပါဝင်နိုင်ဖို့ကို အာမခံပေးရန်ဖြစ်သည်။ အခြားတစ်ခုမှာ အချိုးကျကိုယ်စားပြုမှုစနစ်ကို အသုံးပြုရန်ဖြစ်ပြီး ပါတီများအား ၎င်းတို့၏ ကိုယ်စားလှယ်လောင်းစာရင်းတွင် အနည်းဆုံး အမျိုးသမီးကိုယ်စားလှယ်အချိုးအစားကို ထည့်သွင်းသတ်မှတ်၍ယှဉ်ပြိုင်သွားရေး တောင်းဆိုရန်ဖြစ်သည်။ ယေဘုယျအားဖြင့် အထက်ပါနည်းလမ်းနှစ်ခုကို နိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေ နှင့်/သို့မဟုတ် ရွေးကောက်ပွဲဆိုင်ရာ ဥပဒေများတွင် ထည့်သွင်းကာ ရွေးကောက်ပွဲဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့မှ အကောင်အထည်ဖော်ဆောင်ရွက်ရန်ဖြစ်သည်။ ထိုသို့သော ရွေးကောက်ပွဲဥပဒေဆိုင်ရာ လိုအပ်ချက်များ ရှိနေသော မြန်မာနိုင်ငံကဲ့သို့ နိုင်ငံတစ်နိုင်ငံတွင် "ဆန္ဒအလျောက် ခွဲတမ်းပေးခြင်း" နည်းလမ်းကို အသုံးပြုခြင်းသည် အောင်မြင်နိုင်သည့် အကောင်းဆုံးနည်းလမ်းတစ်ရပ် ဖြစ်နိုင်ပါသည်။ ဆန္ဒအလျောက် ခွဲတမ်းပေးသည့် နည်းလမ်းကို အသုံးပြုခြင်းဖြင့် နိုင်ငံရေးပါတီများက ၎င်းတို့၏ ကိုယ်စားလှယ်လောင်းစာရင်းများ၌ ခွဲတမ်းအရ အမျိုးသမီးကိုယ်စားလှယ်လောင်းအမည်စာရင်းကို မြင်တွေ့နိုင်ပြီး ပါတီတစ်ခုချင်းစီ၏ အနည်းဆုံးအမျိုးသမီးကိုယ်စားလှယ်လောင်း ဦးရေအပေါ် ဆုံးဖြတ်သတ်မှတ်ချက် နှင့်ပတ်သက်၍ ပါတီတွင်းလုပ်ထုံးလုပ်နည်းများကိုပါ သိရှိရပါလိမ့်မည်။

ပို၍ကျယ်ပြန့်စွာ ကြည့်ပါက အမျိုးသမီးများအတွက် အခွင့်အရေးများပိုမိုပေးအပ်သော ရွေးကောက်ပွဲဆိုင်ရာ စနစ်တစ်ရပ်ကို တိုးတက်မှုများရှိအောင် ဆောင်ရွက်ခြင်းသည် အစကောင်းပင်ဖြစ်ပါလိမ့်မည်။ လွှတ်တော်အတွင်း၌ အမျိုးသမီးများကိုယ်စားပြုမှုကို အာမခံပေးသည့် နိုင်ငံရေးစိတ်ဆန္ဒနှင့် လူ့အဖွဲ့အစည်းအတွင်း အမျိုးသမီးများအား အခွင့်အာဏာမြင့်တင်ပေးလိုသော သန္နိဋ္ဌာန်တို့ရှိမှသာ ထိုကဲ့သို့သော ပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်နိုင်မည်ဖြစ်သည်။

ကြာရှည်လှသည့် တပ်၏ အုပ်ချုပ်ရေးကာလအတွင်း အမျိုးသမီးများအပေါ် ခွဲခြားဆက်ဆံမှုများ ရှိခဲ့ခြင်းကြောင့် ယခုကိစ္စများမှာ အံ့သြစရာတော့မဟုတ်ပါ။ ဒေါ်အောင်ဆန်းစုကြည်ပင် နိုင်ငံတကာမီဒီယာများနှင့် တွေ့ဆုံမေးမြန်းမှုများတွင် အစိုးရအတွင်း အမျိုးသမီးများ ကိုယ်စားပြုမှုမှာ နည်းပါးသည်ဟု ဝန်ခံခဲ့ဖူးသည်။[44] ပြဿနာမှာ တပ်က လွှမ်းမိုးကြီးစိုးသောနိုင်ငံတွင် အမျိုးသမီးများအပေါ် အမြဲတမ်း နှိမ့်ချလိမ့်မည် ဆိုသည့်အချက်ဖြစ်သည်။ စစ်တပ်အရာရှိများနှင့် အာဏာရပါတီ၏ နိုင်ငံရေးသမားများက ဒေါ်အောင်ဆန်းစုကြည်အား "နိုင်ငံခြားသား၏ အမျိုးသမီး" သို့မဟုတ် သူမ "ခေတ်ပေါ်အဝတ်အစား၊ ပန်းနှင့် ရေမွှေး" တို့အပေါ် ကဲ့ရဲ့လှောင်ပြောင်ခြင်း အစရှိသည့် အမျိုးသမီးများပေါ် ခွဲခြားဆက်ဆံသော မှတ်ချက်များဖြင့် မကြာခဏတိုက်ခိုက်ကြသည်။ အမျိုးသမီးနိုင်ငံရေးသမားများနှင့် တက်ကြွလှုပ်ရှားသူများလည်း မကြာခဏလှောင်ပြောင်ခြင်းခံခဲ့ရသည်။ ထို့ကြောင့် တပ်

[44] Freedom House၊ ကမ္ဘာပေါ်၌ လွတ်လပ်မှု ၂၀၁၂၊ မြန်မာ၊ မတ် ၂၂ ၂၀၁၂။

ကခန့်အပ်သည့် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ၁၆၆ ဦးအနက် ၃ ဦးသာ (၂.၅ ရာခိုင်နှုန်းခန့်) အမျိုးသမီးများဖြစ်ကြသည်မှာ အံ့ဩစရာတော့မဟုတ်ပါ။

**စောင့်ကြည့်လေ့လာသူ၏ အစီရင်ခံစာ -**

*"ဒေါ်အောင်ဆန်းစုကြည်၏ လက်ထက်တွင် အမျိုးသမီးဝန်ကြီး တစ်ဦး မျှခန့်အပ်ခြင်းမရှိ။ အမျိုးသမီးများကို ခန့်နိုင်သော အမျိုးသမီးရေးရာ ကော်မတီကဲ့သို့သော မဟာဗျူဟာကျသည့် နေရာများရှိသော်လည်း ဆန့်ကျင်ဖက် အမျိုးသားအဖွဲ့ဝင်များသာ တွေ့ရသည်။"*

တခါတရံတွင်အမျိုးသမီးများသည် ပြည်သူ့ရေးရာကိစ္စရပ်များတွင်ပါ ဝင်လှုပ်ရှားရာ၌ အမျိုးသမီးများ အပေါ် ခွဲခြားဆက်ဆံသော တုံ့ပြန်မှုများ ထက်ပို၍ ဆိုးဝါးသော အခြေအနေများပင် ကြုံတွေ့ခံစားခဲ့ရသည်။ ကျွန်ုပ်တို့၏တွေ့ဆုံမေးမြန်းမှုများအရ အမျိုးသမီးတက်ကြွလှုပ်ရှားသူများသည် သူတို့နှင့် သူတို့၏မိသားစုများအပေါ် ဆိုးဆိုးရွားရွား ခြိမ်း ခြောက်မှုများ ကြုံတွေ့ခဲ့ပုံရသည်။ ပြောရဲဆိုရဲရှိသောအမျိုးသမီးများအား ခြိမ်းခြောက်ရန်ကြိုးစားမှုများကို တွေ့ရများလွန်းပြီး ထိုကဲ့သို့သော ခြိမ်းခြောက်မှုများက နိုင်ငံရေးတွင် အမျိုးသမီးများ ပါဝင်မှုနှုန်းကို နည်းပါး စေခဲ့သည်။ သဘာဝအားဖြင့် ကျား၊မ တန်းတူညီမျှရေးကို မျှော်လင့်လျက်ရှိနေသော အမျိုးသမီးများက နိုင်ငံ၏ သြဇာအရှိဆုံးခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်မှာ ထိုကဲ့သို့သောကိစ္စရပ်များတွင် ၎င်းတို့၏ ချန်ပီယံ ဖြစ်လိမ့်မည်ဟုမျှော်လင့်ကြသည်။ သို့သော် သူမသည် ရခိုင်ပြည်နယ်သာမက ကချင် ပြည်နယ်နှင့် နိုင်ငံ၏ အခြားသောနေရာများတွင် အမျိုးသမီးများအပေါ်စော်ကားမှုများနှင့်ပတ်သက်၍ စွပ်စွဲမှုများကိုစိုးရိမ်ဖွယ်ကောင်းလောက်အောင် ဆိတ်ဆိတ်နေခဲ့သည်။ ယင်းကဲ့သို့ ဘာကြောင့် ဖြစ်ရသလဲဆိုခြင်းနှင့်ပတ်သက်၍ တွေးဆချက်များရှိပါသည်။ ဒေါ်အောင်ဆန်းစုကြည်က သူမထွက်ပြောခဲ့လျှင် စွန့်စားလွန်းရာကျသည်ဟု ယုံကြည်နေပုံရကာ အမျိုးသမီးရေးရာ ကိစ္စရပ်များသည် ပိုမိုကျယ်ပြန့်သော သူ၏ရည်မှန်းချက်များ လောက်အရေးမကြီး ကြောင်း ခံစားရသောကြောင့် ဖြစ်ပုံရသည်။



ပုံ ၂ - ဤဓါတ်ပုံသည် မိုင်းရှူးမဲဆန္ဒနယ်တွင်ပင် အမျိုးသမီးများ ပါဝင်မှုနှင့် ပတ်သက်ပြီး အပေါင်းလက္ခဏာ ဆောင်သော ခြေလှမ်းများရှိသည်ကိုပြသည်။

၂၀၁၅ အထွေထွေရွေးကောက်ပွဲပြီးစဉ်ကတည်းက ကျား၊မ တန်းတူညီမျှရေးနှင့် အမျိုးသမီးအခွင့်အရေးများအကြောင်း လူထုဆွေးနွေးပွဲများ ပြုလုပ်လာခဲ့ခြင်းသည် တိုးတက်မှုရှိသော လက္ခဏာ တစ်ရပ်အဖြစ် ANFREL က ယုံကြည်သည်။ သို့သော် အမျိုးသမီးအခွင့်အရေးနှင့်ပတ်သက်၍ ပိုမိုရှင်းလင်းပြီး ပို၍ကျယ်ပြန့်သော သန္နိဋ္ဌာန်မျိုး အစိုးရထံတွင် လိုအပ်နေပါသေးသည်။




UEC သည် ရွေးကောက်ပွဲ လုပ်ငန်းစဉ်၌ အမျိုးသမီးများ ပါဝင်လာမှုအပေါ် လေးစားလောက်ဖွယ် သန္နိဋ္ဌာန်ရှိမှုကို ပြသခဲ့သည်။ မဲရုံဝန်ထမ်းများ အဖြစ် လုပ်ကိုင်ရန် UEC က အမျိုးသမီးများကို ပိုမိုခန့်အပ်ခဲ့ သည်။ တကယ်တန်းတွင် ယခုနစ် ကြားဖြတ်ရွေးကောက်ပွဲအတွက် UEC ဝန်ထမ်း ၅၆ ရာခိုင်နှုန်းခန့်သည် အမျိုးသမီးများဖြစ်သည်။ ၂၀၁၅ အထွေထွေရွေးကောက်ပွဲနှင့် နှိုင်းယှဉ်ကြည့်ပါက ကြီးမားစွာ မြင့်တက်ခဲ့သည်။ ပြည်နယ်နှင့် တိုင်းဒေသကြီး ၈ ခုလုံးတွင် ဆန္ဒမဲပေးစဉ် ကာလအတွင်း အမျိုးသမီးများသည် အမျိုးသားများနည်းအတူ တူညီသော အခန်းကဏ္ဍမှပါဝင်ခဲ့ပြီး တခါတရံ မဲရုံတစ်ခုလုံးကို ကြီးကြပ်သည့် မဲရုံမှူး များအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်ကို တွေ့ရသည်ဟု ကျွန်ုပ်တို့၏ လေ့လာစောင့်ကြည့်သူများက မှတ်တမ်း တင်ခဲ့သည်။ အများအားဖြင့် မဲရုံမှူးများကို ကျောင်းဆရာ၊ ဆရာမများမှ ခေါ်ယူခဲ့ခြင်းဖြစ်ရာ အများစုမှာ အမျိုးသမီး များဖြစ်သည်။ ကံမကောင်းစွာပင် မဲရုံအဆင့်၌ လေ့လာခဲ့သော ကျား၊မ ညီမျှမှုမျိုး UEC ထိပ်ပိုင်းအဆင့်၌မရှိချေ။ NLD အစိုးရက ၂၀၁၇ မတ် ၃၀ တွင် ခန့်အပ်ခဲ့သော ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် (၅) ဦးလုံးသည် အမျိုးသား များဖြစ်ကြသည်။

UEC ၏ မူဝါဒများနှင့် အစီအစဉ်များသည် ရွေးကောက်ပွဲတွင် အမျိုးသမီးများပါဝင်လာနိုင်ရေးအပေါ် အတိုင်း အတာတစ်ခုအထိ လွှမ်းမိုးနိုင်သော အလားအလာမျိုးရှိသည်။ ထို့ကြောင့် UEC က ၎င်းတို့၏ လုပ်ဆောင်ရန် များနှင့်ပတ်သက်ပြီး သုံးသပ်ခြင်း၊ စီမံချက်ရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ခြင်းများတွင်သာမက အခြား သော ရွေးကောက်ပွဲဆိုင်ရာ ပါဝင်ပတ်သက်သူများအားလုံးနှင့် အပြန်အလှန်ဆက်ဆံရာတွင် ကျား၊မ ရေးရာ ကိစ္စရပ်ကို မိမိဘက်မှ စတင်၍ ထည့်သွင်းစဉ်းစား လုပ်ဆောင်ရန် အရေးကြီးပါသည်။

**စောင့်ကြည့်လေ့လာသူ၏ အစီအရင်ခံစာ**

ရခိုင်ပြည်နယ်တွင် အမျိုးသမီးများနှင့် လူငယ်များ၏ ပါဝင်မှုမှာ အခြားပါတီများထက် NLD ပါတီ၏ မဲဆွယ် စည်းရုံးရေးအဖွဲ့များတွင် ပို၍မြင်တွေ့ရသည်။ အကြမ်း ဖျင်းအားဖြင့် ခန့်မှန်းခြေ ၃၀ မှ ၅၀ ရာခိုင်နှုန်းအထိ ပါဝင်သည်။ ချောင်းဆုံမြို့နယ် (မွန်ပြည်နယ်) တွင် အမျိုး သမီးများသည် လွတ်လပ်စွာ ပြောဆိုခွင့်ရှိရုံ သာမက ရွေးကောက်ပွဲ ပြင်ဆင်ရေးတွင် ဦးဆောင်မှုပေးသည့် အပိုင်းကိုလည်း ဆောင်ရွက်ကြသည်။

ပြည်နယ်/တိုင်းဒေသကြီးများတွင် ANFREL စောင့်ကြည့်လေ့လာသူများ ပြုလုပ်ခဲ့သော အပေါင်းလက္ခဏာဆောင်သည့် အခြားစောင့် ကြည့်လေ့လာမှုတစ်ခုမှာ မဲဆွယ်စည်းရုံးရေး လုပ်ငန်းများတွင် တက်ကြွစွာပူးပေါင်းပါဝင်ကြ သည့် အမျိုးသမီးအရေအတွက်ဖြစ်သည်။ အမျိုး မျိုးသော မဲဆွယ်စည်းရုံးရေး လုပ်ငန်းများတွင် အမျိုးသမီးအရေအတွက် များစွာပါဝင်ကြသည်။ သို့သော် အထက်ဖော်ပြပါ စောင့်ကြည့်လေ့လာ မှုသည်အများပြည်သူမြင်ကွင်းများတွင်သာ တွေ့ မြင်ရသော လုပ်ငန်းများအပေါ် လုံးလုံးလျားလျား အခြေခံထားခြင်း ဖြစ်သဖြင့် ANFREL သည် တစ်ခုလုံးခြုံ၍ ပါဝင်ကြသည့် အမျိုးသမီးအရေ အတွက်အားလုံးကို မခန့်မှန်းနိုင်ပါ။ နိုင်ငံအများအပြားတွင် (အထူးသဖြင့် ဖွံ့ဖြိုးမှု အနည်းဆုံးအာရှနိုင်ငံများ) အမျိုးသမီးများသည် ရွေးကောက်ပွဲ လုပ်ငန်းစဉ်၌ ပါဝင်ခွင့် မရရှိသေးပါ။ ယဉ်ကျေးမှုဆိုင်ရာ အလေ့အထများ၊ မျှတခြင်းမရှိသော ယှဉ်ပြိုင်ရမှုအခြေအနေ (သို့မဟုတ်) အမျိုးသားကြီးစိုးသော နေရာများတွင် ပြိုင်ဆိုင်ရခြင်း အစရှိသည်တို့အားလုံးမှာ အမျိုးသမီးများအတွက် အခွင့် အလမ်းမသာသော အခြေအနေများဖြစ်သည်။ ထိုအခြေအနေနှင့် ဆက်စပ်၍ အမျိုးသမီးများအား သူတို့၏ မိသားစုတွင် အမျိုးသားများကမည်သူ့ကို မဲပေးရမည်ဟု ညွှန်ကြားမှုမျိုး လူ့အဖွဲ့အစည်းအတော်များများတွင် တွေ့ရှိရခြင်းမှာ အံ့သြစရာတော့မဟုတ်ပေ။

အနာဂတ်တွင် UEC နှင့် အခြားသော ရွေးကောက်ပွဲဆိုင်ရာ ပါဝင်ပတ်သက်သူများက အမျိုးသမီးများအတွက် အခွင့်အလမ်းမရှိသော သို့မဟုတ် အမျိုးသမီးများ ရွေးကောက်ပွဲဖြစ်စဉ်တွင် ပြည့်ပြည့်ဝဝပါဝင်ရန် အားမပေး သော ရွေးကောက်ပွဲဆိုင်ရာဥပဒေမျိုး မဖြစ်စေရေး သေချာအောင် ဆောင်ရွက်ဖို့လိုပါသည်။ အမှန်တကယ်တော့ UEC နှင့် အခြားသော ရွေးကောက်ပွဲဆိုင်ရာ ပါဝင်ပတ်သက်သူများက ရွေးကောက်ပွဲလုပ်ငန်းစဉ်တွင် ပြည့်ပြည့် ဝဝပါဝင်ရန် အမျိုးသမီးများကို အားပေးသော အပေါင်းလက္ခဏာဆောင်သည့် ခြေလှမ်းမျိုး လှမ်းသင့်ပါသည်။ ထိုသို့လုပ်ဆောင်မည်ဆိုပါက ၎င်းတို့သည် ရွေးကောက်ပွဲစနစ်အမျိုးအစား၊ ဖြစ်နိုင်သည့် ခွဲတမ်းစနစ် အသုံးပြုမှု တို့ကို စဉ်းစားရန်လိုအပ်ပြီး UEC က အမျိုးသမီးများပါဝင်မှုနှင့်ပတ်သက်၍ ဥပဒေများဖြင့် အကောင်အထည်ဖော် မည်ဆိုပါက ယင်းနယ်ပယ်တွင် တိုးတက်မှုများ ပိုမိုရရှိအောင် လုပ်ဆောင်နိုင်ပါသည်။



## မသန်စွမ်းမဲဆန္ဒရှင်များ

၂၀၁၅ အထွေထွေရွေးကောက်ပွဲ၌ အဓိကတိုးတက်မှုတစ်ခုမှာ မသန်စွမ်းမဲဆန္ဒရှင်များအား ရွေးကောက်ပွဲဆိုင်ရာ ပါဝင်မှု၊ အထူးသဖြင့် ဆန္ဒမဲပေးချိန်အတွင်း ချောမွေ့စွာ ပါဝင်နိုင်အောင် UEC ၏ အကောင်အထည်ဖော် ဆောင်ရွက်သည့် ခြေလှမ်းများဖြစ်သည်။

ပထမတစ်ခုမှာ UEC က ပြည်နယ်/တိုင်းဒေသကြီးများတွင် မသန်စွမ်းမဲဆန္ဒရှင်များ အသုံးပြုနိုင်သော မဲရုံများကို ပြုလုပ်ပေးခဲ့ခြင်းဖြစ်သည် (အောက်ဖော်ပြပါ ဇယားတွင်ကြည့်ပါ) ။ သို့သော် UEC က ထိုရွေ့ ပြေးစမ်းသပ်မှုအတွက် သီးသန့်မဲရုံများကို မည်သို့ပစ်မှတ်ထားရွေးချယ်၍ ဆုံးဖြတ်သလဲဆိုသည်ကိုမူ ANFREL က မသိပေ။ သို့သော် ရန်ကုန်တိုင်းဒေသကြီးရှိ မကျည်းတန်းတောင် အရှေ့ရပ်ကွက်သည် အထူးလိုအပ်မှုများရှိသော မဲဆန္ဒရှင် အရေအတွက်အမြင့်ဆုံးနေရာ (မဲဆန္ဒရှင် ၆၉ ဦး) ဖြစ်ခဲ့သည်။ ယင်းအစီအစဉ်ကို ၂၀၂၀ အထွေထွေရွေးကောက်ပွဲများ၌ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ချဲ့ထွင်သွားလိမ့်မည်ဟု မျှော်လင့်မိပါသည်။ သို့သော် မသန်စွမ်းမဲဆန္ဒရှင်များ ပါဝင်ရာတွင် ကြုံတွေ့ရသော အခက်အခဲများကို ဖယ်ရှားရန် အားထုတ်ကြိုးပမ်းမှုများမှာ အာရုံတိုက်ရှိ အစိုးရအများစုအတွက် ဦးစားပေးအရာ မဖြစ်သေးသည်ကို စိတ်မကောင်းစွာ တွေ့မြင်ရပါသည်။

| ပြည်နယ်/တိုင်းဒေသ ကြီး | လွှတ်တော်နေရာများ | မဲဆန္ဒနယ် | မြို့နယ် | မဲရုံနေရာ | ရပ်ကွက်/ကျေးရွာအုပ်စု | မဲရုံ နံပါတ် | မသန်စွမ်းသူမဲဆန္ဒရှင်များ |
|---|---|---|---|---|---|---|---|
| ရန်ကုန် | ပြည်သူ့ | ကော့မှူး | ကော့မှူး | မူလတန်းကျောင်း | တောင်ပိုင်းရပ်ကွက် | ၁ | ၅ |
| ရန်ကုန် | ပြည်သူ့ | လှိုင်သာယာ | လှိုင်သာယာ | မူလတန်းကျောင်း (၃၇) | ရပ်ကွက်အမှတ် (၁၉) | ၁၅ | ၂၀ |
| ရန်ကုန် | ပြည်သူ့ | လှိုင်သာယာ | လှိုင်သာယာ | အလယ်တန်းကျောင်း (၁၀) | ရပ်ကွက် အမှတ် (၉) | ၆ | ၂၄ |
| ရန်ကုန် | ပြည်သူ့ | လှိုင်သာယာ | လှိုင်သာယာ | အထက်တန်းကျောင်း (၃၇) | ရပ်ကွက် အမှတ် (၂၀) | ၇ | ၃၈ |
| ရန်ကုန် | အမျိုးသား | မဲဆန္ဒနယ် (၆) | ကြည့်မြင်တိုင် | ကြည့်မြင်တိုင် မျက်မမြင်ကျောင်း | မကျည်းတန်းတောင် အရှေ့ရပ်ကွက် | ၁ | |
| ရန်ကုန် | အမျိုးသား | မဲဆန္ဒနယ် (၆) | ကြည့်မြင်တိုင် | ကြည့်မြင်တိုင် မျက်မမြင်ကျောင်း | မကျည်းတန်းတောင် အရှေ့ရပ်ကွက် | ၂ | ၆၉ |
| စစ်ကိုင်း | ပြည်သူ့ | မုံရွာ | မုံရွာ | မူလတန်းကျောင်း (၁၅) | မြို့သစ်ရပ်ကွက် | ၂ | ၂၁ |
| ချင်း | အမျိုးသား | မဲဆန္ဒနယ် (၃) | ထန်တလန် | အထက်တန်းကျောင်း | ရပ်ကွက်အမှတ် (၁) | ၁ | ၂ |
| ချင်း | အမျိုးသား | မဲဆန္ဒနယ် (၃) | ထန်တလန် | အထက်တန်းကျောင်း | ရပ်ကွက် အမှတ် (၁) | ၂ | ၅ |
| ချင်း | အမျိုးသား | မဲဆန္ဒနယ် (၃) | ထန်တလန် | မြို့တော်ခန်းမ | ရပ်ကွက် အမှတ် (၂) | ၁ | ၈ |

ထို့အပြင် UEC က ယင်းကဲ့သို့ ပြုလုပ်ရန် ဆန္ဒရှိခဲ့လျှင်ပင် ၂၀၂၀ အထွေထွေရွေးကောက်ပွဲအမီ မဲရုံများအားလုံးကို မသန်စွမ်းသူများရင်းနှီးသည့် မဲရုံမျိုးဖြစ်အောင် ပြောင်းလဲဖို့ မဖြစ်နိုင်ကြောင်းတွေ့ရှိနိုင်သည်။ အကြောင်းမှာ UEC

အသုံးပြုနိုင်သောငွေပမာဏထက် ပို၍လိုအပ်မည်ဖြစ်သောကြောင့်ဖြစ်သည်။ မဲဆန္ဒရှင်စာရင်းတွင် အင်ဒိုနီးရှား နိုင်ငံက လုပ်ခဲ့သလို ထိုကဲ့သို့သော သတင်းအချက်အလက်များပါဝင်ရန် ပြုပြင်ဖြည့်စွက်ခြင်းမရှိပါက မသန်စွမ်းမဲ ဆန္ဒရှင်များ၏ အိမ်များတည်ရှိရာ နေရာများကို ပတ်မှတ်ထားဆောင်ရွက်ပေးရန် ခက်ခဲနိုင်ပါသည်။



ဒုတိယတစ်ခုမှာ မသန်စွမ်းသူများ ရှေ့ဆောင်အဖွဲ့ (MILI) က မသန်စွမ်း သူများဆိုင်ရာ အသိပညာပေးမြှင့်တင် မှုနှင့်ပတ်သက်၍ မဲဆန္ဒရှင်ပညာပေး အစီအစဉ်ကို ပြုလုပ်ပေးခဲ့သည်။ MILI သည် IFES ထံမှ ထောက်ပံ့မှုများကို လက်ခံရယူထားသည့် မသန်စွမ်းသူ များအတွက် တည်ထောင်ထားသော အစိုးရမဟုတ်သည့် အဖွဲ့အစည်း တစ်ခု ဖြစ်သည်။ MILI ၏ ကြိုးစား အားထုတ် မှုများအနက် မဲဆန္ဒရှင်ပညာပေး အစီ အစဉ်သည် လှိုင်သာယာမြို့နယ်နှင့် နိုင်ငံ၏ အခြားသော နေရာများရှိ မသန်စွမ်းမဲဆန္ဒရှင်များအား ကြားဖြတ်ရွေး ကောက်ပွဲတွင် ဆန္ဒမဲထည့်ရန် အားပေးမှုတစ်ခုဖြစ်ခဲ့သည်။ MILI သည် မဲဆန္ဒရှင်ပညာပေးအစီအစဉ်ကို ကျူးကျော်များနေထိုင်သည့် နေရာများ၊ ဈေးများနှင့် အိမ်ယာများတွင် နံနက် ၆ နာရီမှ ညနေ ၆ နာရီအထိ ပြုလုပ်ခဲ့သည်။



အခြားသော ပြောင်မြောက်လှသည့် ဆောင်ရွက်ချက်တစ်ခုမှာ စစ်ကိုင်းတိုင်း ဒေသကြီးတွင် မျက်မမြင်မဲဆန္ဒရှင်များ အတွက် ANFREL ရှေ့မှောက်တွင် ပြုလုပ်ခဲ့သော သင်တန်းဖြစ်သည်။ UEC ကလည်း ရွေးကောက်ပွဲနေ့တွင် မျက်မမြင် များအသုံးပြုသော မဲပြားစာရွက်များကို ထားရှိပေးခဲ့သည်။ ရန်ကုန်တိုင်းဒေသ ကြီးကော်မရှင်အဖွဲ့ခွဲနှင့် တွေ့ဆုံမေး မြန်းမှုများအရ မျက်မမြင်များအသုံးပြု သော မဲပြားစာရွက်များကို ဂျပန်အစိုးရ၏ ကူညီထောက်ပံ့မှုဖြင့် ရိုက်နှက်ထုတ်ဝေခဲ့ခြင်းဖြစ်သည်။ ကျွန်ုပ်တို့၏ စောင့်ကြည့်လေ့လာသူက ရွေးကောက်ပွဲနေ့ တွင် မျက်မမြင်များ၏ ဆန္ဒမဲပြုခြင်းကို လေ့လာခဲ့ရာ ၎င်းတို့သည် ယခင်ကရရှိခဲ့သော သင်တန်းကြောင့် ခက်ခဲ ခြင်းမရှိပဲ မဲပေးနိုင်ကြောင်းတွေ့ခဲ့ရသည်။

မသန်စွမ်းမဲဆန္ဒရှင်များကို အမျိုးသမီးများနှင့် လူနည်းစုတိုင်းရင်းသားများနှင့်အတူ ခွဲခြားထားခြင်းခံရသူများ အဖြစ်

စဉ်းစားလေ့ရှိကြသည်။ ၂၀၁၅ အထွေထွေရွေးကောက်ပွဲများတွင် မသန်စွမ်းမဲဆန္ဒရှင်များစွာသည် မဲပေးခွင့် မရခဲ့ကြပေ။ ထို့ကြောင့် ANFREL က ရွေးကောက်ပွဲစနစ်တွင် ၎င်းတို့ ပါဝင်ရန် အားထုတ်ကြိုးပမ်းပေးနိုင်သော အကြံပြုအချို့ကို တင်ပြခဲ့ပါသည် -

၁။ ရွေးကောက်ပွဲလုပ်ငန်းစဉ်တွင် ပါဝင်ပတ်သက်သူများအားလုံး ပြည့်ဝစွာပါဝင်နိုင်မှုအပေါ် မည်သို့ သေချာအောင်ဆောင်ရွက်မလဲဆိုသည်ကို ဆုံးဖြတ်နိုင်ရန် ရွေးကောက်ပွဲဆိုင်ရာ ဥပဒေများနှင့် လုပ်ထုံးလုပ်နည်းများကို ပြန်လည်သုံးသပ်သင့်ပါသည်။

၂။ UEC ၏ ကော်မရှင်အဖွဲ့ခွဲများတွင် အမျိုးသမီးများ၊ လူနည်းစုတိုင်းရင်းသားများနှင့် မသန်စွမ်းသူများ ပါဝင်သင့်ပါသည်။

၃။ မဲဆန္ဒရှင်ပညာပေးထောက်ကူပစ္စည်းများတွင် အမျိုးသမီးများ၊ လူနည်းစုတိုင်းရင်းသားများနှင့် မသန်စွမ်းသူများ ပါဝင်မှုကို အလေးထားသင့်ပါသည်။





UEC နှင့် ပတ်သက်သော ဥပဒေများတွင် မသန်စွမ်းသူများနှင့် သက်ဆိုင်သည့် သီးခြားပြဋ္ဌာန်းချက်များ မပါရှိပါ။ အနာဂတ်တွင် ယင်းအားနည်းချက်ကို ဖော်ထုတ် ဆွေးနွေးသင့်ပါသည်။ သို့သော် ၂၀၁၇ တွင် အသုံးပြု သော မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင် များ၏ လက်စွဲစာအုပ်တွင် ပါဝင်သော အခန်းများသည် မသန်စွမ်းသူများ မဲပေး ရာတွင် ဖြည့်ဆည်းကူညီပေးဖို့ ရည်ရွယ် ထားခြင်း ဖြစ်သည်မှာ စိတ်ဝင်စားစရာ ပင်ဖြစ်သည်။ ၂၀၂၀ မဲရုံလက်စွဲ စာအုပ်တွင် ယင်းအကြောင်းအရာနှင့် ပတ်သက်၍ သတင်းအချက်အလက် များ ဝေဝေဆာဆာပါဝင်လိမ့်မည် ဟု မျှော်လင့်မိပါသည်။

မကြာသေးမီနှစ်များ၌ UEC ၏ ကော်မရှင်အဖွဲ့ခွဲများတွင် အမျိုးသမီးဝန်ထမ်းဦးရေ များပြားလာခြင်းကို မြင်တွေ့ ရသော်လည်း ANFREL လေ့လာစောင့်ကြည့်သူများက ကော်မရှင်အဖွဲ့ခွဲများတွင် တာဝန်ထမ်းဆောင်နေသော မည်သည့်မသန်စွမ်းဝန်ထမ်းကိုမှ မတွေ့ခဲ့ရပါ။

## အရပ်ဖက်လူထုအခြေပြုအဖွဲ့အစည်းတို့၏အခန်းကဏ္ဍ၊ စောင့်ကြည့်လေ့လာ သူများနှင့် ပါတီကိုယ်စားလှယ်တို့၏ သွားရောက်နိုင်မှုနှင့် လုပ်ငန်းတာဝန်

ကြားဖြတ်ရွေးကောက်ပွဲမှာ အတိုင်းအတာသေးကာ စိတ်ဝင်စားမှုနည်းကြသော်လည်း အရပ်ဖက်အဖွဲ့အစည်းများ၊ အထူးသဖြင့် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များအနေဖြင့် ယင်းရွေးကောက်ပွဲများတွင် အစီအစဉ်အမျိုးမျိုးဖြင့်ပါဝင်ဆင်နွှဲလိုစိတ်ထက်သန်၍တက်ကြွကြသည်။ အစီအစဉ်များမှာ မဲဆန္ဒရှင်ပညာပေးရေး၊ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးနှင့် ရွေးကောက်ပွဲနှင့်စပ်လျဉ်းသည့်အခြားလုပ်ငန်းတာဝန်များပင်ဖြစ်သည်။ အများစုအနေဖြင့် အရပ်ဖက်အဖွဲ့အစည်းများနှင့် ပြည်သူလူထု၏ ပါဝင်မှုနှင့် စိတ်ဝင်စားမှုမှာ အတိုင်းအတာတစ်ခုအထိ သိသိသာသာနည်းပါးသွားချိန်တွင် မြန်မာနိုင်ငံအရပ်ဖက်အဖွဲ့အစည်းများ၏ ယေဘုယျအရေအတွက်၊ စွမ်းဆောင်ရည်နှင့် ပါဝင်လာမှုတို့သည် ANFREL ကို အားတက်စေသည်။ မြန်မာနိုင်ငံအတွင်းတွင် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များသည် ကြီးမားသည့်အဟုန်ဖြင့် ဖွံ့ဖြိုးလာလျက်ရှိပြီး၊ စစ်တမ်းများ၊ ရွေးကောက်ပွဲစောင့်ကြည့်သည့် အက်ပလီကေးရှင်းများနှင့် ကျပမ်းကောက်ယူထားသည့်နမူနာများကို အသုံးပြုထားသည့် စောင့်ကြည့်လေ့လာရေးနည်းလမ်းများကိုလည်း အသုံးပြုနိုင်စွမ်းရှိကြသည်။ အရေအတွက်အားဖြင့်မူ ရွေးကောက်ပွဲတွင် ပူးပေါင်းပါဝင်လုပ်ဆောင်လာသည့်အဖွဲ့အစည်းများ နည်းသော်လည်း အရပ်ဖက်အဖွဲ့အစည်းများ ရှိနေကြပြီး ပြည်နယ်/တိုင်းဒေသကြီး ရှစ်ခုလုံးတွင်စောင့်ကြည့်လေ့လာခဲ့ကြသည်။ မဲဆန္ဒရှင်ပညာပေးလုပ်ငန်းတွင် အရပ်ဖက်အဖွဲ့အစည်းများ၏ပူးပေါင်းပါဝင်မှုသည်လည်း အရေးပါသည့်အခန်းကဏ္ဍတွင်ရှိသည်။ ပြည်တွင်းမှ အရပ်ဖက်အဖွဲ့အစည်းအချို့သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးနှင့်ညှိနှိုင်း၍ ရွေးကောက်ပွဲလုပ်ငန်းစဉ်တို့ကို စောင့်ကြည့်လေ့လာရေးထက်စာလျှင် မဲဆန္ဒရှင်ပညာပေးလုပ်ငန်းကိုသာ ဦးတည်ဆောင်ရွက်ပါသည်။ ပြည်တွင်းအဖွဲ့ အစည်းများ၏လွတ်လပ်မှုအပေါ် မေးခွန်းထုတ်စရာရှိပြီး အထူးသဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးနှင့် နီးကပ်စွာ ညှိနှိုင်းဆောင်ရွက်နိုင်ရေးကို မည်သို့တိုးတက်စေမည်နည်းဆိုသည့် မေးခွန်းနှင့် တချိန်တည်းမှာပင် ရွေးကောက်ပွဲများအပေါ် ဘက်မလိုက်သည့် စောင့်ကြည့်လေ့လာမှု သေချာစေရေးတို့အပေါ် မေးခွန်းဖြစ်သည်။

ANFREL သည် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များ၏ စောင့်ကြည့်လေ့လာရေး ကျွမ်းကျင်မှုများ၊ ဗဟုသုတများနှင့် ကွင်းဆင်းစောင့်ကြည့်ရေးအပေါ် တိုက်ရိုက်လေ့ကျင့်ပေးခြင်းဖြင့် တိုးတက်လာစေရန်အတွက် သင်တန်းပုံစံမျိုးဖြင့် ကူညီပံ့ပိုးပေးခဲ့သည်။ ANFREL မှ စောင့်ကြည့်လေ့လာသူတို့သည် ဤကြားဖြတ်ရွေးကောက်ပွဲအတွက် ဒေသခံအရပ်ဖက်အဖွဲ့အစည်းများဖြင့်ပူးပေါင်း၍ မြို့နယ်/တိုင်းအမျိုးမျိုးတွင် နေရာချထားဆောင်ရွက်ခဲ့ ပြီး နေရာချထားသည့် နယ်မြေအများစုတွင် စောင့်ကြည့်လေ့လာရေးလှုပ်ရှားမှုများကို အတူတကွဆောင်ရွက်နိုင်ခဲ့သည်။ နိုင်ငံတကာမှစောင့်ကြည့်လေ့လာသူများနှင့် ပြည်တွင်းစောင့်ကြည့်လေ့လာသူများသည် ယင်းသို့ ပူးပေါင်းဆောင်ရွက်မှုမှတဆင့် အပြန်အလှန်လေ့လာသင်ယူမှုများပြုလုပ်နိုင်ပြီး ပိုမိုအရေးပါသည်မှာ ပြည်တွင်းစောင့်ကြည့်လေ့လာရေးအဖွဲ့များအတွက် ရေရှည်တိုးတက်လာမှုကိုပံ့ပိုးပေးနိုင်ရန်ဖြစ်သည်။ အကြောင်းမှာ ထိုအဖွဲ့များသည် နိုင်ငံရပ်ခြားမှစောင့်ကြည့်လေ့လာသူများထက်စာလျှင် နိုင်ငံ၏နိုင်ငံရေးနှင့် ဒီမိုကရေစီဖွံ့ဖြိုးတိုးတက်မှုတွင် ပိုမိုထင်ရှား၍ အရေးပါသည့်အခန်းကဏ္ဍမှ ပါဝင်နေသောကြောင့်ဖြစ်သည်။ ANFREL အနေဖြင့် မြန်မာနိုင်ငံမှ အဖွဲ့အတော်တော်များများနှင့်တွဲ၍ သင်တန်းများပြုလုပ်ပေးခဲ့ပြီးဖြစ်သည့်အပြင် ရွေးကောက်ပွဲဆိုင်ရာ စောင့်ကြည့်လေ့လာရေးဆောင်ရွက်မှုများကိုလည်း ဆောင်ရွက်ခဲ့ကြကာ ၁၉၉၉ ခုနှစ်ကတည်းကစ၍

အာရှနိုင်ငံများစွာတွင် ရွေးကောက်ပွဲစောင့်ကြည့် လေ့လာရေးအတွေ့အကြုံများကိုလည်း မျှဝေခဲ့သည်။

ရွေးကောက်ပွဲနေ့တွင် မဲရုံများမှ ANFREL ၏ စောင့်ကြည့်လေ့လာသူများကို ယေဘုယျဆိုရလျှင် ကြိုဆိုခဲ့ကြသည်။ တိုင်းပြည်တဝှမ်း များပြားလှသော မဲရုံအရေအတွက်ကို စောင့်ကြည့်ကြသည့် ရွေးကောက်ပွဲဆိုင်ရာ ပြည်သူ့လှုပ်ရှားမှုအဖွဲ့ (People's Alliance for Credibl Elections – PACE) နှင့် ရွေးကောက်ပွဲ ပညာပေးရေးနှင့် လေ့လာစောင့်ကြည့်ရေးမိတ်ဖက်များ (Election Education and Observation Partners – EEOPs) ကဲ့သို့ အခြားကြီးမားသည့် နိုင်ငံသားရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များအတွက်လည်း ထိုအခြေအနေမျိုးကိုပင် ကြုံတွေ့ရသည်။ နယ်ခံ သို့မဟုတ် ဒေသခံ အဖွဲ့အစည်းများစွာသည် ၎င်းတို့ကို အသိအမှတ်ပြုလက်ခံထားသည့် ပြည်နယ် သို့မဟုတ် တိုင်းဒေသကြီးများတွင် မဲရုံများကို စောင့်ကြည့်ခဲ့ကြသည်။ ANFREL သည် ထိုနိုင်ငံသားများ၏ စောင့်ကြည့်လေ့လာသည့် အခန်းကဏ္ဍကို ပိုမိုအားပေးလိုကာ ၎င်းတို့ အနေဖြင့် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးမှ အရှိန်အဟုန်ကို မဲဆန္ဒရှင်ပညာပေးလုပ်ငန်းနှင့် ရွေးကောက်ပွဲဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများအား အမြဲတမ်းလုပ်ဆောင်ရန် အထောက်အကူဖြစ်စေရေးအတွက် သယ်ဆောင်သွားလိုခြင်းဖြစ်သည်။ ANFREL သည် ထိုစောင့်ကြည့်လေ့လာသူအတော်များများအား သင်တန်းပေးရာ၌ တစ်စိတ်တစ်ပိုင်းအဖြစ် ပါဝင်ခဲ့ရသည်ကို ဂုဏ်ယူလျက်ရှိပြီး၊ အထူးသဖြင့် မြန်မာနိုင်ငံအတွင်းရှိ ပြည်နယ်များမှ စောင့်ကြည့်လေ့လာသူများကို သင်တန်းပေးခဲ့သည်။ ထို့ပြင် ယင်းစောင့်ကြည့်လေ့လာသူများအနေဖြင့် ၎င်းတို့၏ စောင့်ကြည့်လေ့လာရေးလုပ်ငန်းများကိုဆောင်ရွက်ရာတွင် အောင်မြင်မှုများရရှိနေကြသည် ကို မြင်တွေ့ရသည့် အတွက်လည်း စိတ်ကျေနပ်မှုဖြစ်ရပါသည်။ နိုင်ငံသားများပါဝင်သည့် စောင့်ကြည့်လေ့လာရေးအဖွဲ့ များ၏ ကွန်ရက်တစ်ခုအနေဖြင့် ANFREL က ယုံကြည်သည်မှာ နိုင်ငံသားများ၏ ထိရောက်သော စောင့်ကြည့်လေ့လာရေးသည် နိုင်ငံတစ်နိုင်ငံ၏ ရွေးကောက်ပွဲကို ကြီးကြပ်မှုအတွက် အခြေခံကျောရိုးဖြစ်နိုင်သည့်အပြင်၊ ဖြစ်လည်းဖြစ်သင့်သည် ဟူ၍ဖြစ်သည်။

ယေဘုယျကြည့်ပါက အရပ်ဖက်အဖွဲ့အစည်းများသည် မဲဆန္ဒရှင်ပညာပေးလုပ်ငန်းများနှင့် ရွေးကောက်ပွဲအတွက် လူထုထံ အရောက်သွားရောက်ခြင်းကဲ့သို့သော ရွေးကောက်ပွဲအတွက်ပြင်ဆင်ရာတွင် တက်ကြွသော အခန်းကဏ္ဍမှ ပါဝင်ခဲ့ကြသည်။ စောင့်ကြည့်လေ့လာသူများသည် ပြည်နယ်တစ်ခု သို့မဟုတ် မြို့ နယ်တစ်ခု၏ ဒေသခံဖြစ်သည့် အရပ်ဖက်အဖွဲ့အစည်းအမျိုးမျိုးကို တွေ့ခဲ့ရသည်။ အဖွဲ့အစည်းများစွာမှာ မဲဆန္ဒရှင်ပညာပေးမှုများကို ဆောင်ရွက်နေကြသည့်အပြင်၊ ၎င်းတို့၏ဒေသများတွင် ပြည်တွင်းစောင့်ကြည့်လေ့လာရေးအတွက် ပြင်ဆင်လျက်ရှိကြသည်ကို တွေ့ ခဲ့ရသည်။ International Foundation for Electoral Systems (IFES) နှင့် International IDEA တို့ကဲ့သို့ အစိုးရမဟုတ်သည့် နိုင်ငံတကာအဖွဲ့အစည်းများသည်လည်း ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သို့ ရွေးကောက်ပွဲဆိုင်ရာ အကူအညီများကိုပေးလျက်ရှိရာ အထောက်အကူဖြစ်သည့် အခန်းကဏ္ဍမှ ပါဝင်ခဲ့သည်။

စောင့်ကြည့်လေ့လာခဲ့သည့် မဲရုံအများစုတွင် ပါတီကိုယ်စားလှယ်များရှိခြင်းကြောင့်လည်း ANFREL အနေဖြင့် အားတက်ခဲ့ရသည်။ မဲရုံအများစုတွင် အဓိကပါတီကြီးနှစ်ခုကို ကိုယ်စားပြုသည့် ပါတီကိုယ်စားလှယ်နှစ်ဦး အနည်းဆုံးရှိကြ၍ အချို့ပိုသေးငယ်သည့်ပါတီများတွင်လည်း ကိုယ်စားလှယ်အရေအတွက် အတိုင်းအတာတစ်ခု အထိ ရှိခဲ့ကြသည်။ ထိုကိုယ်စားလှယ်အများစုမှာ မည်သည့်နေရာမှမသွားဘဲ မဲရုံတစ်ခုတည်းတွင်သာ တစ်နေ့လုံး ရှိနေခဲ့ကြခြင်းဖြစ်သည်။ အနည်းစုကသာ ရွှေ့ပြောင်းသွားလာနေသည့် ကိုယ်စားလှယ်များဖြစ်သည်။ ANFREL

အနေဖြင့် ပါတီတို့၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုသည် ချီးကျူးထိုက်သည်ဟု ထင်ပါသည်။ မဲရုံများတွင် အထောက်အကူပြုသည့် အခန်းကဏ္ဍမှ ပါဝင်လာစေရန်နှင့် မဲပေးသည့် လုပ်ငန်းစဉ်ကို အများအသိအမှတ်ပြုရန် အတွက် ပါတီကိုယ်စားလှယ်များကို ခန့်ထားခြင်း၊ လေ့ကျင့်ပေးခြင်းနှင့် နေရာချခြင်းတို့ကို အထူးအားထည့်၍ ကြိုးပမ်းနေသည့်ပါတီတို့၏ ကြိုးစားမှုမှာလည်း အကျိုးရှိပါသည်။ အနာဂတ်တွင်လည်း ယင်းကဲ့သို့ပင် လုပ်ဆောင်နေကြစေရန် မျှော်လင့်ပါသည်။

## မီဒီယာ၏ အခန်းကဏ္ဍနှင့် လွတ်လပ်စွာဖော်ပြခွင့်

မီဒီယာလွတ်လပ်ခွင့်သည် မည်သည့်ဒီမိုကရက်တစ်အသိုင်းအဝိုင်းတွင်မဆို လုံးဝလိုအပ်သည့် အစိတ်အပိုင်းတစ်ခုဖြစ်ပြီး ၎င်းသည် ဒီမိုကရေစီနည်းကျရွေးကောက်ပွဲတစ်ခုဖြစ်ပေါ်လာစေရေးအတွက် မရှိမဖြစ်အရေးပါသည့် အစိတ်အပိုင်းတစ်ခုလည်းဖြစ်သည်။ ရွေးကောက်ပွဲလုပ်ငန်းစဉ်တွင် မီဒီယာ၏ လွတ်လပ်ခွင့်အရေးပါရခြင်းမှာ ရွေးကောက်ပွဲလုပ်ငန်းစဉ်အကြောင်း၊ ရွေးကောက်ပွဲတွင်ပါဝင်ယှဉ်ပြိုင်သူတို့နှင့်ပတ်သက်၍ ပြည်သူလူထု၏ အသိအမြင်မြင့်တက်လာစေရန်သာမက၊ ပြည်သူများအနေဖြင့် ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်သူများနှင့် ပါတီတို့၏ အဆိုတင်သွင်းထားသည့် မူဝါဒများအပေါ် အခြေအတင်ဆွေးနွေးပွဲများတွင် ပါဝင်ခွင့်ရှိ၍၊ မိမိတို့ ကြိုက်နှစ်သက်သည့်ပါတီကို မဲရုံတွင် သတင်းအချက်အလက် စုံစုံလင်လင်အပေါ်အခြေပြု၍ စဉ်းစားရွေးချယ်ခွင့်ရှိရန်ဖြစ်သည်။ မီဒီယာသည် ဒီမိုကရေစီနည်းကျရွေးကောက်ပွဲ၏ အမှတ်တံဆိပ်ဖြစ်သည့် ပွင့်လင်းမြင်သာမှုရှိစေရန်၊ မျှတစေရန်၊ တာဝန်ခံမှုရှိစေရန်နှင့် အပြည့်အဝပါဝင်နိုင်သည့်သဘာဝတို့ဖြစ်ပေါ်လာစေရန်အတွက် ရွေးကောက်ပွဲအကြိုကာလနှင့် ရွေးကောက်ပွဲလွန်ကာလအတွင်း၌ စောင့်ကြည့်လေ့လာသူ (watchdog) အနေဖြင့် အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။ ထို့ကြောင့် မီဒီယာ၏ လွတ်လပ်ခွင့်ကို ထိန်းချုပ်ထား၍၊ ကြီးစိုးချယ်လှယ်ထားသည့် ရွေးကောက်ပွဲတစ်ရပ်တွင် ရွေးကောက်ပွဲ၏ စစ်မှန်မှုနှင့်စပ်လျဉ်း၍ အလွန်စိုးရိမ်ပူပန်စရာ ဖြစ်စေသည်။

ယေဘုယျအားဖြင့် ၂၀၁၇ ကြားဖြတ်ရွေးကောက်ပွဲဆောင်ရွက်ချက်များအပေါ် ဆောင်းပါးနှင့် သတင်းဖော်ပြရန်အတွက် မြန်မာနိုင်ငံအတွင်းရှိ မီဒီယာတို့သည် လွတ်လပ်ကြပါသည်။ သို့ရာတွင် ၂၀၁၅ အထွေထွေရွေးကောက်ပွဲနှင့်နှိုင်းယှဉ်ပါက ၎င်းတို့တွင် စိတ်အားတက်ကြွမှု ပိုနည်းနေကြောင်း တွေ့ရှိရပါသည်။ မတ်လ (၁) ရက်နေ့ အစောပိုင်းမှ ဧပြီ (၁) ရက်မတိုင်ခင်တစ်ပတ်အလိုအထိ အင်္ဂလိပ်သတင်းစာနှင့် မြန်မာသတင်းစာတို့တွင် ကြားဖြတ်ရွေးကောက်ပွဲနှင့်စပ်လျဉ်းသည့် သတင်းဖော်ပြမှု အနည်းငယ်သာရှိခဲ့ကြကြောင်းတွေ့ရသည်။

The Voice သတင်းစာ၏ ဒုတိယအယ်ဒီတာချုပ် ဦးဇေယျာသူ၏ ပြောကြားချက်အရ မီဒီယာများသည် ၂၀၁၇ ကြားဖြတ်ရွေးကောက်ပွဲအတွက် စိတ်ဝင်စားမှုပိုမိုနည်းပါး၍ သတင်းပါဝင်မှုလည်း ပိုနည်းခဲ့သည်ဟုသိရသည်။ အကြောင်းရင်းမှာ မီဒီယာများအနေဖြင့် ဤကြားဖြတ်ရွေးကောက်ပွဲမှာ လွှတ်တော်အတွင်းရှိ နိုင်ငံရေးမြင်ကွင်းကိုပြောင်းလဲစေမည်မဟုတ်သည့်အတွက် ရွေးကောက်ပွဲကို အရေးပါသည်ဟု မယူဆကြခြင်းဖြစ်သည်။ လွှတ်တော်အတွင်းတွင် ၂၀၁၅ အထွေထွေရွေးကောက်ပွဲတွင် ခိုင်မာသည့် နေရာအများစုကိုရရှိထားခဲ့သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သာလျှင် ဆက်လက်အနိုင်ရရှိမည်မှာ သေချာလှသည်။ မြန်မာတိုင်းမ်၏ အယ်ဒီတာချုပ် Kavi Chongkittavorn (ကာဗီချောင်ကစ်တတ်ဗွန်) ကလည်း တူညီသည့်အမြင်ကိုသာ ထပ်မံမျှဝေပေးခဲ့ပြန်သည်။

သို့ရာတွင် ကြားဖြတ်ရွေးကောက်ပွဲမတိုင်မီ တစ်ပတ်အလိုခန့်တွင် သတင်းစာများနှင့် အခြားမီဒီယာများတွင် ကြားဖြတ်ရွေးကောက်ပွဲဆိုင်ရာ သတင်းဖော်ပြမှုမှာ ပိုစိတ်လာခဲ့သည်။ ဥပမာအားဖြင့် ကျေးသီး (ရှမ်းပြည်နယ်) တွင် မဲဆွယ်စည်းရုံးရေးကာလ၌ ရွေးကောက်ပွဲသတင်းဖော်ပြသည့် တစ်ခုတည်းသော မီဒီယာမှာ ဒီဘီဗီ (ဒီမိုကရက်တစ်မြန်မာ့အသံ) ဖြစ်သည်။ ရွေးကောက်ပွဲလုပ်ငန်းစဉ်ကို မှတ်တမ်းတင်ရန်အတွက်တာဝန်ယူထားသည့် ကွင်းဆင်းရုပ်သံထုတ်လွှင့်သူသတင်းထောက်တစ်ဦးကို ဒီဘီဗီမှ စေလွှတ်ပေးခဲ့သည်။ MRTV မှ တီဗီရုပ်သံလွှင့်သူတစ်ဦးနှင့် သတင်းထောက်တစ်ဦးသည် ရှမ်းပြည်နယ် ညောင်ရွှေမြို့၏ ကြားဖြတ်ရွေးကောက်ပွဲနှင့် စပ်လျဉ်း၍ အစီရင်ခံတင်ပြနေကြောင်းကို ANFREL တွေ့ရသော်လည်း ညောင်ရွှေတွင် ကြားဖြတ်ရွေးကောက်ပွဲ သတင်းဖော်ပြမည့် ဒေသခံမီဒီယာတစ်ခုမှ မရှိကြောင်းတွေ့ရပါသည်။ ချင်းပြည်နယ်တွင် ANFREL နှင့်တွေ့ခဲ့သည့် သတင်းသမားများသည် ၎င်းတို့အနေဖြင့် ကြားဖြတ်ရွေးကောက်ပွဲဆိုင်ရာ သတင်းများကို ပြတ်တောင်းပြတ်တောင်းသာ တင်ပြခဲ့ကြကြောင်းဆိုကြပြီး အကြောင်းရင်းမှာ ၎င်းတို့၏ သတင်းစာများတွင် အထူးကဏ္ဍ သို့မဟုတ် ဖော်ပြမှုမရှိသောကြောင့်ဖြစ်သည်ဟု ဆိုကြသည်။

သို့ရာတွင် မီဒီယာ၊ အထူးသဖြင့် ရုပ်မြင်သံကြားနှင့် ရေဒီယိုတို့သည် ကြားဖြတ်ရွေးကောက်ပွဲ၊ ပါတီအများစုနှင့် ကိုယ်စားလှယ်လောင်းများနှင့်စပ်လျဉ်းသည့် သတင်းအချက်အလက်တို့ကို ပြန့်နှံ့စေရာတွင် အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်နေဆဲဖြစ်သည်။ ကိုယ်စားလှယ်လောင်းများနှင့် နိုင်ငံရေးပါတီများကို တိုက်ရိုက်မေးမြန်းခြင်း အပြင် ANFREL မှ တွေ့ဆုံပြောဆိုခဲ့သည့် မဲပေးသူအများစုမှာ သူတို့အနေဖြင့် ၂၀၁၇ ကြားဖြတ်ရွေးကောက်ပွဲ နှင့်စပ်လျဉ်းသည့်သတင်းအချက်အလက်များကို ရုပ်မြင်သံကြားနှင့် ရေဒီယိုတို့မှသာ ရရှိကြောင်းဆိုကြသည်။

ANFREL ၏ စောင့်ကြည့်လေ့လာသူထံသို့ သတင်းသမားများက ပြောပြကြသည်မှာ ပြီးခဲ့သည့်ရွေးကောက်ပွဲ ထက်စာလျှင် ကြားဖြတ်ရွေးကောက်ပွဲဆိုင်ရာသတင်းများကို အစီရင်ခံတင်ပြရသည်မှာ ပိုမိုလွတ်လပ်မှုရှိလာကြောင်းဆိုကြသည်။ သို့ရာတွင် တစ်ချိန်တည်းမှာပင် မြန်မာနိုင်ငံတွင် ဆက်သွယ်ရေးဥပဒေပုဒ်မ ၆၆ (ဃ) ကြောင့် မီဒီယာများအနေဖြင့် လွတ်လပ်မှုလုံလုံလောက်လောက်ရှိသည်ဟု မထင်သေးကြောင်း ဆိုကြပါသည်။ ၂၀၁၃ ဆက်သွယ်ရေးဥပဒေတွင် အခန်း (၁၉) ခန်းပါဝင်၍၊ ပုဒ်မ (၈၀) ခုပါဝင်ပါသည်။ ဆက်သွယ်ရေးဥပဒေ၏ ပုဒ်မ ၆၆ (ဃ) တွင် ဆက်သွယ်ရေးကွန်ရက်တစ်ခုခုကိုအသုံးပြု၍ ပုဂ္ဂိုလ်တစ်ဦးဦးအား ခြောက်လှန့် တောင်းယူခြင်း၊ အနိုင်အထက်ပြုခြင်း၊ မတရားတားဆီးကန့်ကွက်ခြင်း၊ အသရေဖျက်ခြင်း၊ နှောင့်ယှက်ခြင်း၊ မလျော်သြဇာသုံးခြင်း သို့မဟုတ် ခြိမ်းခြောက်ခြင်း ပြုလုပ်ပါက ထောင်ဒဏ် (၃) နှစ်အထိ ချမှတ်နိုင်ကြောင်းပါဝင်ပါသည်။[45] ဤပုဒ်မသည် "တရားဥပဒေစိုးမိုးရေး၊ ပြည်သူလူထုငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေး သို့မဟုတ် ပြည်သူလူထု၏ ကိုယ်ကျင့်တရား" ပိုင်းကို လျော့ပါးစေမှုကို မတွေ့ရပါက လွတ်လပ်စွာထုတ်ဖော်ခွင့်ကို ကာကွယ်ထားသည့် အခြေခံဥပဒေ၏ ပုဒ်မ ၃၅၄ နှင့် ဗီလာဆန့်ကျင်ဖြစ်နေသည်ဟုလည်း ရှုမြင်ကြပါသည်။

မြန်မာနိုင်ငံမှ ထိပ်တန်းသတင်းစာကြီးများ၏ အယ်ဒီတာများစွာက ဆက်သွယ်ရေးဥပဒေ ပုဒ်မ ၆၆ (ဃ) ကို အစိုးရက အသုံးပြုမှုနှင့် အလွဲသုံးစားပြုမှုအပြင် ယင်းပုဒ်မ၏ မီဒီယာလွတ်လပ်ခွင့်အပေါ် အနုတ်လက္ခဏာဆောင်သည့် သက်ရောက်မှုနှင့်စပ်လျဉ်း၍ သူတို့၏ စိုးရိမ်ပူပန်မှုများအကြောင်းကို မျှဝေခဲ့ကြသည်။ ဆက်သွယ်ရေး

[45] ဆက်သွယ်ရေးဥပဒေ (ပြည်ထောင်စုလွှတ်တော်၊ ဥပဒေအမှတ် ၃၁၊ ၂၀၁၃)၊ ၂၀၁၃ အောက်တိုဘာလ ၈ ရက်၊ http://www.mcit.gov.mm/sites/default/files/Telecom%20Law%20English%20 တွင်ရနိုင်သည်။

ဥပဒေကို ပြီးခဲ့သည့် ဦးသိန်းစိန်အစိုးရလက်ထက်က ပြဌာန်းခဲ့ခြင်းဖြစ်သော်လည်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ ချုပ်ဦးဆောင်သည့် လက်ရှိအစိုးရသည် ထိုဥပဒေကို ထိန်းသိမ်းထားဆဲဖြစ်သည်။ မီဒီယာမှ လူများစွာအနေဖြင့် ယင်းဥပဒေကို မီဒီယာများ နှုတ်ပိတ်နေစေရန်သုံးသည့် အရာတစ်ခုအနေဖြင့် ရှုမြင်နေကြသည်။

ယင်းဥပဒေကိုပြဌာန်းလိုက်သည့် ၂၀၁၃ ခုနှစ်မှစ၍ ပုဒ်မ ၆၆ (ဃ) အောက်တွင် အမှုစွဲခံရသည့် ဖြစ်ရပ်ပေါင်း (၇၀) ခန့်ရှိ၍၊ ပြီးခဲ့သည့်အစိုးရလက်ထက်တွင် အမှု (၇) နှင့် ၂၀၁၅ ခုနှစ် အမျိုးသားဒီမိုကရေစီအစိုးရလက်ထက်တွင် အမှု (၆၀) ထက်မနည်းတွေ့ခဲ့ရသည်။[46] Eleven Media Group ၏ အမှုဆောင်အရာရှိချုပ် ဦးသန်းထွဋ်အောင်နှင့် ၎င်း၏ အယ်ဒီတာချုပ် ဦးဝေဖြိုးတို့သည် အဂတိလိုက်စားမှုတစ်ရပ်တွင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း ပါဝင်နေသယောင် စောင်းပါးရိပ်ခြည်ပြောခဲ့သည့် ဆောင်းပါးတစ်ပုဒ်ကို ရေးသားခဲ့ သည့်အတွက် ဆက်သွယ်ရေးဥပဒေပုဒ်မ ၆၆ (ဃ) အောက်တွင် စွဲချက်တင်ခံနေရခြင်းဖြစ်သည်။ ဦးသန်းထွဋ်အောင် ကိုယ်တိုင် ရေးသားထားသည့် ဆောင်းပါးတွင် အမေရိကန်ဒေါ်လာ (၁၀၀,၀၀၀) ခန့်တန်ကြေးရှိသည့် Patek Philippe နာရီကိုဝတ်ဆင်ထားသည့် ဦးဖြိုးမင်းသိန်းနှင့် ရန်ကုန်မြို့တိုးချဲ့ရေးစီမံကိန်းတွင် တင်ဒါအနိုင်ရရှိသူတစ်ဦး၏ ချိတ်ဆက်မှုကို ဆွေးနွေးရေးသားထားသည်။

မြန်မာနိုင်ငံတွင် ယင်းဥပဒေကို အလွဲသုံးစားပြုခြင်းသည် ထိုဥပဒေအောက်မှနေ၍ တရားစွဲဆိုခြင်းခံရသည့် သူများကို သက်ရောက်စေသည်သာမက၊ ဆက်သွယ်ရေးပစ္စည်းများဖြစ်သည့် အီးမေးလ်၊ စာတိုပို့သည့် ဝန်ဆောင်မှုနှင့် လူမှုကွန်ယက်တို့ကို အသုံးပြုနေသည့် သူများအားလုံးအပေါ်တွင်လည်း ကျောချမ်းဖွယ် သက်ရောက်မှုကို ဖြစ်ပေါ်စေသည်။ တစ်ဦးချင်းအနေဖြင့် အစိုးရ သို့မဟုတ် တပ်မတော်ခေါင်းဆောင်များကို ဝေဖန်လိုပါက၊ စော်ကားမှု၊ ညစ်ညမ်းသည့်ဘာသာစကားနှင့် သူတို့၏ ပုဂ္ဂလိကနေထိုင်မှုဘဝကို မတိုက်ခိုက်ဘဲ ဝေဖန်ရမည်ဖြစ်သည်။ ထိုကြိုတင်ကာကွယ်မှုများမပြုလုပ်ထားပါက လူပုဂ္ဂိုလ်များအနေဖြင့် တရားစွဲဆိုခြင်းခံရနိုင်သည့် အန္တရာယ်ရှိသည်။ ၎င်းတို့အနေဖြင့် သတင်းများကို မမျှဝေသေးမီ သတင်းကို သေချာစွာ ပြန်လည်သုံးသပ်ရမည်ဖြစ်သည်။ လူမှုကွန်ယက်ပေါ်မှပို့စ်များကို မှတ်တမ်းတင်ထားနိုင်ပြီး၊ တစ်စုံတစ်ဦးအား အမှုဖွင့်ရန်အတွက် သက်သေအဖြစ် အသုံးပြုနိုင်ပါသည်။ ထိုကျောချမ်းဖွယ် သက်ရောက်မှုသည် မီဒီယာလွတ်လပ်ခွင့်ကိုသာမက၊ လွတ်လပ်စွာ ဆန္ဒထုတ်ဖော်ခွင့်ကိုလည်း ပိုမိုထိခိုက်စေသည်။

လွတ်လပ်၍ တရားမျှတသည့် ရွေးကောက်ပွဲများဖြစ်စေရေးတွင် သတင်းမီဒီယာများသည် အရေးပါသည့် အခန်းကဏ္ဍတွင်ပါရှိနေသောကြောင့်၊ မီဒီယာများအနေဖြင့် ၎င်းတို့၏အခန်းကဏ္ဍကို မဖြည့်ဆည်းနိုင်ပါက၊ ထိုသို့ ပြုလုပ်ရန် ၎င်းတို့တွင် လွတ်လပ်မှုမရှိပါက၊ မြန်မာနိုင်ငံအနေဖြင့် ပြည်သူလူထု၏ ဒီမိုကရေစီကို လိုလားမှုအတွက် အောင်မြင်မှုမှာ ဝေးနေဦးမည်ဖြစ်သည်။

[46] ၂၀၁၆ တွင် ထိုပုဒ်မဖြင့် ထောင်ချခံရသော ကဗျာဆရာ မောင်ဆောင်းခ၏ PEN Myanmar တွင် သတင်းဖော်ပြမှု၊ https://www.irrawaddy.com/news/burma/three-magwe-based-journalists-charged-article-66d.html

# ရွေးကောက်ပွဲနေ့
# ကြိုတင်မဲပေးခြင်း

ကြိုတင်မဲပေးခြင်းဆိုသည်မှာ ပြည်သူတို့၏ ရွေးကောက်ပွဲတွင် မဲဆန္ဒရှင်များအနေဖြင့် စီစဉ်ထားသည့် ရွေးကောက်ပွဲနေ့ထက်စော၍ ကြိုတင်မဲပေးနိုင်သည့်ဖြစ်စဉ်ကို ခေါ်ပါသည်။ နိုင်ငံတကာစံနှုန်းများနှင့်အညီ ဆောင်ရွက်ရမည်ဟု မဆိုလိုသော်လည်း ကြိုတင်မဲပေးခြင်းသည် မဲပေးပိုင်ခွင့် ရှိသူတိုင်းမဲပေးခွင့်၊ မဲပေးရန် ရပိုင်ခွင့်နှင့် အခွင့်အလမ်းတို့အပြင်၊ ရွေးကောက်ပွဲနေ့တွင် မဲပေးရန်မဖြစ်နိုင်သည့် မဲဆန္ဒရှင်များ၏ ပါဝင်နိုင်ခွင့်တို့ကို မြှင့်တင်ပေးသည်။[47]

ပြီးခဲ့သည့် ရွေးကောက်ပွဲများတွင် ကြိုတင်မဲပေးခြင်းနှင့်စပ်လျဉ်း၍ အလွဲသုံးစားပြုမှုများ ဖြစ်ပေါ်ခဲ့ခြင်းက မြန်မာနိုင်ငံ၏ ရွေးကောက်ပွဲလုပ်ငန်းစဉ်တွင် ပြဿနာဖြစ်စေခဲ့သည့် လက္ခဏာတစ်ခုဖြစ်သည်။ ကြိုတင်မဲများကို လိုသလိုကြိုးကိုင်ခြင်း၊ အထူးသဖြင့် တပ်မတော်စစ်မှုထမ်းတို့၏ မဲများကို လိုသလိုကစားခြင်းအား ၂၀၁၀ ရွေးကောက်ပွဲကာလတွင် ဖြစ်ပွားခဲ့သည့် အဓိကလိမ်ညာသည့် နည်းလမ်းကြီးတစ်ခုအဖြစ် အများစုကယူဆခဲ့ကြသည်။[48] ၂၀၁၅ ခုနှစ်တွင် ကြိုတင်မဲပေးခြင်းဖြစ်စဉ်မှာ အတော်အတန်ပင် ပိုမိုကောင်းမွန်လာသော်လည်း၊ ထပ်မံပြုပြင်စရာများစွာ ကျန်ရှိနေဆဲဖြစ်ပါသည်။[49]

မြန်မာနိုင်ငံ၏ ရွေးကောက်ပွဲစနစ်တွင် ကြိုတင်မဲပေးခြင်းပုံစံ (၂) မျိုးရှိပါသည်။[50]

၁။ မဲဆန္ဒနယ်အတွင်း ကြိုတင်မဲပေးခြင်း၌ မဲဆန္ဒရှင်များသည် သူတို့နေထိုင်ရာဒေသမှတဆင့် မဲပေးရန် စာရင်းပေးထားသော်လည်း မဲပေးသည့်နေ့တွင် မဲရုံသို့ အကြောင်းအမျိုးမျိုးကြောင့် လာရောက်ရန် မဖြစ်နိုင်သည့် မဲဆန္ဒရှင်များပါဝင်ပါသည်။ ထိုကဲ့သို့သော ကြိုတင်မဲဆန္ဒပေးခြင်းပုံစံအပေါ် အများအားဖြင့် မှီခိုနေသည့်အုပ်စုများမှာ အသက်အရွယ်ကြီးရင့်သူများ၊ မသန်စွမ်းသူများ၊ အမှန်တကယ် ရွေးကောက်ပွဲနေ့တွင် အလုပ်လုပ်နေရသည့် အစိုးရဝန်ထမ်းများ (ဆရာ/ဆရာမများ၊ တပ်မတော်မှ ပုဂ္ဂိုလ်များ၊ ရဲအရာရှိများ၊ မီးသတ်တပ်ဖွဲ့ဝင်များစသည်ဖြင့်) ပါဝင်သည်။ ပုံမှန်အားဖြင့် ဆရာ/ဆရာမများအား မဲရုံအရာရှိများအနေဖြင့် ရဲတပ်သားများနှင့်အတူတာဝန်ချထားခြင်းခံရသည့်နည်းတူ၊ တပ်မတော်အားလည်း ရွေးကောက်ပွဲနေ့တလျှောက်လုံးတွင် လုံခြုံရေးထိန်းသိမ်းရန်အတွက် တာဝန်ချထားခြင်းခံရသည့်အတွက် မဲဆန္ဒနယ်အတွင်း ကြိုတင်မဲပေးခြင်းနည်းလမ်းမှာ ၎င်းတို့အတွက် အထောက်အကူဖြစ်စေပါသည်။ မဲဆန္ဒနယ်အတွင်း ကြိုတင်မဲပေးခြင်းဆိုင်ရာ အသေးစိတ် အချက်အလက်များသည် မဲပေးသည့်အုပ်စုအပေါ်မူတည်၍ ကွဲပြားခြားနားပါသည်။ အစိုးရဝန်ထမ်းများအတွက် ကြိုတင်မဲပေးခြင်းကို ရွေးကောက်ပွဲနေ့ မတိုင်မီ (၁၀) ရက် အလိုတွင်လုပ်ပေးသော်လည်း သာမန်အရပ်သားများအတွက်မူ ရွေးကောက်ပွဲနေ့မတိုင်မီ (၂) ရက်အလိုတွင် လုပ်ပေးပါသည်။ မဲဆန္ဒနယ်အတွင်း၌

---

[47] Carter Center ၏ အပြီးသပ်အစီရင်ခံစာ ၂၀၁၆၊ Observing Myanmar's 2015 General Elections

[48] ၎င်း

[49] ANFREL စောင့်ကြည့်လေ့လာရေးအဖွဲ့ ၏ အစီရင်ခံစာ၊ ၂၀၁၆၊ မြန်မာနိုင်ငံ၏ အထွေထွေနှင့် ဒေသဆိုင်ရာ ရွေးကောက်ပွဲများ၊ ၂၀၁၅။

[50] UEC

ကြိုတင်မဲပေးခြင်းအတွက် မဲပုံးအားလုံးကို ရပ်ကွက်/ကျေးရွာအုပ်စုအဆင့်တွင်ရှိသည့် ကော်မရှင်အဖွဲ့ခွဲရုံးများတွင်ထားရှိ၍၊ ရွေးကောက်ပွဲနေ့တွင် သက်ဆိုင်ရာမဲရုံအတွင်း၌ ခင်းကျင်းပြသပေးမည် ဖြစ်သည်။ မဲဆန္ဒနယ်အတွင်းရှိကြိုတင်မဲများကို ရွေးကောက်ပွဲနေ့တွင် မဲရုံပိတ်ပြီးနောက် ရေတွက်ပေးခဲ့ပြီး ရွေးကောက်ပွဲနေ့မှ မဲများကို မရေတွက်မီ ဆောင်ရွက်ခြင်းဖြစ်သည်။

၂။ မဲဆန္ဒနယ်ပြင်ပ ကြိုတင်မဲပေးခြင်းတွင် ရွေးကောက်ပွဲနေ့၌ မဲပေးရန်စာရင်းသွင်းထားသော်လည်း မဲဆန္ဒနယ်၏ ပြင်ပတွင်ရောက်နေသည့် မဲဆန္ဒရှင်များပါဝင်ပါသည်။ မဲဆန္ဒနယ်ပြင်ပတွင်ရှိနေသည့် ကျောင်းသားများ၊ အကျဉ်းကျနေသူများ၊ ဆေးရုံလူနာများ၊ တပ်မတော်သားများနှင့် သူတို့၏မိသားစုများအပြင်၊ နိုင်ငံခြားတွင် တာဝန်ထမ်းဆောင်နေရသည့်အရာရှိများ၊ ရွှေ့ပြောင်းအလုပ်သမားများ၊ နိုင်ငံခြားတွင် ပညာသင်ယူနေသည့် ကျောင်းသားများကဲ့သို့ နိုင်ငံပြင်ပတွင်နေထိုင်နေကြသည့် မဲဆန္ဒရှင်များအားလုံးမှာ ဤအမျိုးအစားထဲတွင်ပါဝင်ကာ၊ မဲဆန္ဒနယ်ပြင်ပမှနေ၍ ကြိုတင်မဲပေးခြင်းမှနေ၍ အကျိုးအမြတ်ယူတတ်ရန် လိုအပ်ပါသည်။ ဤအမျိုးအစားအောက်တွင်ရှိသည့် မဲဆန္ဒရှင်များသည် ရွေးကောက်ပွဲနေ့ ကြေညာလိုက်သည်နှင့်တပြိုင်နက် ပုံစံ - ၁၅ ကို အသုံးပြု၍ ကြိုတင်မဲပေးခြင်းအတွက် စာရင်းသွင်းရန် လိုအပ်သည်။ ထိုပုံစံ - ၁၅ တွင် ကြိုတင်မဲပေးရန်လိုအပ်သည့်အကြောင်းပြချက်ကို ထည့်သွင်းဖော်ပြပေးရမည်ဖြစ်ပြီး၊ ၎င်းတို့၏ လက်ရှိနေရပ်လိပ်စာကို ထည့်သွင်းပေးရန်လိုအပ်သည်။ အနီးစပ်ဆုံးမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (မဲဆန္ဒနယ်ပြင်ပမှ သူများအတွက်) နှင့် အနီးဆုံးသံရုံး (နိုင်ငံပြင်ပမှ သူများအတွက်) တို့သည် အပြည့်အစုံဖြည့်ထားသည့် ပုံစံ - ၁၅ ကို မဲဆန္ဒရှင်၏ နေအိမ်ရှိသည့် ရပ်ကွက် သို့မဟုတ် ကျေးရွာထံသို့ ပြန်လည်ပေးပို့ပေးမည်ဖြစ်၍ မဲဆန္ဒရှင်သည် ၎င်းတို့ဆီ၌ စာရင်းသွင်းထားကြောင်းကို အတည်ပြုပေးပြီး ၎င်းအား ကြိုတင်မဲဆန္ဒရှင်တစ်ဦးအနေဖြင့် စာရင်းသွင်းလိုက်မည်ဖြစ်သည်။ ယေဘုယျအားဖြင့် ဤလုပ်ငန်းစဉ်ကို ရွေးကောက်ပွဲနေ့ မတိုင်ခင် တစ်လခန့်၌ ဆောင်ရွက်ရမည်ဖြစ်သည်။ သို့သော် ဤလုပ်ထုံးလုပ်နည်းကို တပ်မတော်သားတို့နှင့် ၎င်းတို့၏ မိသားစုဝင်များအနေဖြင့် အသုံးပြု၍မရပေ။ တပ်မတော်၏ ကိစ္စရပ်တွင်၊ အကြီးအကဲအရာရှိသည် မဲပေးမည့်နေ့တွင် မဲဆန္ဒနယ် ပြင်ပသို့ ရောက်ရှိနေမည့် တပ်မတော်အရာရှိများနှင့် သူတို့၏မိသားစုဝင်များကို စာရင်းပြုစုထားမည်ဖြစ်ပြီး မြို့နယ်အဆင့် ကော်မရှင်အဖွဲ့ခွဲရုံးသို့ ထိုစာရင်းအား တင်သွင်းပေးမည်ဖြစ်သည်။ ဆန္ဒမဲအားလုံးကို သက်ဆိုင်ရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲရုံးသို့ စာတိုက်မှပို့ပေး၍ ရွေးကောက်ပွဲနေ့၊ ညနေ (၄) နာရီ မတိုင်ခင်အထိ မဲပုံးအတွင်းတွင် ထားရှိမည်ဖြစ်သည်။ ပြီးနောက် နောက်ထပ်ကြိုတင်မဲများကို လက်ခံတော့ မည်မဟုတ်ပါ။ ထိုလုပ်ငန်း စဉ်ပြီးသည့်နောက်မှ ရောက်ရှိလာသည့် မည်သည့်မဲများကိုမဆို ခိုင်လုံမဲမဟုတ်ဟု ကြေညာမည်ဖြစ်သည်။ ထိုမဲများကို မဲရုံပိတ်ပြီးနောက် မြို့နယ်ကော်မရှင်အဖွဲ့ခွဲရုံးတွင် ရေတွက်မည်ဖြစ်သည်။

၂၀၁၇ ကြားဖြတ်ရွေးကောက်ပွဲအတွက် ကြိုတင်မဲပေးခြင်းလုပ်ငန်းစဉ်နှင့်စပ်လျဉ်း၍ တိုးတက်မှုများစွာ တွေ့ရသောကြောင့် ANFREL အနေဖြင့် ကျေနပ်အားရပါသည်။ ကြိုတင်မဲပေးခြင်းသည် ၂၀၁၀ အထွေထွေရွေးကောက်ပွဲအပြီးမှစ၍ ကြီးမားသော တိုးတက်မှုရှိလာသည့်နည်းတူ၊ ၂၀၁၅ အထွေထွေရွေးကောက်ပွဲတွင် ANFREL အနေဖြင့် ကြိုတင်မဲပေးခြင်းနှင့် စပ်လျဉ်း၍ ပြဿနာများစွာကိုလည်း တွေ့နေရဆဲဖြစ်သည်။ မရှင်းလင်းသည့် ကြိုတင်မဲပေးခြင်းဆိုင်ရာလုပ်ငန်းအစီအစဉ်များ၊ သတင်းအချက်အလက်မရှိခြင်း၊ စောင့်ကြည့်လေ့လာသူများ သို့မဟုတ် ပါတီကိုယ်စားလှယ်များအတွက် ဝင်ရောက်ခွင့်နည်းပါးခြင်းနှင့် တစ်သမတ်တည်းမဖြစ်သည့် လုပ်ထုံး

လုပ်နည်းများ (ဥပမာအားဖြင့် ကြိုတင်မဲဆန္ဒရှင်များ၏ အမည်ကို အမြဲတမ်းမစစ်ဆေးခြင်း၊ မဲလက်မှတ်များကို သင့်တင့်စွာ လက်မှတ်ရေးထိုးမှုမရှိခြင်း၊ ဘောပင်နှင့်တံဆိပ်ခေါင်းကိုအသုံးပြု၍ မဲပေးခြင်း၊ ဆန္ဒမဲ၏ လျှို့ဝှက်မှုကို တာဝန်ခံ မပေးနိုင်ခြင်းတို့ဖြစ်သည်) ကြောင့်ဖြစ်သည်။ ယေဘုယျအားဖြင့် ANFREL မှတွေ့ရသည်မှာ မဲဆန္ဒနယ် အတွင်းမှ ကြိုတင်မဲပေးခြင်းသည်သာ ပိုမိုစနစ်တကျရှိ၍ ပွင့်လင်းမြင်သာမှုရှိသည့်ဖြစ်စဉ်ဟူ၍ ဖြစ်သည်။ ယခုအကြိမ်တွင် မဲဆန္ဒနယ်တွင်း ကြိုတင်မဲပေးခြင်း လုပ်ငန်းအစီအစဉ် သို့မဟုတ် ရွေးကောက်ပွဲဆိုင်ရာ ပြက္ခဒိန်ကို ပို၍စောစီးစွာ ဖြန့်ဝေပေးခဲ့ပြီး စောင့်ကြည့်လေ့လာခဲ့သည့် နေရာအများစုတွင် အစီအစဉ်ထဲကအတိုင်း အကောင်အထည်ဖော်ခဲ့သည်ကို တွေ့ရသည်။

ယခင်ကဖော်ပြခဲ့သည့်အတိုင်း၊ မဲဆန္ဒနယ်အတွင်း ကြိုတင်မဲပေးခြင်းကို အုပ်စု ၂ စု ပိုင်းခြားထားပါသည်။ ပထမ အုပ်စုမှာ အစိုးရဝန်ထမ်းများဖြစ်ကြ၍၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ၎င်းတို့အား ရပ်ကွက်/ ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲတွင် ကြိုတင်မဲပေးရန်အတွက် (၁၀) ရက်အချိန်ပေးထားပြီး မနက် ၈ နာရီမှ ညနေ ၆ နာရီ အထိအချိန်ရပါသည်။ ယေဘုယျအားဖြင့် ထိုလုပ်ငန်းစဉ်ကို ရည်မှန်းထားသည့်အတိုင်း ဆောင်ရွက်ခဲ့ကြ သော်လည်း၊ စောင့်ကြည့်လေ့လာသူများအနေဖြင့် အားနည်းချက်အချို့ကို တွေ့နေရဆဲဖြစ်သည်။ အဓိက ကိစ္စမှာ ကြိုတင်မဲပေးမည့်သူစာရင်း မရှိခြင်းပင်ဖြစ်သည်။ အလုပ်ရှင် သို့မဟုတ် ၎င်းတို့၏ အဖွဲ့အစည်းထံမှ ထောက်ခံစာ ပေးနိုင်သည့် မည်သူမဆိုသည် မဲရုံသို့လာ၍ ကြိုတင်မဲပေးနိုင်ပါသည်။ ကြိုတင်မဲပေးသူတို့ကို စီစစ်၍ မှန်ကန် ကြောင်းအတည်ပြုမှုသည် ကော်မရှင်အဖွဲ့ခွဲရုံး ဝန်ထမ်း၏ ဆုံးဖြတ်ချက်အပေါ်တွင် မူတည်သည်။ ဤနည်းလမ်း နှင့်ပတ်သက်၍ မေးမြန်းသည့်အခါတွင် စောင့်ကြည့်လေ့လာသူများရရှိသည့် အဓိကအဖြေတစ်ခုမှာ "ရပ်ကွက်/ ကျေးရွာတွင် လူတိုင်းက လူတိုင်းကိုသိသည်" ဟူ၍ဖြစ်သည်။ ANFREL အနေဖြင့် ထိုသို့သော လူမှုရေးနည်းဖြင့် စီစစ်ချက်အပေါ် တည်မှီနေသည့်သဘောကို နားလည်သော်လည်း ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင် အနေဖြင့် နိုင်ငံတဝှမ်းရှိ ကြိုတင်မဲပေးသူများကို မှန်ကန်ကြောင်း စီစစ်ပေးရန်အတွက် ခိုင်မာသည့် နည်းလမ်း တစ်ခု ရှာဖွေပေးရန်လိုအပ်နေဆဲဖြစ်သည်။

**<u>စောင့်ကြည့်လေ့လာသူ၏အစီရင်ခံစာ -</u>**

ရန်လောရွာ (ကျိုင်းတုံမြို့နယ်၊ ရှမ်းပြည်နယ်) တွင် ကြိုတင်မဲပေးခြင်းကို ထွေ/အုပ်ရုံးတွင် လုပ်ဆောင်ရာ ထွေ/အုပ်ရုံးသည် မဲဆန္ဒရှင် ၅၀၀၀ ခန့်ပါဝင်သော ကျေးရွာများကို အကြုံးဝင် စေသည်။ ကြိုတင်မဲပေးသူများ တိုးလာနေခြင်းကို မေးမြန်းရာ ကော်မရှင်အဖွဲ့ခွဲအရာရှိက ပြင်ဆင်မှု မရှိသဖြင့် နောက်ထပ်မဲရုံမဆောက်နိုင်၍ ဖြစ်ကြောင်းဖြေကြားသည်။ တချိန်တည်းမှာပင် ကြိုတင်မဲ ပေးသူအချို့ကရှင်းပြရာတွင် ၎င်းတို့ ကြိုတင်မဲပေးရခြင်းမှာ မင်္ဂလာဆောင်ရှိ၍၊ ပွဲရှိ၍၊ တရုတ်နယ် စပ်ရှိ သတ္တုတွင်းတွင် အလုပ်လုပ်နေရ၍၊ ရွေးကောက်ပွဲနေ့တွင် လာရန် အခက်အခဲရှိ၍ စသည်ဖြင့် ဖြေကြားကြသည်။

**စောင့်ကြည့်လေ့လာသူ၏အစီရင်ခံစာ**

ယေဘုယျအားဖြင့် နယ်မြေအပေါ်မူတည်၍ ကြိုတင်မဲပေးခြင်း ဖြစ်စဉ်များတွင် ထင်ရှားသည့် ကွဲပြားခြားနားမှုကို တွေ့ရှိရသည်။ အကောင်အထည်ဖော်မှုတို့ တပုံစံတည်းဖြစ်စေရန်အတွက် သင်တန်းများပိုမိုပြုလုပ်ပေးပါက အထောက်အကူဖြစ်နိုင်ကြောင်းကိုလည်း အကြံပြုခဲ့သည်။ ဥပမာအားဖြင့် မိုင်းနောင် (ရှမ်းပြည်နယ်) ၏ ရပ်ကွက်အမှတ် (၃) တွင် ကြိုတင်မဲပေးခြင်းကို ပြင်ပရှိမဲပေးရုံများတွင်ပြုလုပ်ခဲ့ပြီး၊ မဲပေးခြင်းဖြစ်စဉ်၏ လျှို့ဝှက်စွာထားရှိရမှုအတွက် သေချာမှု မရှိခဲ့ပေ။ မဲပုံးကိုလည်း ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့၏ အဖွဲ့ဝင်တစ်ဦးပိုင်သည့် အိမ်တွင် ထိန်းသိမ်း ခဲ့ကြသည်။

ဒုတိယအချက်အနေဖြင့် ရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ ခွဲတည်ဆောက်ပုံ ကိုယ်တိုင်က ပြဿနာဖြစ် ပေါ်စေသည်။ ထိုရပ်ရွာအဆင့်များတွင် ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များသည် အများအားဖြင့် ရပ်ကွက်/ ကျေးရွာ အုပ်စု ကော်မတီဝင်များ သို့မဟုတ် အရာရှိများ ဖြစ်နေတတ်သည်။ အများအားဖြင့် အခန်းကဏ္ဍများကို ရှင်းလင်း စွာ ခွဲခြားထားမှုမျိုးမရှိပေ။ အများအားဖြင့် စောင့်ကြည့်လေ့လာသူများမှ တွေ့ရသည်မှာ လူတစ်ဦးတည်းက ရာထူး နေရာနှစ်ခု ယူထား၍၊ ရာထူးတစ်ခုမှာ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးရုံးတွင်ဖြစ်ပြီး၊ နောက်တစ်ခုမှာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင်ဖြစ်သည်။ ယင်းဖြစ်ရပ်က ထိုကဲ့သို့သောအဖွဲ့ဝင်တို့၏ ဘေက်စင်စစ် ဘက်မလိုက်မှုနှင့် လွတ်လပ်မှုကို မေးခွန်းထုတ်ဖွယ်ရာများဖြစ်စေသည်။ ရွေးကောက်ပွဲကော်မရှင်အနေဖြင့် ကျေးရွာ/ရပ်ကွက် အုပ်စုအဆင့်တွင် လုပ်ဆောင်နိုင်စွမ်းရှိသည့် ဝန်ထမ်းများကို ရှာဖွေရာတွင် လူ့စွမ်းအားအရင်း အမြစ်ဆိုင်ရာ စိန်ခေါ်မှုတစ်ရပ်နှင့် ရင်ဆိုင်နေရကြောင်းကို ANFREL မှနားလည်သဖြင့် ကျေးရွာအုပ်စု/ရပ်ကွက် အုပ်ချုပ်ရေးအဖွဲ့မှ လူများကို ခန့်ခြင်းသည် ထိုရာထူးများအတွက် အလွယ်ကူဆုံးနည်းလမ်းဖြစ်ကြောင်းကိုလည်း အသိအမှတ်ပြုပါသည်။ အနာဂတ်ရွေးကောက်ပွဲများတွင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ ခွဲများအတွက် အလုပ်လုပ် ပေးရန် ရွေးချယ် ခန့်ထားရာ၌ လူပုဂ္ဂိုလ်အမျိုးမျိုးကို သင်တန်းများပိုမိုပြုလုပ်ပေးခြင်းဖြင့် အထောက်အကူဖြစ်နိုင် မည်ဟု ANFREL မှမျှော်လင့်ပါသည်။ ဝန်ထမ်းနှင့် လုပ်ရမည့်အလုပ်ကို ရှင်းလင်းစွာ ခွဲထားခြင်း၊ ကော်မရှင်အဖွဲ့ ခွဲမှ အသုံးပြုသည့် နေရာကို ပိုမိုရှင်းလင်းစွာ ခွဲခြားထားခြင်းတို့သည် အကျိုးဖြစ်ထွန်းမည်ဖြစ်သည်။ ကျေးရွာ/ ရပ်ကွက်အုပ်စု ကော်မရှင်အဖွဲ့ခွဲများစွာသည် ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးရုံးတို့နှင့် အဆောက်အဦးတစ်ခု တည်းအတွင်းတွင် တည်ရှိနေကြသည်ကိုလည်း စောင့်ကြည့်လေ့လာသူများမှ တွေ့ရှိခဲ့ရသည်။ ပိုမိုစိုးရိမ်စရာ ကောင်းသည်မှာ ရွေးကောက်ပွဲနှင့်စပ်လျဉ်းသည့် ပစ္စည်းများ (ဥပမာ - ကြိုတင်မဲပုံးနှင့်မဲစာရွက်များ) ကို ကျေး ရွာ/ရပ်ကွက်အုပ်စု အုပ်ချုပ်ရေးမှူးတို့၏နေအိမ်များတွင် ထိန်းသိမ်းထားခြင်းဖြစ်သည်။ အကြောင်းရင်းမှာ ၎င်းတို့ တွင် ရုံးမရှိသည့်အတွက်ကြောင့်ဟုဆိုသည်။ ထိုကဲ့သို့သော စီစဉ်ဆောင်ရွက်ချက်များသည် ဒေသခံပြည်သူလူ ထုကြားတွင် ကြီးကြီးမားမား အငြင်းပွားဖွယ်ရာမရှိသော်လည်း လုံခြုံစိတ်ချရ၍၊ ဘက်မလိုက်ဘဲ ထိန်းသိမ်း သိုလှောင်ထားမည့် နေရာများကို မကြာမီသတ်မှတ်ပေးနိုင်မည်ဟုလည်း မျှော်လင့်ပါသည်။

စောင့်ကြည့်လေ့လာသူများကလည်း ကြိုတင်မဲပေးခြင်းအတွက် မဲရုံကို ဖြစ်ကတတ်ဆန်းတည်ဆောက်ထား သည်ကို တွေ့ရှိမှတ်သားခဲ့ရသည်။ ကြိုတင်မဲပေးခြင်းအတွက် မဲရုံတည်ဆောက်မှုအရည်အသွေးနှင့် တသမတ် တည်းဖြစ်မှုသည် ရွေးကောက်ပွဲနေ့တွင် တွေ့ရှိရသည့်မဲရုံတည်ဆောက်မှုထက် နိမ့်ကျလျက်ရှိသည်။ စောင့်ကြည့် လေ့လာသူများက မှတ်သားထားသည့် ချို့ယွင်းချက်များတွင် မဲပေးခန်းများကို မှားယွင်းသည့်ဘက်သို့ မျက်နှာမူ

ထားခြင်း သို့မဟုတ် ဖွင့်ထားသည့်ပြတင်းပေါက်အနီးတွင် ထားရှိခြင်းတို့ပါဝင်သည်။ မဲပေးသူ၏ အခွင့်အရေးဖြစ်သည့် လျှို့ဝှက်မဲပေးမှုကို မဖြစ်စေခြင်း၊ မဲပုံးများကို ကြမ်းပြင်ပေါ်တွင် ထားရှိခြင်း၊ မဲပေးခန်း အတွင်းတွင် ဘောလ်ပင်များနှင့် တံဆိပ်တုံးနှစ်ခုစလုံးကိုပေးထားခြင်း၊ မဲစာရွက်များကို သေသေချာချာ ထိန်းသိမ်းမထားခြင်း စသည့်အကြောင်းတို့ကိုလည်း တွေ့ရှိခဲ့ရသည်။ စောင့်ကြည့်လေ့လာသူများအနေဖြင့် ထပ်မံတွေ့ရှိရသည်မှာ မဲစာရွက်များကို အမှတ်အသားပြုရန်အတွက် ဘောလ်ပင် သို့မဟုတ် တံဆိပ်တုံးအသုံးပြုမှုတွင် တသမတ်တည်း မရှိသည့်ကိစ္စရပ်ပင်ဖြစ်သည်။

မိမိတို့၏ လက်ရှိအခြေအနေနှင့် ရရှိနိုင်သည့် အရင်းအမြစ်များအပေါ် သရုပ်ခွဲသုံးသပ်မှုများအရ အထက်တွင် ဖော်ပြထားသည့် ပြောင်းလဲမှုအားလုံးကို ပြုလုပ်ရန်အတွက် များပြားသည့်ရင်းနှီးမြှုပ်နှံမှု ဘတ်ဂျက်ကို ရှာဖွေရန်မှာ ကြီးမားသော စိန်ခေါ်မှုကြီးတစ်ရပ်ဖြစ်ကြောင်းကိုလည်း နားလည်ပါသည်။ သို့ရာတွင် ရွေးကောက်ပွဲ ရလဒ်များ၏ အရည်အသွေးကိုကောင်းမွန်စေရန်အတွက် ဦးစားပေးလုပ်ဆောင်ရမည့် ကိစ္စအချို့ကို ချမှတ်ရန် လိုအပ်ပါသည်။ ကျေးရွာအုပ်စု/ရပ်ကွက်အုပ်စု အုပ်ချုပ်ရေးအဖွဲ့တွင်သာမက၊ ကျေးရွာအုပ်စု/ရပ်ကွက်အဆင့် ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်အဖြစ်လည်း တာဝန်နှစ်ခုကိုတစ်ပြိုင်နက်တည်းယူခြင်းအား အဆုံးသတ်လိုက်ခြင်း သည် ဦးစားပေးဆောင်ရွက်ရမည့်ကိစ္စရပ်များစွာထဲမှ တစ်ခုဖြစ်သည်။ သီးခြားဖွဲ့စည်းထားသည့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများအတွက် သီးခြားဝန်ထမ်းဖြင့် ဝန်ဆောင်မှုများပေးရန် ဘတ်ဂျက်ရှိမှုနှင့် လိုအပ်ချက်တို့ အပေါ်မူတည်၍ အမြဲတမ်း သို့မဟုတ် စာချုပ်စနစ်တစ်ရပ်ကို ညှိနှိုင်းဆောင်ရွက်နိုင်သည်။ သို့မှသာလျှင် ထိုသီးခြား ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများအတွက် ထွေ/အုပ် သို့မဟုတ် ဒေသန္တရအုပ်ချုပ်ရေးအဖွဲ့တို့အပေါ် အလွန် မမှီခိုဘဲ လွတ်လွတ်လပ်လပ်ဖြင့် လုပ်ငန်းများဆောင်ရွက်နိုင်မည့် လူ့စွမ်းအားအရင်းအမြစ်နှင့် နေရာတစ်ခု ထွက်ပေါ်လာမည်ဖြစ်သည်။

ကြိုတင်မဲပေးမည့် ပထမအုပ်စုဖြစ်သည့် အစိုးရဝန်ထမ်းများသည် အနည်းငယ်သာဖြစ်သည့်အတွက် ၎င်းတို့အတွက် မဲပေးနိုင်သည့်အချိန်ကို (၁၀) ရက်ခန့်ပေးထားခြင်းမှာ အကျိုးထိရောက်ခြင်း သို့မဟုတ် ခရီးရောက်ခြင်း မရှိကြောင်းကို ANFREL ၏ စောင့်ကြည့်လေ့လာသူများမှ အစီရင်ခံခဲ့ပါသည်။ ကြိုတင်မဲပေးမည့်သူများ လာရောက် ခြင်းမရှိသည့် ရက်များစွာရှိကြောင်း စောင့်ကြည့်လေ့လာသူများက တွေ့ရှိခဲ့ရသည်။ မဲပေးမှုမရှိဘဲ မဲပေးသည့်အချိန်ကို ဤမျှရှည်ကြာစွာထားရှိခြင်းသည် မသမာမှုပြုလုပ်ရန် ပိုမိုကြီးမားသည့် အခွင့်အလမ်းကြီးကို ဖြစ်စေသည်။ ဤမဲပေးမှုအချိန်ကို ၃ ရက်မှ ၅ ရက်သို့ လျှော့ချလိုက်ခြင်းသည် အချိန်နှင့်ငွေကို သက်သာစေရုံမျှမက၊ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အတွက် စီမံခန့်ခွဲ၍ ထိန်းချုပ်ရန် ပိုမိုလွယ်ကူသွားစေမည် ဖြစ်ကြောင်းကိုလည်း ယုံကြည်ပါသည်။



ပုံ ၃ - ကြိုတင်မဲပေးသည့် လုပ်ငန်းစဉ်အတွင်း နေမကောင်းဖြစ်နေသည့် သက်ကြီးမဲဆန္ဒရှင်တစ်ဦး မဲပေးနေစဉ်

ကြိုတင်မဲပေးကြမည့် ဒုတိယမြောက်အုပ်စုတွင် မဲဆန္ဒနယ်အတွင်း၌ရှိကြသည့် အရပ်သား မဲပေးမည့်သူများ ဖြစ်ပြီး ၎င်းတို့မှာ မဲရုံသို့လာရောက်ရန် ရုပ်ပိုင်းဆိုင်ရာအရ မတတ်နိုင်သည့် သူများပါဝင်သည်။ ၎င်းတို့မှာ အသက်အရွယ်ကြီးရင့်သူများ၊ မသန်စွမ်းသည့်သူများ၊ နို့စို့ကလေးငယ်များရှိသည့် မိခင်များဖြစ်သည်။ ထိုသူတို့အတွက် ရွေ့လျား မဲပေးခြင်းလုပ်ငန်းစဉ်ကို ရွေးကောက်ပွဲနေ့မတိုင်ခင် နှစ်ရက်အလိုတွင် စီစဉ်ပေးထားပြီး၊ ထိရောက်၍ ခရီးရောက် ကြောင်းကို မိမိတို့၏ စောင့်ကြည့်လေ့လာသူများမှ တွေ့ရှိခဲ့ရသည်။ ANFREL သည် ယင်းလုပ်ငန်းစဉ်ကို တိုင်းဒေသကြီး/ပြည်နယ် ၈ ခုတွင် လေ့လာစောင့်ကြည့်ခဲ့သည်။ အများအားဖြင့် ပါတီကိုယ်စားလှယ်များနှင့် ဒေသခံ စောင့်ကြည့်လေ့လာသူများရှိကြ၍၊ လုပ်ငန်းစဉ်အတိုင်း လိုက်လံဆောင်ရွက်ကြသည်ကို တွေ့ရသည်။ ဒေသခံ ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များသည် ဤအမျိုးအစားအောက်တွင် ကြိုတင်မဲပေးရန် စာရင်းပေးထားသည့် သူများ၏ နေအိမ်သို့ သွားရောက်ကြည့်ရှုခဲ့ကြသည်။ သူတို့သည် မဲစာရွက်များ၊ မဲပုံးများ၊ ကြိုတင်မဲ စာအိတ်များ၊ စာရွက်စာတမ်းများအပါအဝင် ရွေးကောက်ပွဲဆိုင်ရာပစ္စည်းများကို ယူဆောင်၍ ပါတီကိုယ်စားလှယ်များနှင့်အတူ တစ်အိမ်တက်ဆင်း သွားခဲ့ကြသည်။

မဲရုံသို့မလာနိုင်သည့် မဲပေးမည့်သူများအတွက် ကြိုတင်မဲပေးနိုင်ရန် ဆောင်ရွက်ပေးခဲ့သည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ အရိုးခံကြိုးပမ်းအားထုတ်မှုကို ANFREL အနေဖြင့် ကြီးစွာအသိအမှတ်ပြုသည့်အပြင်၊ လုပ်ငန်းစဉ်၏ လျှို့ဝှက်ရမည့် အနေအထားကို တိုးတက်စေရန်လည်း ဆောင်ရွက်သင့်ပါသည်။ ဤနေရာတွင် လျှို့ဝှက်ရမည့်အနေအထားဆိုသည် ပါတီကိုယ်စားလှယ်များအနေဖြင့် ရပ်ကွက်/ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲအား မဲစာရွက်များ၊ မဲပုံးများသယ်ယူပေးခြင်းနှင့် မဲစာရွက်များတွင် မဲဆန္ဒရှင်များအနေဖြင့် အမှတ်အသားပြုခြင်းအား အကူညီပေးခြင်းကို ဆိုလိုသည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် အနာဂတ်တွင် အိမ်တိုင်ရာရောက် ရွေ့လျားစနစ်ဖြင့် မဲပေးစေခြင်းအတွက် လုပ်ထုံးလုပ်နည်းများနှင့် ဝန်ထမ်းများကို တရားဝင်သတ်မှတ်ပေးထားရန် အကြံပြုပါသည်။ ရွေ့လျားမဲပေးခြင်းနှင့်စပ်လျဉ်းပါက ထောက်ပံ့ရေးပစ္စည်းများ သယ်ယူပို့ဆောင်ခြင်းကို ကော်မရှင် အဖွဲ့ခွဲ အဖွဲ့ဝင်တို့ကိုသာ ကူညီလုပ်ဆောင်ခွင့်ပေးခြင်း၊ မဲဆန္ဒရှင်အား မဲပေးရာတွင် ကူညီရန်အတွက်လည်း လိုအပ်ပါက ကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင် သို့မဟုတ် မိသားစုဝင်တို့ကိုသာ ကူညီခွင့်ပြုခြင်းမျိုးဖြစ်သည်။



ကြိုတင်မဲပေးခြင်းအတွက် စာအိတ်များအသုံးပြုရာတွင်လည်း တစ်သမတ်တည်းမရှိသည့် လုပ်ထုံးလုပ်နည်းများကို စောင့်ကြည့်လေ့လာသူများက တွေ့ရှိရပါသည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ကြိုတင်မဲပေးခြင်းအတွက် စာအိတ်ပုံစံနှစ်မျိုးကို ပေးထားပြီး၊ ကော်မရှင်အဖွဲ့ခွဲဝန်ထမ်းတို့အား စောင့်ကြည့်လေ့လာသူများက တွေ့ဆုံမေးမြန်းမှုများအရ၊ စာအိတ်အသုံးပြုခြင်း၏ ရည်ရွယ်ချက်ကို နားလည်ရန်အတွက် ရှုပ်ထွေးနေသည်သာမက၊ တစ်သမတ်တည်းမရှိသည့် အသုံးပြုမှုတို့ကိုလည်း တွေ့ရှိရပါသည်။ စာတိုက်မှ ပေးပို့ရမည်ဖြစ်၍ မဲဆန္ဒနယ်ပြင်ပမှ ကြိုတင်မဲပေးခြင်းအတွက်

စာအိတ်များကို အသုံးပြုရသည်။ ကော်မရှင်အဖွဲ့ခွဲအချို့က စာအိတ်နှစ်မျိုးလုံးကိုအသုံးပြု၍၊ အချို့က တစ်မျိုးတည်းကိုသာအသုံးပြုသော်လည်း အချို့က မည်သည့်စာအိတ်ကိုမှ အသုံးမပြုဘဲ၊ အချို့နေရာများတွင် စာအိတ်ပေါ်၌ မဲဆန္ဒရှင်များ၏ အမည်ကိုရေးသားထားသည့် ဖြစ်ရပ်မျိုးလည်းတွေ့ခဲ့ပါသည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် အနာဂတ်တွင် ယင်းကဲ့သို့သော တစ်သမတ်တည်းမဖြစ်သည့် အကောင်အထည်ဖော်မှုပုံစံမျိုးကို ရှောင်ရှားရန်အတွက် ကြိုတင်မဲပေးခြင်းဆိုင်ရာ သင်တန်းများနှင့် ပိုမိုရှင်းလင်း၍ အသေးစိတ်ဖြစ်သည့် လုပ်ထုံးလုပ်နည်းများကို လုပ်ဆောင်ပေးရန် လိုအပ်ပါသည်။

ယေဘုယျအားဖြင့် ပြီးခဲ့သည့်ရွေးကောက်ပွဲများနှင့်နှိုင်းယှဉ်ပါက မဲဆန္ဒနယ်အတွင်းကြိုတင်မဲပေးခြင်းသည် ပိုမိုလက်ခံနိုင်ဖွယ်ရာဖြစ်၍ ပွင့်လင်းမြင်သာမှုလည်းရှိပြီး၊ မဲဆန္ဒနယ်ပြင်ပကြိုတင်မဲပေးခြင်းတွင်မူ တိုးတက်မှုသိပ်မရှိကြောင်း ပြသနေပါသည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ထုတ်ပြန်သော မရှင်းလင်းသည့် လုပ်ထုံးလုပ်နည်းများနှင့် သတင်းအချက်အလက် အကန့်အသတ်များကြောင့် နိုင်ငံတကာနှင့် ပြည်တွင်းမှ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများအပြင် ပါတီကိုယ်စားလှယ်များအနေဖြင့်လည်း မဲဆန္ဒနယ်ပြင်ပမှ ကြိုတင်မဲပေးခြင်းကို စောင့်ကြည့်လေ့လာရန် မဖြစ်နိုင်ပါ။ နောက်ထပ်ပူပန်စရာတစ်ခုမှာ မဲဆန္ဒနယ်ပြင်ပမှ ကြိုတင်မဲပေးခြင်းကို လုပ်ဆောင်ရာတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ လုပ်ဆောင်ခြင်းမဟုတ်ဘဲ မဲရုံလက်ခံထားရှိသည့် အစိုးရဌာနက ဆောင်ရွက်ပုံရခြင်းပင်ဖြစ်သည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် မဲရုံစီမံခန့်ခွဲမှုကို ထိုကဲ့သို့လွှဲပြောင်းပေးခြင်းမျိုး ရှောင်ကြဉ်သင့်ကြောင်း ၂၀၁၅ အထွေထွေရွေးကောက်ပွဲအပြီး၌ ANFREL နှင့် အခြားသောစောင့်ကြည့်လေ့လာရေးအဖွဲ့အစည်းများမှ အကြံပြုခဲ့သော်လည်း၊ တပ်စခန်းများနှင့် အစိုးရဌာနအချို့တွင် မဲပေးခြင်းနှင့်စပ်လျဉ်း၍ ယင်းသို့ဖြစ်ရပ်များ ဖြစ်ပေါ်နေဆဲဖြစ်သည်။ ကြိုတင်မဲပေးရန် အတွက် စာရင်းပေးသည့် မဲဆန္ဒရှင်အရေအတွက် သို့မဟုတ် ၎င်းတို့၏ အမည်များ၊ တည်နေရာအတိအကျ သို့မဟုတ် အချိန်တို့နှင့်စပ်လျဉ်းသည့် သတင်းအချက်အလက်များကိုလည်း ထုတ်ပြန်ကြေညာခြင်းမျိုးမရှိပေ။ ယေဘုယျပြောရမည်ဆိုပါက ကြိုတင်မဲပေးခြင်းလုပ်ငန်းစဉ်၏ ဤအပိုင်းအပေါ် စောင့်ကြည့်လေ့လာရန် ပြသခြင်းမရှိပေ။ စောင့်ကြည့်လေ့လာခွင့်မရသည့်အပြင်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ထိန်းချုပ်မှုနှင့် ဥပဒေစည်းမျဉ်းချမှတ်ထားမှု အားနည်းသည့်အတွက် အလွဲသုံးစားပြုရန် အဖြစ်နိုင်ဆုံး အကြောင်းရင်းများထဲမှ တစ်ခုဖြစ်သည်။ မဲဆန္ဒနယ်ပြင်ပမှ ကြိုတင်မဲပေးသူ အရေအတွက်အနည်းငယ်သည် မည်သည့်ကြားဖြတ်ရွေးကောက်ပွဲ ရလဒ်ပုံစံကိုမဆို လွှမ်းမိုးမှုမရှိသော်လည်း ၂၀၂၀ အထွေထွေရွေးကောက်ပွဲတွင်မူ အရေးပါလိမ့်မည်ဖြစ်၍ ထိုသို့ကြိုတင်မဲပေးခြင်းပုံစံကို ပုံမှန်မဲပေးခြင်းလုပ်ထုံးလုပ်နည်းများ၊ သာမန်မဲရုံများနှင့် တသမတ်တည်း ပိုဖြစ်စေမည့် နည်းလမ်းတစ်ရပ်ဖြင့် ပြုပြင်ပြောင်းလဲသင့်ပါသည်။ ထိုသို့ ပြုလုပ်ခြင်းဖြင့် ဤမဲပေးမှုပုံစံကို ပိုမိုယုံကြည်လာ၍၊ ပိုမိုပွင့်လင်းမြင်သာမှုရှိလာကာ အလွဲသုံးစားပြုလုပ်နိုင်ခြေ ပိုနည်းလာမည်ဖြစ်သည်။

နိုင်ငံရပ်ခြားမှကြိုတင်မဲပေးခြင်းအတွက် ၂၀၁၅ အထွေထွေရွေးကောက်ပွဲကျင်းပချိန်က ထုတ်ပေးသည့် သတင်းအချက်အလက်များထက်စာလျှင် ၂၀၁၇ ခုနှစ်တွင် သတင်းအချက်အလက်များ ပိုမိုရရှိခဲ့သည်။ နိုင်ငံရပ်ခြားမှကြိုတင်မဲပေးခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းစာအုပ် အင်္ဂလိပ်ဘာသာဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှထုတ်ဝေခဲ့ပြီး၊ အခြားနိုင်ငံတွင်နေထိုင်၍ ကြိုတင်မဲပေးရန် နိုင်ငံ ၂၉ နိုင်ငံမှ ကြိုတင်မဲပေးမည့်သူ စုစုပေါင်း ၃၃၉ ဦးသည် ကော်မရှင်မှချမှတ်သည့် သတ်မှတ်ချက်များဖြင့်ကိုက်ညီသည်။ စင်ကာပူတွင် ထိုကဲ့သို့မဲဆန္ဒရှင်ပေါင်း ၁၁၇ ယောက်ရှိ၍၊ မလေးရှားကဲ့သို့ မဲဆန္ဒရှင်များစွာရှိနိုင်သည့်နိုင်ငံမျိုးတွင်မူ မဲပေးမည့်သူမရှိပေ။ ရွေးကောက်ပွဲ

နေ့၊ ညနေ (၄) နာရီနောက်ပိုင်းတွင် မြို့နယ်ကော်မရှင်အဖွဲ့ခွဲ၌ စောင့်ကြည့်လေ့လာသူများနှင့် လာရောက်ကြည့်ရှုနိုင်သည့်ပါတီကိုယ်စားလှယ်များနှင့်အတူတကွ ထိုကြိုတင်မဲအားလုံးကို ရေတွက်ခဲ့ကြသည်။ ထိုဖြစ်ရပ်က အတိတ်နှင့်မတူညီတော့ကြောင်းကိုပြသသည်။ အတိတ်တစ်ချိန်တုန်းကဆိုလျှင် ကြိုတင်မဲစာရင်းကို ကြေညာထားတာမျိုးမရှိ၊ ကြိုတင်မဲပေးမည့်သူများအတွက် မဲပုံးကို သီးသန့်ထုတ်ပေးထားခြင်းမျိုးမရှိ၊ မဲပေးပြီးသော မဲလက်မှတ်များကိုယ်၌က ချိပ်ပိတ်ထားခြင်းမျိုးမရှိခဲ့ပေ။

နိဂုံးချုပ်ဆိုရပါက ကြိုတင်မဲပေးခြင်းနှင့်စပ်လျဉ်း၍ ရှုပ်ထွေးမှုများကြုံတွေ့နေရခြင်း၏ အဓိကအကြောင်းရင်းမှာ ဥပဒေစည်းမျဉ်းများ၊ သင်တန်းပေးခြင်းနှင့် လက်စွဲစာအုပ်များ မရှိခြင်းကြောင့်ဖြစ်သည်။ သင်တန်းများ ပိုပေးခြင်း၊ မဲပေးခြင်းလုပ်ငန်းစဉ်၏ သွင်ပြင်လက္ခဏာအချို့အပေါ် နောက်ထပ်ထိန်းချုပ်မှုထားရှိခြင်းတို့သည် ယုံကြည်မှုကို တိုးတက်လာစေမည်ဖြစ်ပြီး၊ လက်ရှိ ရှိနေသော အချို့အခက်အခဲများကို အဆုံးသတ်စေမည်ဖြစ်သည်။ ယင်းသို့ပြုလုပ်ခြင်းက လုပ်ထုံးလုပ်နည်းများ ပိုမိုတူညီလာစေ၍ ဥပဒေစည်းမျဉ်းများကို တင်းကျပ်စွာ လိုက်နာလာစေမည်ဖြစ်သည်။ ၂၀၁၅ ရွေးကောက်ပွဲအပြီးတွင် အကြံပြုထားသည့်အတိုင်း ကြိုတင်မဲပေးခြင်းအတွက် စောင့်ကြပ်မည့်သူများသည် တတ်နိုင်သမျှ ရွေးကောက်ပွဲနေ့တွင် စောင့်ကြပ်သည့်သူများကဲ့သို့ပင် ဖြစ်စေသင့်သည်။ ရွေးကောက်ပွဲနေ့လုပ်ငန်းစဉ်ကို ပိုမိုနီးကပ်စွာမြင်တွေ့နိုင်ရန် စနစ်ကိုပုံမှန်ဖြစ်နေအောင်လုပ်ထားခြင်းဖြင့်၊ စနစ်အတွင်း ကာလရှည်ဖြစ်ပေါ်နေသည့် ပြဿနာနယ်ပယ်တစ်ခုကို တုံ့ပြန်ဆောင်ရွက်ထားပြီး ဖြစ်သည်ဟု ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်နှင့် ပါဝင်ပတ်သက်သူအားလုံးမှ ဂုဏ်ယူဝင့်ကြွားစွာ ထုတ်ဖော်ပြောဆို နိုင်ပါမည်။

## ရွေးကောက်ပွဲနေ့

ဤရွေးကောက်ပွဲနေ့နှင့်ပတ်သက်သော အခန်းတွင် ရွေးကောက်ပွဲနေ့၌ လုပ်ဆောင်မှုများနှင့် အဖြစ်အပျက်များကို ခြုံငုံမိအောင် ဖော်ပြထားသည်။ မဲရုံတွင် လုပ်ဆောင်မှုများနှင့် မဲရုံစီမံခန့်ခွဲမှု၊ မဲလက်မှတ်များကို လျှို့ဝှက်ထားရှိမှု၊ မဲလက်မှတ်များ လက်ခံရယူမှုနှင့် မဲပေးရန် နောက်ထပ်နည်းလမ်းများကို ထူထောင်ခြင်းကဲ့သို့ ကိစ္စရပ်များ ပါဝင်သည်။[51] မဲပေးသည့်နေ့တွင် ဆန္ဒမဲများကို မှတ်တမ်းတင်ခြင်း သို့မဟုတ် ထိရောက်သည့် လုပ်ငန်းစဉ်ဖြစ်ရေးသည် ဒီမိုကရေစီနည်းကျ ရွေးကောက်ပွဲ၏ အဓိကအစိတ်အပိုင်းတစ်ခုဖြစ်သည်။ မဲပေးမှုကို လုပ်ဆောင်သည့် လုပ်ငန်းစဉ်ကို ပြုလုပ်ပုံနှင့် ယင်းလုပ်ငန်းစဉ်တို့၏ ပွင့်လင်းမြင်သာမှုအတိုင်းအတာတို့သည် ရွေးကောက်ပွဲလုပ်ငန်းစဉ်နှင့် ၎င်း၏ ရလဒ်တို့အား အများပြည်သူ၏ ယုံကြည်မှုရရှိစေရန် အထောက်အကူပြုပါသည်။

ANFREL အနေဖြင့် ရွေးကောက်ပွဲနေ့ နံနက်တွင် မဲရုံ ၁၅ ရုံဖွင့်သည်ကိုလည်းကောင်း၊ မဲပေးနေစဉ်အတွင်း မဲရုံ ၁၆၆ ရုံကိုလည်းကောင်း၊ တိုင်းဒေသကြီး/ပြည်နယ် ၈ ခုရှိ မြို့နယ် ၂၂ ခုတွင် မဲရုံ ၁၃ ရုံ ၏ ပိတ်ခြင်းတို့ကို လည်းကောင်း စောင့်ကြည့်လေ့လာခဲ့သည်။ ၂၀၁၅ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်နှင့်နှိုင်းယှဉ်ပါက မဲရုံဝန်ထမ်းများအနေဖြင့် ပိုမိုဗဟုသုတပြည့်စုံလာကြ၍ ၎င်းတို့၏အလုပ်နှင့်စပ်လျဉ်းပြီး ပိုမိုယုံကြည်မှုရှိလာကြကာ လုပ်ထုံးလုပ်နည်းတသမတ်တည်းဖြစ်မှုတွင်လည်း တိုးတက်လာသည်ကို ANFREL ၏ စောင့်ကြည့်လေ့လာသူများမှ တွေ့ရှိရပါသည်။ ANFREL အနေဖြင့် ထိုတိုးတက်မှုများအား တွေ့ရှိရသည်ကို နှစ်ခြိုက်မိပါသည်။ သို့သော် သေချာသည်မှာ ၂၀၂၀ အထွေထွေရွေးကောက်ပွဲမတိုင်ခင်တွင် အာရုံစိုက်ထားရန်လိုအပ်သည့် ရံဖန်ရံခါဖြစ်တတ်

[51] ရွေးကောက်ပွဲ ကတိကဝတ်များနှင့် စံများ၊ Carter Cemter ဆန်းစစ်ချက်လက်စွဲ၊ The Carter Center

သည့် အချို့ကိစ္စလေးများ ကျန်ရှိနေဆဲဖြစ်သည်။ ရွေးကောက်ပွဲနေ့နှင့်ပတ်သက်၍ ပိုမိုတိကျသည့် လေ့လာတွေ့ရှိချက်များကို အောက်ပါအတိုင်း အဆင့်အမျိုးမျိုးခွဲ၍ ဖော်ပြထားပါသည်။

## ကြိုတင်ပြင်ဆင်ခြင်း

၂၀၁၇ ကြားဖြတ်ရွေးကောက်ပွဲတွင် နိုင်ငံရေးပါတီ ၂၄ ခုနှင့် ကိုယ်စားလှယ်လောင်း ၉၆ ဦးပါဝင်ခဲ့ပြီး၊ ၁၇ ဦးမှာ အမျိုးသမီးများဖြစ်၍ လစ်လပ်မဲဆန္ဒနယ် ၁၉ နေရာအတွက် ယှဉ်ပြိုင်ခဲ့ကြခြင်းဖြစ်သည်။ ကြိုတင်ပြင်ဆင်ရာတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် မဲပုံး ၆,၃၇၀ ခု၊ မဲလက်မှတ်ကို မည်ကဲ့သို့မှန်ကန်စွာ အမှတ်အသားပြုရမည့်အကြောင်းပါဝင်သည့် ပိုစတာ ၅,၇၄၀ ခု၊ မဲရုံဝန်ထမ်းပေါင်း ၂၀,၀၀၀ ၊ မဲပေးမှုဆိုင်ရာ လက်စွဲစာအုပ် ၂၄,၀၀၀ အုပ်၊ တံဆိပ်တုံး ၂၁,၆၄၆ ခု၊ ဖျက်မရသည့်မင်ဘူး ၄,၅၄၄ ဘူး၊ မဲဆန္ဒရှင်ပညာပေးပိုစတာ ၃,၈၉၀ ရွက်တို့ကို ပေးအပ်ခဲ့ပြီး၊ မဲရုံ ၂,၀၀၀ အတွက် မဲလက်မှတ် ၂,၄၇၂,၆၀၀ ခုကို ပြင်ဆင်ပေးခဲ့သည်။ တရားဝင်ဖြစ်၍ စာရင်းပေးသွင်းထားသည့် မဲဆန္ဒရှင်အရေအတွက်မှာ ၂,၀၃၂,၅၃၆ ဦးထက်ပိုပါသည်။[52]

၂၀၁၇ ဧပြီလ ၁ ရက်နေ့ ရွေးကောက်ပွဲမတိုင်မီနှစ်ပတ်အတွင်းတွင် ယေဘုယျကောင်းမွန်သော ပြင်ဆင်မှုများ ပြုလုပ်ထားခြင်းများအတွက် ANFREL သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို စောင့်ကြည့်လေ့လာခဲ့သည်။ ပြည်နယ်/တိုင်းဒေသကြီး ၈ ခုစလုံးတွင် ရွေးကောက်ပွဲ၌ အသုံးပြုရမည့် ပစ္စည်းများသည် အချိန်မီလုံခြုံစွာ ရောက်လာခဲ့သည်ဟု ဆိုနိုင်ပါသည်။ မဲရုံအရေအတွက်များနည်းပါးမှုနှင့် ဝေးလံခေါင်သီသောဒေသများတွင် ရွေးကောက်ပွဲမကျင်းပခြင်းကြောင့် ရွေးကောက်ပွဲပစ္စည်းများကိုသယ်ယူပို့ဆောင်မှုပြုလုပ်ရာတွင် ၂၀၁၅ နှင့် နှိုင်းယှဉ်ပါက UEC အတွက် သိသိသာသာလွယ်ကူမှုရှိကြောင်း တွေ့ရသည်။ သို့သော် စောင့်ကြည့်လေ့လာသူများ၏ မှတ်ချက်အရ မွန်ပြည်နယ်သို့ ပစ္စည်းများအား လေ့ဖြင့်ပို့ခြင်း၊ ရှမ်းပြည်နယ်၏ အချို့အစိတ်အပိုင်းများတွင် ကောင်းမွန်သော လမ်းပန်းဆက်သွယ်ရေးကွန်ရက်များမရှိခြင်းစသော စိန်ခေါ်မှုအချို့ရှိနေသေးကြောင်းတွေ့ရသည်။


၂၀၁၅ တွင် နောက်ထပ်အဓိကကျသည့် ကိစ္စရပ်မှာ မဲလက်မှတ်၏ အရည်အသွေးဖြစ်သည်။ ANFREL သည် မပြည့်စုံသော သို့မဟုတ် ပုံနှိပ်အရည်အသွေးညံ့ဖျင်းသော မဲလက်မှတ်စာအုပ်များ (ဖြစ်သင့်သည့် မဲလက်မှတ် ၅၀ အောက်သာရှိသင့်) နှင့်ပတ်သက်သော အစီရင်ခံစာများကို တွေ့ရှိခဲ့သည်။ သို့ရာတွင် ၂၀၁၇ ကြားဖြတ်ရွေးကောက်ပွဲတွင် ရွေးကောက်ပွဲပစ္စည်းများ၏ အရည်အသွေး သို့မဟုတ် မဲလက်မှတ်စာအုပ်များတွင် မဲလက်မှတ်လျော့ခြင်းများနှင့်ပတ်သက်သည့် အစီရင်ခံမှုများ မရှိခဲ့သည်ကို တွေ့ရသည်။ ထိုကဲ့သို့သော တိုးတက်လာမှုကို အသိအမှတ်ပြုသင့်ပြီး ၂၀၂၀ အထွေထွေရွေးကောက်ပွဲတွင်လည်း တူညီသော အရည်အသွေးထိန်းချုပ်မှုကို ပြုလုပ်နိုင်မည်ဟု မျှော်လင့်သည်။

UEC သည် ရွေးကောက်ပွဲနေ့တွင် ပေးပြီးဖြစ်သည့် ကြိုတင်မဲများအား ကိုင်တွယ်မှုများနှင့်စပ်လျဉ်း၍ ပွင့်လင်းမြင်သာမှုရှိမှုအပေါ် အသိအမှတ်ပြုသင့်သည်။ ရွေးကောက်ပွဲနေ့တွင် မဲရုံပြင်ပ၌ ပြသထားသော မဲဆန္ဒနယ်အတွင်းမှ ကြိုတင်မဲပေးသူစာရင်း ပုံစံ - ၁၃ ကို မြင်တွေ့ရခြင်းအတွက် ထပ်မံ၍ ကျေနပ်အားရမိသည်။ လက်စွဲစာအုပ်တွင် ညွှန်ကြားထားသည့်အတိုင်း ကြိုတင်ဆန္ဒမဲထည့်ထားသည့် ပုံးများကို သေချာစွာ ကြိုးဖြင့်စည်း၍

[52] UEC

ပိတ်ထားကာ မဲရုံအတွင်း မြင်သာသောနေရာတွင် ထိန်းသိမ်းထားခဲ့သည်။[53] ထိုသို့တသမတ်တည်း ပြုမူခြင်းများသည် ကြိုတင်မဲဆန္ဒရှင်စာရင်းအားကြေညာခြင်းမရှိသော၊ ကြိုတင်မဲစာရင်းများမှာမြင်သာမှုမရှိသော သို့မဟုတ် မဲရုံတွင် ဆန္ဒမဲပုံးများရှိနေသော်လည်း စည်းနှောင်ထားခြင်းမရှိသော ၂၀၁၅ အထွေထွေ ရွေးကောက်ပွဲနှင့် နှိုင်းယှဉ်ပါက ထင်ရှားသော ခြားနားချက်တစ်ခုဖြစ်သည်။

မဲရုံများတည်ဆောက်ပုံနှင့် မဲရုံခွဲဝေပုံများ အထူးသဖြင့် မဲပေးခွင့်ရှိသော လူဦးရေများပြားပုံများမှာ ယခင်ရွေးကောက်ပွဲများနှင့်တူညီသောကြောင့် UEC သည် မဲရုံများကို ခြံဝင်းတစ်ခုတွင် ထားရှိကာ မဲပေးစင်တာတစ်ခု အဖြစ်ပြုလုပ်ထားခဲ့သည်။ မဲဆန္ဒရှင်နည်းသော နေရာများတွင် မဲရုံစင်တာများမဟုတ်ပဲ မဲရုံလေးများသာရှိခဲ့သည်။




ANFREL သည် စောင့်ကြည့်လေ့လာသူများနှင့် ပါတီကိုယ်စားလှယ်များအတွက် အသိအမှတ်ပြုကတ်များပေးအပ်မှုကိုလည်း စောင့်ကြည့်လေ့လာခဲ့သည်။ စောင့်ကြည့်လေ့လာသူများသည် UEC မှ ညွှန်ကြားသည့် လျှောက်ထားမှုနည်းလမ်းများအတိုင်း ပြုလုပ်ပြီးနောက် အချိန်မီပင် အသိအမှတ်ပြုကတ်ပြားများကို ရရှိသည်။ ပြည်တွင်းစောင့်ကြည့်လေ့လာသောအဖွဲ့များသည် UEC အနေဖြင့် အသိအမှတ်ပြုကတ်ပြားများထုတ်ပေးရာတွင် ပိုမိုပြောင်းလွယ်ပြင်လွယ်ရှိလာမှုကို ချီးမွမ်းခဲ့ကြသည်။ ယခင်ကဆိုလျှင် UEC သို့ စောင့်ကြည့်လေ့လာသူတစ်ယောက်ချင်းစီ၏ မှုရင်းလက်မှတ်များနှင့်အတူ သတ်မှတ်ထားသောပုံစံကို ဖြည့်စွက်ရေးသားတင် သွင်းရန် လိုအပ်သည်။ သို့သော် တင်သွင်းရမည့် အချိန်မတိုင်မီ တစ်နိုင်ငံလုံးအတိုင်းအတာအားဖြင့် စောင့်ကြည့်လေ့

[53] ၂၀၁၇ ကြားဖြတ်ရွေးကောက်ပွဲ၊ မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များလက်စွဲ

လာသူအားလုံး၏ လက်မှတ်များကို စုဆောင်းရန် မလွယ်ကူသောကြောင့် ယခုနှစ်တွင် မူရင်းလက်မှတ်များနှင့် အတူ ပုံစံကို နောက်မှတင်သွင်းခွင့်ပေးပြီး အသိအမှတ်ပြုကတ်များကို ထုတ်ပေးခဲ့သည်။ မဲရုံများ၏ စာရင်းကို ထုတ်ပြန်ခြင်းအားလည်း အပေါင်းလက္ခဏာဆောင်သော မှတ်သားမှုများရှိခဲ့သည်။ ANFREL သည် ရွေး ကောက်ပွဲနေ့မတိုင်ခင် မဲရုံများကိုလေ့လာခဲ့ပြီး မဲရုံအများစုသည် ကောင်းစွာပြင်ဆင်ထားသည်ကို ကျေနပ်စွာ တွေ့ခဲ့ရသည်။

၂၀၁၇ ကြားဖြတ်ရွေးကောက်ပွဲပြင်ဆင်မှုများပြုလုပ်နေစဉ်အတွင်း စိုးရိမ်ရမှုအတွက် အရေးပါသော နယ်မြေမှာ ရှမ်းပြည်နယ်၏ သီးခြားကိစ္စရပ်များဖြစ်ကာ လုံခြုံရေးအရ စိုးရိမ်ရမှုများကြောင့် ရွေးကောက်ပွဲနေ့မတိုင်ခင် မဲရုံ များကို နေရာပြောင်းရွှေ့ခဲ့ရခြင်းဖြစ်သည်။ ပို၍အသေးစိတ်ကျသော ဆွေးနွေးမှုများကို အထက်တွင် ဖော်ပြခဲ့ သော ရွေးကောက်ပွဲဆိုင်ရာ ဝန်းကျင်အခြေအနေများအခန်းတွင် ဖတ်ရှုနိုင်ပါသည်။ ထိုမဲရုံပယ်ဖျက်ရသည့် ကိစ္စ ရပ်များကို သင်ခန်းစာရယူနိုင်လိမ့်မည်ဟု မျှော်လင့်ပြီး ၂၀၂၀ အတွက် မဲရုံနေရာများ ရွေးချယ်ရာတွင် အထူးသ ဖြင့် လုံခြုံရေးပြဿနာရှိနိုင်သောနေရာများတွင် ပိုမိုဂရုပြုလုပ်ဆောင်ခြင်းနှင့် အစီအစဉ်ရေးဆွဲခြင်းများ လုပ် ဆောင်နိုင်မည်ဖြစ်သည်။ အလားတူပြဿနာမျိုးသည် ၂၀၂၀ တွင်လည်း ဖြစ်နိုင်ချေရှိကာ ပယ်ဖျက်မှုအရေအ တွက် လျော့အောင်နှင့် ပယ်ဖျက်မှုကြောင့် သက်ရောက်နိုင်မှုများ နည်းပါးအောင် ပြုလုပ်ပေးခြင်းဖြင့် မဲဆန္ဒရှင် များကို မဲပေးခွင့်မရပဲဖြစ်မည့် အရေးမှ ကာကွယ်နိုင်မည်ဖြစ်သည်။

## မဲရုံဖွင့်ခြင်း

ANFREL ၏ စောင့်ကြည့်လေ့လာသူများမှ လေ့လာခဲ့ကြသည့် မဲရုံ (၁၅) ရုံဖွင့်လှစ်ခြင်းအပေါ် အခြေခံကာ ပြော ဆိုရပါက နေရာအများစုတွင် မဲရုံဖွင့်လှစ်ခြင်းကို ဥပဒေစည်းမျဉ်းနှင့်အညီ ပြုလုပ်ခဲ့သည်ဟု ဆိုရပါမည်။ ပြည် ထောင်စုရွေးကောက်ပွဲကော်မရှင်၏ လက်စွဲစာအုပ်အပေါ်အခြေခံပြီး၊ ယေဘုယျအားဖြင့် မဲရုံတစ်ခုချင်းစီတွင် အ ဖွဲ့ဝင် အနည်းဆုံး ၇ ဦးရှိပါသည်။ ထိုသူတို့မှာ မဲရုံအရာရှိတစ်ဦး၊ ဒုတိယမဲရုံအရာရှိတစ်ဦး၊ မဲစာရင်းကို စစ်ဆေး မည့်သူ တစ်ဦး၊ မဲလက်မှတ် ထုတ်ပေးမည့်သူတစ်ဦး၊ မဲရုံအစောင့်အဖြစ်ဆောင်ရွက်မည့်သူ ၂ ဦးနှင့် မဲဆန္ဒရှင် တို့၏ လက်ကို ဖျက်မရသော မင်တို့ပေးမည့်သူတစ်ဦး တို့ဖြစ်သည်။ အကယ်၍ မဲဆန္ဒရှင်ဦးရေ ၁၀၀၀ ထက် ကျော်လွန်ပါက မဲစာရင်းစစ်ရန်နှင့် မဲလက်မှတ်ထုတ်ပေးရန်အတွက် နောက်ထပ်လူတစ်ဦးကို ခန့်ထားနိုင်သည်။ ထိုအဖွဲ့ဝင်အားလုံးကို မြို့နယ်ကော်မရှင်အဖွဲ့ခွဲမှ ခန့်ထားပါသည်။ မဲရုံကို နံနက် ၆ နာရီတိတိတွင် ဖွင့်မည်ဖြစ် သောကြောင့် မဲရုံအဖွဲ့ဝင်အားလုံးသည် စောစီးစွာရောက်ရှိနေရမည်ဖြစ်သည်။ မဲရုံကို အထိုင်ချမှုနှေးကွေးခြင်း သို့မဟုတ် မဲရုံဝန်ထမ်းများအရောက်နောက်ကျခြင်းတို့ကြောင့် အချို့မဲရုံများမှာ ဖွင့်ချိန်နောက်ကျနေကြောင်းကို ANFREL က တွေ့ရှိခဲ့ရသည်။ ထို့ပြင် မဲရုံဝန်ထမ်းများအားလုံး စုံစုံညီညီရောက်ရှိနေပြီဖြစ်သော်လည်း၊ မဲရုံမဖွင့် ခင်တွင် ပါတီကိုယ်စားလှယ်များ သို့မဟုတ် ဒေသခံစောင့်ကြည့်လေ့လာသူများကို စောင့်ဆိုင်းနေရသည့် ဖြစ်ရပ် များလည်းတွေ့ရပါသည်။

မဲရုံတွင် အများအားဖြင့် PACE နှင့် EEOPs တို့မှ ပြည်တွင်း စောင့်ကြည့်လေ့လာသူများနှင့် ပါတီကိုယ်စားလှယ်များ၊ အများစုမှာ NLD နှင့် USDP တို့မှဖြစ်၍ ပိုမိုသေးငယ်သည့်ပါတီများ သို့မဟုတ် တစ်သီးပုဂ္ဂလကိုယ်စားလှယ် လောင်းများရှိနေရာ အားတက်ဖွယ်ကောင်းသည်။ ၂၀၁၅ ခုနှစ်ထက်စာလျှင် ၂၀၁၇ ခုနှစ်၌ ပါတီကိုယ်စားလှယ် များနှင့် စောင့်ကြည့်လေ့လာသူများသည် သူတို့၏တရားဝင်အသိအမှတ်ပြုကဒ်များကို ဝတ်ဆင်ခြင်း/ ပြသခြင်း

နှင့်စပ်လျဉ်း၍ စည်းမျဉ်းများနှင့်အညီ လိုက်နာခဲ့ကြသည်။ မဲရုံမဖွင့်မီလေး၌ မဲရုံဝန်ထမ်းက မဲပုံးအား လေးဖက်လေးတန်မှ ကြိုးဖြင့် မစည်းနှောင်မီ မဲပုံးလွတ်အား ပြသခဲ့သည်။ ထို့နောက် ပုံစံ-၁၃ (ကြိုတင်မဲပေး သူစာရင်း) ကို ဝန်ထမ်းက ထုတ်၍ကပ်ခဲ့ပြီး ကြိုတင်မဲပေးမည့်သူများမရှိသည့် နယ်မြေမှ မဲရုံများမှလွဲပြီး မဲရုံတစ်ခုချင်းစီ အတွင်း၌ ကြိုတင်မဲပုံးများကို မြင်နိုင်ပါသည်။ မဲရုံဖွင့်အပြီး၌ တန်းစီးသူများသည် ၂၀၁၅ ထက်စာလျှင် အတော်အတန်နည်းပါးသွားပြီး၊ မဲပေးသူဦးရေနည်းပါးသွားခြင်းကို ထင်ဟပ်ခြင်းဖြစ်၍ ကြားဖြတ်ရွေးကောက်ပွဲကို လူအများ စိတ်ဝင်စားမှုကျဆင်းသွားခြင်းကို တွေ့ရသည်။

## မဲပေးခြင်း

ANFREL သည် နိုင်ငံတကာမှစောင့်ကြည့်လေ့လာသူ ၁၅ ဦးနှင့်အတူ မြို့နယ် ၂၂ မြို့နယ်စလုံးတွင် မဲရုံ ၁၆၆ ခု၌ မဲပေးခြင်းကို စောင့်ကြည့်လေ့လာရန် စီမံခဲ့သည်။ အသေးအဖွဲများယွင်းမှုအချို့ ရှိသော်လည်း ယေဘုယျအားဖြင့် မဲပေးခြင်းကို ချောမွေ့စွာ ဆောင်ရွက်နိုင်ခဲ့သည်။ ANFREL ၏ ၂၀၁၅ အထွေထွေရွေးကောက်ပွဲကို စောင့်ကြည့်လေ့လာခဲ့ခြင်းအပေါ် အခြေခံ၍ဆိုရလျှင် မဲပေးခြင်းလုပ်ငန်းစဉ်တွင် အဓိကစိုးရိမ်ရသော နယ်ပယ်ကြီး ၃ ခု ရှိပါသည်။ ၎င်းတို့မှာ (၁) မဲရုံအရာရှိများနှင့် မဲဆန္ဒရှင်များအတွင်းတွင် မဲဆန္ဒရှင်ပညာပေးနှင့် သင်တန်းများ မရှိသောကြောင့် မဲပေးခြင်းလုပ်ထုံးလုပ်နည်းများကို အကောင်အထည်ဖော်ရာတွင် တသမတ်တည်းမရှိခြင်း၊ (၂) တန်းစီနေသော လူများနှင့် အတွင်းရှိ လူစုလူဝေးကို ကောင်းမွန်စွာ စီမံမထားနိုင်သောကြောင့် ပြည့်ကျပ်နေပြီး ဖရိုဖရဲဖြစ်နေသည့် မဲရုံများ၊ (၃) မဲဆန္ဒရှင်စာရင်းတွင် မပါဝင်သောကြောင့် မဲပေးရန် သတ်မှတ်ချက် ပြည့်မီသော်လည်း မဲပေးရန် ငြင်းပယ်ခံရခြင်း တို့ဖြစ်သည်။

ယင်းကိစ္စရပ်များနှင့်စပ်လျဉ်း၍ ၂၀၁၇ ကြားဖြတ်ရွေးကောက်ပွဲတွင် တိုးတက်မှုရှိခဲ့သည်ကို ANFREL က တွေ့ရှိခဲ့ရသည်။ မဲရုံဝန်ထမ်းအများစုမှာ ၂၀၁၅ ရွေးကောက်ပွဲတွင် ဆောင်ရွက်ခဲ့ဖူးသည့် အတွေ့အကြုံရှိခဲ့သောကြောင့် ၂၀၁၇ ၌ ပိုမိုလုပ်ဆောင်နိုင်စွမ်းရှိကာ၊ ယုံကြည်မှုလည်း ပိုရှိလာခဲ့ပါသည်။ သို့ရာတွင် မဲပေးခြင်းလုပ်ထုံးလုပ်နည်းများမှာ မဲပေးမည့်သူများအတွက် ရှုပ်ထွေးနေသည့်အတွက် ၎င်းတို့ကို မဲဆန္ဒရှင်ပညာပေးသင်တန်းများ လုံလုံလောက်လောက် မပြုလုပ်ပေးခဲ့ကြောင်း တွေ့ရှိရသည့် ဖြစ်ရပ်အချို့လည်း ရှိနေဆဲဖြစ်သည်။ ထိုဖြစ်ရပ်မျိုးတွင် ပါတီကိုယ်စားလှယ်များသည် မဲရုံတွင်မဲဆန္ဒရှင်များအား ကူညီရန် ကြိုးပမ်းခဲ့ကြသည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ပေးထားသည့် မဲဆန္ဒရှင်ပညာပေး ပိုစတာများသည် မဲရုံအနီးတွင် ကပ်ထားသော်လည်း၊ ထိုတစ်ခုတည်းဖြင့် မဲပေးမည့်သူများကို မည်သို့မဲပေးရမည်ကို ပညာပေးရာတွင် ထိရောက်မှုမရှိပေ။ ပိုစတာများကို မဖတ်တတ်သည့် ပြည်သူများစွာရှိနေခြင်း၊ စာမတတ်မြောက်ကြသည့် အကြောင်းပြချက်များရှိနေခြင်း သို့မဟုတ် ပိုစတာများကို မြန်မာဘာသာစကားဖြင့် ရေးသားထား၍ အချို့အနေဖြင့် မိမိတို့၏ တိုင်းရင်းသားဘာသာစကားကိုသာ ဖတ်ရှုတတ်ခြင်းတို့သည် ပြဿနာကို ပိုမိုဆိုးစေခဲ့သည်။ မြန်မာဘာသာဖြင့် ရေးသားထားသည့် မဲရုံတွင်းရှိ ဆိုင်းဘုတ် (ဝင်ပေါက်၊ ထွက်ပေါက်၊ မဲပုံး စသည်အားဖြင့်) တို့နှင့်စပ်လျဉ်း၍လည်း စိန်ခေါ်မှုမှာအတူတူပင် ဖြစ်သည်။

မဲဆန္ဒရှင်အရေအတွက်နည်းပါးသွားသောကြောင့် ANFREL အနေဖြင့် လူများပြည့်သိပ်ကျပ်နေသည့် မဲရုံများကို မတွေ့ရှိခဲ့ရပေ။ သို့ရာတွင် မဲရုံအရာရှိများ လုပ်ဆောင်ထားသည့် မဲရုံစီစဉ်မှုတို့ကလည်း အထောက်အကူဖြစ်ခဲ့

သည်။ မဲပေးခြင်းလုပ်ထုံးလုပ်နည်းများကို အကောင်အထည်ဖော်ရာတွင် မတူညီမှုကို မဲရုံအနည်းငယ်တွင် တွေ့ရှိခဲ့ရပြီး၊ ထိုမဲရုံများတွင် မဲလက်မှတ်အချို့ကို နောက်ကျောဘက်၌ တံဆိပ်တုံးထုခြင်း၊ အချို့သော မဲရုံအရာရှိများသည် မဲပေးမည့်သူတို့အား မဲစာရင်းစာအုပ်တွင် ၎င်းတို့၏အမည်၌ လက်မှတ်မထိုးခိုင်းခြင်းတို့ကို တွေ့ခဲ့ရသည်။ မဲရုံအချို့တွင် မဲပေးခြင်းဖြစ်စဉ်မှာ ပိုမိုနှေးကွေးနေခဲ့ပြီး၊ ရလဒ်အနေဖြင့် ထိုမဲရုံများ၏ပြင်ပတွင် ပိုမိုရှည်လျားသည့် လူတန်းရှည်ကြီးကို ဖြစ်ပေါ်စေခဲ့သည်။

မဲဆန္ဒရှင်သက်သေခံလက်မှတ်ကို အသုံးပြုခြင်းသည် မဲရုံအရာရှိများကို မဲစာရင်းတွင် မဲဆန္ဒရှင်၏ အမည်အား ပိုမိုလျင်မြန်စွာရှာဖွေရာ၌ အကူအညီဖြစ်စေခဲ့ပြီး၊ တန်းစီရသည့် မဲဆန္ဒရှင်များ အချိန်ကုန်သက်သာ သွားသောကြောင့် တန်းစီရသည့် လိုင်းကို တိုသွားစေခဲ့သည်။ ANFREL သည် ယင်းမဲဆန္ဒရှင်သက်သေခံ လက်မှတ်ကို အသုံးပြုခြင်းအား ထောက်ခံပါသည်။ ထိုလက်မှတ်သည် မဲပေးရန်လိုအပ်ချက်ဖြစ်သည်သာမက မဲပေးခြင်းလုပ်ငန်းစဉ်ကို ပိုမိုချောမွေ့စွာဆောင်ရွက်နိုင်ရေး ကူညီသည့်နည်းတစ်ခုအဖြစ်လည်း မြင်မိသည်။

၂၀၁၇ ခုနှစ်တွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် မဲစာရင်းတွင် မပါဝင်သည့် မဲဆန္ဒရှင်များ မဲရုံသို့ ရောက်ရှိလာပါက ကိုင်တွယ်ဖြေရှင်းရန် ပိုမိုပြင်ဆင်ထားခဲ့ပါသည်။ လက်ထဲရှိ မဲစာရင်းကို ပြင်ဆင်၊ ဖြည့်စွက်ရန် ရွေးကောက်ပွဲမတိုင်မီ အရေးပါသည့် အားထုတ်မှုအပြင်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ရွေးကောက်ပွဲနေ့တွင် မဲစာရင်းပြင်ဆင်ခြင်းကို အဆင်ပြေချောမွေ့စေရန်အတွက် ပုံစံ - ၁၂ ကို ထုတ်ပေးခဲ့သည်။ မဲဆန္ဒရှင်များအနေဖြင့် သက်ဆိုင်ရာလွှတ်တော်မဲဆန္ဒနယ်အတွင်း နေထိုင်နေသည့် နိုင်ငံသားများဖြစ်ကြောင်း အချက်အလက် အထောက်အထားများ ပြသနိုင်ပါက ၎င်းတို့အနေဖြင့် မဲပေးနိုင်မည် ဖြစ်သည်။ ထိုအားထုတ်ကြိုး ပမ်းမှုများကြောင့် ငြင်းပယ်ခံရသည့် သို့မဟုတ် မဲစာရင်းတွင်မပါဝင်သည့် မဲဆန္ဒရှင်များ၏ ပြဿနာသည် သိသာစွာ လျော့ကျသွားသည့်အတွက် UEC ၏ အားထုတ်မှုကို အသိအမှတ်ပြုရန် လိုအပ်သည်။

မဲပေးသည့်နေ့တွင် ရှုထောင့်အားလုံးအား စောင့်ကြည့်လေ့လာသူများကို စောင့်ကြည့်လေ့လာရန် ဖွင့်ပေးထားခြင်းနှင့် ပါတီကိုယ်စားလှယ်များက မျက်မြင်သက်သေအဖြစ် ကြည့်ရှုခွင့်ပေးထားခြင်းကို တွေ့ရသည်။ ထိုသို့ ဝင်ရောက်ခွင့်ရရှိမှုက ရွေးကောက်ပွဲနေ့၏ ပွင့်လင်းမြင်သာမှုကို အတော်ပင် အထောက်အကူပြုခဲ့ပါသည်။ ဝင်ရောက်ခွင့်ရရှိရန် ပြဿနာရှိနေသည့်နေရာများတွင် သင်တန်းများမရှိခြင်း၊ မရှင်းလင်းသည့် ဥပဒေစည်းမျဉ်းများ၊ ကော်မရှင်အဖွဲ့ခွဲအဆင့်များအကြား လွဲမှားသည့်ဆက်သွယ်ရေးတို့ကြောင့် အများအားဖြင့် အသေးစား မှုမမှန်မှုများရှိခဲ့သည်။

ရန်ကုန်တွင် အသေးစားအဖြစ်အပျက်လေးများမှတစ်ပါး မဲပေးနေစဉ်တွင် အဓိကဖြစ်ရပ်များ တင်ပြလာခြင်းမျိုး မရှိပါ။ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်နှင့် လှိုင်သာယာမြို့နယ်တို့တွင်နေထိုင်သူအချို့မှ အခြားသူများက ကိုယ်စားလာရောက်မဲပေးသည့် ဖြစ်ရပ်အချို့သာရှိခဲ့သည်။ သတင်းနှင့် အွန်လိုင်းမီဒီယာတို့အပေါ် အခြေခံပါက ကျောက်တံခါးမြို့နယ်တွင်လည်း အလားတူကိစ္စရပ်မျိုးဖြစ်ပွားခဲ့သည်။ ဖြစ်ရပ်မှာ ပဲခူးတိုင်း၊ အမျိုးသားလွှတ်တော် မဲဆန္ဒနယ်အမှတ် ၄ ၏ နေရာအတွက် မဲပေးရာတွင် မဲဆန္ဒရှင်နှစ်ဦးကိုယ်စား လာရောက်၍ မဲပေးခဲ့သည့်အတွက် ရဲမှ

တရားစွဲဆိုခဲ့သည့်ဖြစ်ရပ်ဖြစ်သည်။[54] ရှမ်းပြည်နယ်တောင်ပိုင်းနှင့် ရခိုင်ပြည်နယ်ကဲ့သို့ လုံခြုံရေးစိုးရိမ်ရသည့် နယ်မြေများနှင့်စပ်လျဉ်း၍ ရွေးကောက်ပွဲနေ့တွင် မဲပေးခြင်းမှာ ချောမွေ့ပြီး၊ အနှောင့်အယှက်မရှိခဲ့ပေ။

## မဲရုံပိတ်ခြင်း၊ မဲရေတွက်ခြင်းနှင့် ဇယားတွင် ရေးသွင်းခြင်း

ANFREL သည် မဲရုံ ၁၃ ရုံတွင် မဲရုံပိတ်ခြင်းလုပ်ငန်းစဉ်ကို စောင့်ကြည့်လေ့လာခဲ့ပြီး၊ ပိတ်ချိန်တွင် မဲပေးရန် တန်းစီနေသူများကို မဲပေးခွင့်ပြုသည်မှ လွဲ၍ မဲရုံအများစုမှာ ညနေ ၄ နာရီတွင် ပိတ်ခဲ့သည်။[55] မဲရုံအချို့တွင် မဲဆန္ဒရှင်အနည်းငယ် မဲမပေးရသေးသည့်တိုင်အောင် မဲပေးရမည့်သူအားလုံး မဲပေးပြီးပါပြီဟု ကြေညာ၍ မဲရုံအရာရှိများက မဲရုံများကို စောစီးစွာပိတ်ခဲ့ကြသည်ကို စောင့်ကြည့်လေ့လာသူများက တွေ့ရှိရသည်။ မဲဆန္ဒရှင်အားလုံးမဲပေးပြီးပါက ယင်းကဲ့သို့စောစီးစွာ ပိတ်သိမ်းခြင်းမျိုးကို ခွင့်ပြုထားသည်။ မဲရုံအရာရှိများ/အဖွဲ့ဝင်များက ရှင်းပြသည်မှာ မဲမပေးရသေးသည့် ကျန်ရှိသော မဲဆန္ဒရှင်များသည် ထိုအချိန်တွင် အနီးအနား၌ မရှိခဲ့ကြသည့်အတွက်ဖြစ်သည်ဟု ဆိုသည်။ ထိုကိစ္စရပ်နှင့်ပတ်သက်၍ တိုင်ကြားလာမှုများမရှိသေးသော်လည်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် မဲရုံအရာရှိများကို စည်းမျဉ်းများနှင့်အညီ လုပ်ဆောင်ရန် ပိုမိုတင်းကျပ်စွာ တိုက်တွန်းသင့်သည်။

မဲရေတွက်ခြင်းလုပ်ငန်းစဉ်မစတင်မီ မဲပေးခြင်းပြီးဆုံးသွားသည်နှင့်တပြိုင်နက် ပြုလုပ်ရန်လိုအပ်သည့် အဆင့်များစွာရှိသည်။ လက်စွဲစာအုပ်ထဲတွင် ရှင်းပြထားသည့်အတိုင်း ပိုနေသည့် မဲလက်မှတ်များကို မဲရုံအရာရှိတို့က ပယ်ဖျက်ပစ်ရမည်ဖြစ်ပြီး၊ အသုံးပြုထားသည့် မဲလက်မှတ်များနှင့် အသုံးမပြုရသေးသည့် မဲလက်မှတ်များကို ရေတွက်၍ ပြန်လည်စုစည်းထားရပါမည်။ စောင့်ကြည့်လေ့လာသူများ၏ အတွေ့အကြုံတို့အပေါ် အခြေခံ၍ ဆိုရပါက မဲရုံတစ်ရုံနှင့် တစ်ရုံမှာ ထိုအဆင့်များကို စနစ်တကျအကောင်အထည်ဖော်ထားခြင်း မရှိပါ။ အချို့မဲရုံများ တွင် ဤဖော်ပြထားသည့် အရေးကြီးသော အဆင့်များကို မဆောင်ရွက်ရသေးမီ မဲများကိုစတင် ရေတွက်ကြသည်ကို တွေ့ရသည်။

မဲရုံပိတ်ခြင်းအတွက် နောက်တဆင့်မှာ အမှန်တကယ် မဲရေတွက်ခြင်းဖြစ်ပြီး ထိုအဆင့်တွင် မဲရေတွက်ခြင်း၊ မဲများကို ပေါင်းခြင်းနှင့် ဇယားတွင် ရေးသွင်းခြင်းလုပ်ငန်းစဉ်မှ နောက်ဆုံးရလဒ်ကို ကြေညာခြင်းအထိ အားလုံးပါဝင်သည်။ မဲရေတွက်ခြင်းနှင့် ဇယားတွင် ရေးသွင်းခြင်းလုပ်ငန်းစဉ်များသည် နိုင်ငံတစ်နိုင်ငံနှင့် တစ်နိုင်ငံမှာ အသေးစိတ်အားဖြင့် ကွဲပြားခြားနားသော်လည်း၊ တိကျမှု၊ ရိုးသားမှုနှင့် ပွင့်လင်းမြင်သာမှုတို့မှာ လုပ်ငန်းစဉ်ကို လမ်းညွှန်ပေးသည့် အားလုံးနှင့်ဆိုင်သော မူများပင်ဖြစ်သည်။[56]

မဲရုံဖွင့်လှစ်ခြင်း၊ မဲပေးခြင်းလုပ်ငန်းစဉ် တို့ဖြင့်နှိုင်းယှဉ်ပါက မဲရေတွက်ခြင်းလုပ်ငန်းစဉ်သည် ပိုမိုပြဿနာပေးနိုင်ပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ပိုမိုအာရုံထားရန်လိုအပ်သည်။ မဲရေတွက်ခြင်းရလဒ်ကို လူ ၁၂ ဦး (မဲရုံအဖွဲ့ဝင် - ၄ ဦး၊ ပါတီကိုယ်စားလှယ် - ၄ ဦးနှင့် မျက်မြင်သက်သေအဖြစ် ပြည်သူ - ၄ ဦး) မှ လက်မှတ်မရေးထိုးမီ ပုံစံ - ၁၆ (စုပေါင်းထားသောပုံစံ) တွင် ဖြည့်သွင်းကာ မဲရုံပြင်ပတွင် ပြသထားသင့်ပါသည်။

[54] http://elevenmyanmar.com/politics/8610
[55] Ibid 81
[56] Ibid 79

စောင့်ကြည့်လေ့လာသူများအနေဖြင့် တိုးတက်ရန်လိုအပ်သည့် နယ်ပယ်များ သို့မဟုတ် ပုံသဏ္ဌာန်မမှန်မှု အနည်းငယ်ကို တွေ့ခဲ့ရသည်။ ထိုအထဲတွင် ကြိုတင်မဲများကို ပထမဆုံးကြိုတင်ရေတွက်ရမည့်အစား နောက်ဆုံးမှ ရေတွက်သည့်ဖြစ်ရပ်၊ ရလဒ်များကို ပုံစံ - ၁၆ တွင် မဖြည့်သွင်းရသေးမီ ပုံစံ - ၁၆ အား လက်မှတ်ရေးထိုးထားခြင်း၊ မဲရုံအချို့တွင် ရလဒ်ပုံစံအမှန်များကို ပြသမထားခြင်းနှင့် မဲများစတင်မရေတွက်ရသေးခင်တွင် အသုံးမပြုရသေးသည့် မဲလက်မှတ်တို့ကို ပြန်လည်မစုစည်းထားခြင်းများပင်ဖြစ်သည်။ ကံကောင်းသည်မှာ မကောင်းသောရည်ရွယ်ချက်ဖြင့် ပြုလုပ်သည့် လက္ခဏာမရှိခြင်း၊ သိသာထင်ရှားသည့် ဖြစ်ရပ်များမရှိခြင်းနှင့် တိုင်ကြားမှုများကို တင်ပြလာမှုမျိုးမရှိခြင်းတို့ဖြစ်သည်။ သို့တိုင်အောင် နိုင်ငံတဝှမ်းလုံးရှိ မဲရုံအားလုံးတွင် မဲရေတွက်ခြင်း အတွက် စည်းမျဉ်းများကို တသမတ်တည်း လိုက်နာရန်မှာလည်း အရေးကြီးနေဆဲဖြစ်သည်။ အနာဂတ်တွင် မဲရုံအရာရှိများအတွက် သင်တန်းများပြုလုပ်သည့်အခါတွင် လုပ်ငန်းစဉ်၏ ဤအဆင့်သည် ပြည်ထောင်စုရွေး ကောက်ပွဲကော်မရှင်မှ ဦးစားပေးလုပ်ဆောင်ရမည့် အရာတစ်ခုဖြစ်သည်။

၂၀၁၅ ရွေးကောက်ပွဲနှင့် ၂၀၁၇ ကြားဖြတ်ရွေးကောက်ပွဲကြားတွင် အရေးပါသည့် ပြောင်းလဲမှုတစ်ခုမှာ ခိုင်လုံမဲနှင့် ပယ်မဲတို့အတွက် သတ်မှတ်ချက်များပင်ဖြစ်သည်။ ၂၀၁၅ ခုနှစ်တွင် မဲဆန္ဒရှင်က မဲလက်မှတ်ပေါ်တွင် တစ်ကြိမ်ထက်မက တံဆိပ်နှိပ်မိပါက ယင်းမဲမှာ ပယ်မဲဖြစ်သည်။ ပယ်မဲအတွက် ထိုသို့သော တင်းကြပ်သည့် သတ်မှတ်ချက်များကြောင့် ပယ်မဲများစွာ ထွက်ပေါ်လာနိုင်သည်ကို မည်သူမဆို ခန့်မှန်းကြည့်နိုင်သည်။ ၂၀၁၅ ခုနှစ်က ထင်မြင်ချက်ပေးခြင်းများအပေါ် အခြေခံ၍ ဆိုရပါက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် စည်းမျဉ်းကို ပြောင်းလဲခဲ့ပြီး ယခုအချိန်တွင် တံဆိပ်တုံးတစ်ကြိမ်မက ထုထားသည့် မဲလက်မှတ်များကိုလည်း ခိုင်လုံမဲအဖြစ် ထည့်သွင်းရေတွက်ခဲ့သည်။ ယင်းသို့ ကြိမ်ဖန်များစွာတံဆိပ်ထုခြင်းသည် မဲဆန္ဒရှင်က သူ၏ ရည်ရွယ်ချက်ကို ရှင်းရှင်းလင်းလင်းပြလို၍ဟု မှတ်ယူ၍ဖြစ်သည်။[57] ထိုစည်းမျဉ်းကို လျော့ချပေးလိုက်ခြင်းကြောင့် ၂၀၁၅ ရွေးကောက်ပွဲနှင့်နှိုင်းယှဉ်ပါက ပယ်မဲအရေအတွက် ရာခိုင်နှုန်းမှာ ပိုမိုနည်းပါးသွားသည်။ IFES ၏ ပဏာမအချက်အလက်ကောက်ယူမှုအရ ၂၀၁၅ အထွေထွေရွေးကောက်ပွဲတွင် မဲ ၅.၃၈ ရာခိုင်နှုန်းမှာ ပယ်မဲများဖြစ်သွားခဲ့ပြီး ၂၀၁၇ ကြားဖြတ်ရွေးကောက်ပွဲတွင် ပယ်မဲအရေအတွက်မှာ ထက်ဝက်မျှ လျော့သွားခဲ့သည်။[58] ကျန်ရှိနေသည့် ပယ်မဲအများစုမှာ တံဆိပ်တုံးကို မှန်ကန်စွာ မထုသည့်အတွက်ကြောင့်ဖြစ်သည်။ ယင်းမှာ မဲဆန္ဒရှင်ပညာပေးခြင်းများမရှိခဲ့သောကြောင့်ဖြစ်သည်။ ရှမ်းပြည်နယ်အတွင်းရှိ ကျေးသီးမြို့ နှင့် မိုင်းရှူးမြို့များတွင် ပယ်မဲအများဆုံးအဆင့်ဖြစ်ပြီး ၁၀% ကျော်သည်။ အံ့သြစရာမဟုတ်သည်မှာ ထိုဒေသများတွင် ၂၀၁၅ ခုနှစ်၌ လုံခြုံရေးအရ စိုးရိမ်ရမှုများကြောင့် အထွေထွေရွေးကောက်ပွဲမပြုလုပ်ခဲ့ရ၍ဖြစ်သည်။ ယင်းဒေသများတွင် စုစုပေါင်း ပယ်မဲအရေအတွက်များနေရခြင်းမှာ မဲဆန္ဒရှင်ပညာပေးလုပ်ငန်းများ ပိုမိုလိုအပ်နေခြင်းနှင့် မဲပေးခြင်းလုပ်ငန်းစဉ်တွင် ၎င်းတို့အနေဖြင့် အတွေ့အကြုံမရှိခြင်းတို့ကို ထင်ဟပ်စေသည်။

မဲရေတွက်၍ စုပေါင်းပြီးနောက် မဲရုံအရာရှိများသည် မဲလက်မှတ်များ၊ ကြိုတင်မဲလက်မှတ်များ၊ ပယ်မဲများ၊ အသုံးမပြုရသေးသည့်မဲများ၊ လက်ခံဖြတ်ပိုင်းများနှင့် ပုံစံ - ၁၆၊ မဲဆန္ဒရှင်စာရင်းနှင့် ပုံစံ - ၁၇ တို့ထည့်ထားသည့် မစုတ်မပြဲနိုင်သည့်အိတ်များအား မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့ရသည်။ မဲရုံတစ်ခုချင်းစီမှ ရလဒ်အားလုံးကို မြို့နယ်ကော်မရှင်အဖွဲ့ခွဲရုံးသို့ ပေးပို့ပြီးနောက်၊ ထိုစုစုပေါင်းမဲများကို မဲဆန္ဒနယ်ပြင်ပမှ ကြိုတင်မဲရလဒ်များနှင့်

---

[57] Ibid 81

[58] Preliminary Data Analysis of Results from Myanmar's April 2017 By-Elections, IFES, April 2017

ပေါင်းစည်းမည်ဖြစ်သည်။ မဲဆန္ဒနယ်တစ်ခုတွင်းမှ ထွက်ပေါ်လာသည့် မဲရုံရလဒ်များအားလုံးကို ပေါင်းလိုက်ပြီး နောက် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသည် ပုံစံ - ၁၉ ကို ဖြည့်ပြီးသည့်အခါ ရလဒ်ကို ကြေညာရသည်။[59] မဲရုံအဆင့်အ လိုက်ရရှိလာသည့် ထိုရလဒ်များကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးသို့ ပေးပို့ရပြီး http://uecmyanmar .org/results တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကိုယ်စားလှယ်လောင်းများနှင့် ပါတီကိုယ်စားလှယ်များအနေဖြင့် မြို့နယ်အားလုံးတွင် မဲပေးခြင်းလုပ်ငန်းစဉ်ကို အကန့်အသတ်မရှိပဲ စောင့်ကြည့်လေ့လာခဲ့ရသောကြောင့် ၂၀၁၅ ခုနှစ်နှင့်နှိုင်းယှဉ်ပါက ဇယားတွင် ထည့်သွင်း ခြင်းလုပ်ငန်းစဉ်သည် ပိုမိုလျင်မြန်၍ ပွင့်လင်းမြင်သာမှုပိုရှိသည်ကို တွေ့ရသည်။ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်သည် ရလဒ်များကို ရွေးကောက်ပွဲပြီး နောက်တစ်နေ့ဖြစ်သည့် ၂၀၁၇ ခုနှစ် ဧပြီလ ၂ ရက်နေ့တွင် တ ရားဝင်ကြေညာခဲ့သည်။ ၂၀၁၅ ခုနှစ်တွင် အချို့ဒေသများ၌ စောင့်ကြည့်လေ့လာသူများစွာအနေဖြင့် ဇယားတွင် ဖြည့်သွင်းခြင်းဖြစ်စဉ်ကို မကြည့်ရှုနိုင်ခဲ့ကြပါ။ ၂၀၁၇ တွင်မူ ကြည့်ရှုခွင့်ရှိလာသည့်အပြင်၊ ပွင့်လင်းမြင်သာလာပါ သည်။ မဲပေါင်းခြင်းနှင့် ဇယားတွင် ဖြည့်သွင်းခြင်းလုပ်ငန်းစဉ်တွင် စောင့်ကြည့်လေ့လာသူများနှင့် ပါတီကိုယ်စား လှယ်များကို ကြည့်ရှုခွင့်ပေးခြင်းက ရွေးကောက်ပွဲ၏ ပွင့်လင်းမြင်သာမှုနှင့် ရိုးသားမှုကို သေချာစေသည့် မရှိမဖြစ် အစိတ်အပိုင်းတစ်ခုဖြစ်သည်။[60]

မြန်မာနိုင်ငံ၏ လက်ရှိဥပဒေမူဘောင်သည် မဲရေတွက်ခြင်းနှင့် ဇယားတွင် ထည့်သွင်းခြင်းအတွက် လုပ်ငန်းစဉ် တွင် ရှင်းလင်းသည့် လက်စွဲစာအုပ် သို့မဟုတ် အသေးစိတ် ဥပဒေစည်းမျဉ်းများမရှိပေ။ ပြည်ထောင်စုရွေး ကောက်ပွဲကော်မရှင်အနေဖြင့် မဲရုံဖွင့်ခြင်းနှင့် မဲပေးခြင်းဖြစ်စဉ်အတွက် စည်းမျဉ်းအသေးစိတ်ချမှတ်သည့် အ တိုင်းပင် မဲရုံပိတ်ခြင်းအတွက်လည်း လမ်းညွှန်ချက် ပိုမိုအသေးစိတ်ကို ချမှတ်ပေးသင့်သည်။ ထို့ပြင် အနာဂတ် တွင် ပိုမိုခိုင်မာသည့် ဥပဒေမူဘောင်တစ်ခုဖြင့် ထိုလုပ်ငန်းစဉ်တို့ကို ထိန်းကျောင်းပေးရမည်ဖြစ်သည်။

## မဲလာပေးသူ အရေအတွက်

ရွေးကောက်ပွဲအကြိုစောင့်ကြည့်ရေးအစီရင်ခံစာတွင် ခွဲခြမ်းစိတ်ဖြာလေ့လာချက်များအရ ကြားဖြတ်ရွေးကောက် ပွဲတွင် မဲလာပေးသူအနည်းငယ်သာရှိမည်ဟု ခန့်မှန်းထားခဲ့သည်။ ထိုသို့ခန့်မှန်းခြင်းတွင် အကြောင်းပြချက်နှစ်ခု ရှိသည်။ ပထမတစ်ချက်မှာ ရွေးကောက်ပွဲနေ့သည် ၂၀၁၇ ဧပြီလ ၁ရက်နေ့ စနေနေ့ဖြစ်ပြီး ထိုနေ့သည် လူအများ စု၏ အလုပ်လုပ်ရက်တစ်ရက်ဖြစ်သည့်အပြင် ပိတ်ရက်အဖြစ် ကြေညာထားခြင်းမရှိပါ။ ရန်ကုန်ကဲ့သို့နေရာမျိုးတွင် မဲပေးပိုင်ခွင့်ရှိသူများသည် အခကြေးငွေနည်းပါးသော နေ့စားဝန်ထမ်းများဖြစ်ပြီး ထိုနေ့တွင် အလုပ်လုပ်ရမည်ဖြစ် ကြောင်း စိုးရိမ်ရသည့်အချက်အဖြစ် ပြည်တွင်းလေ့လာသူများနှင့် မီဒီယာများမှ ပြောကြားခဲ့သည်။ ထိုစိုးရိမ်ရမှုကို တုန့်ပြန်လုပ်ဆောင်ပေးသည့် အနေဖြင့် UEC သည် စက်ရုံများနှင့် ကုမ္ပဏီများအား ဝန်ထမ်းများကို ရွေးကောက်ပွဲ နေ့တွင် မဲထည့်ခွင့်ပြုရန် ရွေးကောက်ပွဲမတိုင်ခင်နေ့ကထဲက ကြေညာထားသည်။ ရည်ရွယ်ချက်ကောင်းဖြင့် ထုတ် ပြန်ကြေညာခြင်းဖြစ်သော်လည်း ထိုကြေညာချက်သည် ထိုသို့သော နယ်မြေများတွင် မဲလာပေးသူအရေအတွက် များလာရေးအတွက် ဩဇာလွှမ်းမိုးမှု မရှိသည်ကို တွေ့ရှိရသည်။

[59] Preliminary Data Analysis of Results from Myanmar's April 2017 By-Elections, IFES, 2017

[60] UDHR, Article 21

ဒုတိယအချက်အနေဖြင့် မဲလာပေးသူအရေအတွက်နည်းရခြင်းမှာ အလွန်ရိုးရှင်းပါသည်။ ပြည်သူများအနေဖြင့် ကြားဖြတ်ရွေးကောက်ပွဲတွင် စိတ်ဝင်စားမှုပိုမိုနည်းပါးသွားခဲ့သည့် ကိစ္စပင်ဖြစ်သည်။ မဲဆန္ဒရှင်တို့၏ စိတ်ဝင်စားမှုများနည်းပါးသွားရခြင်းအတွက် ရှင်းလင်းဖွင့်ဆိုပြနိုင်သည့် အချက်အလက်များစွာရှိသည့်အနက် အခြေခံအကျဆုံးမှာ ကြားဖြတ်ရွေးကောက်ပွဲသည် လွှတ်တော်နှစ်ရပ်စလုံးတွင် နေရာအများစုအနိုင်ရထားသည့် အာဏာရပါတီအပေါ် သက်ရောက်မှုရှိလိမ့်မည်မဟုတ်သည့်အတွက် မဲဆန္ဒရှင်များအနေဖြင့် ကြားဖြတ်ရွေးကောက်ပွဲအပေါ် စိတ်ဝင်စားမှုပိုမိုနည်းပါးရခြင်းဖြစ်သည်။ ကျေးလက်ရော မြို့ပြမှ မဲဆန္ဒရှင်များနှင့် နှိုက်နှိုက်ချွတ်ချွတ်မေးမြန်းမှုများအရ ၎င်းတို့ထံမှ တသမတ်တည်းအဖြေမှာ စိတ်ဝင်စားမှုနည်းသည် ဟုသာဖြေကြသည်။ ၎င်းတို့က ရှင်းပြရာတွင် ကြားဖြတ်ရွေးကောက်ပွဲသည် အာဏာရပါတီကို လွှတ်တော်တွင် သက်ရောက်မှုပေးမည် မဟုတ်သဖြင့် ၎င်းတို့ကဲ့သို့သော မဲဆန္ဒရှင်များသည် ရွေးကောက်ပွဲကို စိတ်ဝင်စားမှုနည်းရကြောင်း ရှင်းပြကြသည်။ အခြားသူများကလည်း ၎င်းတို့၏ အမြင်ကို ထုတ်ဖော်ပြောကြားရာတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ အာဏာရလာကတည်းက သိသာသည့် တိုးတက်မှုများမရှိသည့်အတွက် စိတ်အနှောင့်အယှက်ဖြစ်ရသည့် (စိတ်ပျက်ခြင်းမဟုတ်) ပြည်သူများရှိကြောင်းကို ဖော်ပြသည့် သဘောထားများရှိပါသည်။ စိတ်အနှောင့်အယှက်ဖြစ်ရသဖြင့် ရွေးကောက်ပွဲကို စိတ်မဝင်စားတော့ခြင်းဖြစ်သည်။ ယေဘုယျအားဖြင့် ပြည်သူတို့သည် ရခိုင်ပြည်နယ်မှ ပဋိပက္ခ၊ တိုင်းဒေသကြီး/ပြည်နယ်အချို့ တွင်ရှိသည့် ဒေသခံလက်နက်ကိုင်အဖွဲ့များနှင့် အပစ်အခတ်ရပ်စဲရေး၊ နှေးကွေးနေသည့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကဲ့သို့သော ပိုမိုထင်ရှားသည့် အခြားကိစ္စရပ်များအပေါ်သာ ပိုမိုအာရုံစူးစိုက်မှုရှိပါသည်။ အာရုံစူးစိုက်မှုပိုမိုအားနည်းလာသည့် အခြားအကြောင်းပြချက်တစ်ရပ်မှာ မီဒီယာများတွင် ကြားဖြတ်ရွေးကောက်ပွဲနှင့်စပ်လျဉ်းသည့် သတင်းအချက်အလက်များဖော်ပြမှု အတော်နည်းပါးခဲ့သောကြောင့်ဖြစ်သည်။ အင်တာဗျူးပြုလုပ်ခဲ့သည့် လူများစွာမှာ ကြားဖြတ်ရွေးကောက်ပွဲနှင့်ပတ်သက်သည့် အသေးစိတ်အချက်အလက်များစွာကို မသိရှိခဲ့ကြပေ။ ရွေးကောက်ပွဲဆိုင်ရာ လှုပ်ရှားဆောင်ရွက်မှုများနှင့် မီဒီယာတွင် လူသိရှင်ကြားဖော်ပြမှုတို့ (အထူးသဖြင့် ဒေသခံမီဒီယာတို့တွင်) နည်းပါးလာပါက မဲဆန္ဒရှင်တို့၏ စိတ်ဝင်စားမှုသည် သဘာဝအားဖြင့် ပိုမို နည်းပါးသည်။

မဲဆန္ဒရှင်တို့၏ စိတ်အားထက်သန်မှုများလျော့နည်းလာရခြင်းသည် မဲဆန္ဒရှင်တို့၏ သိရှိနားလည်မှုနည်းပါးခြင်းတွင် ထင်ဟပ်နေပြီး ၎င်းတို့၏ အမည်များအား မဲစာရင်းတွင် စစ်ဆေးသည့် သူများပိုမိုနည်းပါးလာသည်။ အထွေထွေရွေးကောက်ပွဲများနှင့်နှိုင်းယှဉ်ပါက ကမ္ဘာတဝှမ်းရှိ ကြားဖြတ်ရွေးကောက်ပွဲများတွင်လည်း မဲဆန္ဒရှင်အရေအတွက်ပိုမိုနည်းပါး၍ သိရှိနားလည်မှုမှာလည်း ပိုမိုနည်းပါးပါသည်။[61] ၂၀၁၇ ကြားဖြတ်ရွေးကောက်ပွဲ၌ မဲပေးခွင့်ရှိသူ မဲဆန္ဒရှင်စုစုပေါင်း ၂,၀၃၂,၅၃၆ ဦးတွင် မဲလာပေးသူ ၇၄၇,၄၅၀ ဦးသာရှိခဲ့သည့်အတွက် ၃၆.၇၇% သာ မဲပေးခဲ့သည်။ ၂၀၁၅ အထွေထွေရွေးကောက်ပွဲတွင် မဲပေးနိုင်သူဦးရေ ၂၃.၉ သန်းမှ မဲလာပေးသူ အရေအတွက် ၆၉.၈၂% (၃၄,၂၉၅,၃၃၄ ဦး) ရှိသည်။ ကြားဖြတ်ရွေးကောက်ပွဲတွင် မဲလာပေးသူအရေအတွက် နည်းမည်ဟု မျှော်လင့်ထားသော်လည်း မဲလာပေးသူဦးရေသည် ၅၀% အောက်တွင်ရှိသဖြင့် အံ့သြစရာကောင်းအောင်ပင် နည်းပါးလှသည်ကို တွေ့ရသည်။

[61] မြန်မာနိုင်ငံ၏ ၂၀၁၇ ကြားဖြတ်ရွေးကောက်ပွဲရလဒ်အချက်အလက်များအပေါ် ပဏာမသရုပ်ခွဲသုံးသပ်ခြင်း၊ IFES, 2017

## ၂၀၁၅ အထွေထွေရွေးကောက်ပွဲနှင့် ၂၀၁၇ ကြားဖြတ်ရွေးကောက်ပွဲအကြား မဲလာပေးသူအရေအတွက် နှိုင်းယှဉ်သည့် ဇယား

| ပြည်နယ်/ တိုင်း | မဲဆန္ဒနယ်များ | မဲပေးသူ အရေအတွက် % (၂၀၁၇) | မဲပေးသူ အရေအတွက် % (၂၀၁၅) | ကွာဟချက် |
|---|---|---|---|---|
| ရခိုင် | အမ်း | ၆၀.၅၅ | ၆၇.၉၇ | ၆.၄၂ |
| ပဲခူး | ပဲခူးအမျိုးသား (၄) | ၄၀.၃၃ | ၆၅.၀၂ | ၂၄.၇၉ |
| မွန် | ချောင်းဆုံ | ၃၈.၄၅ | ၄၄.၄၆ | ၆.၀၁ |
| ချင်း | ချင်းအမျိုးသား ၃ | ၇၅.၃၇ | ၈၄.၇၉ | ၉.၄၂ |
| ရန်ကုန် | ဒဂုံမြို့သစ်အရှေ့ပိုင်း | ၄၁.၆၅ | ၇၁.၆၃ | ၂၉.၉၈ |
| ရန်ကုန် | ဒဂုံမြို့သစ်ဆိပ်ကမ်း | ၂၉ .၂၃ | ၄၇.၆၃ | ၁၈.၄ |
| ရန်ကုန် | လှိုင်သာယာ | ၁၂.၂၅ | ၃၆.၇၁ | ၂၄.၄၆ |
| ကယား | ဖရူဆို | ၆၈.၇၃ | ၈၃.၃၅ | ၁၄.၆၄ |
| ရန်ကုန် | ကော့မှူး | ၅၉ .၂၈ | ၈၀.၄၆ | ၂၁.၁၈ |
| ရှမ်း | ကျိုင်းတုံ | ၄၀.၅၄ | ၅၀.၂၂ | ၉ .၆၈ |
| ရှမ်း | ကျေးသီး* | ၅၀.၆၇ | - | - |
| ရှမ်း | ကျေးသီး ၁* | ၅၅.၆ | - | - |
| ရှမ်း | ကျေးသီး ၂* | ၄၇.၇၄ | - | - |
| ရှမ်း | မိုင်းရှူး* | ၄၇.၉၈ | - | - |
| ရှမ်း | မိုင်းရှူး ၁* | ၄၄.၇၆ | - | - |
| ရှမ်း | မိုင်းရှူး ၂* | ၅၁.၆၅ | - | - |
| စစ်ကိုင်း | မုံရွာ | ၄၇.၇၁ | ၇၇.၂၆ | ၂၉ .၅၅ |
| ရှမ်း | ညောင်ရွှေ | ၅၅.၉၄ | ၈၀.၂၆ | ၂၄.၃၂ |
| ရန်ကုန် | ရန်ကုန်အမျိုးသား ၆ | ၂၇.၁၅ | ၆၁.၈၉ | ၃၄.၇၄ |

* ၂၀၁၅ ခုနှစ်က ရွေးကောက်ပွဲကို ပယ်ဖျက်ခဲ့သဖြင့် မဲလာပေးသူအရေအတွက်ကို နှိုင်းယှဉ်ခြင်း မပြုနိုင်ပါ။

ဇစ်မြစ် - IFES Preliminary Data 2017

မဲဆန္ဒနယ် ၁၉ ခုတွင် ချင်းပြည်နယ်ရှိ အမျိုးသားလွှတ်တော်နေရာတွင် မဲပေးသူအရေအတွက် အများဆုံးဖြစ်၍ ၇၅.၃၇% ရှိပြီး၊ ရန်ကုန်မြို့ လှိုင်သာယာရှိ ပြည်သူ့လွှတ်တော်နေရာတွင် မဲပေးသူအရေအတွက် အနည်းဆုံး ဖြစ်ကာ မဲလာပေးသူရာခိုင်နှုန်းမှာ ၁၂.၂၅% သာရှိခဲ့သည်။ ခြုံငုံသုံးသပ်ပါက မဲဆန္ဒနယ် ၁၉ ခုတွင် ၈ နေရာ သာလျှင် မဲလာပေးသူအရေအတွက် ၅၀% ထက်ကျော်လွန်ပါသည်။ ရန်ကုန်တွင် အမျိုးသားလွှတ်တော်နေရာ အတွက် ရွေးကောက်ပွဲ၌ မဲပေးရာတွင် အများဆုံးလျော့နည်းခဲ့ပြီး၊ ၂၀၁၅ ခုနှစ်က မဲဆန္ဒရှင် စုစုပေါင်း ၆၁.၈၉% ရှိ ၍ ၂၀၁၇ ခုနှစ်တွင် ၂၁.၁၅% သာရှိသည်။ မဲလာပေးသူ လျော့နည်းမှု အနည်းဆုံးဒေသမှာ မွန်ပြည်နယ်ရှိ ချောင်းဆုံမဲဆန္ဒနယ်တွင်ဖြစ်ပြီး ၂၀၁၅ ခုနှစ်နှင့်နှိုင်းစာပါက မဲဆန္ဒရှင်အရေအတွက်မှာ ၆.၀၁% မျှသာ လျော့ သွားခဲ့သည်။

လုံခြုံရေးအတွက် စိုးရိမ်ရသည့်ဒေသများတွင် မဲလာပေးသူအရေအတွက်များပြားစွာ ရှိခဲ့သည်။ ၂၀၁၅ ခုနှစ်တွင် ရွေးကောက်ပွဲဖျက်သိမ်းခဲ့ရသည့် ရှမ်းပြည်နယ်ရှိ မဲဆန္ဒနယ် ၆ ခုတွင် အခြားသော ပြည်နယ်/တိုင်းများနှင့် နှိုင်း ယှဉ်ပါက မဲလာပေးသူအရေအတွက်များလှပါသည်။ အထူးသဖြင့် ရွေးကောက်ပွဲတလျှောက်ဆက်လက် ဖြစ်ပွား နေသည့် လုံခြုံရေးပြဿနာကို ထည့်သွင်းစဉ်းစားခဲ့ကြသည်။ လုံခြုံရေးစိုးရိမ်ရသည့် အခြားဒေသတစ်ခုဖြစ်သည့် ရခိုင်ပြည်နယ်ရှိ အမ်းမြို့နယ်တွင် ပျမ်းမျှမဲလာပေးသူ မဲဆန္ဒရှင်အရေအတွက် ပိုမိုများနေကြောင်းကို တွေ့ရှိ ခဲ့ရသည်။ ၆၁.၅၅ % ဖြစ်သည်။

ဆန့်ကျင်ဘက်ဖြစ်ရပ်တစ်ခုမှာ ရန်ကုန်ရှိ မဲဆန္ဒနယ် ၅ ခုတွင် ကော့မှူးဒေသတစ်ခုတည်းတွင်သာ မဲလာပေးသူ အရေအတွက် ၅၀% ကျော်ရှိခဲ့သည်။ စုစုပေါင်းမဲဆန္ဒနယ် ၁၉ ခုတွင် မဲပေးသူအရေအတွက် အနည်းဆုံး ဒေသ ၃ ခုလုံးမှာ ရန်ကုန်မြို့တွင်ဖြစ်ပါသည်။ လှိုင်သာယာ ၁၂.၂၅% ၊ အမျိုးသားလွှတ်တော်နေရာအတွက် ၂၇.၁၅% နှင့် ဒဂုံမြို့သစ်ဆိပ်ကမ်း ၂၉.၂၃% တို့ဖြစ်သည်။ ရန်ကုန်မြို့တွင် မဲပေးသည့်သူ အရေအတွက် အလွန်နည်းပါးမှုသည် သတိထားရမည့် အလားအလာတစ်ခုကို မီးမောင်းထိုးပြပါသည်။ လှိုင်သာယာနှင့် ဒဂုံဆိပ်ကမ်းမြို့တို့သည် မဲဆန္ဒရှင်အရေအတွက် များပြားစွာရှိနေသည့် စက်မှုဇုန်နေရာများဖြစ်သည်။ သို့ရာတွင် ထိုမဲဆန္ဒရှင်များမှာ မဲပေးရန်အတွက် ခွင့်ယူလိုက်ခြင်းထက်စာလျှင် မဲမပေးရန်ကိုသာ ရွေးချယ်ခဲ့ကြသူများဖြစ်သည်။ မဲပေးသူအရေ အတွက်ပိုမို များပြားလာစေရန်အတွက် ၂၀၂၀ ခုနှစ်တွင် အလုပ်သမားများနှင့် အလုပ်ရှင်များထံသို့ ပိုမိုအရောက် သွားရန်လိုအပ်ပါသည်။

ပိုမို ယေဘုယျကျကျဝေဖန်ရပါက မဲပေးသူအရေအတွက် အလွန်နည်းလာရခြင်းမှာ စနစ်အပေါ် မဲဆန္ဒရှင်တို့၏ စိတ်မကျေနပ်မှု နှင့်/သို့မဟုတ် မယုံကြည်မှုကို ပြသသည့်ပြယုဒ်ပင်ဖြစ်သည်။ မဲဆန္ဒရှင်များက အစိုးရတွင် မည် သည့်ပါတီတက်တက် အရေးပါလိမ့်မည် မဟုတ်ကြောင်းနှင့် ယေဘုယျအားဖြင့် အစိုးရသည် သူတို့၏ ဘဝအ တွက် စစ်မှန်သည့်ပြောင်းလဲမှုကို ပြုလုပ်မပေးဟု မဲဆန္ဒရှင်များမှာ ယုံကြည်နေချိန်မျိုးတွင် ဖြစ်သည်။

မဲလာပေးသည့် အရေအတွက်နည်းရခြင်း၏ အခြားအကြောင်းရင်းတစ်ခုမှာ လူ့အသိုင်းအဝိုင်းတွင်ရှိ ခွဲခြားထား ခြင်းခံရသည့် အုပ်စုဝင်များ (ဆင်းရဲသားများ၊ ပညာရေးနိမ့်ပါးသည့်သူများ၊ လူနည်းစုများနှင့် ဝေးလံသီခေါင်သည့် ဒေသများတွင် နေထိုင်နေကြသည့်သူများ) အကြား မဲပေးနှုန်းနည်းပါးခြင်းဖြစ်နိုင်ပါသည်။ သို့သော် မဲမပေးခဲ့သည့် တရားဝင်မဲဆန္ဒရှင်တို့အတွက် လူမှုစီးပွားနောက်ခံဆိုင်ရာ အချက်အလက်များလည်းမရှိပါ။ သို့သော် ခွဲခြားထား ခြင်းခံရသည့် အုပ်စုများအကြားတွင် မဲလာမပေးသည့်အစဉ်အလာကို အမြဲတမ်းတွေ့လာရပြီဆိုပါက ပြည်ထောင်

စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ထိုအုပ်စုများအတွက် ပစ်မှတ်ထားရန် လိုအပ်ပြီး နိုင်ငံသားအသိပညာပေးခြင်းများလုပ်ရန် လိုအပ်ပါသည်။

ထိုအချက်က ပြောပြသည်မှာ ANFREL အနေဖြင့် ရနိုင်သော အချက်အလက်များသည် အကန့်အသတ်ရှိနေသောကြောင့် လက်ခံနိုင်သည့် ပုံစံကို ဖော်ထုတ်ပေးနိုင်ခြင်းမရှိဟုဆိုရမည်။ ယေဘုယျဆိုရပါက သတ်မှတ်ချက်ဘောင်ဝင်သော မဲဆန္ဒရှင်များသည် လွတ်လပ်စွာ မဲပေးပိုင်ခွင့်ရှိပြီး၊ မဲရုံများကို လူအားလုံးမှ အသုံးပြုနိုင်ရပါမည်။ ဝင်ငွေအဆင့်နှင့် ပညာရေးအဆင့်တို့မှာ ကျေးရွာဒေသများတွင် ပိုမိုနည်းပါးသည့်တိုင် မြို့ပြမှ မဲပေးသူအရေအတွက်မှာ ကျေးရွာဒေသများတွင် မဲပေးသူအရေအတွက်ထက် ပိုမိုနည်းပါးသောကြောင့် ပညာရေးနိမ့်ပါးခြင်းနှင့် တိုင်းရင်းသားလူနည်းစုအုပ်စုတစ်ခုတွင် တိုင်းရင်းသားဖြစ်နေခြင်းတို့သည် မဲပေးသူအရေအတွက်အပေါ် အဓိကလွှမ်းမိုးမှုကြီးတစ်ခုမဟုတ်ပါ။


ယင်းအကြောင်းပြချက်ကို ဖယ်ကြည့်ပါက မဲပေးသူအရေအတွက်နည်းပါးခြင်းသည် ဒီမိုကရေစီအတွက် သာမကအုပ်ချုပ်ရေးအတွက်လည်း အလွန်ဆိုးရွားစေပါသည်။ မဲလာပေးသူအရေအတွက်သည် နိုင်ငံတိုင်းရှိ ရွေးကောက်ပွဲတိုင်းတွင် အရေးပါသည့် အစိတ်အပိုင်းပင်ဖြစ်သော်လည်း မြန်မာနိုင်ငံကဲ့သို့ အာဏာရှင် အုပ်ချုပ်ရေးစနစ်မှတဆင့် ဒီမိုကရေစီသို့ နှေးကွေးစွာ ပြုပြင်ပြောင်းလဲနေဆဲဖြစ်သည့် နိုင်ငံမျိုးတွင် မဲလာပေးသူအရေအတွက်မှာ အရေးကြီးလှပါသည်။ မဲလာပေးသူအရေအတွက်ပိုမိုနည်းပါးလာသည့်အခါ၊ အနိုင်ရပါတီမှာ အအုပ်ချုပ်ခံပြည်သူအများစု၏ အကျိုးစီးပွားကို အမှန်တကယ်ကိုယ်စားပြုခြင်းမှာ မသေချာတော့ပါ။ ထို့ကြောင့် အမှန်တကယ်ရွေးချယ်ထားသည့် မူဝါဒများကို အများစုက အမှန်တကယ်ထောက်ခံမှု ရှိ၊ မရှိ မှာ ရှင်းလင်းမှုမရှိနိုင်တော့ပေ။

မဲဆန္ဒရှင်များ မဲရုံသို့လာ၍မဲပေးရန် မည်သည့်အချက်များက ပံ့ပိုးနိုင်မည်ကို ပြန်လည်စဉ်းစားရန် လိုအပ်သည်။ ယခုအချိန်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ အရပ်ဖက်အဖွဲ့အစည်းများ၊ မီဒီယာ၊ နိုင်ငံရေးပါတီများ နှင့် ကိုယ်စားလှယ်လောင်းများအတွက် လာမည့် ၂၀၂၀ ရွေးကောက်ပွဲတွင် မဲလာပေးသူအရေအတွက် တိုးတက်လာစေရန် ပြင်ဆင်ရမည့်အချိန်ပင်ဖြစ်သည်။ ၎င်းတို့အနေဖြင့် ရိုးရှင်းသည့် ကိစ္စလေးများဖြစ်သည့် ရွေးကောက်ပွဲနေ့ကို အားလပ်ရက်တွင်သာ ကျင်းပပေးခြင်းသာမက၊ မဲပေးမည့် လူဦးရေအပိုင်း တစ်ပိုင်းချင်းစီအလိုက် သင့်လျော်မည့် နည်းလမ်းတစ်ခုချင်းစီဖြင့် မဲဆန္ဒရှင်ပညာပေးလုပ်ငန်းများကို ပြင်ဆင်ထားသင့်ပါသည်။

## သတ်မှတ်ချက်ပြည့်မီသည့် မဲဆန္ဒရှင်များ မဲပေးခွင့်မရခြင်း

လုံခြုံရေးအရ စိုးရိမ်ရမှုများကြောင့် ၂၀၁၅ ခုနှစ်တွင် ရွေးကောက်ပွဲမလုပ်နိုင်သည့် ကျေးသီးနှင့် မိုင်းရှူး ဒေသတို့တွင် နောက်ဆုံး၌ ရွေးကောက်ပွဲပြုလုပ်နိုင်ခဲ့သည့်အတွက် ANFREL အနေဖြင့် အားတက်ခဲ့ရသည်။ ထိုဒေသများတွင် ရွေးကောက်ပွဲပြုလုပ်ပေးခြင်းသည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ငြိမ်းချမ်းသောအခြေအနေရောက်ပါက ကျင်းပပေးရန် ရိုးရိုးသားသားရည်ရွယ်ချက်ရှိသည်ကို ပြသနေသည်။ ရွေးကောက်ပွဲမကျင်းပရသေးသည့် အခြားသော ဒေသများတွင်လည်း ဖြစ်နိုင်သမျှ စောစီးစွာ ရွေးကောက်ပွဲ ကျင်းပပေးနိုင်ရေးကိုလည်း ANFREL မှ မျှော်လင့်ပါသည်။

ထိုနေရာဒေသ (၂) ခုတွင် ရွေးကောက်ပွဲများ ကျင်းပပေးနိုင်သည်ကို ချီးမွမ်းထောပနာပြုသော်လည်း၊ ANFREL




နှင့် ဆွေးနွေးခဲ့သူအချို့က မေးလာသော မေးခွန်းများရှိနေဆဲဖြစ်သည်။ ထိုနေရာများတွင် ရွေးကောက်ပွဲကို အဘယ်ကြောင့် ကျင်းပနိုင်ခဲ့ပြီး အခြားသောနေရာများတွင် အဘယ်ကြောင့်မပြုလုပ်နိုင်ရသနည်း။ ၂၀၁၅ ခုနှစ်တွင် အချို့ ဒေသများ၌ ရွေးကောက်ပွဲကို အဘယ်ကြောင့် ဖျက်သိမ်းခဲ့ကြ၍၊ အခြားသော ဒေသများတွင် မဖျက်သိမ်းသနည်း ဟူသည့် မေးခွန်းများပင်ဖြစ်သည် (၂၀၁၅ ရွေးကောက်ပွဲ ဖျက်သိမ်းသည့် နယ်မြေများပြသော မြေပုံကို ကြည့်ပါ)။[62] ယင်းကဲ့သို့သော စွပ်စွဲချက်များကို ကုစားရန်အတွက် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အနေဖြင့် တိုက်ပွဲဖြစ်ပွားနေသည့်နယ်မြေအချို့၌ ရွေးကောက်ပွဲ ဖျက်သိမ်းရေးနှင့်စပ်လျဉ်း၍ ကော်မရှင်၏ သတ်မှတ်ချက်များကို ဖြစ်နိုင်သမျှ ပွင့်လင်းမြင်သာရန် လိုအပ်သည်ဟု ယုံကြည်ပါသည်။ သို့ရာတွင် တိုက်ပွဲပြင်းထန်စွာ ဖြစ်ပွားနေသည့် အခြားဒေသများတွင် ရွေးကောက်ပွဲ ဆက်လက်ကျင်းပစေသည့် သတ်မှတ်ချက်ကိုလည်း ပွင့်လင်းမြင်သာမှု ရှိစေလိုသည်။ လာမည့် အထွေထွေရွေးကောက်ပွဲကျင်းပချိန်တွင် မည်သည့်နေရာတွင်မှ တိုက်ပွဲများ ဆက်လက်ဖြစ်ပွားတော့မည်မဟုတ်ဟု မျှော်လင့်သော်လည်း ရွေးကောက်ပွဲ ဖျက်သိမ်းနိုင်ခြေရှိသည့် မည်သည့်အခြေအနေအတွက်မဆို အသုံးပြုမည့် သတ်မှတ်ချက်များနှင့်စပ်လျဉ်း၍ ပွင့်လင်းမြင်သာစွာ ကြိုတင်ပြင်ဆင်ထားပါက ပိုမိုကောင်းမွန်ပါသည်။ ၎င်း၏ ဆုံးဖြတ်ချက်ချမှတ်ခြင်းလုပ်ငန်းစဉ်ကို ဖွင့်ပေးထားပြီး ထိုဒေသများတွင် လုံခြုံရေးအခြေအနေစိတ်ချရသည်နှင့်တပြိုင်နက် နောက်ထပ်ကြားဖြတ် ရွေးကောက်ပွဲကို ကျင်းပပေးရန် စီစဉ်ခြင်းသည် ပါတီစွဲနှင့် ဘက်လိုက်သည့် ပယ်ဖျက်ရုပ်သိမ်းမှုဖြစ်သည် ဟူသော သံသယကို လျော့ပါးစေရန် အထောက်အကူဖြစ်ပါလိမ့်မည်။

ရွေးကောက်ပွဲလည်းမရှိ၊ ကိုယ်စားလှယ်များလည်းမရှိသေးသည့် ဒေသများတွင်နေထိုင်နေကြသည့် မဲပေးပိုင်ခွင့်မရသူများအပြင်၊ ၂၀၁၅ ရွေးကောက်ပွဲမတိုင်ခင်မှစ၍ ၂၀၁၇ ခုနှစ်တိုင်အောင်ထိ နိုင်ငံတစ်ဝှမ်းတွင် အခြားသော တစ်ဦးချင်းပုဂ္ဂိုလ်များစွာမှာ ၎င်းတို့၏အသံကို ထုတ်ဖော်ပြောကြားခွင့်မရသေးပဲ နေထိုင်နေရသူများရှိသည်။ မြန်မာနိုင်ငံအတွင်းရှိ ရိုဟင်ဂျာလူဦးရေအများစုကို ချန်လှပ်ခံထားရခြင်းကိစ္စအပါအဝင် ကိစ္စရပ်များစွာပါ

[62] ဖစ်မြစ် - EMReF, MyPILAR REPORT: “ရွေးကောက်ပွဲဖျက်သိမ်းခဲ့သော မြို့နယ်များ”၊ ၂၀၁၆ စက်တင်ဘာလ ၆ ရက် ထုတ်ဝေ၊ အစီရင်ခံစာကို ၂၀၁၇ မေလ ၃၁ ရက်တွင် http://www.mypilar.org/en/publication/townships-where-elections-were-cancelled မှ ရရှိ

ဝင်သည့် ပြုပြင်ပြောင်းလဲမှုကို စဉ်းစားနိုင်လိမ့်မည်ဟုလည်း မျှော်လင့်ပါသည်။ ၎င်းတို့ကို ရွေးကောက်ပွဲတွင် ချန်လုပ်ထားခဲ့သည့် မကြာသေးခင်က နောက်ခံအကြောင်းများသည် ၎င်းတို့၏ တိုင်းပြည်တွင်းတွင် ကြုံတွေ့ နေရသော ဆိုးရွားသည့်အခြေအနေများနှင့် တထပ်တည်းဖြစ်နေသည်ဟု ယေဘုယျဆိုရမည်ဖြစ်သည်။ ဤကိစ္စ ရပ်မှာ ယခင်ရွေးကောက်ပွဲများနှင့်ယှဉ်လျှင် ၂၀၁၅ ရွေးကောက်ပွဲနှင့် ၂၀၁၇ ရွေးကောက်ပွဲ တို့၏ ဆုတ်ယုတ်လာ သည့် နယ်ပယ်အနည်းငယ်များမှ တစ်ခုဖြစ်သည်ဟု ယုံကြည်သည်။

ရိုဟင်ဂျာအများစု၊ အခြားတိုင်းရင်းသားလူမျိုးများနှင့် ဘာသာရေးအရ လူနည်းစုအုပ်စုများသည် နိုင်ငံသားအဖြစ် အပြည့်အဝ အသိအမှတ်ပြုမှု မရသော်လည်း ၎င်းတို့သည် ၂၀၁၀ နှင့် ၂၀၁၂ ခုနှစ်တွင် ဝှိုက်ကတ်များ (ယာယီ သက်သေခံကတ်ပုံစံ) ကို အသုံးပြု၍ မဲပေးနိုင်ခဲ့ကြသည်။ ကံမကောင်းအကြောင်းမလှသည်မှာ ၂၀၁၅ ရွေးကောက်ပွဲပြင်ဆင်နေချိန်တွင် ဝှိုက်ကတ်များကို ရည်ရွယ်ချက်ရှိရှိဖြင့် သက်တမ်းကုန်စေလိုက်သည့်အတွက် ယခင်က မဲပေးပိုင်ခွင့်ရခဲ့သည့် မဲဆန္ဒရှင်ရာထောင်ပေါင်းများစွာသည် ချန်လုပ်ထားခြင်းခံခဲ့ရသည်။ ယင်းဖြစ်ရပ် က စိတ်ကူးပေါက်ရာ သတ်မှတ်ချက်များကို အကောင်အထည်ဖော်မှုကိုအသုံးပြု၍ ရိုဟင်ဂျာများကို မဲပေးနိုင် သည့် စာရင်းထဲမှ ဖယ်ချန်ထားခဲ့သည်သာမက အခြားသော ယဉ်ကျေးမှုနှင့် ဘာသာရေးလူနည်းစု ကိုယ်စား လှယ်လောင်းများကိုလည်း ဖယ်ချန်ထားခဲ့သည်။

အထက်တွင်ဖော်ပြခဲ့သည့် မဲပေးပိုင်ခွင့်မရှိသည့် မူဝါဒကို အခြေခံကျကျသာမက လုပ်ထုံးလုပ်နည်းအရပါ ပြန် လည်လေ့လာသုံးသပ်သင့်ပါသည်။ ယင်းသည် ရွေးကောက်ပွဲနှင့်ဆိုင်သော ကိစ္စရပ်ထက်စာလျှင် နိုင်ငံရေးနှင့် လူ့အခွင့်အရေးတို့ဖြင့် ကျယ်ကျယ်ပြန့်ပြန့် ပိုမိုသက်ဆိုင်ပြီး မြန်မာနိုင်ငံရှိ အချို့သော လူနည်းစုအုပ်စုလေးများ အပေါ် မဲပေးပိုင်ခွင့်မပေးသည့် မူဝါဒကို ကျယ်ကျယ်ပြန့်ပြန့် အကောင်အထည်ဖော်ခြင်းသည် ရွေးကောက်ပွဲ လုပ်ငန်းစဉ်ကို အနုတ်လက္ခဏာဆောင်သည့် သက်ရောက်မှုရှိရာ အားလုံးပါဝင်နိုင်မှု၊ မြန်မာပြည်သူများ၏ ဆန္ဒ များကို မှန်ကန်စွာကိုယ်စားပြုရန် ရွေးကောက်ပွဲ၏ အရည်အသွေးတို့အပေါ်လည်း သက်ရောက်မှုရှိသည်ဟု ANFREL က ခိုင်ခိုင်မာမာယုံကြည်ပါသည်။

အတိတ်ကာလတွင်ဖြစ်ပျက်ခဲ့သည့် အလေးအနက်ထားရမည့် လူ့အခွင့်အရေးဆိုင်ရာ စိုးရိမ်ပူပန်စရာများကို နည်းပညာပိုင်းဆိုင်ရာရှုထောင့်မှသာ သီးသန့်ခဏပြန်ကြည့်ရန် ကြိုးစားကြည့်လျှင် အကယ်၍ အစိုးရသည် မဲ ပေးခွင့်ရရန် သတ်မှတ်ချက်များအတွက် တင်းကြပ်သော နိုင်ငံသားစံနှုန်းများကို ကျင့်သုံးလိုပါက အနည်းဆုံး အားဖြင့် သင့်လျော်သော လုပ်ငန်းစဉ်တစ်ခုနှင့် ဤပြင်းထန်သော ဥပဒေကို ညီညီမျှမျှသက်ရောက်စေရန်တော့ လိုမည်ဖြစ်သည်။ ၎င်းသည် နောက်လာမည့် အထွေထွေရွေးကောက်ပွဲအတွက် ပိုမိုအရေးပါလာမည် ဖြစ်သည်။ အကြောင်းမှာ ၂၀၁၅ ခုနှစ်က ထိုသို့သော လုပ်ငန်းစဉ်မျိုးကို ဆောင်ရွက်ခဲ့ခြင်းမရှိသည့်အတွက် ဖြစ်သည်။ နိုင် ငံသားများနှင့် ကိုယ်စားလှယ်လောင်းတို့၏ နောက်ခံသမိုင်းကြောင်းများ၊ တခါတခါ တိုင်းရင်းသားနှင့် ဘာသာရေးကွဲပြားမှုများအလိုက်ရှိနေသည့် အနေအထားကိုမူတည်၍ သတ်မှတ်ချက်ပြည့်မီခြင်းရှိ၊ မရှိ စဉ်းစား ရာတွင် ၎င်းတို့အား မတူညီသည့် ဥပဒေသက်ရောက်မှုများ၊ စုံစမ်းစစ်ဆေးမှုအတိုင်းအတာများ ရှိကြောင်း သတင်းများရရှိသည်။ ကိုယ်စားလှယ်လောင်းအုပ်စုများ၊ လူနည်းစုများ၊ အထူးသဖြင့် မွတ်စလင်ကိုယ်စားလှယ် လောင်းများ၏ အမည်စာရင်းတင်သွင်းမှုကို အားလျော့သွားစေရန် ၎င်းတို့၏ နိုင်ငံသားဖြစ်မှုကို မေးခွန်းထုတ် ခြင်းများရှိကြောင်း အချို့အုပ်စုများက စောဒကတက်ကြသည်။ လာမည့်လွှတ်တော်တွင် တိုင်းပြည်တွင် မည် သူက နိုင်ငံသားဖြစ်သည် ဟူသော အဓိပ္ပါယ်/ရှင်းလင်းချက်ကို ချမှတ်၍ ထိုအတိုင်း နိုင်ငံသားအားလုံးအပေါ် မျှ တစွာ

ကျင့်သုံးရန် စဉ်းစားသင့်ပါသည်။ မြန်မာနိုင်ငံအနေဖြင့် ထိုစံနှုန်းကို ညီညီမျှမျှသက်ရောက်စေရေးအပြင်၊ နိုင်ငံသားဖြစ်ရေး စံနှုန်းသည် အခြားသောနိုင်ငံများမှ စံနှုန်းများနှင့် ပိုမိုနီးနီးစပ်စပ်ကျင့်သုံးသင့်သည်။ အခြားသော နိုင်ငံများတွင် မိဘများသည် မွေးကတည်းက နိုင်ငံသားဖြစ်ရန်မလိုပဲ ကလေးမွေး ဖွားချိန်၌ မိဘတစ်ဦးသည် နိုင်ငံသားဖြစ်နေပါက ထိုကလေးကို ထိုနိုင်ငံသားအဖြစ်သို့ ပေးအပ်ရန်လုံလောက်ပါသည်။

၂၀၁၅ ခုနှစ်တွင် ရွေးကောက်ပွဲ၌ပါဝင်ရန် စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရသည့် ပြည်တွင်းအိုးမဲ့အိမ်မဲ့များ (IDPs) နှင့် ရွှေ့ပြောင်းလုပ်သားအရေအတွက် အတော်များများရှိနေသည်ဆိုသည့် အချက်ဖြစ်ပြီး အကယ်၍သာ ၎င်းတို့ အပေါ် ထိရောက်မည့် မူဝါဒများနှင့် အရင်းအမြစ်များကို မဖော်ထုတ်နိုင်ပါက ၂၀၂၀ တွင်လည်း ထိုနည်းလည်း ကောင်းတွေ့ရဦးမည်ဖြစ်သည်။ စီးပွားရေးအရ ရွှေ့ပြောင်းလုပ်သားများနှင့် IDP များသည် မဲလာပေးသူအနည်း ဆုံးဖြစ်မည့် အုပ်စုများတွင် ပါဝင်ပေလိမ့်မည်။ ပြုလွယ်ပြင်လွယ်ရှိသည့် မဲဆန္ဒရှင်မှတ်ပုံတင်ခြင်းနှင့် မှတ်ပုံတင် ကတ်ကို ကြည့်သည့် ဥပဒေစည်းမျဉ်းများသည် လုံလောက်မှုမရှိပေ။ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် မှတ်ပုံ တင်ကဲ့သို့သော အထောက်အထားများ ကျယ်ကျယ်ပြန့်ပြန့် မရှိကြခြင်း၊ နေရာသစ်တွင် ၎င်းတို့၏ လက္ခဏာကို တိကျစွာ စီစစ်ပေးနိုင်မည့်သူအားရှာဖွေရန် ခက်ခဲသည့် အခြေအနေမျိုးရှိနေသည်ဖြစ်သောကြောင့်ဖြစ်သည်။

ရွေးကောက်ပွဲများဟူသည် အားလုံးပါဝင်သင့်ပြီး ဒီမိုကရေစီလုပ်ငန်းစဉ်များတွင် ကျား၊မ ၊ ဘာသာရေး၊ လူမျိုးရေး နှင့် တိုင်းရင်းသားစသည်တို့အပေါ် ခွဲခြားဆက်ဆံမှုများမရှိသင့်ပေ။ ထိုသို့သော ဒီမိုကရေစီနည်းကျ အားလုံး ပါဝင်ရေး အနှစ်သာရဖြင့် မြန်မာပြည်သူများ ပိုမိုကျယ်ကျယ်ပြန့်ပြန့် ပါဝင်လာနိုင်မည့်အဆင့်များကို မြှင့်တင် သင့်သည်။

## ရွေးကောက်ပွဲလွန်ကာလ

## ရွေးကောက်ပွဲနေ့ ရလဒ်များ

ယခု ၂၀၁၇ ကြားဖြတ်ရွေးကောက်ပွဲတွင် မဲပေးခွင့်ရှိသူ ၂,၀၃၂,၅၃၆ ဦးတွင် မဲအရေအတွက် စုစုပေါင်း ၇၄၇,၄၅၀ မဲလာပေးခဲ့ကြသည်။ ထို့ကြောင့် မဲလာပေးကြသူ အရေအတွက်မှာ ၅၀% အောက်ဖြစ်ပြီး ကမ္ဘာတဝှမ်းမှ နိုင်ငံအများစုတွင်လည်း အထွေထွေရွေးကောက်ပွဲထက် ကြားဖြတ်ရွေးကောက်ပွဲမှာ မဲလာထည့်သူအရေအတွက် နည်းပါးလေ့ရှိသော်လည်း ၅၀% အောက်မှာ အလွန်နည်းပါသည်ဟု ဆိုနိုင်ပါသည်။

နိုင်ငံရေးပါတီ ၂၄ ပါတီမှ ကိုယ်စားလှယ်လောင်း ၉၄ ဦးနှင့် တစ်သီးပုဂ္ဂလ ၇ ဦးတို့က လစ်လပ်မဲဆန္ဒနယ် ၁၉ နေရာကို ယှဉ်ပြိုင်ကြရခြင်းဖြစ်သည်။ ပြည်သူ့လွှတ်တော် ၉ နေရာအတွက် မဲပေးခွင့်ရှိသူ ၁,၂၁၂,၄၀၀ ဦး ရှိသော်လည်း ၄၃၀,၄၁၉ ဦး (၃၄.၈၀ %) သာ ဧပြီ ၁ ရက်နေ့ ရွေးကောက်ပွဲတွင် မဲလာပေးခဲ့ကြသည်။ ယင်း ၉ နေရာတွင် NLD က ၅ နေရာ အနိုင်ရပြီး SNLD ၂ နေရာ၊ USDP နှင့် ANP က တစ်နေရာစီ အနိုင်ရခဲ့ပါသည်။

အမျိုးသားလွှတ်တော်တွင် လစ်လပ်နေရာ ၃ နေရာရှိပြီး မဲပေးခွင့် ရှိသူ ၆၉၉,၉၆၅ ဦး ရှိပြီး ၂၄၃,၅၉၀ ဦး (၃၄.၀၃%) မဲလာပေးကာ NLD က ၃ နေရာလုံး အနိုင်ရခဲ့သည်။

ပြည်နယ်လွှတ်တော် ၇ နေရာတွင် မဲပေးခွင့်ရှိသူစုစုပေါင်း ၂၂၆,၁၅၃ ဦးရှိပြီး မဲလာပေးသူ ၁၁၀,၉၀၀ (၄၉.၀၃%) ရှိကာ SNLD ၄ နေရာ၊ NLD ၊ USDP နှင့် ANDP တို့က ၁ နေရာစီ အနိုင်ရခဲ့ပါသည်။

ယေဘုယျ မဲလာပေးသူအရေအတွက် နည်းပါးနေပြီး နေရာတစ်ခုစီတွင်လည်း ကြီးမားသော ကွာခြားချက် ရှိနေပါသည်။ ဥပမာ ချင်းပြည်နယ်၌ အမျိုးသားလွှတ်တော်အတွက် ၇၅.၃၇ % မဲလာပေးကြချိန်တွင် လှိုင်သာယာ မြို့နယ်၌ ၁၂.၂၅% သာ မဲလာပေးကြသည်ကို တွေ့ရသည်။ လှိုင်သာယာမြို့ နယ်မှာ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲတုန်းက ၁၅၃,၀၉၂ ဦး မဲလာပေးခဲ့ပြီး ၂၀၁၇ တွင်မူ ၄၆,၄၁၈ ဦးသာ မဲလာပေးကြသဖြင့် မဲလာပေးသူအရေအတွက်ကွာခြားမှုတွင် အလျော့ကျဆုံး (၂၄%) မြို့နယ် ဖြစ်ခဲ့ပါသည်။

ကြားဖြတ်ရွေးကောက်ပွဲ ရလဒ်များနှင့် မဲလာပေးသူအရေအတွက် စာရင်းဇယားများကို ရွေးကောက်ပွဲကော်မရှင်၏ အွန်လိုင်းဝက်ဘ်ဆိုက် (http://uecmyanmar.org/results/index-en/index.html) တွင် လေ့လာနိုင်ပါသည်။ တဖက်တွင် ဖော်ပြထားသောဇယားမှာ မဲလာပေးသူ အရေအတွက်ကို ခြုံငုံဖော်ပြထားခြင်း ဖြစ်ပါသည်။[63]

[63] UEC မှ အချက်အလက်

| မဲဆန္ဒနယ်များ | မဲလာပေးသူ အရေအတွက် | မဲပေးခွင့်ရှိသူ အရေအတွက် | မဲလာပေးသူ ရာခိုင်နှုန်း |
|---|---|---|---|
| အမ်း | 46,669 | 75,828 | 61.55% |
| ပဲခူး အမျိုးသားလွှတ်တော် ၄ | 129,187 | 320,338 | 40.33% |
| ချောင်းဆုံ | 48,535 | 126,225 | 38.45% |
| ချင်း အမျိုးသား လွှတ်တော် ၃ | 21,124 | 28,027 | 75.37% |
| ဒဂုံမြို့သစ် (အရှေ့) | 41,490 | 99,617 | 41.65% |
| ဒဂုံမြို့သစ် (ဆိပ်ကမ်း) | 26,250 | 89,807 | 29.23% |
| လှိုင်သာယာ | 46,353 | 378,451 | 12.25% |
| ဖရူဆို မဲဆန္ဒနယ် ၁ | 6,286 | 9,146 | 68.73% |
| ကော့မှူး | 56,141 | 94,698 | 59.28% |
| ကျိုင်းတုံ မဲဆန္ဒနယ် ၂ | 22,758 | 56,132 | 40.54% |
| ကျေးသီး | 27,077 | 53,438 | 50.67% |
| ကျေးသီး မဲဆန္ဒနယ် ၁ | 14,328 | 25,772 | 55.6% |
| ကျေးသီး မဲဆန္ဒနယ် ၂ | 13,208 | 27,666 | 47.74% |
| မိုင်းရှူး | 21,076 | 43,931 | 47.98% |
| မိုင်းရှူး မဲဆန္ဒနယ် ၁ | 10,731 | 23,974 | 44.76% |
| မိုင်းရှူး မဲဆန္ဒနယ် ၂ | 10,268 | 19,880 | 51.65% |
| မုံရွာ | 119,290 | 250,033 | 47.71% |
| ညောင်ရွှေ မဲဆန္ဒနယ် ၁ | 35,075 | 62,703 | 55.94% |
| ရန်ကုန်အမျိုးသားလွှတ်တော် ၆ | 93,279 | 343,600 | 27.15% |

ပြီ ၁ ရက်နေ့ ကြားဖြတ်ရွေးကောက်ပွဲအပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ရလဒ်များကို ကြေညာရာတွင် အမျိုးသားအဆင့် လွှတ်တော်များနှင့် ပြည်နယ်/တိုင်းဒေသကြီး လွှတ်တော်များ၏ လစ်လပ်နေရာ ၁၉ နေရာတွင် အာဏာရပါတီ NLD က ၉ နေရာနိုင်သဖြင့် လစ်လပ်နေရာများ၏ ထက်ဝက်ခန့် အနိုင်ရခဲ့သည်ဟု ထုတ်ဖော်ကြေညာခဲ့ပါသည်။

၂၀၁၇ ကြားဖြတ်ရွေးကောက်ပွဲမတိုင်မီတစ်နှစ်ခန့်က NLD ပါတီမှာ ၂၀၁၅ နိုဝင်ဘာ ရွေးကောက်ပွဲ၌ အနိုင်ရရှိပြီး နောက်ဆုံးအစိုးရဖွဲ့ခဲ့ပါသည်။ ဤသည်မှာ ၎င်းတို့ သက်တမ်းတွင် စောလွန်းနေဆဲ ဖြစ်ပြီး အစိုးရ၏ တစ်နှစ်သက်တမ်းအုပ်ချုပ်မှုအတွက် မဲပေးသူများက မည်မျှလောက်ထိ ၎င်းတို့ကို တာဝန်ခံနိုင်မည်ဆိုသည်ကို သိရန် ခက်ခဲပါသည်။ သိသာသည်မှာတော့ မွန်ပြည်နယ်၊ ချောင်းဆုံကဲ့သို့ နယ်မြို့အချို့ နှင့် ကျေးသီးမဲဆန္ဒနယ် ၁ နှင့် ၂၊ မိုင်းရှူးမဲဆန္ဒနယ် ၁ နှင့် ၂၊ ကျိုင်းတုံမဲဆန္ဒနယ် ၂ ကဲ့သို့ တိုင်းရင်းသားလူနည်းစုဒေသများ၏ ပဋိပက္ခနယ်မြေအချို့တွင် NLD အနေဖြင့် အရှုံးနှင့် ရင်ဆိုင်ခဲ့ရပါသည်။ ဒေါ်အောင်ဆန်းစုကြည်က ငြိမ်းချမ်းရေးကို အရယူပေးမည်ဟု ကတိပြုထားသော်လည်း အဆိုပါတိုင်းရင်းသားလူနည်းစုဒေသများတွင် တိုင်းရင်းသားလက်နက်ကိုင်ပဋိပက္ခများ ဆက်လက်ရှိနေဆဲ ဖြစ်သည်။

NLD အနေဖြင့် ၂၀၁၅ ရလဒ်နှင့်ယှဉ်လျှင် ရာခိုင်နှုန်းအားဖြင့် ပိုမိုနည်းပါးသော အနိုင်ရနေရာကိုသာ ရရှိခဲ့သော်လည်း ဤကြားဖြတ်ရွေးကောက်ပွဲ ရလဒ်မှာ NLD အများစု နေရာယူထားပြီးဖြစ်သော ပြည်ထောင်စုအဆင့် လွှတ်တော်များတွင် သိသာထင်ရှားသော အကျိုးသက်ရောက်မှု မရှိသလို ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးတွင် ဖွဲ့စည်းထားသော လက်ရှိ (NLD) အုပ်ချုပ်သူအများစုနေရာကိုလည်း သက်ရောက်မှုမရှိပေ။ အောက်တွင် ၂၀၁၇ ကြားဖြတ်ရွေးကောက်ပွဲ ရလဒ်များကို ဖော်ပြထားပါသည်။

**ပြည်သူ့လွှတ်တော်**

| မဲဆန္ဒနယ် | ယခင်လွှတ်တော် ကိုယ်စားလှယ် | | | လက်ရှိ အနိုင်ရ ကိုယ်စားလှယ် | |
|---|---|---|---|---|---|
| | အမည် | ပါတီ | လစ်လပ်ရခြင်း အကြောင်းရင်း | အမည် | ပါတီ |
| အမ်း၊ ရခိုင်ပြည်နယ် | ဦးသိန်းဆွေ | USDP | လက်ရှိ အစိုးရအဖွဲ့ဝင် | ဒေါက်တာအေးမောင် | ANP |
| ချောင်းဆုံ၊ မွန်ပြည်နယ် | ဒေါ်ခင်ဌေးကြွယ် | NLD | လက်ရှိ အခြေခံဥပဒေ ခုံရုံး အဖွဲ့ဝင် | ဦးအောင်ကြည်သိန်း | USDP |
| ဒဂုံအရှေ့၊ ရန်ကုန် | ဦးမျိုးအောင် | NLD | လက်ရှိ နေပြည်တော် ကောင်စီ နယ်မြေ ဥက္ကဋ္ဌ | ဦးနေကျော် | NLD |

| | | | | | |
|---|---|---|---|---|---|
| ဒဂုံဆိပ်ကမ်း၊ ရန်ကုန် | ဦးကျော်ဝင်း | NLD | လက်ရှိ အစိုးရဝန်ကြီး | ဦးမြစိန် | NLD |
| လှိုင်သာယာ၊ ရန်ကုန် | ဦးသန်းမြင့် | NLD | လက်ရှိ အစိုးရဝန်ကြီး | ဦးဝင်းမင်း | NLD |
| ကော့မှူး၊ ရန်ကုန် | ဒေါ်အောင်ဆန်းစုကြည် | NLD | လက်ရှိ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် | ဦးကျော်ဆွေဝင်း (ခေါ်) ဦးအာလူး | NLD |
| ကျေးသီး၊ ရှမ်းပြည်နယ် | ရွေးကောက်ပွဲ မရှိ | ရွေးကောက်ပွဲမရှိ | လုံခြုံရေး အကြောင်းပြချက် | ဦးစိုင်းအောင်ကျော် | SNLD |
| မိုင်းရှူး၊ ရှမ်းပြည်နယ် | ရွေးကောက်ပွဲ မရှိ | ရွေးကောက်ပွဲမရှိ | လုံခြုံရေး အကြောင်းပြချက် | စိုင်းဝင်းအေး (ခေါ်) စိုင်းထွန်းအေး | SNLD |
| မုံရွာ၊ စစ်ကိုင်း | ဦးသန့်စင်မောင် | NLD | လက်ရှိ အစိုးရဝန်ကြီး | ဦးညွန့်အောင် | NLD |

**အမျိုးသားလွှတ်တော်**

| မဲဆန္ဒနယ် | ယခင်လွှတ်တော် ကိုယ်စားလှယ် | | | လက်ရှိ အနိုင်ရ ကိုယ်စားလှယ် | |
|---|---|---|---|---|---|
| | အမည် | ပါတီ | လစ်လပ်ရခြင်း အကြောင်းရင်း | အမည် | ပါတီ |
| ပဲခူး အမျိုးသား လွှတ်တော် ၄ | ဦးဝင်းမြတ်အေး | NLD | လက်ရှိတာဝန်ထမ်းဆောင်နေသော ပြည်ထောင်စုဝန်ကြီး | ဒေါ်စန်းစန်းမြင့် | NLD |
| ချင်း အမျိုးသား လွှတ်တော် ၃ | ဟင်နရီဗန်ထီးယူ | NLD | လက်ရှိဒုသမ္မတ | ပူဘွေးခင်း | NLD |
| ရန်ကုန် အမျိုးသား လွှတ်တော် ၆ | ဦးအောင်သူ | NLD | လက်ရှိ အစိုးရအဖွဲ့ဝင် | ဒေါက်တာ မောင်မောင် | NLD |

**တိုင်းဒေသကြီးနှင့် ပြည်နယ် လွှတ်တော်များ**

| မဲဆန္ဒနယ် | ယခင်လွှတ်တော် ကိုယ်စားလှယ် | | | လက်ရှိ အနိုင်ရ ကိုယ်စားလှယ် | |
|---|---|---|---|---|---|
| | **အမည်** | **ပါတီ** | **လစ်လပ်ရခြင်း အကြောင်းရင်း** | **အမည်** | **ပါတီ** |
| ကျေးသီး မဲဆန္ဒနယ် ၁ | ရွေးကောက်ပွဲမရှိ | ရွေးကောက်ပွဲ မရှိ | လုံခြုံရေး အကြောင်းပြချက် | စိုင်းစံမိုင်း | SNLD |
| ကျေးသီး မဲဆန္ဒနယ် ၂ | ရွေးကောက်ပွဲမရှိ | ရွေးကောက်ပွဲ မရှိ | လုံခြုံရေး အကြောင်းပြချက် | ဦးခင်မောင်ညွန့် | SNLD |
| မိုင်းရှူး မဲဆန္ဒနယ် ၂ | ရွေးကောက်ပွဲမရှိ | ရွေးကောက်ပွဲ မရှိ | လုံခြုံရေး အကြောင်းပြချက် | ဒေါ်နန်းကောင်းခမ် | SNLD |
| ဖရူဆို မဲဆန္ဒနယ် ၁ | Thoe Ral | NLD | တာဝန်ထမ်းဆောင်ဆဲတွင် ကွယ်လွန် | ဦးသဲရယ် | ANDP |
| ညောင်ရွှေ မဲဆန္ဒနယ် ၁ | တင်ရင် | NLD | တာဝန်ထမ်းဆောင်ဆဲတွင် ကွယ်လွန် | ဦးခင်မောင်ဝင်း | NLD |
| မိုင်းရှူး မဲဆန္ဒနယ် ၁ | ရွေးကောက်ပွဲမရှိ | ရွေးကောက်ပွဲ မရှိ | လုံခြုံရေး အကြောင်းပြချက် | ဦးစိုင်းလင်းမြတ် | SNLD |
| မဲဆန္ဒနယ် ၂ | ပီတာသောင်းစိန် | USDP | တာဝန်ထမ်းဆောင်ဆဲတွင် ကွယ်လွန် | ဦးရှားမွေလရှန် | USDP |

**မဲပေးသူများ၏ အမြင်များ - ၂၀၁၇ ကြားဖြတ်ရွေးကောက်ပွဲတွင် ပါတီထောက်ခံမှု**

၂၀၁၇ ကြားဖြတ်ရွေးကောက်ပွဲမှာ ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သည့် တစ်နှစ်သားအစိုးရအပေါ် ၎င်းတို့အား မဲပေးခဲ့သူများ၏ အလွန်အကြူးမျှော်လင့်ချက်ထားမှုများကြောင့် NLD အတွက် ကြီးမားသော စိန်ခေါ်မှုအချို့ကို သယ်ဆောင်လာခဲ့ပါသည်။ ANFREL မှ တွေ့ဆုံမေးမြန်းခဲ့သော မဲပေးသူအများစုမှာ ၂၀၁၅ ရွေးကောက်ပွဲအပြီး

တွင် NLD အစိုးရအာဏာရလာပြီးနောက် ၎င်းတို့ နေ့စဉ်ဘဝပြောင်းလဲမှုအတွက် များစွာမျှော်လင့်ချက်ထားခဲ့ကြောင်းပြောပြကြသည်။ ဆယ်စုနှစ်များစွာအတွင်း ပထမဆုံးအရပ်သား၊ လူကြိုက်အများဆုံးရွေးကောက်ခံအစိုးရတက်လာသောကြောင့် နိုင်ငံသားပြည်သူများ စိတ်လှုပ်ရှားပျော်ရွှင်ကြခြင်းမှာမှန်သော်လည်း ယင်းစိတ်လှုပ်ရှားပျော်ရွှင်မှုမှ ထွက်ပေါ်လာသည့် မျှော်လင့်ချက်များကို ကျေနပ်စေနိုင်ရန်မှာမူ ခက်ခဲပါသည်။ တစ်ဦးတစ်ယောက်က မဲပေးသူများအနေဖြင့် မှန်ကန်စွာစိတ်ပျက်ကြသည်ဟု ယုံကြည်သည်ဖြစ်စေ၊ ကျိုးကြောင်းမဆီလျော်စွာ မြင့်မားနေသော မျှော်လင့်ချက်များ ရှိနေသည်ဟု ယုံကြည်သည်ဖြစ်စေ၊ NLD ၏ ၂၀၁၅ သောင်ပြိုကမ်းပြိုအနိုင်ရမှုရလဒ်နှင့် တန်းညှိ၍တော့ မဖြစ်နိုင်ပေ။

အမှန်အကန်ရလဒ်များကို ကြည့်ပါက ဧပြီ ၁ ရက်နေ့ ရွေးကောက်ပွဲတွင် NLD ယှဉ်ပြိုင်သော ၁၈ နေရာ၌ ၉ နေရာသို့မဟုတ် ၅၀% အနိုင်ရခဲ့သည်။ NLD ၇၉% အနိုင်ရခဲ့သော၂၀၁၅ အထွေထွေရွေးကောက်ပွဲနှင့် ယှဉ်လျှင်ယခုကြားဖြတ်မှာ သိသာထင်ရှားသော လျော့ကျမှုတစ်ခုဖြစ်ပါသည်။[64] ရှေ့ပိုင်းတွင် ဖော်ပြခဲ့သလိုပင် ကြားဖြတ်ရွေးကောက်ပွဲရလဒ်မှာ NLD ပါတီ၏ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တွင် ရယူထားသော အများစုအနေအထားအပေါ် သက်ရောက်မှုရှိမည်မဟုတ်ပါ။ သို့သော်လည်း လက်ရှိအစိုးရအုပ်ချုပ်မှုအပေါ် စိတ်ပျက်လက်ပျက်ဖြစ်မှု၊ အထူးသဖြင့် တိုင်းရင်းသားလူနည်းစု မဲပေးသူများ၌ ပေါ်ပေါက်လာနိုင်ပါသည်။ မဲပေးသူ အများစုကို တွေ့ဆုံမေးမြန်းရာတွင် ယခုထိလူအနည်းငယ်တို့တွင် တိုင်းရင်းသားပဋိပက္ခ အဆုံးသတ်ရန် ကြိုးပမ်းမှုနှင့်စီးပွားရေးတိုးတက်မှုကို တွန်းအားပေးရာတွင် ပါတီ၏အောင်မြင်မှုမရသော အခြေအနေနှင့်ပတ်သက်၍ စိတ်ပျက်မှုအနေအထားအချို့ကို ဖော်ပြခဲ့ကြပါသည်။

ပြည်သူ့လွှတ်တော်နေရာအတွက် ဒဂုံအရှေ့ ၊ ဒဂုံဆိပ်ကမ်း၊ လှိုင်သာယာ၊ ကော့မှူးနှင့် မုံရွာ (စစ်ကိုင်းတိုင်း) တို့တွင် NLD အနိုင်ရခဲ့ပါသည်။ အမျိုးသားလွှတ်တော်နေရာအတွက် ပဲခူးအမျိုးသားလွှတ်တော်မဲဆန္ဒနယ် ၄၊ ချင်းအမျိုးသားလွှတ်တော် မဲဆန္ဒနယ် ၃ နှင့် ရန်ကုန်အမျိုးသားလွှတ်တော်မဲဆန္ဒနယ် ၆ နေရာ ၃ နေရာစလုံး အနိုင်ရအောင် စွမ်းဆောင်နိုင်ခဲ့သည်။ ပြည်နယ်/တိုင်းဒေသကြီး လွှတ်တော်နေရာများတွင်မူ ညောင်ရွှေ မဲဆန္ဒနယ်တစ်ခုတွင်သာ NLD အနိုင်ရခဲ့သည်။

NLD လွဲချော်သွားသော နေရာများတွင် ချောင်းဆုံမဲဆန္ဒနယ်၌ ၂၀၁၅ အထွေထွေရွေးကောက်ပွဲတုန်းက ၎င်းတို့၏ အဓိကပြိုင်ဘက် USDP ကို ရှုံးနိမ့်သွားခြင်းဖြစ်သည်။ ပြည်နယ်/ တိုင်းဒေသကြီးလွှတ်တော်တွင် ကယားပြည်နယ်ဖရူဆို၌ NLD က ANDP ကို ရှုံးနိမ့်ခဲ့သည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့ကိုယ်စားလှယ်အား မှတ်ပုံတင်ရန်ပျက်ကွက်ခဲ့သောကြောင့်ဖြစ်သည်။[65] ရှမ်းပြည်နယ်မှ ကျေးသီးနှင့် မိုင်ရှူးနေရာများတွင်မူ ယင်းဒေသများ၌ ၂၀၁၅ တုန်းက ရွေးကောက်ပွဲမကျင်းပခဲ့ခြင်းကြောင့် တိုက်ရိုက် နှိုင်းယှဉ်မှု မပြုလုပ်နိုင်ပေ။

နိုင်ငံရေး လေ့လာစောင့်ကြည့်သူများနှင့် မီဒီယာများက ၂၀၁၇ ကြားဖြတ်ရွေးကောက်ပွဲ ရလဒ်များမှာ NLD ဦးဆောင်သော အစိုးရအတွက် သတိပေးအချက်ပြမှုတစ်ခုအဖြစ် ပုံဖော်ပြောဆိုကြသည်။[66] ၎င်းတို့က ယခု

64 https://www.irrawaddy.com/opinion/nld-take-election-results-wake-call.html

65 https://www.irrawaddy.com/news/burma/nld-to-discipline-karenni-state-party-heads-for-late-candidate-registration.html

66 https://www.irrawaddy.com/opinion/nld-take-election-results-wake-call.html

ကြားဖြတ်ရွေးကောက်ပွဲမှာ NLD ပါတီကို လူထုက ၂၀၁၅ တုန်းကလို အများကြိုက်ထောက်ခံမှုရရှိနေဆဲလား ဆိုသည်ကို ထောက်ပြနေခြင်း ဖြစ်သည်ဟုဆိုသည်။

ဧရာဝတီ သတင်းဌာနက NLD ၏ ပြောရေးဆိုခွင့်ရှိသူ ဦးဝင်းထိန်သည် ရွေးကောက်ပွဲရလဒ်ကြေညာသည့် မေ ၂ ရက်နေ့တွင် လူထုကို မဲပေးမှုနည်းပါးသည့်အတွက် ပြစ်တင်ပြောဆိုလိုက်ကြောင်း ဖော်ပြခဲ့သည်။ လူထုက ၂၀၁၅ တုန်းကလို NLD ကို မဲထွက်မပေးရခြင်းမှာ ၂ နှစ်အတွင်း ၎င်းတို့ NLD အပေါ် ထားရှိသည့် ယုံကြည်မှု လျော့ကျနေခြင်းကို ပြဆိုခြင်းဖြစ်နိုင်သည်။

နိုင်ငံရေးလေ့လာစောင့်ကြည့်သူအများစုကလည်း မဲပေးသူများမှာ ၂၀၁၅ ရွေးကောက်ပွဲတုန်းက ရွေးကောက်ခံ ကိုယ်စားလှယ်ကိုမကြည့်ဘဲ ပါတီကိုသာကြည့်၍ မဲပေးခဲ့ကြခြင်းဖြစ်ကြောင်းသဘောတူကြသည်။ တိုင်းရင်း သားပြည်သူအားလုံးက NLD ကို အများဆုံးထောက်ခံခဲ့ကြပြီး လူကိုမကြည့်ဘဲ မဲပေးခဲ့သော်လည်း ရွေးကောက် ခံကိုယ်စားလှယ်များမှာ ၎င်းတို့အား ပြန်လည်အကျိုးပြုမည်ဟု ယုံကြည်ခဲ့ကြသည်။

NLD အာဏာရပြီး တစ်နှစ်အကြာတွင် ပါတီက လူထုအသံ၊ သို့မဟုတ် ၎င်းတို့ကို မဲပေးခဲ့သော ပြည်သူများ၏ အသံကို နားထောင်ရန် ပျက်ကွက်ခဲ့သည့် အချိန်တိုင်း မဲပေးသူများမှာ သစ္စာဖောက်ခံရသကဲ့သို့ ခံစားကြပြီး လာမည့် ရွေးကောက်ပွဲတွင် ၎င်းတို့ ထောက်ခံမှုကို ရုပ်သိမ်းခဲ့ကြခြင်း ဖြစ်သည်။ ယင်းအကြောင်းကပင် ၂၀၁၇ ကြားဖြတ်ရွေးကောက်ပွဲ၌ တိုင်းရင်းသားနေရာအများစုတွင် NLD ဖြစ်ပျက်ခဲ့သည်များကို ရှင်းပြသလိုဖြစ်ခဲ့ သည်။[67]

၂၀၁၅ ရွေးကောက်ပွဲတွင် ဒေသခံတိုင်းရင်းသားပါတီများနှင့် အဓိကပြိုင်ဘက် USDP ကို ကျော်ဖြတ် အနိုင်ရရှိခဲ့ သော မွန်ပြည်နယ်ချောင်းဆုံတွင် ယခုအခါ ပြည်သူ့အသံ ပြည်သူ့ဆန္ဒကို နားမထောင်ခဲ့ခြင်းကြောင့် ကြားဖြတ် ရွေးကောက်ပွဲရှုံးခဲ့ရသည်မှာ အရှင်းဆုံးဥပမာပင် ဖြစ်သည်။

ရွေးကောက်ပွဲမတိုင်မီကပင် ဒေသခံပြည်သူများ မဲပေးသူအများစုမှာ NLD အစိုးရ၏ လတ်တလော ဆုံးဖြတ် ချက်ဖြစ်သော မွန်ပြည်နယ်ချောင်းဆုံတံတားကို ဗိုလ်ချုပ်အောင်ဆန်းတံတားဟု အမည်ပေးခဲ့မှုအပေါ် မကျေမ နပ်ဖြစ်ခဲ့ရသည်။ ယင်းတံတားအမည်ပေးမှုကို ဒေသခံများက မွန်တိုင်းရင်းသားကို ပိုမိုကိုယ်စားပြုသော အမည် ဖြစ်စေချင်သောကြောင့် ကန့်ကွက်နေကြသည့်ကြားမှ ဗိုလ်ချုပ်အောင်ဆန်းတံတားဟု အတည်ပြုခဲ့ခြင်းဖြစ်သည်။

ရွေးကောက်ပွဲစာရင်းဇယားများအရ ယင်းဒေသ၌ ၃၈% သော မဲပေးခွင့်ရှိသူများသာ ရွေးကောက်ပွဲတွင် မဲပေး ခဲ့ကြသည်။ သို့သော် မဲလာမပေးသူများကလည်း တံတားကိစ္စမကျေလည်မှုကြောင့်ပင်ဖြစ်ပါသည်။ ရွေးကောက် ပွဲကော်မရှင်က ကြားဖြတ်ရွေးကောက်ပွဲရလဒ်ကို ကြေညာသောအခါ NLD အရှက်ရခဲ့ပြီး USDP က အောင်ပွဲ ခံခဲ့သည်။

[67] https://www.irrawaddy.com/opinion/nld-take-election-results-wake-call.html

မေပြီ ၁ ရက်နေ့ ကြားဖြတ်ရွေးကောက်ပွဲရလဒ်မှာ ဒေါ်အောင်ဆန်းစုကြည်အပါအဝင် ဗမာလူများစု၏ အုပ်ချုပ်မှု အောက်တွင် ရှုန်းကန်နေခဲ့ရသော မြန်မာနိုင်ငံ၏ တတိယလူဦးရေ အများဆုံးအင်အားစုဖြစ်သည့် တိုင်းရင်းသား လူနည်းစုများအကြား NLD ထောက်ခံမှု လျော့လာခြင်းအား လှစ်ဟပြသနေသည်။

ကြားဖြတ်ရွေးကောက်ပွဲရလဒ်မှာ တိုင်းရင်းသားနိုင်ငံရေးမှာ အဆုံးအဖြတ်ပေးမည့် အချက်တစ်ခု အသေအချာ ဖြစ်လာဟန်တူသည်။ ဒေသခံ မီဒီယာက ဖော်ပြရာတွင် SNLD မှာ ၂၀၁၅ ရလဒ်ထက် ပိုတိုးတက်လာသည်မှာ မဲပေးသူများက NLD အစိုးရ၏ ငြိမ်းချမ်းရေးကို ဖော်ဆောင်မပေးနိုင်ခြင်းအပေါ် မကျေမနပ်ဖြစ်လာရာမှ တိုင်း ရင်းသားလူများစုနေရာများ၌ ကျဆုံးရန် အကြောင်းဖန်လာခြင်းကြောင့်ဟု ဖော်ပြကြသည်။

တိုင်းရင်းသားအရေး၊ ဘာသာရေးပဋိပက္ခများနှင့် ရှုပ်ထွေးနေသော အနောက်ဘက်ပြည်နယ် ရခိုင်တွင်လည်း NLD အနိုင်မရခဲ့ပေ။ ပြည်သူ့လွှတ်တော်နေရာတွင် ဒေသခံ ANP ပါတီ၏ ဥက္ကဋ္ဌ ဒေါက်တာအေးမောင် အနိုင်ရခဲ့ သည်။ ဒေါက်တာအေးမောင်မှာ မူဆလင်ရိုဟင်ဂျာများကို ဆန့်ကျင်ရာတွင် သဘောထားတင်းမာသော နိုင်ငံ ရေးသမားအဖြစ် လူသိများသည်။

စာရင်းဇယားများ၏ အဆိုအရ ရခိုင်ပြည်နယ်တွင် ရိုဟင်ဂျာတစ်သန်းခန့် နေထိုင်ကြသည်။ ဒေသခံ တိုင်းရင်း သားများကြား ဘာသာရေးအရမတူညီမှုနှင့် မတူကွဲပြားမှုကို လက်မခံနိုင်ကြခြင်းကြောင့် အကြမ်းဖက်မှုများနှင့် ဖိနှိပ်မှုများ ၂၀၁၂ တွင် ဖြစ်လာပြီး လွန်ခဲ့သည့် ၅ နှစ်အတွင်း မကြာခဏဆိုသလို သွေးစွန်းသော လူမျိုးရေးနှင့် တိုင်းရင်းသားဆိုင်ရာ အကြမ်းဖက်မှုများဖြစ်ပေါ်တတ်ရာ ကုလသမဂ္ဂစုံစမ်းစစ်ဆေးရေးအရာရှိများက လူသား ချင်းစာနာမှုနှင့်ဆိုင်သော ရာဇဝတ်မှုမြောက်သည်ဟု တံဆိပ်ကပ်ကြသည်။

ယင်းပဋိပက္ခမှာ ဒေါ်အောင်ဆန်းစုကြည်အတွက် အဓိကကျသော ကျင့်ဝတ်ပိုင်းဆိုင်ရာ စိန်ခေါ်မှုဖြစ်သည်။ သူ သည် ရိုဟင်ဂျာဖက်မှ အကာအကွယ်ပေးသော နိုင်ငံတကာဖိအားနှင့် ပြည်တွင်းမှ လူထုအများအပြား၏ ရိုဟင် ဂျာများအပေါ် တိုက်ခိုက်မှုတို့အကြား ရှုန်းကန်ရမည်ဖြစ်သည်။ တရားဝင်ဖိနှိပ်ညှင်းပန်းနေမှုကို နှုတ်ဆိတ်နေသ ဖြင့် သူသည် နိုင်ငံတကာအသိုင်းအဝိုင်း၏ ဝေဖန်ခြင်းကိုခံရပြီး ပြည်တွင်းအတိုက်အခံများက ရိုဟင်ဂျာများကို ဂရုဏာထားသည်ဟူသော စွပ်စွဲမှုများနှင့် ရင်ဆိုင်နေရသည်။

အပေါ်တွင် ဖော်ပြခဲ့သည့်အတိုင်းပင် ရှမ်းဒေသခံပါတီ SNLD ၂၀၁၅ တုန်းက မငြိမ်းချမ်းသဖြင့် ရွေးကောက်ပွဲ မလုပ်လိုက်ရသော ရှမ်းပြည်နယ်မှ နေရာ ၆ ခုတွင် အနိုင်ရခဲ့သည်။ တာဝန်ထမ်းဆောင်ဆဲ လွှတ်တော်အမတ် ကွယ်လွန်သွားသည့် ရှမ်းပြည်နယ် နေရာနှစ်ခုတွင် NLD နှင့် USDP က တစ်ခုစီ အနိုင်ရခဲ့သည်။

ရှမ်းပြည်နယ် မြို့နယ်နှစ်ခုဖြစ်သည့် ကျေးသီးနှင့် မိုင်းရှူးတွင် ၂၀၁၅ တုန်းက အကြမ်းဖက်မှုများကြောင့် ရွေး ကောက်ပွဲပယ်ဖျက်လိုက်ရသော နေရာများကို နောက်ဆုံးတွင် ကြားဖြတ်ရွေးကောက်ပွဲကျင်းပပြီး ဖြည့်တင်းနိုင် ခဲ့သည်။ ထို့ကြောင့် အဆိုပါနေရာ ၆ နေရာလုံးတွင် SNLD ကို NLD ရှုံးနိမ့်ခြင်းအတွက် မှတ်သားသင်ခန်းစာယူ ပါက အကျိုးရှိနိုင်သည်။

NLD ၏ တိုင်းရင်းသားခေါင်းဆောင်များအား ပြည်ထောင်စုငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင်ပါဝင်နိုင်ရန် မကြိုးစား နိုင်မှုက ရှမ်းပြည်နယ်မှ ဒေသခံများအကြား စိတ်ပျက်လက်ပျက် ဖြစ်စေခဲ့သည်။ ၇ နှစ်အတွင်း ၎င်းတို့ မဲများ

ပေးခွင့်ရသော ပထမဆုံးအကြိမ်တွင် NLD ထက် ရှမ်းဒီမိုကရေစီအဖွဲ့ချုပ်ပါတီကို ပံ့အောလိုက်ခြင်းမှာ အံ့သြစရာတော့မဟုတ်ပေ။ ထို့ပြင် အရာရှိများအနေဖြင့် ဒေသခံများနှင့် ဆက်သွယ်ရာတွင် ပိုမိုခက်ခဲပြီး အပြန်အလှန်ဆက်ဆံရာတွင် ဘာသာပြန်ပေါ်တွင်လည်း မှီခိုရသည်။[68]

NLD ပြောရေးဆိုခွင့်ရှိသူ ဦးဝင်းထိန်က ဘာသာစကား အတားအဆီးရှိကြောင်းနှင့် ၎င်းတို့ ယှဉ်ပြိုင်ရသည့် ရှမ်းပြည်နယ်ခရိုင်များအတွင်းမှ လက်နက်ကိုင်အဖွဲ့များနှင့် ပြဿနာများရှိကြောင်း ဝန်ခံခဲ့သည်။ ဒေသခံနိုင်ငံရေးသမားများနှင့် ချိတ်ဆက်မည့်အစား ဦးဝင်းထိန်က "ကျွန်တော်တို့ ရှမ်းပြည်နယ်မှာ တိုးတက်အောင် ဆက်လက်လုပ်ဆောင်နေပါတယ်။ ဒေသခံတွေက ဗမာလို နားမလည်တဲ့အတွက် ကျွန်တော်တို့ မူဝါဒတွေကို ရှမ်းဘာသာစကားနဲ့ ဘာသာပြန်ရမှာ ဖြစ်ပါတယ်" ဟု ပြောခဲ့သည်။[69]

NLD ရွေးကောက်ပွဲစွမ်းဆောင်မှုကျရခြင်းအတွက် အခြားထပ်ဖြည့်ရမည့် အကြောင်းပြချက်မှာ ဒေါ်အောင်ဆန်းစုကြည်က နိုင်ငံခြားရေးဝန်ကြီးနှင့် နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် တာဝန်များယူထားပြီး ပါတီတွင် မရှိတော့ခြင်းပင်ဖြစ်သည်။

၂၀၀၈ အခြေခံဥပဒေ ပုဒ်မ ၂၃၂ (ဈ) တွင် အစိုးရဝန်ကြီးများသည် ပါတီတာဝန်များတွင် မပါဝင်ရဟု ပါရှိသည်။ ထို့ကြောင့် NLD ရွေးကောက်ပွဲ မဲဆွယ်မှုများကို ဒေါ်အောင်ဆန်းစုကြည်လောက် လူကြိုက်မများသော အခြားပါတီခေါင်းဆောင်များ ဦးဆောင်ခဲ့ရသည်။ ထို့ကြောင့်ပင် ရန်ကုန်နှင့် အနီးတဝိုက်တွင် လူထုစည်းဝေးရာ၌ လူနည်းပြီး ပါတီအပေါ် လူကြိုက်များမှုနှင့် မဲပေးသူများအပေါ် သက်ရောက်မှုများ ရှိခဲ့သည်။

၂၀၁၇ ကြားဖြတ်ရွေးကောက်ပွဲရလဒ်များအရ NLD ပါတီအနေဖြင့် လွှတ်တော်တွင် လက်ရှိထိန်းချုပ်မှုကို ထိန်းသိမ်းထားလိုပါက NLD အစိုးရသည် တိုင်းရင်းသားလူနည်းစုများအကြား ယုံကြည်မှုကို ရနိုင်သလောက် ဖြစ်ပေါ်လာအောင် စွမ်းဆောင်ရန် လိုအပ်ပါလိမ့်မည်။ အောင်မြင်သော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ငြိမ်းချမ်းရေးဆွေးနွေးညှိနှိုင်းမှုများကလည်း ၎င်းအတွက် အရေးပါသော လက္ခဏာတစ်ခုပင်ဖြစ်သည်။ ထို့ပြင် NLD အနေဖြင့် ပဋိပက္ခဖြစ်ပွားရာနေရာများရှိ လူထု၏ နေ့စဉ်ဘဝနှင့် ပိုမို၍ ပံ့မှန်ထိတွေ့ မှုရှိခြင်းနှင့် ၎င်းတို့၏ ပြဿနာများကို ပိုမိုနားလည်လာအောင် ကြိုးပမ်းဆောင်ရွက်ခြင်းမှလည်း အကျိုးအမြတ် ရရှိနိုင်ပါလိမ့်မည်။

NLD တွင် ယခုထိ နိုင်ငံရေးကစားကွက်တွင် အားကောင်းမောင်းသန်အခြေအနေတွင် ရှိနေပါသေးသည်။ အဘယ်ကြောင့်ဆိုသော် ယခုလိုအခက်အခဲများ၊ ဝေဖန်မှုများ ရှိနေလျက်နှင့်ပင် ဒေါ်အောင်ဆန်းစုကြည်မှာ တိုင်းပြည်အတွက် ဩဇာအရှိဆုံး နိုင်ငံရေးခေါင်းဆောင်အဖြစ် ဆက်လက်ရှိနေဆဲဖြစ်ကာ NLD ပါတီမှာ အကောင်းဆုံးအသိအမှတ်ပြုခံထားရသည့် ပါတီဖြစ်ပြီး နောက်နှစ်များစွာထိ လွှတ်တော်တွင် အများစုအနေအထား ဆက်ရှိနေမည် ဖြစ်သောကြောင့်ပင်ဖြစ်သည်။

သို့သော် NLD ပါတီရော ဒေါ်အောင်ဆန်းစုကြည်ပါ သတိထားရမည်မှာ ယုံကြည်မှုမလွန်ကဲဖို့ဖြစ်ပြီး မြန်မာလူထုအများစုမှာ တစ်နှစ်သားအရပ်သားအစိုးရကို စီးပွားရေးအစ တိုင်းရင်းသားပဋိပက္ခအလယ် မူးယစ်ဆေးဝါးနှင့်

[68] http://frontiermyanmar.net/en/ethnic-politics-looms-large-in-by-election

[69] http://www.reuters.com/article/us-myanmar-politics-idUSKBN17336D

အုပ်ချုပ်မှုပြဿနာအဆုံး ပြဿနာများကို စ၍မဖြေရှင်းမီကတည်းက အချိန်ပိုပေးရန် အဆင်သင့်ဖြစ်နေသေး သည်။ ထို့ကြောင့် လျင်မြန်ပြီး လက်တွေ့ကျသော လုပ်ငန်းဆောင်ရွက်မှုများဖြင့် တိုင်းရင်းသားအရ ကွဲပြားနေမှု များနှင့် ယုံကြည်မှုမရှိမှုများကို အရေးပေါ် ကိုင်တွယ်ရန် လိုအပ်ပါသည်။

## ရွေးကောက်ပွဲဆိုင်ရာ အငြင်းပွားမှု ဖြေရှင်းခြင်း

ရွေးကောက်ပွဲအငြင်းပွားမှုများမှာ ရွေးကောက်ပွဲဒီမိုကရေစီစနစ်တွင် ထွက်ပေါ်လာလေ့ရှိသည့်အတွက် သမာသ မတ်ကျပြီး လွတ်လပ်သော ရွေးကောက်ပွဲဆိုင်ရာ အငြင်းပွားမှုဖြေရှင်းရေးစနစ်တစ်ခု ဒီမိုကရက်တစ်ရွေး ကောက်ပွဲများအတွက် မဖြစ်မနေ လိုအပ်ပါသည်။ အဆိုပါ စနစ်များက ရွေးကောက်ပွဲ ဖြစ်စဉ်တွင် တရားဥပဒေ စိုးမိုးမှုအကောင်အထည်ဖော်ရန် အခြေခံအုတ်မြစ်တစ်ခု၊ အရံအတားတစ်ခုအဖြစ် ပံ့ပိုးပေးပါသည်။ ၎င်းတို့က လူထု၏ အသံကို ကြားရန်နှင့် ရွေးကောက်ပွဲ ရလဒ်မှာ လူထု အမှန်တကယ် လိုချင်သော ကိုယ်စားပြုသူ ဖြစ်ရန် အထောက်အကူပြုသည်။ မျှတ၍ ထိရောက်သော အငြင်းပွားမှု ဖြေရှင်းရေးစနစ်က မျှတသော တရားခွင် သို့မ ဟုတ် ကြားနာမှုများကို ထိရောက်သည့် ကုစားမှုများပေးနိုင်သော အမှီအခိုကင်းသည့် တရားသူကြီးများဖြင့် ဆောင်ရွက်ရမည်ဖြစ်သည်။ ယင်းဘာသာရပ်၌ ကျွမ်းကျင်သူများအဆိုအရ ရွေးကောက်ပွဲအငြင်းပွားမှုကိစ္စများ ကို တိုင်ကြားခြင်းများအတွက် တရားစီရင်ခြင်းသည် ရွေးကောက်ပွဲစနစ်ကို အားနည်းစေသည်ဟု မစဉ်းစားသင့်ဘဲ ယင်း၏ ပွင့်လင်းမြင်သာမှုနှင့် အားကောင်းမှု လက္ခဏာတစ်ရပ်ပင်ဖြစ်သည်။[70]

မြန်မာနိုင်ငံတွင် ရွေးကောက်ပွဲဆိုင်ရာ တိုင်ကြားမှုများကို အဆင့်အမျိုးမျိုးတွင် ကိုင်တွယ်ဖြေရှင်းရသည်။ အများစု ဖြစ်သော ဒေသန္တရအဆင့် ရွေးကောက်ပွဲအငြင်းပွားမှုဖြေရှင်းခြင်းအများစုကို နိုင်ငံရေးပါတီများ၏ ကိုယ် စားလှယ် များ၊ ကိုယ်စားလှယ်လောင်းများဖြင့် ဖွဲ့စည်းထားသည့် မြို့နယ်အဆင့် စေ့စပ်ညှိနှိုင်းရေးကော်မတီများဖြင့် ကိုင် တွယ်ပါသည်။ ၂၀၁၇ တွင် ကော်မတီများ၏ တိုးတက်သော စွမ်းဆောင်ရည်ကို ပိုမိုစွမ်းရည်ပြည့်သော အခက် အခဲဖြေရှင်းရေးတွင် တွေ့ရပြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ၏ ပိုမိုကောင်းမွန်သော အကျိုးဆောင်ပေးမှု တို့ကို အသိအမှတ်ပြုရပါမည်။ သက်ဆိုင်ရာ ပါဝင်ပတ်သက်သူများက ပြဿနာနှင့် အငြင်းပွားမှုများကို အစပိုင်း ကတည်းက ကိုင်တွယ်ဖြေရှင်းနိုင်သော ကော်မတီ၏စွမ်းဆောင်ရည်ကို အသိအမှတ်ပြုကြပါသည်။ ၎င်းတို့က ထိုသို့ပြုလုပ်ခြင်းဖြင့် အေးချမ်းသော ရွေးကောက်ပွဲပတ်ဝန်းကျင်ကို ထိန်းသိမ်းရန် အကူအညီပေးရာရောက်ပြီး ရွေးကောက်ပွဲကော်မရှင်၏ စေ့စပ်ညှိနှိုင်းရေးကော်မတီစနစ်မှ ပိုမိုမြင့်မားသောအဆင့်များ မရောက်ခင် အချို့ သော တိုင်ကြားမှုများကို ဖြေရှင်းလိုက်ခြင်းအားဖြင့် ရွေးကောက်ပွဲလုပ်ငန်းစဉ်ကို ချောမွေ့သောလုပ်ငန်းစဉ် ဖြစ်သွားစေရန် အကူအညီပေးသည်ဟု ယုံကြည်ပါသည်။

စကားပြောခဲ့ကြသူများက ယခုရွေးကောက်ပွဲတွင် ဤစနစ်၏ထိရောက်မှုကို ချီးမွမ်းနေချိန်တွင် ၎င်းတို့ကပင် လာမည့်အထွေထွေရွေးကောက်ပွဲတွင်လည်း ထိုသို့သော ထိရောက်မှုမျိုး ဆက်လက်ရှိမလားဆိုသည်ကို မေးခွန်း ထုတ်ကြပါသည်။ ကြားဖြတ်ရွေးကောက်ပွဲကာလအတွင်း ကိစ္စရပ်တစ်ခုစီနှင့် အဆိုပါစနစ်များကို ကောင်းစွာ အာရုံစိုက်နေစဉ်တွင် ကော်မတီများအနေဖြင့် ယှဉ်ပြိုင်နေရာ ပိုမိုများပြားသည့် အထွေထွေရွေးကောက်ပွဲများ၌

70 Denis Petit, Resolving Election Disputes in the OSCE Area: Towards a Standard Election: Dispute Monitoring System (Organization for Security and Cooperation in EuropeWarsaw 2000)

ယခုလို ကောင်းစွာဆောင်ရွက်နိုင်ပါဦးမလားဆိုသည်ကို သံသယရှိခြင်းမှာလည်း ဘောင်ဝင်ပါသည်။ ယင်းစိုးရိမ်ပူပန်မှုကို ပိုမိုကောင်းမွန်သော စနစ်များ တည်ဆောက်ရန် လုပ်ဆောင်ခြင်းနှင့် ကော်မတီစနစ်များ ရှေ့ဆက်ရာတွင် အားကောင်းစေမည့် ပိုမိုရှင်းလင်းသော လုပ်ထုံးလုပ်နည်းများ ထားရှိခြင်းအားဖြင့် တုန့်ပြန်ဆောင်ရွက်ပေးရမည် ဖြစ်ပါသည်။

အမျိုးသားအဆင့် အငြင်းပွားမှုများအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကိုယ်စားလှယ်လောင်းများနှင့် နိုင်ငံရေးပါတီများကို ၎င်းတို့တိုင်ကြားမှုများကို တင်ပြရန်နှင့် အငြင်းပွားမှုများကို စာရင်းသွင်းရန် နောက်ဆုံးသတ်မှတ်နေ့ရက်ကို ကြေညာခဲ့သည်။ ကိုယ်စားလှယ်လောင်းများနှင့် နိုင်ငံရေးပါတီများအတွက် တိုင်ကြားမှုများကို တင်ပြရန် နောက်ဆုံးသတ်မှတ်ရက်မှာ မေလ ၁၅ ရက်၊ ၂၀၁၇ ခုနှစ်ဖြစ်ပြီး တိုင်းဒေသကြီး/ပြည်နယ်အဆင့် အငြင်းပွားမှုများကိုမူ မေ ၁၆၊ ၂၀၁၇ ထိ သတ်မှတ်ထားသည်။ ဆုံးဖြတ်ချက်ပေးခြင်းအတွက် အခွင့်အာဏာရှိသူမှာ စွပ်စွဲမှုအမျိုးအစားပေါ် မူတည်ပါသည်။ ရလဒ်များနှင့်ပတ်သက်သော ရွေးကောက်ပွဲလွန်ကာလအတွက် တိုင်ကြားမှုများကို ၂၀၁၄ ရွေးကောက်ပွဲဥပဒေအောက်တွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဖွဲ့စည်းထားသည့် ရွေးကောက်ပွဲတရားရုံးတစ်ခုမှ စီရင်ဆုံးဖြတ်ပါသည်။

၂၀၁၄ ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲ ဥပဒေ၊ ပုဒ်မ ၇၀ အရ ရွေးကောက်ပွဲတရားရုံးမှာ ပုံမှန်တရားရုံးလိုပင်ဖြစ်ပြီး စစ်ဆေးမှုများကို စိတ်ဝင်စားသူများအား ကြည့်ရှုနိုင်ရန် တံခါးဖွင့်ပေးထားသည်။[71] ရွေးကောက်ပွဲတရားရုံးက တိုင်ကြားမှုတစ်ခုစီအတွက် အများပြည်သူကြားနာမှုနှင့် စုံစမ်းစစ်ဆေးမှုတို့ကို ဆောင်ရွက်သည်။ တရားရုံးအနေဖြင့် ရွေးကောက်ပွဲဥပဒေများတွင် ဖော်ပြထားသော နောက်ဆုံးသတ်မှတ်ရက်များအတွင်း ဆောင်ရွက်ရပါမည်။[72] ရွေးကောက်ပွဲတရားရုံးတွင် အာဏာကျယ်ပြန့်စွာရှိပြီး ပုဒ်မ ၇၂ (က) နှင့်အညီ သက်သေခိုင်လုံပါက အမှုကို ပလပ်ရန် သို့မဟုတ် ရွေးကောက်ပွဲ ရလဒ်ကို ပြောင်းပစ်ရန်နှင့်  တိုင်ကြားသူကို အနိုင်ရသူအဖြစ် ကြေညာရန် အာဏာပေးထားသည်။[73] ပြစ်မှုထင်ရှားသော ကိုယ်စားလှယ်လောင်းကို အများဆုံးအပြစ်ပေးသည်မှာ နောင်ရွေးကောက်ပွဲများ၌ ဝင်ရောက်ယှဉ်ပြိုင်ခွင့်မပြုတော့ခြင်းဖြစ်သည်။ ပုဒ်မ ၈၈ (က) တွင် ရွေးကောက်ပွဲဆိုင်ရာ ဥပဒေချိုးဖောက်သော ကိုယ်စားလှယ်လောင်းအား မည်သို့အပြစ်ပေးရမည်ကို ဖော်ပြထားသည်။ ဥပမာ - ၂၀၂၀ အထွေထွေရွေးကောက်ပွဲနှင့် နောင်မည်သည့်ရွေးကောက်ပွဲတွင်မှာ ဝင်ရောက်ယှဉ်ပြိုင်ခြင်း မပြုတော့ခြင်းမျိုးဖြစ်သည်။[74] တရားရုံးသည် ရှေ့နေချုပ်ရုံး၏ ကိုယ်စားလှယ်များထံမှ နည်းပညာပိုင်းဆိုင်ရာ အကူအညီရရှိပါသည်။[75]

၂၀၁၄ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ၊ ပုဒ်မ ၇၄ (က) အရ တရားရုံး ဆုံးဖြတ်ချက်များကို သင့်တော်သည့်ဒေသဆိုင်ရာရုံးများတွင်ဖြစ်စေ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဝက်ဘ်ဆိုက်တွင်ဖြစ်စေ ပွင့်လင်းမြင်သာ

[71] ၂၀၁၄ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ
[72] ၂၀၁၄ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ၊ ပုဒ်မ ၇၀
[73] ၂၀၁၄ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ၊ ပုဒ်မ ၇၂ - က
[74] ၂၀၁၄ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ၊ ပုဒ်မ ၈၈ - က
[75] ၂၀၁၄ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ၊

စွာ ပြည်သူအများသိရှိစေရန်အလို့ငှာ တင်ထားပေးရမည်ဖြစ်သည်။ စွပ်စွဲမှုများမှာ ရာဇဝတ်မှုအက်ဥပဒေမြောက်ပါက ဒေသဆိုင်ရာ တရားရုံးတွင် အမှုစစ်ဆေးရမည် ဖြစ်သည်။[76]

၂၀၁၇ မေလ ၁၈ ရက်တွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၂၀၁၇ ကြားဖြတ်ရွေးကောက်ပွဲ၌ ၎င်းတို့ ရရှိထားသော တိုင်ကြားမှုများနှင့်ပတ်သက်၍ ကြေညာချက်တစ်စောင်ထုတ်ပြန်ခဲ့သည်။ ၎င်းတို့အနေဖြင့် နိုင်ငံရေးပါတီ ၁၃ ခုနှင့် တစ်ဦးချင်း ၁၄ ဦးတို့ထံမှ ရွေးကောက်ပွဲဥပဒေချိုးဖောက်ကြောင်း စွပ်စွဲထားသည့် တိုင်ကြားစာများ ရရှိခဲ့သည်ဟုဆိုသည်။

သတင်းထုတ်ပြန်ချက်အရ UEC အနေဖြင့် တိုင်ကြားမှုအားလုံးကို ခွဲခြမ်းစိတ်ဖြာ၊ ဆွေးနွေး၊ သုံးသပ်မည်ဟု ဆိုသည်။ UEC ရှင်းပြခဲ့သလိုပင် တိုင်ကြားမှု အများစုမှာ ကြားဖြတ်ရွေးကောက်ပွဲကို ၂၀၁၇ ဧပြီ ၁ ရက်တွင် ကျင်းပရန် ဆုံးဖြတ်မှုအပေါ် ဦးတည်ခဲ့ကြသည်။ တိုင်ကြားမှုကို တိတိကျကျဆိုရပါက ယင်းနေ့ရက်မှာ NLD အစိုးရဖွဲ့သည့် ၂၀၁၆ မှ ရေတွက်လျှင် တစ်နှစ်ပြည့်အချိန်ဖြစ်သောကြောင့် ဆုံးဖြတ်ချက်မှာ အစိုးရ၏ တောင်းဆိုမှုကို အခြေခံထားသည်ဟူ၍ဖြစ်သည်။

သို့သော် UEC က ၎င်းတို့ ရွေးချယ်သော နေ့ရက်မှာ မည်သည့်နိုင်ငံရေးပါတီခေါင်းဆောင်များကပေးသော ဖိအားကြောင့်မှမဟုတ်ကြောင်း ငြင်းဆိုကာ ရွေးကောက်ပွဲနေ့ရက်ကို ဥပဒေများအားလုံးနှင့်အညီ ဆောင်ရွက်ထားခြင်းဖြစ်သည်ဟုဆိုသည်။ မတူသော တိုင်းရင်းသားမျိုးစုံတို့က ရွေးကောက်ပွဲကို တနင်္ဂနွေနေ့တွင် မကျင်းပစေလိုကြောင်း အကြံပြုကြသဖြင့် ၎င်းတို့က ဧပြီလ ၁ ရက်၊ စနေနေ့ကို ရွေးချယ်ခဲ့ခြင်းဖြစ်ကြောင်း UEC က ရှင်းပြသည်။ ထို့ပြင် ဧပြီလ ၁ ရက်နေ့မှာ ၂၀၁၂ တုန်းက ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပခဲ့သောနေ့ပင် ဖြစ်ကြောင်း ထောက်ပြခဲ့သည်။[77]

၂၀၁၇ ဇွန်လ ၁၂ ရက်တွင် NLD ကိုယ်စားလှယ်လောင်းများအပေါ် တိုင်ကြားမှု အများဆုံးပါဝင်သော တိုင်ကြားမှု ၆ ခုကို တရားရုံးက စစ်ဆေးခဲ့သည်။ တိုင်ကြားမှု ၁ ခုကသာ USDP ကိုယ်စားလှယ်လောင်းကို တိုင်ကြားခြင်းဖြစ်သည်။[78]

ဇွန်လ ၁၃ ရက်၊ ၂၀၁၇ တွင် ရွေးကောက်ပွဲအသုံးစရိတ်နှင့်ပတ်သက်သည့် တိုင်ကြားမှု ၂ ခုကို ပထမဆုံးကြားနာစစ်ဆေးခဲ့သည်။ ယင်း ပထမကြားနာမှုကို တရားရုံးအဖွဲ့ဝင် ဦးအောင်မြင့် (ဥက္ကဋ္ဌ) ၊ ဦးစိုးရယ် (အဖွဲ့ဝင်) နှင့် ဦးထွန်းခင် (အဖွဲ့ဝင်) တို့က စစ်ဆေးခဲ့ကြခြင်း ဖြစ်သည်။ တိုင်ကြားသူမှာ ရန်ကုန်တောင်ပိုင်းခရိုင်မှ ဖြစ်သည်။ တိုင်ကြားခံရသူမှာ ကော့မှူး မဲဆန္ဒနယ်မှ တစ်သီးပုဂ္ဂလ ကိုယ်စားလှယ် ဦးဇော်ထွန်းဖြစ်သည်။

ကြားနာစစ်ဆေးမှုအတွင်း တိုင်ကြားခံရသူက တရားရုံးသို့ ၎င်းအနေဖြင့် ပုံစံ - ၂၀ ကို မတင်ပြနိုင်ခဲ့ခြင်းအကြောင်းမှာ မူရင်းငွေလက်ခံဖြတ်ပိုင်း သုံးပုံနှစ်ပုံခန့် ရုံးခန်းပြောင်းရာတွင် ပျောက်ဆုံးသွားသောကြောင့် ဖြစ်သည်ဟုလျှောက်လဲသည်။ ထို့ပြင် ၎င်းက ငွေလက်ခံဖြတ်ပိုင်း အတုများ မလုပ်ခဲ့ခြင်းမှာ မလိမ်ချင်သောကြောင့်

---

[76] ၂၀၁၄ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ၊
[77] https://www.facebook.com/uecmyanmar/posts/1194937103965319
[78] အထောက်အထားကို ANFREL သို့ International IDEA က ပေးခဲ့ခြင်းဖြစ်သည်။

ဖြစ်သဖြင့် ပုံစံ - ၂၀ ကို မတင်ပြခဲ့ခြင်း ဖြစ်သည်ဟုဆိုသည်။ တရားရုံးမှ ဆုံးဖြတ်ချက်ကို နောက်မှ ချမှတ်မည်ဖြစ်သည်။[79]

ရွေးကောက်ပွဲ ကုန်ကျစရိတ်နှင့် ပတ်သက်သည့် ဒုတိယအမှုကို တရားရုံးအဖွဲ့ဝင် ဦးအောင်မြင့် (ဥက္ကဋ္ဌ) ၊ ဦးစိုးရယ် (အဖွဲ့ဝင်) နှင့် ဦးထွန်းခင် (အဖွဲ့ဝင်) တို့က စစ်ဆေးခဲ့ကြသည်။ တိုင်ကြားသူမှာ စစ်ကိုင်တိုင်း၊ မုံရွာမဲဆန္ဒနယ်မှဖြစ်သည်။ တိုင်ကြားခံရသူမှာ မုံရွာမဲဆန္ဒနယ်မှ NLD ကိုယ်စားလှယ်လောင်းဦးညွန့်လှိုင်ဖြစ်သည်။ ကြားနာစစ်ဆေးမှုအတွင်း တိုင်ကြားခံရသူက တရားရုံးသို့ ၎င်းအနေဖြင့် ပုံစံ - ၂၀ ကို မတင်ပြနိုင်ခဲ့ခြင်းအကြောင်းမှာ ကျန်းမာရေးအခြေအနေကြောင့်ဖြစ်သည်ဟု လျှောက်လဲသည်။ တရားရုံးက ၎င်းသက်သေအဖြစ် တင်ပြသော မတ်လ ၃၀ ရက်၊ ၂၀၁၇ ရက်စွဲဖြင့် ဆေးမှတ်တမ်းကိုစစ်ဆေးပြီး မတ်လ ၃၀ ရက် မတိုင်မီက ဘာလုပ်နေခဲ့သည်ကို မေးမြန်းပါသည်။ တိုင်ကြားခံရသူက ၎င်းအနေဖြင့် မတ်လတစ်လလုံး လယ်ယာလုပ်ကိုင်ခြင်းနှင့် လုံးပမ်းနေခဲ့ပြီး မတ်လ ၂၈ ရက်မှ စ၍ နေမကောင်းဖြစ်ခဲ့ကြောင်း ဖြေကြားခဲ့ပါသည်။ တရားရုံးက ဆုံးဖြတ်ချက်ကို နောက်မှ ချမှတ်မည်ဟု ထပ်မံ ပြောဆိုပါသည်။

ဤအစီရင်ခံစာရေးသားနေချိန်တွင် ရွေးကောက်ပွဲဆိုင်ရာ အငြင်းပွားမှုဖြေရှင်းခြင်း လုပ်ငန်းစဉ်များမှာ ဆက်လက်လုပ်ဆောင်နေဆဲဖြစ်ပြီး မည်သည့်အမှုတစ်ခုမှ ပြီးပြတ်ခြင်း မရှိသေးပေ။[80]

၂၀၁၅ ကတည်းက ရွေးကောက်ပွဲဆိုင်ရာ အငြင်းပွားမှုဖြေရှင်းခြင်းဥပဒေများမှာ ပြောင်းလဲခြင်းမရှိပေ။ ANFREL က ၂၀၁၅ လေ့လာစောင့်ကြည့်ရေးအစီရင်ခံစာတွင် အကြံပြုထားသည်မှာ အခြေခံအခွင့်အရေးများကို သက်ရောက်မှုရှိသော ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင် ဆုံးဖြတ်ချက်များမှာ ဥပဒေဆိုင်ရာ တရားရုံးသို့ အယူခံဝင်ရန် အခွင့်ပေးသင့်ကြောင်းဖော်ပြခဲ့သည်။ UEC ၏ ဆုံးဖြတ်ချက်များတွင် လုပ်ငန်းစဉ်တွင် ပါဝင်ဆောင်ရွက်ခြင်းနှင့်ဆိုင်သော အခွင့်အရေးဆိုင်ရာများနှင့် ရွေးကောက်ပွဲရလဒ်နှင့်ပတ်သက်သည့် စိန်ခေါ်မှုများကို စီရင်ဆုံးဖြတ်ခြင်းတို့ပါဝင်သည်။ မည်သည့် ANFREL ၏ ရွေးကောက်ပွဲ အငြင်းပွားမှုဖြေရှင်းရေးအပေါ် အကြံပြုချက်များကိုမှ သက်ဆိုင်ရာ အာဏာပိုင်များအနေဖြင့် ရွေးကောက်ပွဲဥပဒေတွင် ထည့်သွင်းခြင်းအား လုပ်ဆောင်ခြင်းမရှိသေးပေ။ လွှတ်တော်များနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ မူဝါဒချမှတ်သူများအနေဖြင့် ၂၀၁၅ အထွေ ထွေရွေးကောက်ပွဲနှင့် ၂၀၁၇ ကြားဖြတ်ရွေးကောက်ပွဲတို့မှ သင်ခန်းစာများကို ရယူပြီး ၂၀၂၀ အထွေထွေရွေးကောက်ပွဲအမီ အသုံးချနိုင်ကြရန် မျှော်လင့်မိပါသည်။

[79] အထောက်အထားကို ANFREL သို့ International IDEA က ပေးခဲ့ခြင်းဖြစ်သည်။

[80] http://uecmyanmar.org/index.php/2014-02-11-08-31-43/1170-12-6-2017tribunalnews

# အကြံပြုချက်များ

၂၀၁၅ အထွေထွေရွေးကောက်ပွဲနှင့် ၂၀၁၇ ကြားဖြတ်ရွေးကောက်ပွဲတို့ကို စောင့်ကြည့်လေ့လာမှုတို့အပေါ် အခြေခံ၍၊ ANFREL က အဓိကအကြံပြုချက်အတော်များများကို ထုတ်ဖော်တင်ပြခဲ့ပြီးဖြစ်သည်။ ယင်းအကြံပြုချက်များကို ကဏ္ဍအလိုက် အကြောင်းအရာများခွဲ၍ အောက်ပါအတိုင်း အုပ်စုခွဲ တင်ပြထားပါသည်။ နောက်ဆုံးအပိုင်းတွင် ၂၀၂၀ အထွေထွေရွေးကောက်ပွဲကို ကြိုတင်ပြင်ဆင်ရန်အတွက် တိုက်ရိုက်အဆိုပြုမှုတစ်ခုအနေဖြင့် နည်းစနစ်ဆိုင်ရာ အကြံပြုချက်စာရင်းကို ဖော်ပြထားပါသည်။

## ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို ပြုပြင်ပြောင်းလဲရေး

လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲစနစ်တစ်ရပ်ဖြစ်ပေါ်လာရေးအတွက် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေမူဘောင်ကို ပြောင်းလဲရေးမှာ ချက်ချင်းပြုလုပ်ရမည့် ကိစ္စတစ်ရပ်ဖြစ်ကြောင်းကို ANFREL က မပြောင်းလဲသော ရပ်တည်ချက်အဖြစ်ထားရှိပါသည်။ ထို့ပြင် ယင်းသို့ပြုလုပ်ရာတွင်လည်း ပြည်ထောင်စုလွှတ်တော်နှင့် တပ်မတော်အပါအဝင် ပါဝင်ပတ်သက်သူများစွာ၏ သန္နိဋ္ဌာန်လိုအပ်၍၊ ကြီးမားလှသည့် အဆင့်ကြီးတစ်ရပ်ဖြစ်ကြောင်းကိုလည်း ANFREL အနေဖြင့် သဘောပေါက်ပါသည်။ သို့ရာတွင် ယင်းစိန်ခေါ်မှုများကြောင့် ကျွန်ုပ်တို့အနေဖြင့် ဒီမိုကရေစီနည်းကျ အခြေခံဥပဒေရရှိရေးဆိုသည့် ရည်မှန်းချက်မှ သွေဖယ်ခြင်း သို့မဟုတ် အားလျော့ခြင်းများ မဖြစ်သင့်ပေ။ သို့သော် ခရီးရှည်ကြီးတစ်ရပ်သည် ခြေလှမ်းတစ်လှမ်းမှ အစပြုသည်ဖြစ်၍၊ အခြေခံဥပဒေမူဘောင်ကို ပြုပြင်မည့် တရားဝင်ကြေညာချက်တစ်ရပ်သည် အလွန်ကောင်းမွန်၍၊ စောစီးစွာ ဆောင်ရွက်ရမည့် အဆင့်တစ်ခုဖြစ်သည်။ ထိုဥပဒေဆိုင်ရာ ပြုပြင်ပြောင်းလဲရေးတို့သည် အောက်ပါတို့နှင့် သက်ဆိုင်ပါသည် -

- လွှတ်တော်ကိုယ်စားလှယ်အားလုံးကို ရွေးကောက်ပွဲမှတဆင့်သာ တိုက်ရိုက်ရွေးချယ်သင့်ပြီး သို့မဟုတ် တပ်မတော်အတွက် သီးသန့်ဖယ်ထားသည့် နေရာအားလုံးကို ဖယ်ရှားပစ်ရန်ဆိုလိုပါသည်၊
- ရွေးကောက်ပွဲစီမံခန့်ခွဲသည့် အဖွဲ့ ၊ အဖွဲ့ဝင်ခန့်အပ်ရေးစနစ်သည် သမ္မတက ရွေးချယ်ခွင့်ထက်စာလျှင် ပွင့်လင်းမြင်သာပြီး လွတ်လပ်သည့် လုပ်ထုံးလုပ်နည်းတစ်ရပ်သာ ဖြစ်သင့်သည်၊
- နိုင်ငံသားတိုင်းမဲပေးပိုင်ခွင့်ကို လေးစားသင့်ပြီး ဘာသာရေးနှင့် မျိုးနွယ်စုနောက်ခံကြောင့် သတ်မှတ်ချက်ပြည့်မီသည့် မဲဆန္ဒရှင်များနှင့် ကိုယ်စားလှယ်လောင်းတို့ကို ခွဲခြားဆက်ဆံရေးနှင့်စပ်လျဥ်း၍ နိုင်ငံသားတိုင်းမဲပေးပိုင်ခွင့် သို့မဟုတ် ကိုယ်စားလှယ်လောင်းဖြစ်ပိုင်ခွင့်ဟူသည့် အခြေခံအခွင့်အရေးကို အခြေခံ၍ ပြောင်းလဲပြင်ဆင်သင့်သည်။ မြန်မာနိုင်ငံတွင် နေထိုင်လာကြသည့်သူများ၊ အထူးသဖြင့် ရေးမဆွက မြန်မာနိုင်ငံတွင် နေထိုင်ကြသော အထူးသဖြင့် ယခင်ယာယီမှတ်ပုံတင်ကဒ်ကိုင်ဆောင်ထားသည့် သူများ၏ ဥပဒေအရအနေအထားကို ဖြေရှင်းပေးသင့်သည်။ ဤအကြံပြုချက်တွင် ဘာသာရေးခေါင်းဆောင်များနှင့် အကျဥ်းကျခံနေရသူများကိုလည်း မဲပေးခွင့်ပေးရန်ပါဝင်သည်။
- လွှတ်တော်တွင် အမျိုးသမီးများ၏ ကိုယ်စားပြုမှုမြင့်တက်စေရန်အတွက် "မိမိဆန္ဒအလျောက် ခွဲတမ်း" ကို ကျင့်သုံးခြင်းဖြင့် အမျိုးသမီးများ၏ ခွဲတမ်းများချပေးခြင်း - နိုင်ငံရေးပါတီတစ်ခုချင်းစီ၏ ရုံးတွင်း စည်းမျဥ်းများတွင် အမျိုးသမီးကိုယ်စားလှယ်လောင်းခွဲတမ်းအရေအတွက်ကို ဆုံးဖြတ်ပါသည်။

- ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တွင် အမျိုးသမီးနှင့် လူနည်းစုလူမျိုးစုတို့ ပိုမိုများပြားစွာ ပါဝင်လာပါက အလွန်အမင်း စိတ်ကျေနပ်စရာကောင်းမည်ဖြစ်သော်လည်း ထိုသို့လုပ်ဆောင်ရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တွင်ပါဝင်သည့် လက်ရှိကော်မရှင်အဖွဲ့ဝင် အရေအတွက်ကို ၅ ဦးမှ ယခင် အစိုးရလက်ထက်တွင် ရှိခဲ့သည့်အတိုင်း ၁၅ ဦးအထိ တိုးမြှင့်ခန့်အပ်ရန် လိုအပ်ပါသည်။
- ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူတို့၏ အခန်းကဏ္ဍကိုလည်း ဖွဲ့စည်းပုံအခြေခံဥပဒေထဲတွင် ထည့်သွင်းထားသင့်ပြီး၊ မည်သူမဆိုနှင့် မည်သည့်နေရာတွင်မဆို တန်းတူညီမျှစွာဖြင့် စောင့်ကြည့်လေ့လာခွင့်လည်း ပါဝင်သည်။
- နိုင်ငံသားတိုင်းတွင် ဥပဒေအောက်၌ တူညီသောအခွင့်အရေးနှင့် တာဝန်ဝတ္တရားတို့ ရှိသင့်သောကြောင့်၊ ရွေးကောက်ပွဲလုပ်ငန်းစဉ်တွင် တပ်မတော်အတွက် အထူးဆောင်ရွက်ပေးထားသည့် မည်သည့် ပုဒ်မ မဆိုကို ပယ်ဖျက်သင့်ပါသည်၊
- မူဝါဒများကို ကျယ်ကျယ်ပြန့်ပြန့် နားလည်ရန်နှင့် တူညီစွာ အကောင်အထည်ဖော်နိုင်မှုကို သေချာစေရန် အဓိကတိုင်းရင်းသားဘာသာစကားတို့ဖြင့် ဥပဒေစည်းမျဉ်းများကို ပုံနှိပ်ထုတ်ဝေပါ။
- မီဒီယာ၏အမြင်ကို ဖော်ပြရာရန် တားဆီးထားသည့်၊ အစိုးရက မီဒီယာတို့အပေါ် ချမှတ်ထားသည့် ဆက် သွယ်ရေးဥပဒေပုဒ်မ ၆၆ (ဃ) ကို ဖျက်သိမ်းပါ။

## ကြိုတင်မဲပေးခြင်း

၂၀၁၅ အထွေထွေရွေးကောက်ပွဲနှင့်နှိုင်းယှဉ်ပါက ကြိုတင်မဲပေးခြင်းတွင် တိုးတက်မှုများတွေ့လာရသော်လည်း လုပ်ဆောင်စရာများလည်း အများအပြားပင် ကျန်ရှိနေပါသေးသည်။ အခြေခံအားဖြင့် ကြိုတင်မဲပေးခြင်းတွင်လည်း ပုံမှန်မဲပေးခြင်းကဲ့သို့ပင် လွတ်လပ်၍၊ တရားမျှတသည့် မူများနှင့်ပင် ဆောင်ရွက်သင့်သည်။ ထိုအကြံပြုချက်တို့သည် ကြိုတင်မဲပေးခြင်းကို မဲဆန္ဒနယ်အတွင်းသာမက၊ မဲဆန္ဒနယ်ပြင်ပအတွက်လည်း အကြုံးဝင်သည်။ ပို၍ တိတိကျကျဆိုရပါက -

- ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ကြိုတင်မဲပေးခြင်းအတွက် အဓိကဆောင်ရွက်သူ/စီစဉ်သူတစ်ဦးသာ ဖြစ်သင့်သည်။ အခြားပါဝင်ပတ်သတ်သူများက ကူညီနိုင်သော်လည်း၊ လုပ်ငန်းစဉ်ကို အကျိုးစီးပွားအုပ်စုမှန်သမျှ၏ တိုက်ရိုက်နှင့် မလိုလားအပ်သော လွှမ်းမိုးမှုများမှ ကင်းလွတ်ရေးကို သေချာ အောင်လုပ်ဆောင်ရပါမည်။ တပ်စခန်းအတွင်းမှ မဲရုံများကဲ့သို့ ထိန်းချုပ်ထားသော နယ်မြေများတွင် မဲရုံများထားရှိခြင်း၊ အစိုးရတာဝန်ရှိသူများက ရွေးကောက်ပွဲစီမံခန့်ခွဲမှု ဆုံးဖြတ်ချက်များ ပေးနေခြင်းကဲ့သို့ လုပ်ငန်းစဉ်အပေါ် အများလက်ခံမှုကို သက်ရောက်မှုများရှိနိုင်သည့် အရေးပါသည့် ဆုံးဖြတ်ချက်များနှင့်ပတ်သက်၍ ပြန်လည်စဉ်းစား၍ ကန့်သတ်မှုများပြုလုပ်ရန် ANFREL က အကြံပြုပါသည်။
- ယခင်အလားသဏ္ဍာန်တူသည့်အကြံပြုချက်ကဲ့သို့ပင်၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲကို လွတ်လပ်၍ ကျေးရွာအုပ်စု/ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့နှင့် ရှင်းလင်းစွာ ခွဲခြားထားသင့်သည်။ ရပ်ကွက်/ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဆင့်တွင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက ဆောင်ရွက်ခဲ့သည့် မဲဆန္ဒနယ်အတွင်း ကြိုတင်မဲပေးခြင်းကိစ္စရပ်တွင် ကော်မရှင်အဖွဲ့ခွဲမှလူသည် ရပ်ကွက်/ကျေးရွာအုပ်စုအုပ်ချုပ်

ရေးအဖွဲ့မှ လူနှင့်ထပ်နေသည့်အဖြစ် သို့မဟုတ် တူညီနေသည့်အဖြစ် တို့ကိုလည်း ANFREL က များစွာတွေ့ခဲ့ရသည်။ အဖွဲ့ဝင်တို့ကို ကိုယ်စားပြုခြင်းအပြင်၊ အခြေခံအဆောက်အဦးရှုထောင့်မှလည်း လွတ်လပ်မှုရှိရမည်။ (ဆိုလိုသည်မှာ ကော်မရှင်အဖွဲ့ခွဲရုံးနေရာနှင့် ကြိုတင်မဲပေးသည့်နေရာ)

- မဲဆန္ဒနယ်အတွင်းနှင့် မဲဆန္ဒနယ်ပြင်ပကြိုတင်မဲပေးခြင်းတို့အတွက် သီးခြားကြိုတင်မဲပေးသူစာရင်းကို ပိုမိုစေ့စပ်စွာ ပုံနှိပ်ဖြန့်ဝေထားရန်ဖြစ်သည်။
- မဲဆန္ဒနယ်အတွင်းနှင့် မဲဆန္ဒနယ်ပြင်ပ ကြိုတင်မဲပေးခြင်းများအတွက် ကြားနေဖြစ်မည့် နေရာအပါအဝင် ကြိုတင်မဲပေးရမည့် အချိန်ဇယားကို ကြိုတင်ကြေညာထားပါ။
- မဲဆန္ဒနယ်အတွင်းနှင့် မဲဆန္ဒနယ်ပြင်ပ ကြိုတင်မဲပေးခြင်းများအတွက် လွယ်ကူစွာရနိုင်မည့် ကြိုတင်မဲပေးခြင်းဆိုင်ရာ လက်စွဲစာအုပ်ကို ထုတ်ဝေပါ။
- ကြိုတင်မဲပေးခြင်းလုပ်ငန်းစဉ်ကို ပါတီကိုယ်စားလှယ်၊ မီဒီယာနှင့် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူတို့ထံမှ မျက်မြင်သက်သေ အနည်းဆုံးအရေအတွက်အားဖြင့် လာရောက်ကြည့်ရှုရန်။
- နိုင်ငံရပ်ခြားမှ (မဲဆန္ဒနယ်ပြင်ပ) ကြိုတင်မဲပေးခြင်းအတွက် စာတိုက်မှပေးပို့မဲပေးခြင်းကဲ့သို့ ပိုမိုတာသွားသည့် "မဲပေးသည့် လုပ်ထုံးလုပ်နည်းနောက်တစ်မျိုး" ကို လုပ်ဆောင်ပေးပါ။ နိုင်ငံရပ်ခြားမှ နိုင်ငံသားများအနေဖြင့် သံရုံးများရှိရာ နေရာသို့ သွားရောက်မဲသွားပေးရန်မှာ အလွန်ပင်ကုန်ကျစရိတ်ကြီးလှသည်။ ခရီးသွားစရိတ်ကြီးလှခြင်းနှင့် အလုပ်မှ ခွင့်ရက်ရရှိရန်တို့မှာလည်း မဲဆန္ဒရှင်တို့အား စိတ်ပျက်စေသည့် အကြောင်းရင်း တစ်ခုပင်ဖြစ်သည်။
- မဲဆန္ဒရှင်အရေအတွက်နည်းပါးသောကြောင့် ပြည်သူ့ဝန်ထမ်း/တာဝန်ကျအရာရှိ (မဲဆန္ဒနယ်အတွင်း) တို့အတွက် ကြိုတင်မဲပေးရန် သတ်မှတ်ကာလကို လျှော့ချပါ။ ANFREL မှ အကြံပြုသည်မှာ ၁၀ ရက်ထက်စာလျှင် အများဆုံး ၃ ရက်သာပြုလုပ်ရန်ဖြစ်သည်။ သတ်မှတ်ထားသည့် ရက်တို့သည် အလွန်ရှည်ကြာသောကြောင့် မရိုးသားမှုတို့ဖြစ်ပေါ်လာစေရန် လမ်းဖွင့်ပေးထားသကဲ့သို့ ဖြစ်နေသည်။
- ဘောလ်ပင်ကို တင်းကျပ်စွာ အသုံးပြုစေခြင်း (ပုံမှန်မဲပေးခြင်းတွင် တံဆိပ်တုံးရိုက်နှိပ်အသုံးပြုသောကြောင့်) ကဲ့သို့သော ကြိုတင်မဲပေးသည့် မဲလက်မှတ်များကို ပုံမှန်မဲပေးသည့် မဲလက်မှတ်ပုံစံမှ ကွဲထွက်သွားစေမည့် မှတ်သားသည့် နည်းလမ်းတစ်မျိုးကို အသုံးပြုရန်ဆုံးဖြတ်၍ တစ်နိုင်ငံလုံးအနေအထားဖြင့် တရားဝင်ညွှန်ကြားချက်ဖြစ်ပေါ်လာစေရန် ဆောင်ရွက်ပါ။
- နိုင်ငံရပ်ခြားမှ ကြိုတင်မဲပေးခြင်း (မဲဆန္ဒနယ်ပြင်ပ) အတွက်သာ စာအိတ်ကို အသုံးပြုရန် ဆုံးဖြတ်သင့်ကာ အိမ်တိုင်ရာရောက်သွား၍ မဲပေးစေခြင်း (မဲဆန္ဒနယ်အတွင်း) တွင် ကြိုတင်မဲဆန္ဒရှင်အမည်နှင့် တကွ စာအိတ်ပေါ်တွင် မရေးသားသင့်ပါ။
- မဲရေတွက်နေသည့်အခါတွင် ပုံမှန်မဲလက်မှတ်များနှင့် ကွဲပြားခြားနားမှုရှိစေရန်အတွက် ကြိုတင်မဲလက်မှတ်များကို အရောင်ကွဲတစ်မျိုး သို့မဟုတ် ကုတ်တစ်မျိုးကိုခွဲ၍ သတ်မှတ်ပါ။
- ကြိုတင်မဲဆန္ဒရှင်အရေအတွက် နည်းပါးသည့်အတွက် ကြိုတင်မဲလက်မှတ်အရေအတွက် အနည်းငယ်ကိုသာပုံနှိပ်ပါ။ အကြောင်းမှာ ပိုမိုထိရောက်သည့် ဘတ်ဂျက်သုံးစွဲရေးအပြင်၊ အသုံးမပြုရသေးသည့် ကြိုတင်မဲလက်မှတ်များစွာကို အလွဲသုံးစားပြုမည့် အရေးမှရှောင်ကြဉ်ရန်ဖြစ်သည်။

- တာဝန်ရှိသူအားလုံး၊ အထူးသဖြင့် ပြည်ထောင်စုအဆင့်နှင့် ဒေသဆိုင်ရာအဆင့်များအားလုံးမှ ရွေးကောက်ပွဲကို စီမံခန့်ခွဲမည့် အရာရှိများသည် ကြိုတင်မဲနှင့်ပတ်သက်သည့် လုပ်ထုံးလုပ်နည်းအသစ်များနှင့် ညွှန်ကြားချက်စည်းမျဉ်းများကို ကောင်းစွာ သိနားလည်ထားရေးကို သေချာစေရပါမည်။

## မဲဆန္ဒရှင်စာရင်း

တိကျ၍ နောက်ဆုံးရအချက်အလက်များပါဝင်သော မဲစာရင်းတစ်ခုသည် တရားမျှတသောရွေးကောက်ပွဲတစ်ခုအတွက် အဓိကညွှန်ကိန်းတစ်ခုဖြစ်သည်။ ၎င်းသည် ရွေးကောက်ပွဲလုပ်ငန်းဆောင်တာများတွင် အဓိကအကျယ်ပြန့်ဆုံးအစိတ်အပိုင်းဖြစ်ပြီး၊ အထူးသဖြင့် ၎င်းကို စီမံခန့်ခွဲရာတွင် ယခုမှ ၎င်းအားစတင်လုပ်ဆောင်ရမည့်နိုင်ငံတစ်ခုအတွက် ပို၍အရေးပါသည်။ အတွေ့အကြုံများအရ ကြီးမားသော အားထုတ်ကြိုးပမ်းမှု (ရုပ်ပိုင်းဆိုင်ရာရော ငွေကြေးပိုင်းဆိုင်ရာပါ) များလိုအပ်မည်ဖြစ်သော်လည်း ထိုသို့သော ရင်းနှီးမြှုပ်နှံမှုမှာ ထည့်သင့်သည်ဟု ဆိုချင်ပါသည်။ ၂၀၁၇ ကြားဖြတ်ရွေးကောက်ပွဲတွင် မဲစာရင်းများတိုးတက်လာခဲ့သော်လည်း အကြံပြုချက်များကို ထည့်သွင်းစဉ်းစားရန် လိုပါသည် -

- မဲရုံတစ်ခုတွင် မဲဆန္ဒရှင်တစ်ဦးအား ဖော်ထုတ်ရန်အတွက် ပိုမိုလွယ်ကူ၍၊ အဆင်ပြေစေရေးမှာ မဲစာရင်းကို "အိမ်ထောင်စုစာရင်း" စာအုပ်မှကြည့်၍ ပြင်ဆင်သည့် လက်ရှိအလေ့အထကို ဆက်မလုပ်ရန်ဖြစ်သည်။ မဲဆန္ဒရှင်၏ မှတ်ပုံတင်နံပါတ်ကို အခြေခံထားသော အက္ခရာစဉ် သို့မဟုတ် ဂဏန်းစဉ်စနစ်ကို ရေရှည်စီမံချက်၏ တစိတ်တဒေသအနေဖြင့် ထောက်ခံအကြံပြုလိုပါသည်။
- အိမ်တိုင်ရာရောက် မဲစာရင်းစစ်ဆေးခြင်းကို ရွေးကောက်ပွဲနေ့မတိုင်ခင်တွင် စနစ်တကျဖြင့် အချိန်လုံလောက်စွာယူ၍ စီစဉ်သင့်ပြီး စာရင်းအချက်အလက်များကို လူဝင်မှုကြီးကြပ်ရေးဝန်ကြီးဌာန သို့မဟုတ် ပြည်ထဲရေးဝန်ကြီးဌာနနှင့် ပူးပေါင်းလုပ်ဆောင်သင့်ပြီး NGO များနှင့် တက္ကသိုလ်ကျောင်းသားများ ကဲ့သို့သော အလားအလာရှိသည့် လုပ်အားပေးအဖွဲ့များကို ပါဝင်ရန် အားပေးသင့်သည်။
- UEC သည် အကြုံးဝင်ပြီးသည့် အိမ်ထောင်စုအရေအတွက်ကို ထုတ်ပြန်ပေးခြင်းဖြင့် မဲဆန္ဒရှင်မှတ်ပုံတင်လုပ်ငန်းစဉ်များကို ပွင့်လင်းမြင်သာမှုအား တိုးတက်အောင်လုပ်ဆောင်မှုအား ဆက်ထိန်းသင့်သည်။ ခွဲခြားထားခြင်းခံရသော တိုင်းရင်းသားများ/ဘာသာရေးအုပ်စုများနှင့် IDPs များသည် မဲစာရင်းတွင် ပါဝင်သင့်ပြီး နောက်ဆုံးမဲစာရင်းခင်းကျင်းပြသရာနေရာများသည် ဈေး၊ ကျောင်းနှင့် ပန်းခြံများကဲ့သို့သော လူအများလွယ်လွယ်ကူကူမြင်တွေ့နိုင်သည့် နေရာများဖြစ်ရန် လိုအပ်သည်။
- သတ်မှတ်ချက်ပြည့်မီသော မဲဆန္ဒရှင်များမှ တင်ပြထားသော မဲစာရင်းအမှားပြင်ဆင်ချက်လုပ်ငန်းစဉ်အပါအဝင် မဲစာရင်းစီစစ်မှုများကို လုပ်ဆောင်ရာတွင် ပွင့်လင်းမြင်သာမှုရှိသော လုပ်ငန်းစဉ်ဖြစ်သင့်သည်။ လုပ်ငန်းစဉ်အချိန်နှင့်အမျှ လုပ်ဆောင်နေမှုနှင့် အမှားပြင်ဆင်ရန်တောင်းဆိုလာမှုများကို လက်ခံသည်၊ လက်မခံသည်တို့နှင့်ပတ်သက်သော သတင်းအချက်အလက်များကို အသိပေးရမည်။

- မဲဆန္ဒရှင်စာရင်းကို ပြသရာနှင့် လက်လှမ်းမီကြည့်ရှုနိုင်အောင် လုပ်ဆောင်ရာတွင် အများပြည်သူနှင့် ရင်းနှီးနေသော နေရာများဖြစ်ရေးကို သေချာအောင်လုပ်၍ အွန်လိုင်းတင်ခြင်းကဲ့သို့ အခြားနည်းလမ်းများလည်းရှာသင့်သည်။

## မဲဆွယ်စည်းရုံးခြင်း

၂၀၁၇ ကြားဖြတ်ရွေးကောက်ပွဲတွင် မဲဆွယ်စည်းရုံးရေးကာလသည် ပြဿနာဖြစ်နိုင်ခြေ အနည်းဆုံးဖြစ်ခဲ့သည်ကို ANFREL က လေ့လာတွေ့ရှိခဲ့ရသည်။ မီးမောင်းထိုးပြလိုသည့် အကြံပြုချက်အချို့ကိုလည်း အဆိုပြုထားပါသည် -

- မဲဆွယ်စည်းရုံးရေးဆိုင်ရာ ဘဏ္ဍာရေးအပိုင်းသည် အရေးပါလှသည့် တိုးတက်မှုရှိရန်လိုအပ်သည့် လုပ်ငန်းစဉ်များတွင် ပါဝင်ပြီး ဥပဒေစည်းမျဉ်းများကို အလေးပေး၍ မလိုက်နာကြပေ။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ထိုဥပဒေစည်းမျဉ်းကိုအသုံးချရာတွင် ၎င်းတို့၏ ကတိကဝတ်ကို ပြသသင့်သည်။ ပွင့်လင်းမြင်သာမှုရှိသည့် မဲဆွယ်စည်းရုံးရေးဆိုင်ရာ ဘဏ္ဍာရေးအကြောင်းအရာတို့ကို ပြည်သူတို့မှ အလွယ်တကူသိရှိသင့်ပြီး၊ မလိုက်နာသည့်သူတို့ကိုလည်း ပြစ်ဒဏ်ချမှတ်သင့်သည်။
- မဲဆွယ်စည်းရုံးရာတွင် တရားမျှတစေရန် ယှဉ်ပြိုင်မည့် နေရာတစ်ခုချင်းစီအလိုက် အများဆုံးသုံးစွဲရမည့် ငွေပမာဏကို ဥပဒေစည်းမျဉ်းများရေး၍ ရှင်းလင်းအောင် လုပ်ဆောင်ပါ။
- အချိန်နှင့်နေရာအပါအဝင် ပါတီတစ်ခုချင်းစီမှ သို့မဟုတ် ကိုယ်စားလှယ်လောင်းတစ်ဦးချင်းစီ၏ မဲဆွယ်စည်းရုံးရေးဆိုင်ရာလှုပ်ရှားမှုများကို ပွင့်လင်းမြင်သာမှုရှိရန်အတွက် အများပြည်သူသို့ ထုတ်ပြန်ထားပါ။
- ပါတီတိုင်းနှင့် ကိုယ်စားလှယ်တိုင်းအတွက် နေရာအားလုံးတွင် မဲဆွယ်စည်းရုံးရေးဆောင်ရွက်ရာ၌ တူညီသည့် အခွင့်အလမ်းရရှိရေးကို သေချာပါစေ။ အချို့သတင်းများအရ တပ်စခန်းများနှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များသည် ၎င်းတို့ ထိန်းချုပ်သော နယ်မြေများတွင် မည်သည့်ပါတီကသာ မဲဆွယ်ခွင့်ရမည်ဟု လုပ်ဆောင်မှုများရှိကြောင်း ကြားသိရပါသည်။
- မဲဝယ်ခြင်းအလေ့အထများကို ကန့်သတ်နိုင်ရန် ထိရောက်သော မဲဆွယ်စည်းရုံးမှုဆိုင်ရာ စာရင်းစစ်သည့် စနစ်တစ်ခုကို ကျင့်သုံး၍ တင်းကြပ်သော ပြစ်ဒဏ်များချမှတ်ရန်ဖြစ်ပါသည်။

## ရွေးကောက်ပွဲနေ့ လုပ်ငန်းစဉ်

ရွေးကောက်ပွဲနေ့လုပ်ငန်းစဉ်သည် ရွေးကောက်ပွဲအောင်မြင်မှုကို ဆုံးဖြတ်ရာတွင် အဓိကကျသည့် လုပ်ငန်းစဉ်ပင်ဖြစ်သည်။ ရွေးကောက်ပွဲနေ့လုပ်ငန်းစဉ်တွင် အချိန်အနည်းငယ်အတွင်း၌ လှုပ်ရှားဆောင်ရွက်မှုများစွာ (အချိန်တစ်ရက်တည်းတွင် မဲရုံဖွင့်ခြင်း၊ မဲပေးခြင်း၊ မဲရုံပိတ်ခြင်း၊ မဲရေတွက်ခြင်း၊ မဲစာရင်းဇယားပြုစုခြင်းတို့ပြုလုပ်သည် - တစ်ရက်ထက်ပို၍ကြာနိုင်သည့် ဇယားပြုစုခြင်းမှလွဲ၍) ပါဝင်သည်။ ဤအရေးကြီးသည့် လုပ်ငန်းစဉ်ကို တိုးတက်စေရန်အတွက် အကြံပြုချက်စာရင်းမှာ အောက်ပါအတိုင်းဖြစ်သည် -

- မဲရုံအားလုံးကို တပ်စခန်းအတွင်းကဲ့သို့ ထိန်းချုပ်ထားသည့် ပတ်ဝန်းကျင်ထက်စာလျှင် ကြားနေဖြစ်မည့် နေရာတစ်နေရာတွင် ထားရှိရေးကို သေချာပါစေ။ ထိန်းချုပ်ထားသည့် ပတ်ဝန်းကျင်တွင် မဲပေးရခြင်းသည် မဲပေးသူတို့၏ လွတ်လပ်စွာရွေးချယ်ခွင့်အတွက် အကောင်းဆုံးအနေအထားမဟုတ်ပေ။ ထို့ကြောင့် တပ်စခန်းအတွင်း မဲရုံကို ထားရှိခြင်းအား ရှောင်ရှားသင့်သည်။ ပွင့်လင်းမြင်သာမှုရှိခြင်းနှင့် လွတ်လပ်စွာရွေးချယ်ခွင့်ရှိခြင်းတို့ကို အဆင်ပြေရေးထက် ဦးစားပေးဆောင်ရွက်သင့်သည်။ နောက်ဆုံးတွင် တပ်စခန်း၏ ဂိတ်ပေါက်ဝအပြင်ဘက်တွင် မဲရုံကို ထားရှိနိုင်သည်။

- ပိုမိုဆန်းသစ်တီထွင်သည့်နည်းလမ်းတို့ဖြင့် ပိုမိုပြင်းထန်သည့် မဲဆန္ဒရှင်ပညာပေးလှုပ်ရှားမှုတို့ကို အရေးပေါ် လိုအပ်လျက်ရှိသည်။ မဲဆန္ဒရှင်တို့သာမက ကိုယ်စားလှယ်လောင်းများကပါ ရွေးကောက်ပွဲဆိုင်ရာ လုပ်ထုံးလုပ်နည်းတို့ကို မသိရှိကြကြောင်းမှာ အလွန်အမင်းထင်ရှားနေသည်။ နည်းလမ်းတို့၏ ထိရောက်မှုနှင့် ရွေးကောက်ပွဲဆိုင်ရာဗဟုသုတများပြန့်နှံ့မှုတို့ကို ဆန်းစစ်နိုင်ရန် အစိုးရသည် မဲဆန္ဒရှင်ပညာပေးလှုပ်ရှားမှုတစ်ခု မစခင်နှင့်အပြီးတွင် ရွေးကောက်ပွဲဆိုင်ရာလုပ်ထုံးလုပ်နည်းတို့ကို နားလည်မှု အဆင့်အား စစ်တမ်းကောက်ယူရန် ANFREL က အကြံပြုပါသည်။ ANFREL ၏ စောင့်ကြည့်လေ့လာမှုအပေါ် အခြေပြု၍ဆိုရလျှင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် အများအားဖြင့် ယင်းလှုပ်ရှားဆောင်ရွက်မှုတို့ကို ဆောင်ရွက်နိုင်စွမ်းရှိသည့် အရပ်ဖက်အဖွဲ့အစည်းများအား လွှဲပြောင်းပေးခဲ့သည်ကိုတွေ့ရရာ ၎င်းမှာဖြစ်နိုင်ပါသည်။ သို့ရာတွင် မှတ်သားထားသင့်သည်မှာ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အနေဖြင့် မဲဆန္ဒရှင်ပညာပေးခြင်းအတွက် အဓိကတာဝန်ရှိသူဖြစ်သည်ဆိုသော အချက်ဖြစ်သည်။

- စိုးရိမ်ဖွယ်ရာ အချက်ပေးနေသည့် မဲလာပေးသူအရေအတွက်နည်းပါးခြင်းသည် ပြည်သူတို့၏ စိတ်ဝင်စားမှုအနည်းဆုံးအခြေအနေရောက်ရှိနေခြင်း သို့မဟုတ် ပါဝင်ရန်အခွင့်အလမ်းနည်းပါးမှုတို့ကို ထင်ဟပ်သည်။ ပြည်သူများ၏ ပါဝင်လိုစိတ်ကို မြှင့်တင်ပေးရန် ဆန်းသစ်တီထွင်သည့် ကြိုးပမ်းအားထုတ်မှုများ လိုအပ်သည်။ ထို့ပြင်ရွေးကောက်ပွဲကို အားလပ်ရက်တွင် ကျင်းပပေးရမည်ဖြစ်ပြီး သို့မဟုတ်ပါက ထိုရက်အား အားလပ်ရက်အဖြစ် ကြေညာသင့်ပါသည်။

- အထူးသဖြင့် ရပ်ကွက်/ကျေးရွာအုပ်စုအဆင့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများအတွက် သင်တန်းများကို အကြိမ်ရေနှင့် အရည်အသွေးတို့များတွင် ဂရုပြု၍ လုပ်ဆောင်ရန်ဖြစ်သည်။

- မဲရုံဝန်ထမ်းတို့ကို လေ့ကျင့်သင်တန်းအတွင်းတွင် "ရွေးကောက်ပွဲနမူနာ" တစ်ခုကို လေ့ကျင့်ခန်းအဖြစ် ပြုလုပ်သင့်ကြောင်းအကြံပြုပါသည်။ ရွေးကောက်ပွဲနမူနာဆိုသည်မှာ တကယ့်ရွေးကောက်ပွဲနေ့အတိုင်းလုပ်ဆောင်ခြင်းဖြစ်သည်။ ထို့ကြောင့် မဲရုံဝန်ထမ်းသစ်တို့အနေဖြင့် မဲပေးသည့်နေ့တွင် ဆောင်ရွက်ရမည့်အရာတို့နှင့်ပတ်သက်၍ လက်တွေ့အတွေ့အကြုံရရှိသွားလိမ့်မည်ဖြစ်သည်။ မဲရေ တွက်သည့်ပုံစံ ကွဲပြားခြားနားမှုတို့ကလည်း ထိုသို့အဆိုပြုမှု လိုအပ်ကြောင်း ပြသနေသည်။

- ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများအကြားတွင် မှားယွင်းဆက်သွယ်မှုနှင့် သတင်းအချက်အလက်မရရှိမှုတို့သည် ၂၀၁၅ အထွေထွေရွေးကောက်ပွဲတွင်သာမက ၂၀၁၇ ကြားဖြတ်ရွေးကောက်ပွဲတွင်လည်း ဖြစ်ပေါ်ခဲ့သည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ၂၀၂၀ အထွေထွေရွေးကောက်ပွဲတွင် ယင်းသို့မဖြစ်ပေါ်စေရန်အတွက် ကိုင်တွယ်ဖြေရှင်းသင့်သည်။ ရိုးရှင်းသည့် ဖြေရှင်းမှုတစ်ခုမှာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများအကြား အဓိကကိုးကားစရာ ဖစ်မြစ်တစ်ခုအဖြစ် အသေးစိတ်နှင့် အလုံးစုံပါဝင်သည့် ရွေးကောက်ပွဲဆိုင်ရာ စည်းမျဉ်းများ/လုပ်ထုံးလုပ်နည်း လက်စွဲစာအုပ်

ထားရှိရန်လိုအပ်ပါသည်။ ရွေးကောက်ပွဲအတွင်း ထပ်မံထုတ်ပြန်သည့်၊ ပြင်ဆင်သည့် ညွှန်ကြားချက်၊ စည်း မျဉ်းများကို  တတ်နိုင်သမျှ မြန်ဆန်စွာဖြင့် နိုင်ငံတဝှမ်းသို့ ထုတ်ပြန်သင့်သည်။

- နိုင်ငံတလွှားတွင် မသန်စွမ်းသူတို့အတွက် ဝင်ရောက်ရလွယ်ကူသည့် မဲရုံတို့စီစဉ်ထားရှိပေးခြင်းအပြင်၊ သင်တန်းပေးခြင်း၊ မဲဆန္ဒရှင်ပညာပေးခြင်းနှင့် အထောက်အကူပစ္စည်းများ (ဥပမာ မျက်မမြင်ဖတ်နိုင်သည့် စာပုံစံ) ကိုထောက်ပံ့ပေးခြင်းတို့အား ဆက်လက်ဆောင်ရွက်ရန် အားပေးခြင်းတို့ဖြစ်သည်။

- ရွေးကောက်ပွဲနေ့လုပ်ငန်းစဉ်၏ကျန်ရှိသည့်အပိုင်းတို့တွင် မဲရေတွက်ခြင်းသည် ပြဿနာအဖြစ်နိုင်ဆုံးဖြစ်သည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ဤအပိုင်းတွင် သင်တန်းပေးရေးအပေါ် အာရုံစိုက်သင့်သည်။ မဲရုံတစ်ရုံနှင့်တစ်ရုံတွင် ကွဲပြားခြားနားသည့် လုပ်ထုံးလုပ်နည်းတို့ကို အသုံးပြုခြင်းအား ထင်ထင်ရှားရှားမြင်တွေ့နေရသေးသည့်အတွက် ရှောင်ကြဉ်ရမည်ဖြစ်သည်။ အဆင့်တစ်ဆင့်ချင်းစီ၌ ရှင်းလင်း၍၊ တိကျသည့် လုပ်ထုံးလုပ်နည်းတို့ကို ဖော်ထုတ်ပေးရမည်ဖြစ်ပြီး၊ တရားဝင်လူအများ သိအောင် ဆောင်ရွက်ပေးရမည်ဖြစ်သည်။

- မဲဆန္ဒရှင်စာရင်းပြုစုခြင်း သို့မဟုတ် စီစစ်ခြင်းမှသည် ရွေးကောက်ပွဲဆိုင်ရာအငြင်းပွားမှုဖြေရှင်းခြင်းအထိ ရွေးကောက်ပွဲဆိုင်ရာ လှုပ်ရှားမှုပြက္ခဒိန်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ပိုမိုစောစီးစွာ ထုတ်ပြန်ထားရမည်ဖြစ်သည်။

- ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ရလဒ်ကို ဇယားတွင် ရေးသွင်းခြင်းလုပ်ငန်းစဉ်ကို ဆိုရှယ်မီဒီယာနှင့် ပြည်သူပိုင်၊ ပုဂ္ဂလိကပိုင်ရုပ်မြင်သံကြား၊ ရေဒီယိုတို့ကဲ့သို့ မီဒီယာတို့မှတစ်ဆင့် ထုတ်ပြန်ပါ။

- လိုအပ်သည့် ပြည်နယ်တစ်ခုချင်းစီတွင် လူနည်းစုလူမျိုးစု/တိုင်းရင်းသားအုပ်စုများကို ဦးတည်သည့် အထူးဌာနခွဲ သို့မဟုတ် ရာထူး သို့မဟုတ် တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးကို ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က ပေးထားသင့်သည်။ ရည်ရွယ်ချက်မှာ ရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ အထူးသဖြင့် မဲဆန္ဒရှင်စာရင်းသွင်းခြင်းနှင့် မဲဆန္ဒရှင်ပညာပေးရေးတို့အတွက် လူနည်းစုလူမျိုးစု၊ တိုင်းရင်းသားအုပ်စုများနှင့် ဆက်ဆံမည့် ဌာနခွဲတစ်ခု/ပုဂ္ဂိုလ်တစ်ဦးထားရှိရန်ဖြစ်သည်။ ယင်းမှာ ရွေးကောက်ပွဲလုပ်ငန်းစဉ်တွင် တိုင်းရင်းသားလူနည်းစုအုပ်စုများပါဝင်လာစေရေးကို အာမခံပေးမည့် ကြိုးပမ်းအားထုတ်မှု တစိတ်တပိုင်းပင်ဖြစ်သည်။ ဤအထူးဌာနခွဲ/ရာထူးသည် မြန်မာနိုင်ငံရှိ တိုင်းရင်းသား အုပ်စုတို့၏ လက်ရှိရင်ဆိုင်နေရသည့် စိန်ခေါ်မှုတို့ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ တုံ့ပြန်ဆောင်ရွက်ချက်တစ်ခုလည်းဖြစ်ပေလိမ့် မည်။

- ရွေးကောက်ပွဲဆိုင်ရာ အငြင်းပွားမှုဖြေရှင်းရေးလုပ်ငန်းစဉ်တွင် ပြည်သူများပိုမိုပါဝင်လာရေးမှာ လိုအပ်ချက်တစ်ရပ်ဖြစ်သည်။ ရွေးကောက်ပွဲဆိုင်ရာ အငြင်းပွားမှုဖြေရှင်းရေးလုပ်ငန်းစဉ်တွင် အနည်းဆုံးအား ဖြင့် မီဒီယာနှင့် ပြည်တွင်းစောင့်ကြည့်လေ့လာရေးအုပ်စုတို့မှ စောင့်ကြည့်ရန်ကို မလုပ်မနေရပြုလုပ်နိုင်ပါသည်။

## ပဋိပက္ခနယ်မြေများမှ ရွေးကောက်ပွဲများ

မြန်မာနိုင်ငံ၏နိုင်ငံရေးအခြေအနေကိုကြည့်ရှုပါက၊ ပဋိပက္ခနယ်မြေများနှင့် နောက်လာမည့်နှစ်များတွင် ပဋိပက္ခဖြစ်နိုင်ခြေများကို တွေ့ရသည်။ ယင်းနယ်မြေများသည် ရွေးကောက်ပွဲကျင်းပရာတွင် စိန်ခေါ်မှုများမြင့်မားလာစေပြီး ရွေးကောက်ပွဲဖျက်သိမ်းရခြင်းဖြင့် အဆုံးသတ်နိုင်ပါသည်။ ထို့ကြောင့် ANFREL အနေဖြင့် ယင်းစိန်ခေါ်ချက်တို့ကို ကျော်ဖြတ်နိုင်ရေးအတွက် သီးသန့်စည်းမျဉ်းများ ပြုလုပ်ပေးရန် အဆိုပြုပါသည်။ ထိုသို့သီးသန့်စည်းမျဉ်းများသည် ရွေးကောက်ပွဲဥပဒေဆိုင်ရာ သဘောတရားဖြင့်ကြည့်ပါက အသစ်များဖြစ်သည်။ ထို့ကြောင့် ဖြစ်နိုင်သမျှ ထည့်သွင်းပေးရမည့် အချက်အလက်များလိုအပ်သည်။ ယေဘုယျအားဖြင့် ပဋိပက္ခဒဏ်ဒေသများတွင် ရွေးကောက်ပွဲဆိုင်ရာ စိန်ခေါ်မှုအား ကျော်လွှန်နိုင်စေရေးအတွက် သီးသန့်စည်းမျဉ်းများကို စာရင်းပြုစုနိုင်ရန် အလုပ်ရုံဆွေးနွေးပွဲတစ်ရပ်ပြုလုပ်ရေးကို ANFREL မှ အဆိုပြုပါသည်။

ပဏာမ သရုပ်ခွဲဆန်းစစ်ချက်အဖြစ် အကြံပြုချက်အချို့ ရှိပါသည် -

- UEC သည် ရွေးကောက်ပွဲများ မှန်မှန်ကျင်းပနိုင်ရေးသေချာစေရန် အစိုးရက တိုက်ခိုက်နေသည်ဟု စဉ်းစားရသူများအပါအဝင် ပါဝင်ပတ်သက်နေသူများ၊ အဖွဲ့များနှင့် ဆွေးနွေးညှိနှိုင်းရမည်ဖြစ်သည်။ UEC သည် ရွေးကောက်ပွဲလုပ်ငန်းစဉ်အတွင်း ညှိနှိုင်းဆွေးနွေးရန်နှင့် ပဋိပက္ခနယ်မြေများတွင် မဲပေးခွင့်ရရေးနှင့်ဆိုင်သောကိစ္စများ လုပ်ဆောင်ရန်အတွက် ကြားနေဌာနခွဲတစ်ခု ဖွဲ့စည်းရန် သို့မဟုတ် လက်ရှိဖွဲ့စည်းထားသည့် စေ့စပ်ညှိနှိုင်းရေးကော်မတီကို အားကောင်းအောင်လုပ်ပေးရန် လိုအပ်သည်။
- UEC သည် မဲရုံနေရာကို လူတိုင်းလက်ခံနိုင်သည့် နေရာဖြစ်ရန် သေချာစေသင့်သည်။ ပြီးခဲ့သည့် ရွေးကောက်ပွဲများတွင် ထိုကိစ္စရပ်မှာ အငြင်းပွားဖွယ် ကြုံတွေ့ခဲ့ရသည်။ ယင်းသို့ဆောင်ရွက်ရန် အချိန်ယူသည့်အတွက်၊ ရွေးကောက်ပွဲကာလမတိုင်ခင်တွင် သင့်လျော်သည့် အချိန်၌ ဆွေးနွေးညှိနှိုင်း/ဆုံးဖြတ်ရမည်ဖြစ်သည်။
- ၂၀၁၇ ကြားဖြတ်ရွေးကောက်ပွဲတွင် မဲရုံအတွက် နေရာအသစ်များသို့ UEC က အကြိုအပို့ အခမဲ့ပြုလုပ်ပေးခြင်းသည် အလွန်အထောက်အကူဖြစ်ကြောင်းတွေ့ရှိခဲ့ရသည်။ UEC ၏ သယ်ယူပို့ဆောင်ရေးလုပ်ငန်းစဉ်တွင် ဘက်မလိုက်မှုကို သေချာပါက ANFREL က ယင်းလုပ်ငန်းစဉ်ကို ထောက်ခံပါသည်။ ပဋိပက္ခဒေသများတွင် ထိုသို့ဝန်ဆောင်မှုမျိုးပေးရန် UEC မှ အဆင်သင့်ဖြစ်နေရပါမည်။
- မဲရုံအတွင်းနှင့် ပြင်ပတွင် လုံခြုံရေးထားရှိမှုသည် ပဋိပက္ခနယ်မြေတို့တွင် ထိလွယ်ရှလွယ်သည့် ကိစ္စရပ် တစ်ခုဖြစ်သည်။ မဲရုံများအနားတွင် ဘက်မလိုက်သည့် လုံခြုံရေးအင်အားတို့ လိုအပ်သည်ကို ANFREL က သဘောတူပါသည်။ အာဆီယံနိုင်ငံများရှိ ရွေးကောက်ပွဲအတွေ့အကြုံတို့အပေါ် အခြေခံ၍ ဆိုရပါက လုံခြုံရေးအင်အားစုတို့တွင် ရဲတပ်ဖွဲ့မှ မီးသတ်အထိ အမျိုးအစားကွဲပြားနိုင်သည်။ ရွေးကောက်ပွဲတွင် လုံခြုံရေးကိစ္စကိုမူ အစိုးရကသာ လုံးဝတာဝန်ယူထားသင့်ပါသည်။ ပဋိပက္ခအခြေအနေအပေါ်မူတည်၍ အဖွဲ့အစည်းများသည် ပြုလွယ်ပြောင်းလွယ်ဖြစ်နိုင်ပါသည်။

- ရွေးကောက်ပွဲကိုဖျက်သိမ်းရပါကလည်း ဖျက်သိမ်းလိုက်ရသည့် ဆုံးဖြတ်ချက်နှင့် အကြောင်းရင်းတို့ကို တတ်နိုင်သမျှ မြန်ဆန်စွာဖြင့် ပြည်သူတို့အား အသိပေးပါ။ UEC သည် ယင်းအတွက် တာဝန်ယူထားရသောကြောင့် မည်သည့်ရွေးကောက်ပွဲဖျက်သိမ်းမှု ဆုံးဖြတ်ချက်အတွက်မဆို ပြည်သူလူထုမှ စောင့်ကြည့်နိုင်မည့် စနစ်ကျသည့် အဆင့်များ ရှိသင့်ပါသည်။

## ၂၀၁၅ အထွေထွေရွေးကောက်ပွဲနှင့် ၂၀၁၇ ကြားဖြတ်ရွေးကောက်ပွဲ - နှိုင်းယှဉ်ချက်

ယခုအခန်း၏ ရည်မှန်းချက်များမှာ ၂၀၁၅ အထွေထွေရွေးကောက်ပွဲနှင့် ၂၀၁၇ ကြားဖြတ်ရွေးကောက်ပွဲတို့အား တစ်ချက်ချင်းစီ မြန်မြန်ဆန်ဆန် အကျဉ်းချုပ်နှိုင်းယှဉ် ဖော်ပြခြင်းဖြစ်သည်။ နှိုင်းယှဉ်ဖော်ပြချက်မှာ ၂၀၁၅ အထွေထွေရွေးကောက်ပွဲတွင် တွေ့ရှိရသော ကိစ္စရပ်များ၊ ယင်းရှာဖွေတွေ့ရှိချက်များကို တုန့်ပြန်ဖြေရှင်းသွားရန် ANFREL က အဆိုပြုတင်ပြခဲ့သော ယခင်အကြံပြုချက်များ၊ ၂၀၁၇ ကြားဖြတ်ရွေးကောက်ပွဲတွင် တွေ့ရှိရသော ဆက်စပ်ပြဿနာများနှင့် နောက်ဆုံး သီးခြားကော်လံတွင် တိုးတက်မှုမှန်သမျှကို စီစစ်သုံးသပ်ထားသည်။

ဇယားတစ်ခုလုံးကိုကြည့်လျှင် ယေဘုယျအားဖြင့် တိုးတက်မှုနည်းပါးသည်ကို ဖော်ပြနေပါသည်။ မြန်မာနိုင်ငံတွင် ကျင်းပပြုလုပ်သော ရွေးကောက်ပွဲကို နိုင်ငံတကာ၏ လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲ စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်နိုင်ဖို့မှာ များစွာလိုအပ်နေပါသေးသည်။ ၂၀၁၅ အထွေထွေ ရွေးကောက်ပွဲတွင် ANFREL ၏ မူသဘော အကြံပြုချက်အချို့ကို လိုက်ပါဆောင်ရွက်နိုင်ခဲ့ခြင်းမရှိပါ။ ဥပမာအားဖြင့် - ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေက တပ်မတော်အား မြန်မာနိုင်ငံ၏ ဒီမိုကရေစီအဆောက်အအုံကို ထိခိုက်နစ်နာမှုရှိစေသည့် လွှတ်တော်အမတ်နေရာ ၂၅ ရာခိုင်နှုန်းနှင့် အရေးကြီးသော ဝန်ကြီးဌာနနေရာများကို ခန့်အပ်ခွင့်ပေးထားသည်။ ဥပဒေမူဘောင်က UEC ၏ လွတ်လပ်မှုကို အာမခံပေးထားခြင်း မရှိသေးပါ။ များစွာသော လူနည်းစု တိုင်းရင်းသားများနှင့် ကိုယ်စားလှယ်လောင်းများ၏မဲပေးခွင့်များဆုံးရှုံးနေမှုမှာ လာမည့် ၂၀၂၀ အထွေထွေရွေးကောက်ပွဲတွင် ဆက်လက်ဖြစ်ပေါ်နေလိမ့်ဦးမည်ဟု ခန့်မှန်းရသည်။ အမျိုးသမီးများ၊ မသန်စွမ်းသူများ၊ ဘာသာရေးခေါင်းဆောင်များ၊ အကျဉ်းသားများနှင့် တိုင်းရင်းသားအဖွဲ့များပါဝင်သော အပစ်ခံအုပ်စုများသာမက မီဒီယာ၏ လွတ်လပ်စွာရေးသားဖော်ထုတ်ခွင့်ကိုလည်း ဥပဒေဖြင့် ကာကွယ်ပေးထားနိုင်ခြင်းမရှိပါ။ ကြိုတင်မဲပေးမှုဆိုင်ရာ လုပ်ထုံးလုပ်နည်း ပြဿနာများသည်လည်း ဆက်လက်ဖြစ်ပေါ် နေပါသေးသည်။ စစ်ဘက်မဲဆန္ဒရှင်များ မဲထည့်သည့်အခါ အရပ်သားများ အသုံးပြုသော လုပ်ထုံးလုပ်နည်းများအတိုင်းမဟုတ်ဘဲ ပွင့်လင်းမြင်သာမှုမရှိပေ။ ပဋိပက္ခတင်းမာမှုမြင့်မားနေသောနေရာများတွင် ရွေးကောက်ပွဲကျင်းပမှုကို UEC က စဉ်းစားပေးသင့်ခြင်းကဲ့သို့သော ၂၀၁၇ ကြားဖြတ်ရွေးကောက်ပွဲမှရရှိသည့် အတွေ့အကြုံများအပေါ် အခြေခံ၍လည်း နောက်ထပ် စိန်ခေါ်မှုများကို တွေ့ရှိခဲ့သည်။

သို့သော် အဆိုပါ အကောင်းဆုံးပုံစံအကြံပြုချက်များက ယခင်ရွေးကောက်ပွဲနှစ်ခုစလုံးသည် အောင်မြင်မှုမရှိသော ရွေးကောက်ပွဲများဖြစ်သည်ဟု ဆိုလိုခြင်းမဟုတ်ပါ။ ANFREL က ၂၀၁၅ အထွေထွေရွေးကောက်ပွဲနှင့် ၂၀၁၇ ကြားဖြတ် ရွေးကောက်ပွဲတို့နှင့်ပတ်သက်၍ ယခုလိုသုံးသပ်ပါသည် - "*တိုးတက်မှုများရှိအောင် လုပ်ဆောင်ရဦးမည့် နေရာများစွာ ကျန်နေသေးသော်လည်း ရွေးကောက်ပွဲလုပ်ငန်းစဉ်သည် မျှော်လင့်ထားသည်များထက် ပို၍လုပ်ပြနိုင်ခဲ့ပြီး ရွေးကောက်ပွဲမှတဆင့် ပြည်သူ့အသံများကြားရအောင် လုပ်ဆောင်သောနည်းကို တိုင်းပြည်အတွက် ပေးခဲ့သည်။*"

ဒေါ်အောင်ဆန်းစုကြည်အစိုးရသည် မြန်မာနိုင်ငံတွင် ဒီမိုကရေစီကို စစ်စစ်မှန်မှန် အမှန်တကယ် အကောင်အထည်ဖော်ဆောင်ရွက်နေကြောင်း သက်သေပြရန် လိုအပ်နေပါသေးသော်လည်း ယခုအချိန်တွင် ၎င်းအတွက် တိုက်ပွဲဝင်နေရသည်။ များမကြာမီက မြန်မာနိုင်ငံရေးအခြေအနေသည် ဒီမိုကရေစီစနစ် ပိုမိုကောင်းမွန်လာရေး အတွက် အခြေခံအုတ်မြစ်များကို တည်ဆောက်ရန် ရွေးအခွင့်အလမ်းများပေးနေပြီဖြစ်ရာ ၎င်းကို အကောင်းဘက်မှ ရှုမြင်ရမည်ဖြစ်ပါသည်။ ANFREL သည် လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲ များဆိုင်ရာ ဘန်ကောက် ကြေညာစာတမ်းများပေါ် အခြေခံကာ မြန်မာနိုင်ငံတွင် လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲများ ဖြစ်ပေါ် လာရေးကို အထောက်အပံ့ပေးအပ်သွားမည်ဖြစ်ပြီး ယင်းကို အောင်မြင်စေရန် အလို့ငှာ မြန်မာပြည်သူများနှင့်အတူ အမြဲတမ်း ရပ်တည်သွားရန် သန္နိဋ္ဌာန်ရှိနေဆဲဖြစ်သည်။

| ၂၀၁၅<br>အထွေထွေရွေးကောက်ပွဲများမှ<br>ကိစ္စရပ်များ | ယခင်အကြံပြုချက်များ | ၂၀၁၇<br>ကြားဖြတ်ရွေးကောက်ပွဲမှ<br>ကိစ္စရပ်များ | သရုပ်ခွဲသုံးသပ်မှုများ |
|---|---|---|---|
| **ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာနှင့် ဥပဒေမူဘောင်** | | | |
| ရွေးကောက်ပွဲဆိုင်ရာနှင့် နိုင်ငံရေးဖြစ်စဉ်တို့၏ ဒီမိုကရက်တစ်လက္ခဏာများအပေါ် သက်ရောက်မှုရှိသော တပ်မတော်ကရေးဆွဲထားသည့် အခြေခံဥပဒေမှ ရွေးကောက်ပွဲဆိုင်ရာ ဥပဒေများ တွင်ပါဝင်သော အားနည်း ချက်များ -<br>• လွှတ်တော်သုံးရပ်လုံးတွင် တပ်မတော်ကခန့်အပ်ထားသော အမတ်နေရာ ၂၅ ရာခိုင်နှုန်း<br>• တပ်က ကာကွယ်ရေး၊ ပြည်ထဲရေးနှင့် နယ်စပ်ရေးရာဝန်ကြီးများ ခန့်အပ်ထားမှု<br>• UEC ၏ လွတ်လပ်မှုနှင့် မျှတမှုကို အာမခံမှုမရှိခြင်း<br>• ဥပဒေများသည်လူနည်းစုတိုင်းရင်းသားမဲဆန္ဒရှင်များနှင့် ကိုယ်စားလှယ်လောင်းများ၏မဲပေးနိုင်သည့် အခွင့်အရေးများကို ဆုံးရှုံးစေခဲ့သည်။<br>• ဥပဒေပြဋ္ဌာန်းချက်များသည် တိုင်းရင်းသားဘာသာစကားများဖြင့် ရေးသားထားခြင်းမရှိပါ။<br>• ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူ၏ အခန်းကဏ္ဍကို လွှတ်တော်ဆိုင်ရာရွေးကောက်ပွဲဥပဒေများတွင်ရည်ညွှန်းထားခြင်းမရှိပါ။ | • မြန်မာနိုင်ငံ၌ ပိုမိုဒီမိုကရေစီနည်းကျသော ဥပဒေပြုမှုရရှိစေရန် အခြေခံ ဥပဒေ၌ တပ်က လွှတ်တော်အမတ်နေရာ ၂၅ ရာခိုင်နှုန်းခန့်အပ်ခွင့် ပေးထားခြင်းကို ဖယ်ရှားသင့်သည်။<br>• လွတ်လပ်မှုနှင့် ဘက်မလိုက်မှုရှိစေရန် UEC အဖွဲ့ဝင် ခန့်အပ်မှုဆိုင်ရာစနစ်ကို ပြန်လည်သုံးသပ်သင့်သည်။<br>• လူနည်းစုတိုင်းရင်းသားများ၏ မဲပေးခွင့်များဆုံးရှုံးမှုကို ဖြစ်ပေါ်စေသည့် ဥပဒေများအား နိုင်ငံတကာ စံချိန်စံ ညွှန်းများနှင့် အညီဖြစ်စေရန် ပြင်ဆင်သင့်သည်။ နောက်လွှတ်တော်က မည်သူများသည် နိုင်ငံသားများဖြစ်သည်ကို ရှင်းရှင်းလင်းလင်းအဓိပ္ပါယ် ဖွင့်ဆိုရန်နှင့် အားလုံးအတွက် မျှတသော စံနှုန်းတစ်ခုကို ကျင့်သုံးရန် ဥပဒေပြဋ္ဌာန်းခြင်းကို လုပ်ဆောင်သင့်သည်။<br>• ပုဒ်မ ၃၉၂ အပါအဝင် မဲပေးခွင့်အပေါ် ယုတ္တိကင်းမဲ့စွာ တားမြစ်ထားမှုများအား ဖယ်ရှားသင့်သည်။<br>• မိဘ၊ အိမ်ထောင်စု (သို့) သားသမီးများက နိုင်ငံခြားသားများ ဖြစ်နေသူ တစ်စုံတစ်ဦးအားသမ္မတရာထူး လက်ခံခွင့်ပိတ်ပင်ထားမှုကို ပြန်လည်သုံးသပ်သင့်သည်။<br>• ဥပဒေပြဋ္ဌာန်းချက်များကို တိုင်းရင်းသားဘာသာစကားများသို့ ဘာသာပြန်ဆိုသင့်သည်။<br>• ရွေးကောက်ပွဲလေ့လာစောင့်ကြည့်သူများ၏အခန်းကဏ္ဍကိုလွှတ်တော် ဆိုင်ရာရွေးကောက်ပွဲဥပဒေများတွင် ပြဋ္ဌာန်းပေးသင့်သည်။<br>• မြန်မာနိုင်ငံသည် ဒီမိုကရက်တစ်ရွေးကောက်ပွဲစံနှုန်းများ၊ နိုင်ငံရေးတွင် ပါဝင်ရေးနှင့် အခြားသော အခွင့်အရေးများနှင့် လွတ်လပ်မှုများကို သတ်မှတ်သည့် ပြည်သူနှင့် နိုင်ငံရေးရပိုင်ခွင့်များနှင့် အခြားသောနိုင်ငံတကာ လူ့အခွင့်အရေးဆိုင်ရာ စာချုပ်များတွင် လက်မှတ်ရေးထိုးသင့်သည်။ | အလေးပေးဖော်ပြထားသည့် ကိစ္စရပ်တစ်ခုချင်းစီနှင့် သက်ဆိုင်သောဥပဒေများမှာ ပြောင်းလဲခြင်းမရှိသေးပါ။ | ၂၀၁၅ ရွေးကောက်ပွဲများ ပြီးနောက်သိသာထင်ရှားသည့် အာဏာလွှဲပြောင်းမှုကို လုပ်ဆောင်ခဲ့သော်လည်း အာဏာရအစိုးရမှာ အခြေခံဥပဒေကို မပြင်ဆင်နိုင်သလို နိုင်ငံ၏ ရွေးကောက်ပွဲဆိုင်ရာ မူဘောင်တွင် အဓိကအပြောင်းအလဲများလည်း လုပ်ဆောင်နိုင်ခြင်း မရှိသေးပါ။ ၂၀၁၀ နှင့် ၂၀၁၅ ရွေးကောက်ပွဲများနောက်ပိုင်းမြန်မာ နိုင်ငံ၏ ရွေးကောက်ပွဲဆိုင်ရာ ဥပဒေများကို ပြင်ဆင်ဖြည့်စွက်မှုအချို့ ပြုလုပ်ခဲ့သော်လည်း ရွေးကောက်ပွဲကော်မရှင်ဥပဒေ၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ၊ ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ၊ အမျိုးသားလွှတ်တော်ရွေးကောက် ပွဲဆိုင်ရာဥပဒေ၊ သမ္မတနှင့် ဒုတိယ သမ္မတရွေးကောက်တင်မြောက်ခြင်း ဆိုင်ရာဥပဒေနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ် ဆိုင်ရာရွေးကောက်ပွဲဥပဒေများ သည် SPDC က ၂၀၁၀ တွင် ထုတ်ပြန်ခဲ့သည့် ဥပဒေများနှင့် များစွာ တူညီလျက်ရှိနေပါသေးသည်။ |
| **ရွေးကောက်ပွဲဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ (EMB)** | | | |
| • ရွေးကောက်ပွဲဆိုင်ရာ စီမံခန့်ခွဲမှုသည် ဥပဒေနှင့် ဖွဲ့စည်းမှုဆိုင်ရာတွင် လွတ်လပ်မှုမရှိဘဲ ဒေသဆိုင်ရာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန – (ရပ်ကွက်/ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့နှင့် တူညီသော) အပေါ်တွင် မှီခိုနေသည်။<br>• ပြည်တွင်းရွေးကောက်ပွဲဆိုင်ရာပါဝင်ပတ်သက်သူများအကြား UEC အပေါ်လက်ခံမှုမရှိခြင်းမှာ ခန့်အပ်သည့် စနစ်ကြောင့်ဖြစ်သည်။<br>• စွမ်းဆောင်နိုင်ခြင်း မရှိမှုနှင့် လုပ်ထုံးလုပ်နည်းများတွင် များစွာ မတူညီမှုများ ရှိနေခြင်းသည် UEC ၏ ပရော်ဖက်ရှင်နယ်ဆန်မှုနှင့်ရွေးကောက်ပွဲကိုယ်၌၏ တရားမျှတမှုကို အထင်အမြင်သေးနိုင်ခြင်းမျိုး နိုင်ငံအဝန်းဖြစ်ပေါ်စေခဲ့သည်။<br>• UEC နှင့် ၎င်း၏ကော်မရှင်အဖွဲ့ခွဲများအကြား အပြန်အလှန်ဆက်သွယ်မှု မရှိခြင်း။ | • ကော်မရှင်အဖွဲ့ဝင်များကို ရွေးချယ်ရေးလုပ်ငန်းစဉ်တွင် ပါဝင်ပတ်သက်သူများစွာ ပါဝင်သင့်ပြီး ပါတီ သို့မဟုတ် အဖွဲ့အစည်းတို့မှ ချုပ်ကိုင်ထားရန် ပုံစံများမှ ကာကွယ်သင့် သည်။<br>• GAD ထံမှ အမှီအခိုကင်းမှုကို ပိုမိုရရှိအောင်ဖန်တီးစေခြင်းဖြင့် ကော်မရှင်အဖွဲ့ခွဲ၏ လွတ်လပ်မှုကို မြှင့်တင်နိုင်သည်။<br>• အဆင့်အားလုံးတွင် ညီမျှ၍ ဘက်မလိုက်သော ရွေးကောက်ပွဲစီမံခန့်ခွဲမှုဖြစ်စေရန် ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များခန့်အပ်ခြင်းဆိုင်ရာ လုပ်ထုံး လုပ်နည်းအသစ်များကို ရေးဆွဲပြဋ္ဌာန်းသင့်သည်။ အဖွဲ့ဝင်များအဖြစ် ပါဝင်ဖို့ ရွေးချယ်သတ်မှတ်ရာတွင်လည်း အရပ်ဖက်အဖွဲ့အစည်း (သို့) ဖွဲ့စည်းထားသော အတတ်ပညာ ဆိုင်ရာ ကျွမ်းကျင်မှုကော်မရှင်များမှ ကိုယ်စားလှယ်များ ပါဝင်စေသင့်သည်။<br>• အထူးသဖြင့် ဒေသအဆင့် ကော်မရှင်ခွဲများအတွက် စွမ်းဆောင်နိုင်မှု မြှင့်တင်ရေးအစီအစဉ်များကို ပိုမိုဆောင်ရွက်ပေးသင့်သည်။<br>• အထက်နှင့် အောက် အပြန်အလှန်ဆက်သွယ်နေသော အမိန့်ပေးကွင်းဆက်ကြီးတစ်ခုလုံးကို ပို၍အားကောင်းခိုင်မာသည့် စနစ်တစ်ရပ်ဖြစ်လာရေးအတွက် သင်တန်းများပေးအပ်ရမည်။ | • ၂၀၁၇ကြားဖြတ်ရွေးကောက်ပွဲကို စီမံခန့်ခွဲသည့် UEC ၏ အမျိုးသားများသာပါဝင်သော ကော်မရှင်အဖွဲ့အား မြန်မာအစိုးရ၏ခေါင်းဆောင်နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် တိုင်ပင်၍ တာဝန်ထမ်းဆောင်နေသော သမ္မတဦးထင်ကျော်က ခန့်အပ်ထားခြင်းဖြစ်သည်<br>• UEC သည် ရွေးကောက်ပွဲဆိုင်ရာပါဝင်ပတ်သက်သူများ၏ ယုံကြည်မှုကို ရရှိခဲ့ပြီး တိုးတက်မှု ကြီးကြီးမားမားရှိခဲ့သည်။<br>• ရွေးကောက်ပွဲများကျင်းပရာတွင် မဲရုံအရာရှိများ၏ စည်းကမ်းနှင့်ဗဟုသုတမြင့်မားတိုးတက်လာမှုများရှိ။<br>• ပြည်သူများအား သတင်းအချက်အလက်များပိုမိုရရှိအောင် ဆောင်ရွက်ပေးခြင်းဖြင့် ပွင့်လင်းမြင်သာမှုကိုတိုးတက်စေကာ တပ်စခန်းများတွင် မဲပေးခြင်းကို စောင့်ကြည့်ခွင့်ပေးခြင်းဖြင့် ကော်မရှင်အပေါ် ပြည်သူများ၏ ယုံကြည်မှုပြန်လည် မြင့်မားလာစေသည်။<br>• UEC ၏ ပြည်တွင်းနှင့် နိုင်ငံတကာရွေးကောက်ပွဲဆိုင်ရာ ပါဝင်ပတ်သက်သူများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းသည် အားတက်ဖွယ် ဆက်ဆံရေးဖြစ်စေသည်။ | • ပြီးခဲ့သည့်ရွေးကောက်ပွဲ နှစ် ခုစလုံးတွင် UEC ကော်မရှင် အဖွဲ့ခွဲများအကြား ညှိနှိုင်း ဆောင်ရွက်မှုနှင့် အပြန်အလှန် ဆက်သွယ်ရေးများ လွဲမှားနေမှုကြောင့် ပါဝင်နေ သူအမျိုးမျိုးကြား၌ ရှုပ်ထွေးမှုကိုဖြစ်စေသည်။ UEC ကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင်များသည် ယခင် ၂၀၁၅ အထွေ ထွေရွေးကောက်ပွဲတွင် ရရှိသောအတွေ့အကြုံများကြောင့် ကြားဖြတ်ရွေး ကောက်ပွဲပြုလုပ်ရာတွင် ယုံကြည်မှုများရှိနေကြသည်။ ၂၀၂၀ အထွေထွေရွေး ကောက်ပွဲအတွက် ပြင်ဆင်ရန် UEC အဖွဲ့ဝင်များအား သင်တန်းများပေးအပ်ဖို့အထူး လိုအပ်ပါသည်။<br>• အမျိုးသမီးများနှင့် လူနည်းစု တိုင်းရင်းသားများသည် UEC တွင် ကိုယ်စားပြုမှုမရှိပေ။<br>• UEC အဖွဲ့ဝင်များအား သမ္မတက သူ့သဘောဖြင့် ခန့်အပ်ခြင်းသည် အခြား တိုက်ရိုက်ဩဇာလွှမ်းမှုများမှ ကင်းလွတ်မှုကို မေးခွန်း ထွက်ပေါ်စေသည်။ NLD သည် ယခင်က ယင်းအခြေအနေမျိုးကို ဝေဖန်မှုများ ရှိခဲ့ပြီး (ယခင် UEC အဖွဲ့ဝင်များသည် USDP ဦးဆောင်သည့် အစိုးရနှင့် နီးစပ်လွန်းသည်ဟု NLD က စွပ်စွဲခဲ့သည်) ။ ယခုအခါ အစိုးရအဖွဲ့ဝင်အများစုမှာ NLD မှ ဖြစ်လာသောအခါ ထိုကိစ္စအပေါ် လိုအပ်သော ကိုင်တွယ်မှုများ လုပ်သင့်သည်။<br>• UEC သည် GAD အဆင့် အမျိုးမျိုး၏ ထိန်းချုပ်မှုမှ ကင်းလွတ်ရန် လူအင်အားရော ဘဏ္ဍာရေးစသော အရင်းအမြစ်များ ကြီးစွာလိုသည်။ |
| **မဲဆန္ဒရှင်အဖြစ် သတ်မှတ်ချက်ပြည့်မီရေးနှင့် စာရင်းပေးသွင်းခြင်း** | | | |
| • ဘာသာရေးအဖွဲ့ဝင်များ၊ ထောင်ကျနေသူများ၊ တရားရုံးက "အပြစ်ရှိကြောင်း" ကြေညာထားသူများ၊ စိတ်အခြေအနေမကောင်းဟု တရားရုံးမှ ကြေညာခံထားရသူများ၊ ဒေဝါလီခံထားရသူ နိုင်ငံသားများ စသည့် အချို့အုပ်စုများအား မဲပေးခွင့်မပြုပါ။<br>• မဲဆန္ဒရှင်အမည်စာရင်းတွင် မတိကျမှုများစွာပါရှိပြီး ကော်မရှင်အဖွဲ့ခွဲများသည် ၎င်းတို့ကို ကမကထပြု ဖော်ထုတ်ပေးနိုင်ခြင်းမရှိပါ။<br>• အချို့သော ရပ်ရွာလူထုများသည် (အထူးသဖြင့် ရွှေ့ပြောင်းနေထိုင်သူများနှင့် အိုးမဲ့အိမ်မဲ့ဖြစ်ရသူများ) ရွေးကောက်ပွဲတွင် မဲပေး | • လူနည်းစုတိုင်းရင်းသားများ၏ မဲပေးခွင့်ဆုံးရှုံးမှုကို ဖြစ်ပေါ်စေသည့် ဥပဒေများအား ပြန်သုံးသပ်၍ နိုင်ငံတကာစံများနှင့်အညီဖြစ်စေရန် ပြင်ဆင်သင့်သည်။ နောက်လွှတ်တော်သည် မည်သူများသည် နိုင်ငံသားများဖြစ်သည်ကို ရှင်းရှင်းလင်းလင်း အဓိပ္ပါယ်ဖွင့်ဆိုရန်နှင့် အားလုံးအတွက်မျှတသော စံနှုန်းတစ်ခုကိုကျင့်သုံးရန် ဥပဒေပြဋ္ဌာန်းခြင်းကို လုပ်ဆောင်သင့်သည်။<br>• ပုဒ် ၃၉၂ အပါအဝင် မဲပေးခွင့်အပေါ် ယုတ္တိမရှိသော ပိတ်ပင်တားဆီးမှုများကို ဖယ်ရှားသင့်ပါသည်။ | • နိုင်ငံသားအားလုံးတွင် မဲပေးခွင့်ရှိကြောင်း သေချာစေသည့် ဥပဒေအပြောင်းအလဲများ မရှိပါ။<br>• UEC က အိမ်တိုင်ရာရောက် စာရင်းကောက်ယူခြင်းအပါအဝင် တိကျသေချာပြီး ပြည့်စုံသည့် မဲဆန္ဒရှင်စာရင်း ရရှိရန် ကြိုးစားအားထုတ်မှုများတွင် အကောင်အထည်ဖော်မှု ညံ့သော်လည်း ကြိုးစားမှုတော့ရှိခဲ့သည်။ | • အိမ်တိုင်ရာရောက် စာရင်းကောက်ယူစီစစ်မှုပြုလုပ်သည့် မဟာဗျူဟာကို လူအများစု အလေးထားချီးမွမ်းကြသည်။ အထူးသဖြင့် သွားရေးလာရေးခက်ခဲသော ကျေးလက်ဒေသနှင့် သီးခြားနေရာများတွင် နေထိုင်သော ပြည်သူများကဖြစ်သည်။ အိမ်တိုင်ရာရောက် စာရင်းကောက်ယူခြင်းသည် UEC ၏ ရည်ရွယ်ချက် ကောင်းမွန်မှုကို ဖော်ပြနေခြင်းဖြစ် သော်လည်း ယင်းမဟာဗျူ ဟာသည် လူနှင့် ထောက်ပံ့ပို့ဆောင်ရေးအရင်းအမြစ်များ ကြီးကြီးမားမားလိုအပ်သည်။<br>• ရွေးကောက်ပွဲ ဥပဒေတွင် မည်သည့်မူသဘောတရားပိုင်းဆိုင်ရာ ပြောင်းလဲမှုများ မရှိခြင်းကြောင့် ရွှေ့ပြောင်း |


<table>
<tr>
<td>ခွင့်မရသေးပါ။ ကန့်သတ်ပိတ်ပင်ပြီး ခွဲခြားဆက်ဆံထားသော နိုင်ငံသား ဆိုင်ရာ ပြဋ္ဌာန်းချက်များသည် မဲပေးခြင်းနှင့်ကိုယ်စားလှယ်လောင်း အခွင့်အရေးများအပေါ် ဆိုးရွားသော သက်ရောက်မှုများ ရှိသည်။</td>
<td></td>
<td></td>
<td>နေထိုင်သူများ၊ အိုးမဲ့အိမ်မဲ့ ဖြစ်ရသူများမှာ မဲပေးခွင့် မရသေးပေ။ ထိုနည်းတူ ဘာသာရေးပုဂ္ဂိုလ်၊ ပြစ်ဒဏ်သင့်နေသော အကျဉ်းသားများမှာလည်း မဲပေးခွင့်မရပေ။</td>
</tr>
<tr>
<td colspan="4">ကိုယ်စားလှယ်လောင်းအတွက် သတ်မှတ်ချက်နှင့် အမည်စာရင်းပေးသွင်းမှုများ</td>
</tr>
<tr>
<td>• ကိုယ်စားလှယ်လောင်းဖြစ်ခွင့်နှင့်ပတ်သက်၍ ကန့်သတ်ထားသော လိုအပ်ချက်များ၊ ရွေးချယ်၍ သက်ရောက်စေခြင်း၊ လုပ်ထုံးလုပ်နည်းဆိုင်ရာ အကာအကွယ်ပေးထားမှုမရှိခြင်း၊ ကိုယ်စားလှယ်လောင်း သတ် မှတ်ချက်တွင် ပွင့်လင်းမြင်သာမှု များအပိုင်း၌ မေးခွန်းများ ထွက်ပေါ် လာခဲ့သည်။</td>
<td>• လူနည်းစုတိုင်းရင်းသားများ၏ မဲပေးခွင့်များဆုံးရှုံးမှုကို ဖြစ်ပေါ်စေသည့် ဥပဒေများအား နိုင်ငံတကာစံများနှင့်အညီဖြစ်စေရန် ပြင်ဆင်သင့်သည်။ နောက်လွှတ်တော်က မည်သူများသည် နိုင်ငံသားများဖြစ်သည်ကို ရှင်းရှင်းလင်းလင်း အဓိပ္ပါယ်ဖွင့်ဆိုရန်နှင့် အားလုံးအတွက် မျှတသော စံနှုန်းတစ်ခုကို ကျင့်သုံးရန် ဥပဒေပြဋ္ဌာန်းခြင်းကို လုပ်ဆောင်သင့်သည်။<br>• ပုဒ် ၃၉၂ အပါအဝင် မဲပေးခွင့်အပေါ် ယုတ္တိမရှိသော ပိတ်ပင်တားဆီးမှုများကို ဖယ်ရှားသင့်သည်။<br>• မဲပေးခွင့်ရသူများ၏ အခွင့်အရေး မဆုံးရှုံးရန် ပြည်သူများအား ရွေးကောက်ပွဲနေ့မတိုင်ခင်ကြိုတင်၍ ရွေးကောက်ပွဲနေ့ မဲဆန္ဒရှင်စီစစ်မှုအတွက် လိုအပ်ချက်များကို ရှင်းရှင်းလင်းလင်း အသိပေး အကြောင်းကြားသင့်သည်။</td>
<td>ယင်းကိစ္စနှင့်ပတ်သက်၍ ဘာမှပြောင်းလဲမှုများမရှိပါ။</td>
<td>• ရွေးကောက်ပွဲဥပဒေတွင် မည်သည့်အဓိက ပြောင်းလဲမှုများမရှိပဲ ရွှေ့ပြောင်းနေထိုင်သူများ၊ အိုးမဲ့အိမ်မဲ့ဖြစ်ရသူများမှာ ကိုယ်စားလှယ်လောင်းဖြစ်ခွင့်မရှိသေးပေ။ ထိုနည်းတူ ဘာသာရေးပုဂ္ဂိုလ်၊ ပြစ်ဒဏ်သင့်နေသော အကျဉ်းသားများ ကိုယ်စားလှယ်လောင်းဖြစ် ခွင့်မရှိသောပုဂ္ဂိုလ်များတွင်ပါဝင်သည်။</td>
</tr>
<tr>
<td colspan="4">နိုင်ငံရေးအရ လုပ်ခွင့်သာမှုနှင့် မဲဆွယ်စည်းရုံးရေးကာလ</td>
</tr>
<tr>
<td>• မြန်မာနိုင်ငံမှ ဥပဒေမူဘောင်သည် လွတ်လပ်စွာ ဆန္ဒထုတ်ဖော်ခွင့်နှင့် အသင်းအပင်းဖွဲ့စည်းခွင့်များကို လုံလောက်စွာ အကာအကွယ်ပေးထားခြင်းမရှိပါ။<br>ထိရှလွယ်သော အကြောင်းအရာများကို သတင်းရေးသားခြင်း အပါအဝင် ကန့်သတ်ချက်များနှင့် ရှင်းလင်းတိကျမှုမရှိသော မီဒီယာဥပဒေရှိနေခြင်းကိုက လက်တုန့်ပြန်မှုကိုသာ ဖြစ်စေနိုင်ပြီး သတင်းထောက် များသည် အကာအကွယ်အနည်း အကျဉ်းသာရရှိသည်။<br>• ရုပ်မြင်သံကြားများတဆင့် ပါတီများ၏ မဲဆွယ်စည်းရုံးရေးနှင့် ပတ်သက်၍ ပါဝင်သည့် အကြောင်းအရာကို UEC ထံ ကြိုတင်၍ အတည်ပြုချက်ရယူရသည်။<br>• လက်ဆောင်ပေးခြင်း၊ အလှူငွေထည့်ဝင်ခြင်း ပုံစံမျိုးဖြင့်လည်းကောင်း၊ (သို့) မဲဆန္ဒရှင်များအား ငွေကြေးတိုက်ရိုက်ပေးအပ်ခြင်း ဖြင့်လည်းကောင်း အစရှိသည့် မဲဝယ်ယူခြင်းနှင့်ပတ်သက်သော လုပ်ရပ်များအား တစ်နိုင်ငံလုံးအနှံ့မှ ANFREL လေ့လာစောင့်ကြည့်သူများထံသို့ သတင်းပေးမှုများရှိသည်။</td>
<td>• ရွေးကောက်ပွဲများနှင့် မဲဆွယ်စည်းရုံးမှုအတွက် အချိန်ဇယားအပါအဝင် ရွေးကောက်ပွဲလုပ်ငန်းစဉ်တွင် ပါဝင်သည့်အစိတ်အပိုင်းများကို စည်းမျဉ်းစည်းကမ်းသတ်မှတ်ရန် ရွေးကောက်ပွဲဥပဒေများကို ပြင်ဆင်သင့်သည်။<br>• ဒီမိုကရက်တစ်ရွေးကောက်ပွဲများကို ကျင်းပနိုင်သည့် ပတ်ဝန်းကျင်မျိုး ဖြစ်စေရန် အခြေခံဥပဒေ၌ လွတ်လပ်စွာ အသင်းအပင်းဖွဲ့စည်းခွင့်၊ စည်းရုံးလှုပ်ရှားခွင့်နှင့် ဆန္ဒထုတ်ဖော်ခွင့်တို့အား လက်တွေ့ကျင့်သုံးရေးကို အာမခံပေးထားသင့်သည်။<br>• ကြိုတင်အတည်ပြုချက်ရယူရေး အတွက် မရှိသင့်သော အကန့်အသတ်များ (သို့) လိုအပ်ချက်များရှိမနေဘဲ ကိုယ်စားလှယ်လောင်းများနှင့် နိုင်ငံရေးပါတီများအား မဲဆွယ်စည်းရုံး ခွင့်ပေးသင့်သည်။<br>• ဝင်ရောက်ယှဉ်ပြိုင်သော ကိုယ်စားလှယ်လောင်းများ မီဒီယာကို လွတ်လပ်စွာ အသုံးပြုနိုင်ရန် မိန့်ခွန်းပါ အကြောင်းအရာကို ကြိုတင်အတည် ပြုချက်တောင်းယူခြင်းမျိုးမရှိရန် လိုအပ်သည်။<br>• အရပ်ဖက်အစည်းအဖွဲ့နှင့် သတင်းထောက်များအား စော်ကားမှုကို ကြောက်ရွံ့ရမှု၊ တားဆီးပိတ်ပင်ခံရမှု (သို့) လက်တုန့်ပြန်ခြင်းခံရမှုတို့မှ ကင်းဝေးပြီး လွတ်လပ်စွာ အလုပ်လုပ်နိုင်ခွင့်ကို အကာအကွယ်ပေးသည့် ဥပဒေပြဋ္ဌာန်းချက်မျိုး ထွက်ပေါ်အောင် ဆောင်ရွက်သင့်သည်။</td>
<td>• လက်ရှိ ဥပဒေမူဘောင်သည် လွတ်လပ်စွာ ထုတ်ဖော်ခွင့်နှင့် အသင်းအပင်း ဖွဲ့စည်းခွင့်ကိုကာကွယ်ပေးထားခြင်းမရှိသေးပါ။<br>• အဓိကပုဂ္ဂိုလ်များနှင့် တွေ့ဆုံမေးမြန်းမှုများအရ ယခု ၂၀၁၇ ကြားဖြတ်ရွေးကောက်ပွဲ၌ နိုင်ငံရေးပါတီများသည် ၎င်းတို့၏ ရွေးကောက်ပွဲဆိုင်ရာ စာရွက်စာတမ်းများကို UEC သို့ တင်သွင်း၍ အတည်ပြုချက်ရယူခြင်းမျိုး မလိုတော့ဟုသိရသည်။ သို့သော် လေ့လာသူများက အချို့သောနေရာများ၌ ယင်းလုပ်နည်းလုပ်ဟန်မျိုး ဆက်လက်ရှိနေသေးကြောင်း တွေ့ရှိခဲ့သည်။<br>• စေ့စပ်ညှိနှိုင်းရေးကော်မတီသည် အချိန်ဇယားကို ဆွေးနွေးရန် နိုင်ငံရေးပါတီများအားလုံးကို ဖိတ်ခေါ်ခဲ့သည်။<br>• UEC သည် ရွေးကောက်ပွဲလုပ်ငန်းများဆိုင်ရာ အချိန်ဇယားကို ဒေသသတင်းစာများ၌သာ ထုတ်ပြန်ကြေညာခဲ့ရာ ယင်းသည်ပြည့်ပြည့်စုံစုံလွှမ်းခြုံပါဝင်ခြင်းမရှိပေ။<br>• ၂၀၁၇ကြားဖြတ်ရွေးကောက်ပွဲ၏ မဲဆွယ်စည်းရုံးရေးပတ်ဝန်းကျင်တစ်ခုလုံးကို တိုးတက်မှုရှိသည်ဟု အဆင့်သတ်မှတ်၍ရသော်လည်း ယင်းကို ၂၀၁၅ အထွေထွေရွေးကောက်ပွဲနှင့် နှိုင်းယှဉ်ကြည့်ပါက "အရောင်အသွေး" စုံလင်လှခြင်းမရှိခဲ့ပါ။<br>• မဲဆွယ်စည်းရုံးရာတွင် လိုက်နာရမည့်အစိတ်အပိုင်း အများစုကို ၂၀၁၅ ၌ နိုင်ငံပါတီများနှင့် UEC တို့က သဘောတူညီခဲ့သော "နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများအတွက် လိုက်နာရမည့်ကျင့်ဝတ်" တွင် ရေးသားထားသည်။<br>• မဲဆွယ်စည်းရုံးရေး ပတ်ဝန်းကျင်သည်ရှမ်းပြည်နယ်တွင်း ပဋိပက္ခဖြစ်ရာဒေသများ အပါအဝင်နေရာအများစုတွင် ယေဘုယျအားဖြင့် တည်ငြိမ်အေးချမ်းမှုရှိသည်။<br>• မဲဝယ်ခြင်းကိစ္စရပ်မျိုး တွေ့ရှိခဲ့ခြင်းမရှိပါ။</td>
<td>• လက်ရှိ ဥပဒေမူဘောင်မှာ လွတ်လပ်စွာ ထုတ်ဖော်ခွင့်နှင့် အသင်းအပင်းဖွဲ့စည်းမှုကို ကာကွယ်ပေးထားနိုင်ခြင်းမရှိသေးပါ။ (မီဒီယာ၏ အခန်းကဏ္ဍနှင့် ပတ်သက်၍ ရွေးကောက်ပွဲဥပဒေများတွင် ရည်ညွှန်းထားခြင်းမရှိပါ။) တွေ့ဆုံမေးမြန်းမှုများအရ မီဒီယာများက လက်ရှိ မီဒီယာလွတ်လပ်ခွင့်မှာ ယခင် အာဏာရှင်အစိုးရ လက်ထက်နှင့် နှိုင်းယှဉ်လျှင် (အစိုးရနှင့် အစိုးရခေါင်းဆောင်များကို ပွင့်လင်းစွာ ဝေဖန်ခြင်းမရှိသေးသ၍) ပိုမိုလွတ်လပ်သည်ဟု ထင်မြင်ယူဆကြပြီး ဆက်သွယ်ရေးဥပဒေ၊ ပုဒ်မ ၆၆ မှာ မီဒီယာများအား အကျဉ်းကျခံရသည်အထိ ခြိမ်းခြောက်နိုင်သော၊ ဖိအားပေးရန်အသုံးပြုသည့် ပုဒ်မဖြစ်သည်ဟုဆိုသည်။<br>• ပြည်နယ်နှင့်တိုင်းဒေသကြီး အများစုတွင် ကိုယ်စားလှယ်လောင်းများနှင့် နိုင်ငံရေးပါတီများ၏ ၂၀၁၇ ကြားဖြတ်ရွေးကောက်ပွဲအတွက် မဲဆွယ်စည်းရုံးရေးလုပ်ငန်းစဉ်များသည် ၂၀၁၅ အထွေထွေရွေးကောက်ပွဲနှင့် နှိုင်းယှဉ်ပါက စိတ်အားထက်သန်မှုနည်းပါး သည်ကို ANFREL က သတိပြုမိခဲ့ပြီး မဲလာပေးသောဦးရေ နည်းခြင်းက သက်သေဖြစ်သည်။<br>• ကိုယ်စားလှယ်လောင်း အများစုက ယခုရွေးကောက်ပွဲ ကာလအတွင်း မဲဆွယ်စည်းရုံးရေးမှာ ယခင် ၂၀၁၅ အထွေထွေရွေးကောက်ပွဲနှင့် နှိုင်းယှဉ်ပါကပို၍ သက်တောင့်သက်သာရှိသည်ဟု ခံစားရကြောင်းဆိုသည်။</td>
</tr>
<tr>
<td colspan="4">အမျိုးသမီးများနှင့် တိုင်းရင်းသားအုပ်စုများ၏ ပါဝင်မှု</td>
</tr>
<tr>
<td>• အမျိုးသမီးနှင့် တိုင်းရင်းသား အုပ်စုများ တန်းတူညီမျှစွာ ပါဝင်မှုမရှိ။<br>• အမျိုးသားများသာ လွှမ်းမိုးသည့် အစဉ်အလာ စနစ်များက စိုးမိုးထားခြင်းနှင့် တပ်ကခန့်အပ်သည့် လွှတ်တော်ကိုယ်စားလှယ်အချိုးအစားတွင် ကျား၊ မ တန်းတူညီမျှမှုမရှိခြင်း အပါအဝင် အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်လောင်းများနည်းပါးခြင်း။</td>
<td>• တန်းတူညီမျှစွာ ပါဝင်မှုတွင် နိုင်ငံတကာစံနှုန်းများနှင့်အညီ သိသာထင်ရှားသော တိုးတက်မှုများရရှိရန် မြန်မာနိုင်ငံ၏ လွှတ်တော်၊ နိုင်ငံရေးပါတီများနှင့် အရပ်ဖက်အဖွဲ့အစည်းများအား တိုက်တွန်းအားပေးသင့်သည်။ အထူးသဖြင့် အမျိုးသမီး ကိုယ်စားလှယ်လောင်းများ ပိုမိုရှိလာစေရေးနှင့် ရွေးကောက်ခံ အမျိုးသမီးဦးရေ ပိုမိုများပြားလာရေးတို့ဖြစ်သည်။ ယင်းတွင် အမျိုးသမီး ကိုယ်စားလှယ်လောင်း များအတွက် မဲဆွယ်စည်းရုံးရေးဆိုင်ရာ ဘဏ္ဍာငွေ မက်လုံးများနှင့် နိုင်ငံရေးပါတီများအတွက် အမျိုးသမီး ကိုယ်စားလှယ် လောင်းများ၏သင်တန်း</td>
<td>• မြန်မာနိုင်ငံ၌နိုင်ငံရေးတွင် အမျိုးသမီးများပါဝင်မှုမှာအကန့်အသတ်ရှိနေသည်။ ယေဘုယျအားဖြင့် ၂၀၁၇ တွင် အမျိုးသမီးများ၏ပါဝင်မှုကို (၁၇.၇%) ၂၀၁၅ တွင် (၁၃.၂%) ၂၀၁၀ တွင် (၄.၁၃%) တို့နှင့် နှိုင်းယှဉ်ပါက တိုးတက်မှုရှိနေသည်။ အမျိုးသမီးအများစုများမှာမဲပေးခွင့်ရှိသူများ ဖြစ်သော်လည်း အမျိုးသမီးကိုယ်စားလှယ် ဦးရေမှာ နည်းပါးလျက်ရှိ နေပါသေးသည်။</td>
<td>• မြန်မာအစိုးရက ရွေးကောက်ပွဲတွင် အမျိုးသမီးများ ပိုမိုပါဝင်လာရေးအတွက် တိုက်တွန်းအားပေးသင့်သည်။ ရွေးကောက်ပွဲတွင် အခြားသော တိုင်းရင်းသားအုပ်စုများ ပါဝင်မှုနှင့် ပတ်သက်၍ တိုးတက်မှု များစွာမရှိပါ။<br>• လွှတ်တော်အတွင်း အမျိုးသမီးများ၏ ကိုယ်စားပြုမှုကို မြှင့်တင်ရန် "ဆန္ဒအလျှောက် ခွဲတမ်း" ဖြင့် အမျိုးသမီး ကိုယ်စားလှယ်ဦးရေ ခွဲတမ်းအရေအတွက်ကို သတ်မှတ်သင့်သည် - တစ်ပါတီချင်းစီ၏ ပါတီတွင်း စည်းမျဉ်းစည်းကမ်းများက အမျိုးသမီး ကိုယ်စားလှယ်ဦးရေခွဲတမ်းကို ဆုံးဖြတ်သတ်</td>
</tr>
</table>

| | | | |
|---|---|---|---|
| | ကို ထောက်ပံ့ရန် မက်လုံးများကဲ့သို့သော အရာများပါဝင်သည်။<br>• အဆင့်အားလုံး၌ ရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များကို ခန့်အပ်ရာတွင် ကျား၊ မ တန်းတူညီမျှစွာ ခန့်အပ်ရေးဆိုင်ရာ လိုအပ်ချက်များကို မိတ်ဆက်သင့်သည်။ | • အမျိုးသမီး ၅၆.၅% သည် UEC နှင့် အလုပ်လုပ်ကြသည်။<br>• NLD အစိုးရလက်ထက်တွင် မတ် ၃၀ ၂၀၁၇ ၌ ခန့်အပ်ထားသော ဥက္ကဋ္ဌအပါအဝင် ကော်မရှင် အဖွဲ့ဝင် ငါးဦးလုံးမှာ အမျိုးသားများချည်းဖြစ်သည်။ | မှတ်သည်။ |
| **မဲဆွယ်စည်းရုံးရေး ဘဏ္ဍာငွေ** | | | |
| • မဲဆွယ်စည်းရုံးရေးဘဏ္ဍာငွေဆိုင်ရာ စည်းမျဉ်းစည်းကမ်းတွင်စောင့်ကြည့်လေ့လာမှုနှင့် ပွင့်လင်းမြင်သာမှုများတိုးတက်ရန် လိုအပ်နေသည်။<br>မဲဆွယ်စည်းရုံးရေးဝင်ငွေနှင့်အသုံးစရိတ်များကို လေ့လာစောင့်ကြည့်ရန်အတွက် မည်သည့်စနစ်မှမရှိပါ။ | • မဲဆွယ်စည်းရုံးရာတွင် ဘာသာရေးအားလွဲမှားစွာ အသုံးချမှုများကို ချက်ခြင်းကိုင်တွယ်သင့်သည်။ စောင့်ကြပ်ရေးစနစ်မှလည်းကောင်း၊ မဲဆွယ်စည်းရုံးရေးအကြို ကာလတွင် နိုင်ငံရေးပါတီများနှင့် ကိုယ်စား လှယ်လောင်းများ၏ သုံးစွဲမှုကို စည်းမျဉ်းစည်းကမ်း သတ်မှတ်၍လည်းကောင်း၊ တစ်ဦးချင်းလှူဒါန်းမှု ပမာဏကို ကန့်သတ်၍လည်းကောင်း၊ သတ်မှတ်ထားသောပမာဏအထိ လှူဒါန်းသူအလှူရှင်ကို အများသိစေခြင်းဖြင့်လည်းကောင်း မဲဆွယ်စည်းရုံးရေးဘဏ္ဍာငွေအစီရင်ခံစာကို ပုံနှိပ်ထုတ်ဝေခြင်းဖြင့်လည်းကောင်း၊ မဲဆွယ်စည်းရုံးရေးဆိုင်ရာ ဘဏ္ဍာငွေစည်းမျဉ်းစည်းကမ်းများကို ချိုးဖောက်ခြင်းအတွက် အရေးယူအပြစ်ပေးမှုများကို မိတ်ဆက်ခြင်းဖြင့်လည်းကောင်း၊ အစရှိသည် တို့မှတဆင့် ရွေးကောက်ပွဲ ဘဏ္ဍာငွေ စည်းမျဉ်းစည်းကမ်းများ၏ ထိရောက်မှုကို မြှင့်တင်နိုင်သည်။<br>• မဲဆွယ်စည်းရုံးရေးဆိုင်ရာ အသုံးစရိတ်များကို ကြီးကြပ်ခြင်းနှင့် စာရင်းစစ်ခြင်း။ | • မဲဆွယ်စည်းရုံးရေးဘဏ္ဍာငွေဆိုင်ရာ စည်းမျဉ်းစည်းကမ်းနှင့် အကောင်အထည်ဖော်မှုတွင် တိုးတက်မှုများမရှိပါ။ | • မြန်မာနိုင်ငံတွင်မဲဆွယ်စည်း ရုံးရေး ဘဏ္ဍာငွေနှင့်ပတ်သက်၍ ပွင့်လင်းမြင်သာမှုမှာ နိုင်ငံတကာ စံနှုန်းများ နှင့် အလှမ်းဝေးနေပါသေးသည်။ သို့သော် UEC က ကိုယ်စားလှယ်လောင်းများ နှင့် နိုင်ငံရေးပါတီများအ တွက်မဲဆွယ်စည်းရုံးရေး ဘဏ္ဍာငွေနှင့်ပတ်သက်၍ မကြာခဏမေးလေ့ရှိသော မေးခွန်းများ စာအုပ် (အထူး သဖြင့် ၂၀၁၇ ကြားဖြတ်ရွေး ကောက်ပွဲအတွက်) ကိုထုတ်ဝေခဲ့သည်။<br>• မဲဆွယ်စည်းရုံးရေးရန်ပုံငွေ ဆိုင်ရာ စည်းမျဉ်းစည်းကမ်း ကိုအရေးတယူကျင့်သုံးခြင်းမရှိပါ။ လှူဒါန်းမှုများနှင့် သုံးစွဲမှုများအပေါ် စည်းမျဉ်းစည်းကမ်း သတ်မှတ်ခြင်း အပါအဝင် ပို၍ပြည့်စုံသော မဲဆွယ်စည်းရုံးရေးဆိုင်ရာ ဘဏ္ဍာငွေဥပဒေက အထောက်အကူပြုပါလိမ့်မည်။ |
| **မဲဆန္ဒရှင်ပညာပေးခြင်း** | | | |
| • UEC က မဲဆန္ဒရှင်ပညာပေးခြင်းကို ၎င်းတို့၏ လုပ်ပိုင်ခွင့် အစိတ်အပိုင်းအဖြစ် မိမိကစ၍ လုပ်ရမည်ဟုစဉ်းစားမထားပါ။ ၎င်းတို့သည် အရပ်ဘက်အဖွဲ့အစည်းများကိုသာ ကြီးစွာမှီခိုသည်။ | • အရပ်ဖက်အဖွဲ့အစည်းနှင့်အတူ အပေါင်းလက္ခဏာဆောင်သည့် ပူးပေါင်းဆောင်ရွက်မှုအပေါ် အခြေခံကာ နောင်လာမည့် ရွေးကောက်ပွဲ များတွင်မဲဆန္ဒရှင်ပညာပေးခြင်းဆိုင်ရာ လုပ်ငန်းများတိုးမြှင့်သင့်သည်။<br>• အရပ်ဖက်အဖွဲ့အစည်းများသည် စည်းမျဉ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့် ပတ်သက်၍ နောက်ဆုံးရ သတင်းအချက်အလက်များ အချိန်မီ ရရှိရန် UEC က သေချာအောင် ဆောင်ရွက်သင့်သည်။<br>• UEC က မဲဆန္ဒရှင်များနှင့် တိုက်ရိုက်ထိတွေ့မှုမျိုးကို ပိုမိုတက်တက်ကြွကြွဆောင်ရွက်သင့်သည်။ | • UEC သည် မဲဆန္ဒရှင်ပညာပေးလုပ်ငန်းများကို လုပ်ဆောင်ရန် မီဒီယာနှင့် အရပ်ဖက်အဖွဲ့အစည်းများကို မှီခိုနေရသည်။ (မဲဆန္ဒရှင် ပညာပေးအစီအစဉ်အတွက် အရပ်ဖက်အဖွဲ့အစည်း ၁၅ ဖွဲ့သည် UEC နှင့် MoU ထိုးထားကြသည်။)<br>• UEC က မဲဆန္ဒရှင်ပညာပေးအစီအစဉ်ကို ပိုစတာအနည်းငယ်ဖြင့်သာပြသခဲ့သည်။ (မဲဆန္ဒရှင်စာရင်း လက်ကမ်းစာစောင် ၂၂၈,၀၀၀၊ မဲဆန္ဒရှင်စာရင်း ပိုစတာ ၂၃,၀၀၀၊ ဘယ်လိုမဲပေးရမလဲ လက်ကမ်းစာစောင် ၂၁၇,၀၀၀၊ လှုံ့ဆော်သည့်ပိုစတာ ၂၃,၅၀၀နှင့် ယင်းပိုစတာ မျိုးကို ရှမ်း၊ မွန်၊ ရခိုင်၊ လိုင်၊ ကရင်နီ အစရှိသောတိုင်းရင်းသားဘာသာ စကားငါးမျိုးဖြင့်ရေးသားထားသည့် ပိုစတာ ၅၇၅၀ ခု) | • မြန်မာနိုင်ငံ၌ ကျင်းပပြုလုပ်သော ရွေးကောက်ပွဲကို လွတ်လပ်၍ တရားမျှတပြီး နိုင်ငံတကာစံနှုန်းများနှင့်အညီဖြစ်စေရန် UEC က မဲဆန္ဒရှင် ပညာပေး အစီအစဉ်များတွင် ပို၍အရေးပါသော အခန်းကဏ္ဍမှ ပါဝင်ရမည်ဖြစ်သည်။ ယခု ၂၀၁၇ ကြားဖြတ်ရွေးကောက်ပွဲအတွက် UEC သည် ယင်းတာဝန်ကို အရပ်ဖက်အဖွဲ့အစည်းများကိုသာ မှီခိုနေရဆဲဖြစ်သည်။ |
| **ကြိုတင်မဲပေးခြင်း** | | | |
| • ၂၀၁၀ နှင့် နှိုင်းယှဉ်ပါက ၂၀၁၅ ၌ ကြိုတင်မဲပေးမှုမှာ များစွာတိုးတက်မှုများရှိလာခဲ့သော်လည်း နေရာအချို့တွင် ပြဿနာရှိသည့် အပိုင်းများလည်းတွေ့ရသည်။<br>• ကြိုတင်မဲပေးပေးခြင်းဖြစ်စဉ်မှာ (အထူးသဖြင့် တပ်မတော်သားများအတွက်) မဲဆန္ဒနယ် အတွင်းရော၊ ပြင်ပပါ နှစ်ခုစလုံးတွင် ပွင့်လင်းမြင်သာမှုမရှိပါ။<br>• အကောင်အထည်ဖော်ရာတွင် ကွဲပြားမှုများကြီးကြီးမားမားရှိနေသည်။ | • တပ်မတော်သားများအပါအဝင် ကြိုတင်မဲပေးရန် တောင်းဆိုသော မဲဆန္ဒရှင်စာရင်းကို ထုတ်ပြန်ခြင်း။<br>• ပေးပို့သော မဲပြားများနှင့် လက်ခံရရှိမှုကို ရေတွက်ခြင်း။<br>• ကြိုတင်မဲပေးရန် တောင်းဆိုမှုကို စစ်ဆေးရန် ခွင့်ပြုခြင်း၊ တောင်းဆိုသည့် အရေအတွက်နှင့် ကြိုတင်မဲပေး၍ ရသည့် နေရာများကို ထုတ်ပြန်ကြေညာခြင်း။<br>• မဲဆန္ဒနယ်တွင်း ကြိုတင်မဲပေးမည့် မဲဆန္ဒရှင်များအား မင်တို့ခြင်း၊ ရွေးကောက်ပွဲနေ့တွင် အသုံးပြုမည့် မဲဆန္ဒရှင်စာရင်း၌ ကြိုတင်မဲပေးသူများအား စာရင်းမှ ဖယ်ရှားခြင်း။<br>• မဲပေးခြင်းအပါအဝင် ကြိုတင်မဲပေးမှုအားလုံးကို အသိအမှတ်ပြု ခံထား ရသော လေ့လာစောင့်ကြည့် သူများ နှင့် ပါတီ/ လွှတ်တော် အမတ်လောင်း၏ ကိုယ်စားလှယ်များအား ပြည့်ပြည့်ဝဝ စောင့်ကြည့်လေ့လာခွင့်ပေးသင့်သည်။<br>• တပ်က မဲပေးခြင်းအပါအဝင် ကြိုတင်မဲပေးခြင်းအပေါ် လေ့လာစောင့်ကြည့်မှုများအတွက် ဥပဒေပြဋ္ဌာန်းပေးခြင်း။ | • ကြိုတင်မဲပေးခြင်းဆိုင်ရာ စည်းမျဉ်းများမှလွဲ၍ ဥပဒေမူဘောင်အတွင်း မည်သည့်ပြောင်းလဲတိုးတက်မှုမှမရှိသေးပါ။<br>• ကြိုတင်မဲပေးခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် အချိန်ဇယားသည်ရှင်းလင်းမှု မရှိပါ။<br>• ပြီးပြည့်စုံသော ကြိုတင်မဲပေးမည့်ဆန္ဒရှင်စာရင်း မရရှိပါ။<br>• အကောင်အထည်ဖော်မှုတွင် ကွဲပြားမှုများတွေ့ရှိနေသေးသည်။<br>• မဲဆန္ဒနယ်အတွင်း ကြိုတင်မဲထည့်သူများစာရင်းကို ရွေးကောက်ပွဲနေ့တွင် မဲရုံများ၌ ထုတ်ပြန်ကြေညာခဲ့သည်။<br>• စောင့်ကြည့်လေ့လာသူများအား နေရာနှင့်အချိန် ရှင်းလင်းတိကျမှုမရှိခြင်းကြောင့် မဲဆန္ဒနယ် ပြင်ပကြိုတင်မဲပေးခြင်းမှလွဲ၍ ကြိုတင်မဲပေးခြင်းကိုစောင့်ကြည့်လေ့လာခွင့်ပေးသည်။ | • ကြိုတင်မဲပေးခြင်းသည် ပြဿနာအရှိဆုံး ကိစ္စရပ် ဖြစ်နေသေးသည်ဟု သတ်မှတ်ခဲ့သည်။ ဥပဒေမူဘောင်ထဲတွင် အပြောင်းအလဲများ မရှိပါ။ အရေးအကြီးဆုံးမှာ အကောင်အထည်ဖော်မှုသည်တစ်နိုင်ငံလုံးအနှံ့ တူညီမှုမရှိခြင်းဖြစ်သည်။<br>• လုပ်ငန်းစဉ်တွင် မသာမာမှု များ နည်းပါးစေရန်နှင့် လူထု၏ ယုံကြည်မှုမြင့်မားလာစေရန် ကြိုတင်မဲပေးခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ပြန်လည်သုံးသပ် သင့်သည်။<br>• တပ်၏ ကြိုတင်မဲပေးမှုတွင် ပွင့်လင်းမြင်သာမှုမရှိသေးပါ |
| **ရွေးကောက်ပွဲနေ့** | | | |
| • မဲပေးရာတွင် ယခင်ယာယီမှတ်ပုံတင်ကဒ် ကိုင်ဆောင်ထားသူထောင်ရာနှင့်ချီသည် မဲပေးခွင့်ဆုံးရှုံးခဲ့ရသည်။<br>• ရွေးကောက်ပွဲနေ့၌ လူထုထပ်လွန်ခြင်း (သို့မဟုတ်) အစီအစဉ်မကျခြင်းတို့သည် မဲပေးရာတွင် နှောင့်နှေးကြန့်ကြာစေပြီး အချို့နေရာများတွင် လျှို့ဝှက်မဲများ ပေါက်ကြားစေနိုင်ပါသည်။<br>• မဲရုံအရာရှိများအား သင်တန်းပေးမှုညံ့ဖျင်းကြောင့် မဲပေးသည့် | • ရွေးကောက်ပွဲ စည်းမျဉ်းစည်းကမ်း များက ရွေးကောက်ပွဲစောင့်ကြည့် လေ့လာရေးအတွက် ရွေးကောက်ပွဲ ဖြစ်စဉ်ကြီးတစ်ခုလုံးကို လေ့လာနိုင်ရန် အာမခံပေးသင့်သည်။<br>• မသန်စွမ်းသူများအား မဲရုံများတွင် မဲပေးနိုင်အောင် တိုးမြှင့်ဆောင်ရွက်နေခြင်းကို ဆက်လက်လုပ်ဆောင်သင့်သည်။ အကန့်အသတ်များရှိနေသော နေရာများ (သို့မဟုတ်) လာလို့မရခြင်းတို့ရှိ၍ နေရာပြန်လည် သတ်မှတ်သင့်သည် (သို့မဟုတ်) သင့်လျော် | • ၂၀၁၅ ကဲ့သို့ပင် UEC သည် ၂၀၁၇ မြန်မာနိုင်ငံ ကြားဖြတ်ရွေးကောက်ပွဲ - ရွေးကောက်ပွဲ လုပ်ထုံးလုပ် နည်းများတွင် အပြောင်းအလဲများ ပါဝင်သည့် မဲရုံမှူး၊ မဲရုံတာဝန်ခံနှင့် မဲရုံဝန်ထမ်းများ ဆိုင်ရာ လက်စွဲစာအုပ်ကို ထုတ်ဝေခဲ့သည်။<br>• မဲဆန္ဒရှင်များမည်သူ့ကိုမဲပေးခဲ့သလဲဆိုသည်ကို ရှင်းရှင်းလင်းလင်း ရှိနေသေးသ၍ | • ခိုင်မာသော စည်းမျဉ်း စည်းကမ်းများကို ပြုပြင်ပြောင်းလဲမှု မပြုလုပ်ခြင်းကလွဲ၍ UEC ကထုတ်ပြန်သော နည်းစနစ်ပိုင်းဆိုင်ရာလုပ် ထုံးလုပ်နည်းများက ပိုမိုကောင်းမွန်သောရွေးကောက်ပွဲနေ့ဖြစ်စဉ် ဖြစ်ပေါ်စေကြောင်းကိုသက်သေပြခဲ့သည်။<br>• ရွေးကောက်ပွဲနေ့ဖြစ်စဉ်သည် လုပ်ထုံးလုပ်နည်း တသမတ်တည်းရှိမှုနှင့် ပတ်သက်၍ တိုးတက်မှုကို ပြသခဲ့သည်။ မဲရုံအရာရှိများသည် ၎င်းတို့၏ အလုပ်တာဝန်နှင့်ပတ်သက်၍ ဗဟုသုတများ |

| | | | |
|---|---|---|---|
| လုပ်ထုံးလုပ်နည်းများ မှားယွင်း။<br>• မဲရုံများသည် ရုံဖန်ရုံခါတွင် မသန်စွမ်းသူ မဲဆန္ဒရှင်များအတွက် လွယ်လင့်တကူအသုံးပြုနိုင်ခြင်း မရှိပါ။<br>• မဲရေတွက်ခြင်းအတွက် ဥပဒေများက ရှင်းလင်းမှုမရှိခြင်းက မဲကို ခွဲခြားရာ၌ အမှားများဆီသို့ ဦးတည်သွားသည်။<br>• မဲရေတွက်မှု ထက်ဝက်ကျော်သည် ပယ်မဲများ ဖြစ်နေရခြင်းမှာ တံဆိပ်ရာနှစ်ခုဖြစ်နေသော မဲများအား ပယ်မဲဖြစ်သည်ဟု တင်းကျပ်စွာ ညွှန်းကြားထားခြင်းကြောင့်ဖြစ်သည်။<br>• လေ့လာစောင့်ကြည့်သူများနှင့် ပါတီကိုယ်စားလှယ်လောင်းများ သည်ရလဒ်မိတ္တူများကို ကူးယူခွင့် မရှိပါ။ မဲဆန္ဒနယ် ပြင်ပ ကြိုတင်မဲပေးမှုကို လေ့လာစောင့်ကြည့်၍ မရနိုင်ခြင်း။<br>• ရွေးကောက်ပွဲ စီမံခန့်ခွဲမှုများသည် အချို့နေရာများတွင် ရွေးကောက်ပွဲ ပယ်ဖျက်ခြင်းနှင့် ပတ်သက်သော ဆုံးဖြတ်ချက်ကို ရှင်းလင်းမှု အပါအဝင် ပွင့်လင်းမြင်သာမှု လုံလုံလောက်လောက်မရှိခဲ့ပါ။ | သောနေရာများပေးသင့်သည်<br>• မဲရုံဝန်ထမ်းများ၏ အရည်အချင်းကို မြှင့်တင်ရန်နှင့် လုပ်ငန်းစဉ်ပို၍ထိရောက်မှုရှိစေရန် အာဏာပိုင်များ သည် လုပ်ထုံးလုပ်နည်းများကို ရှင်းရှင်းလင်းလင်းသိရှိရန် မဲရုံဝန်ထမ်းများအတွက် အခွင့်အလမ်းများကို ပေးအပ်သည့် အနေဖြင့် အရည်အသွေး မြှင့်တင်ရေး သင်တန်းများကို ဆောင်ရွက်ပေးသင့်သည်။<br>• ခိုင်လုံမဲ၊ ပယ်မဲများကို ရှင်းလင်းစွာ လမ်းညွှန်ခြင်း<br>• မဲဆန္ဒရှင်သက်သေခံကတ်ပြားကိုအသုံးပြုမှုအား ပုံစံတကျဖြစ်စေရန်နှင့် တစ်ပုံစံတည်းအသုံးပြုရန် ဆောင်ရွက်ပေးသင့်သည်။ | မဲပြားပေါ်တွင် တံဆိပ် နှစ်ခါ ရိုက်ခြင်းကို လက်သင့်ခံခြင်း အစရှိသည့် နည်းစနစ်ပိုင်း/ ရွေးကောက်ပွဲ လုပ်ထုံး လုပ်နည်းများတွင် တိုးတက်မှုရှိခြင်းမှလွဲ၍ ဥပဒေမူဘောင်တွင် ဘာမှပြောင်းလဲခြင်းမရှိသေးပါ။<br>• UEC က မဲရုံများတွင် မဲဆန္ဒရှင်များပြားလွန်ခြင်းကို ကိုင်တွယ်ဖြေရှင်းရန် ကြိုးစားခဲ့သည်။ သို့သော် မဲလာပေးသူနည်းပါးသဖြင့် ရလဒ်ကို သုံးသပ်ခြင်းမပြုနိုင်ပါ။<br>• မသန်းစွမ်းသူများ မဲပေးရန် လွယ်ကူသော မဲရုံများ ဖွင့်ခဲ့သည်။<br>• မဲဆန္ဒရှင်စာရင်းကို ဖြည့်စွက်ပြင်ဆင်ခြင်း အားထုတ်ကြိုးပမ်းမှုများအပြင် မဲဆန္ဒရှင် စာရင်းအမှားပြင်ဆင်မှုကို အထောက်အကူဖြစ်စေရန် ပုံစံ ၁၂ ကို UEC က ဆောင်ရွက်ပေးထားသည်။ မဲဆန္ဒရှင်များသည် ၎င်းတို့၏ လွှတ်တော် မဲဆန္ဒနယ်အသီးသီးတွင် နေထိုင်သည့် အိမ်ကို အထောက်အထားပြနိုင်သ၍ မဲပေးနိုင်သည်။<br>• မဲရေတွက်ခြင်းသည် ရှေ့နောက်ညီညွတ်ခြင်းမရှိမှု အများဆုံးဖြစ်သည်ဟု တွေ့ရှိခဲ့သည်။ | ရှိပြီး တာဝန်များကို ဆောင်ရွက်ရာတွင် ယုံကြည် မှုရှိပုံပေါ်သည်။ သို့သော် အထူးသဖြင့် ကျေးရွာအုပ်စု/ ရပ်ကွက် အဆင့် ကော်မရှင် အဖွဲ့ခွဲများ အတွက်သင်တန်းများ ပြင်းပြင်းထန်ထန် ပေးအပ်ဖို့ လိုအပ်သည်။<br>• ပိုစတာများနှင့်မဲဆန္ဒရှင် ပညာပေးထောက်ကူပစ္စည်းများသည် ပညာမတတ်သူများနှင့် မြန်မာဘာသာစကားမပြော သူများအတွက် မထိရောက်ပါ။ |
| **ရလဒ်များကို ဇယားတွင် ရေးသွင်းခြင်းနှင့် ကြေညာခြင်း** | | | |
| • လုပ်ထုံးလုပ်များတွင် ရှုပ်ထွေးမှုများကြောင့် ရလဒ်များကို ဇယားတွင် ရေးသွင်းရာတွင် ရှေ့နောက်မညီမှုအချို့ရှိခဲ့သည်။ | • ဇယားတွင် ရေးသွင်းခြင်းလုပ်ငန်းစဉ်၏ ပွင့်လင်းမြင်သာမှုကို မြှင့်တင်ရန် မြို့နယ်ကော်မရှင်အဖွဲ့ခွဲအတွက် လုပ်ထုံးလုပ်နည်းများကို အသေးစိတ်ရှင်းလင်းရမည်။<br>• လေ့လာစောင့်ကြည့်သူများနှင့် ပါတီကိုယ်စားလှယ်များက လုပ်ငန်းစဉ်ကြီးတစ်ခုလုံးကို အပြည့်အဝလေ့လာနိုင်ခွင့်ရှိရန် လိုအပ်သည်။<br>• ရလဒ်များကို မဲရုံနှင့် မြို့နယ်အဆင့်များတွင်ချက်ခြင်းကြေညာသင့်သည်<br>• ထွက်ပေါ်လာသော ရလဒ်များကိုမဲရုံအလိုက် အွန်လိုင်း ကြည့်ရှုနိုင်ရန် ဆောင်ရွက် ပေးသင့်သည်။ | • ဇယားတွင် ရေးသွင်းခြင်းမှာ ပို၍ ပွင့်လင်းမြင်သာမှုရှိပြီး မြန်ဆန်သည်ဟု သတ်မှတ်သည်။ | • လေ့လာစောင့်ကြည့်သူများအား မဲရေတွက်ခြင်းမှသည် ဇယားအတွင်းရေးသွင်းခြင်းထိတိုင် အဆင့်တိုင်းတွင် ဖြစ်စဉ်ကြီး တစ်ခုလုံးကို စောင့်ကြည့်လေ့လာခွင့်ပေး သင့်သည်။ ရွေးကောက်ပွဲ ဆိုင်ရာမူဘောင်တွင်ရှင်းလင်းတိကျစွာ ဖော်ပြထားခြင်းမရှိပေ။ |
| **ရွေးကောက်ပွဲဆိုင်ရာ အငြင်းပွားမှု ဖြေရှင်းခြင်း** | | | |
| • UEC က အခွင့်အရေးချိုးဖောက်ခံရမှုများအတွက် ရောက်ရှိလာသော တိုင်ကြားမှုများကို ထိထိရောက်ရောက်နှင့် အချိန်မီဖြေရှင်းပေးမည်ဟု အာမမခံပေ။ အဘယ်ကြောင့်ဆိုသော် လွတ်လပ်သော တရားရေးအာဏာပိုင်သို့ အယူခံဝင်နိုင်ရေးအတွက် ဥပဒေ ပြဋ္ဌာန်းမထားခြင်း၊ အမှုတွဲများအတွက် နောက်ဆုံးပြီးရမည့် ကာလမှာ ရှည်လျားခြင်း၊ အမှုတွဲများကို ဖြေရှင်းရာတွင် ရှည်လျားသော နောက်ဆုံးရက် သတ်မှတ်ထားခြင်း၊ ရွေးကောက်ပွဲတာဝန်ရှိသူများ မမှန်မကန်ပြုမူမှုများ၏ ရလဒ်ကို စိန်ခေါ်နိုင်စွမ်းမရှိခြင်းနှင့် တရားစွဲဆိုမှု စရိတ်ကြီးမြင့်လွန်းခြင်းတို့ကြောင့်ဖြစ်သည်။ | • လုပ်ငန်းစဉ်တွင် ပါဝင်နိုင်ခွင့်အပေါ် ချမှတ်သော ဆုံးဖြတ်ချက်များနှင့် ရွေးကောက်ပွဲ ရလဒ်များအပေါ် စိန်ခေါ်မှုအပေါ် ဆုံးဖြတ်ချက်များအပါ အဝင် UEC ၏ ဆုံးဖြတ်ချက်များသည်အခြေခံ အခွင့်အရေးများအပေါ် သက်ရောက်မှုရှိပါက တရားရုံးသို့ အယူခံဝင်ခွင့်ရသင့်သည်။<br>• ရွေးကောက်ပွဲအလွန် အငြင်းပွားမှု ဖြေရှင်းခြင်းစနစ်ကို ပြန်လည်သုံးသပ်သင့်သည်။ ပါဝင်ပတ်သက်သူများ သက်တောင့်သက်သာဖြစ်စေသော၊ အမှုစွဲဆိုသည့် အခကြေးငွေပေးရန်ကို ပယ်ဖျက်သော၊ ပါဝင်ပတ်သက်သူများ၏ သွားလာရေး ခ ရီးအနည်းဆုံးဖြစ်စေသော အငြင်း ပွားမှုဖြေရှင်းခြင်းအတွက် တရားရုံး ပုံစံ ပြုလုပ်ပေးခြင်းဖြင့် တိုးတက်လာနိုင်ပါသည်။ | • ၂၀၁၇ ဇွန် ၁၂ ၌ NLD လွှတ်တော်ကိုယ်စားလှယ်လောင်းများအား တိုင်ကြားသည့် အမှု ၆ မှုကို တရားရုံးက ကြားနာခဲ့သည်။ USDP သို့ တိုင်ကြားသည့် အမှုတစ်ခုသာရှိသည်။<br>• ၂၀၁၅ ရွေးကောက်ပွဲ အထွေထွေညီလာခံ၌ ကြုံတွေ့ခဲ့ရသော ပြဿနာအချို့ကို ၂၀၁၇ ကြားဖြတ်ရွေးကောက်ပွဲတွင်လည်း တွေ့မြင်ခဲ့ရသည်။<br>• လူထုပါဝင်မှုနှင့် စိတ်ဝင်စားမှု အနည်းဆုံး ဖြစ်သည်။ | • ရွေးကောက်ပွဲ အငြင်းပွားမှုဆိုင်ရာ ဖြေရှင်းခြင်းနှင့် ပတ်သက်သော ရွေးကောက်ပွဲ ဥပဒေများတွင် ဘာမှပြောင်းလဲခြင်းမရှိပါ။<br>• ရွေးကောက်ပွဲတရားရုံးသည် လွတ်လပ်ရမည်ဖြစ်ပြီး ဥပဒေဆိုင်ရာ ဗဟုသုတနှင့် ကျွမ်းကျင်မှုများရှိသော အဖွဲ့ဝင်များ ပါဝင်ရမည် ဖြစ်သည်။<br>• လုပ်ငန်းစဉ်တွင် လူထုပါဝင်မှုကြီးစွာ ရှိရမည်ဖြစ်ကာ ပိုမိုကောင်းမွန်သော သတင်းအချက်အလက်ဖြန့်ဝေခြင်းလည်း ရှိသင့်သည်။ |

## နောက်ဆက်တွဲ ၁ - နေရာချထားမှုမြေပုံ

DEPLOYMENT MAP OF THE OBSERVERS



## နောက်ဆက်တွဲ ၂ - မှတ်ပုံတင်စာရင်းပေးသွင်းသော ကိုယ်စားလှယ် လောင်းများနှင့် ပါတီများ

### ပါတီ/တသီးပုဂ္ဂလကိုယ်စားလှယ်လောင်းများ

| စဉ် | ပါတီ/တသီးပုဂ္ဂလ | ပြည်သူ့ | အမျိုးသား | ပြည်နယ်/တိုင်း | ပေါင်း |
|---|---|---|---|---|---|
| ၁။ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၂ | ၁ | - | ၃ |
| ၂။ | လားဟူအမျိုးသားဖွံ့ ဖြိုးတိုးတက်ရေးပါတီ | - | - | ၂ | ၂ |
| ၃။ | ဒီမိုကရက်တစ်ပါတီ (မြန်မာပြည်) | ၃ | ၁ | - | ၄ |
| ၄။ | မွန်ဒေသလုံးဆိုင်ရာဒီမိုကရေစီပါတီ | ၁ | - | - | ၁ |
| ၅။ | ရှမ်းအမျိုးသားများဒီမိုကရေစီပါတီ | ၂ | - | ၅ | ၇ |
| ၆။ | ချင်းအမျိုးသားဒီမိုကရေစီပါတီ | - | ၁ | - | ၁ |
| ၇။ | အင်းအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | - | - | ၁ | ၁ |
| ၈။ | ဖလုံ-စဝေါ် ဒီမိုကရက်တစ်ပါတီ | ၁ | - | - | ၁ |
| ၉ ။ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ | ၉ | ၃ | ၇ | ၁၉ |
| ၁၀။ | အမျိုးသားဒီမိုကရက်စီအင်အားစု | ၃ | ၂ | - | ၅ |
| ၁၁။ | ပြည်သူ့ဒီမိုကရေစီပါတီ | ၁ | - | - | ၁ |
| ၁၂။ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၉ | ၃ | ၆ | ၁၈ |
| ၁၃။ | မြန်မာအမျိုးသားကွန်ဂရက်ပါတီ | ၁ | - | - | ၁ |
| ၁၄။ | ရှမ်းအမျိုးသားများဒီမိုကရေစီအဖွဲ့ချုပ် | ၂ | - | ၅ | ၇ |
| ၁၅။ | မွန်အမျိုးသားပါတီ | ၁ | - | - | ၁ |
| ၁၆။ | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၁ | - | - | ၁ |
| ၁၇။ | တိုင်းရင်းသားများဒီမိုကရေစီပါတီ (ကယားပြည်နယ်) | - | - | ၁ | ၁ |

| | | | | | |
|---|---|---|---|---|---|
| ၁၈။ | ရခိုင်အမျိုးသားပါတီ | ၂ | - | - | ၂ |
| ၁၉။ | ပြည်သူ့အကျိုးပြုကျောင်းသားဒီမိုကရေစီပါတီ | ၁ | - | - | ၁ |
| ၂၀။ | လူ့ဘောင်သစ်ပါတီ | ၁ | - | - | ၁ |
| ၂၁။ | အခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | - | - | ၁ | ၁ |
| ၂၂။ | အမျိုးသာဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၃ | ၂ | ၁ | ၆ |
| ၂၃။ | ပြည်ထောင်စုတောင်သူလယ်သမားနှင့် အလုပ်သမားအင်အားစုပါတီ | - | ၁ | - | ၁ |
| ၂၄။ | '၀' လစ်ဘရယ်ဒီမိုကရက်တစ်ဖွံ့ ဖြိုးတိုးတက်ရေးပါတီ | - | - | ၂ | ၂ |
| ၂၅။ | တသီးပုဂ္ဂလ | ၆ | ၁ | - | ၇ |
| | | ၄၉ | ၁၅ | ၃၁ | ၉၅ |

**ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်းများ**

| စဉ် | မဲဆန္ဒနယ် | ကိုယ်စားလှယ်လောင်းအမည် | | ပါတီ/တသီးပုဂ္ဂလ | တင်သွင်းသည့်ရက် |
|---|---|---|---|---|---|
| စစ်ကိုင်းတိုင်းဒေသကြီး | | | | | |
| ၁။ | မုံရွာမဲဆန္ဒနယ် | ၁။ | ဦးစိန်မောင် | တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီ | ၅.၁၂.၂၀၁၆ |
| | | ၂။ | ဦးညွှန့်လှိုင် | အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၇.၁၂.၂၀၁၆ |
| | | ၃။ | ဦးညွှန့်အောင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၁.၁၂.၂၀၁၆ |
| | | ၄။ | ဒေါက်တာ ဝင်းမြင့်အောင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ | ၅.၁၂.၂၀၁၆ |
| | | ၅။ | ဒေါက်တာ သန်းထိုက်ဦး | ပြည်သူ့ဒီမိုကရေစီပါတီ | ၂.၁၂.၂၀၁၆ |

| | | | | | |
|---|---|---|---|---|---|
| မွန်ပြည်နယ် | | | | | |
| ၂။ | ချောင်းဆုံ မြို့နယ် | ၁။ | ဦးတင့်ဝေ | တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီ | ၅.၁၂.၂၀၁၆ |
| | | ၂။ | နိုင်စိန်မြမောင် (ခေါ်) နိုင်မြမောင် | မွန်အမျိုးသားပါတီ | ၆.၁၂.၂၀၁၆ |
| | | ၃။ | ဦးဝင်းထွဋ် (ခေါ်) ဦးမြဝင်း | မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီ | ၇.၁၂.၂၀၁၆ |
| | | ၄။ | ဦးအေးဝင်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၇.၁၂.၂၀၁၆ |
| | | ၅။ | ဦးအောင်ကြည်သိန်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ | ၅.၁၂.၂၀၁၆ |
| ရခိုင်ပြည်နယ် | | | | | |
| ၃။ | အမ်းမြို့နယ် | ၁။ | ဦးဇော်လင်းအောင် | တသီးပုဂ္ဂလ | ၄.၁၂.၂၀၁၆ |
| | | ၂။ | ဦးဇော်ဝင်းမြင့် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၄.၁၂.၂၀၁၆ |
| | | ၃။ | ဦးသောင်းငြိမ်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ | ၁.၁၂.၂၀၁၆ |
| | | ၄။ | ဒေါက်တာအေးမောင် | ရခိုင်အမျိုးသားပါတီ | ၄.၁၂.၂၀၁၆ |
| ရန်ကုန်တိုင်းဒေသကြီး | | | | | |
| ၄။ | လှိုင်သာယာ မြို့နယ် | ၁။ | ဦးကျားကြီး | ဒီမိုကရက်တစ်ပါတီ (မြန်မာပြည်) | ၁.၁၂.၂၀၁၆ |
| | | ၂။ | ဦးကျော်သန်း | တသီးပုဂ္ဂလ | ၂၉ .၁၂.၂၀၁၆ |
| | | ၃။ | ဦးတင်ယု | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ | ၆.၁၂.၂၀၁၆ |
| | | ၄။ | ဦးနေလင်းဦး | ပြည်သူ့အကျိုးပြုကျောင်းသား ဒီမိုကရေစီပါတီ | ၅.၁၂.၂၀၁၆ |
| | | ၅။ | ဦးမောင်မင်း | တသီးပုဂ္ဂလ | ၇ .၁၂.၂၀၁၆ |
| | | ၆။ | ဦးဝင်းမင်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၇.၁၂.၂၀၁၆ |
| | | ၇။ | ဦးသက်ထွန်းမောင် | အမျိုးသားဒီမိုကရက်စီအင်အားစု | ၃၀.၁၂.၂၀၁၆ |
| | | ၈။ | ဦးအေးကျော် | ရခိုင်အမျိုးသားပါတီ | ၆.၁၂.၂၀၁၆ |

| | | | | | |
|---|---|---|---|---|---|
| ၅။ | ဒဂုံမြို့ သစ်အရှေ့ မဲဆန္ဒနယ် | ၁။ | ဒေါ်ခင်မာလာ | အမျိုးသားဒီမိုကရက်စီအင်အားစု | ၆.၁၂.၂၀၁၆ |
| | | ၂။ | ဦးဇော်အောင် (ခေါ်) ဦးညိုထွန်း | လူ့ဘောင်သစ်ပါတီ | ၆.၁၂.၂၀၁၆ |
| | | ၃။ | ဦးနေကျော် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၅.၁၂.၂၀၁၆ |
| | | ၄။ | ဦးနေလင်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ | ၅.၁၂.၂၀၁၆ |
| | | ၅။ | ဒေါ်ဥမ္မာတင် | ဒီမိုကရက်တစ်ပါတီ (မြန်မာပြည်) | ၆.၁၂.၂၀၁၆ |
| ၆။ | ဒဂုံမြို့ သစ်ဆိပ်ကမ်း မဲဆန္ဒနယ် | ၁။ | ဦးခင်ဝင်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ | ၄.၁၂.၂၀၁၆ |
| | | ၂။ | ဦးမြစိန် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၂.၁၂.၂၀၁၆ |
| | | ၃။ | ဦးသဲမောင် မောင်ထက် | အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၁၀.၁၂.၂၀၁၆ |
| | | ၄။ | ဦးအောင်ဇင် | အမျိုးသားဒီမိုကရက်စီအင်အားစု | ၆.၁၂.၂၀၁၆ |
| | | ၅။ | ဒေါက်တာ အောင်မျိုး | တသီးပုဂ္ဂလ | ၄.၁၂.၂၀၁၆ |
| ၇။ | ကော့မှူး မဲဆန္ဒနယ် | ၁။ | ဦးကျော်စိုးဝင်း (ခေါ်) ဦးအာလူး | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၅.၁၂.၂၀၁၆ |
| | | ၂။ | ဦးကျော်ဇင်ဟိန်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ | ၆.၁၂.၂၀၁၆ |
| | | ၃။ | ဒေါ်ခင်ခင်လင်း | မြန်မာနိုင်ငံတောင်သူလယ်သမား ဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၅.၁၂.၂၀၁၆ |
| | | ၄။ | ဦးစောဝင်း | ဖလုံ-စဝေါ် ဒီမိုကရက်တစ်ပါတီ | ၁၀.၁၂.၂၀၁၆ |
| | | ၅။ | ဒေါ်စိန်ကျော့နု | ဒီမိုကရက်တစ်ပါတီ (မြန်မာပြည်) | ၅.၁၂.၂၀၁၆ |
| | | ၆။ | ဦးဇော်ထွန်း | တသီးပုဂ္ဂလ | ၇.၁၂.၂၀၁၆ |
| | | ၇။ | ဒေါ်နီလာစိုးတင့် | မြန်မာအမျိုးသားကွန်ဂရက်ပါတီ | ၆.၁၂.၂၀၁၆ |
| | | ၈။ | ဦးမျိုးမောင် မောင်စိုး | အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၃.၁၂.၂၀၁၆ |
| | | ၉။ | ဦးမျိုးသီဟထွန်း | တသီးပုဂ္ဂလ | ၇.၁၂.၂၀၁၆ |
| ရှမ်းပြည်နယ် | | | | | |

| | | | | | |
|---|---|---|---|---|---|
| ၈။ | ကျေးသီး မဲဆန္ဒနယ် | ၁။ | စိုင်းကျော်နိုင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ | ၅.၁၂.၂၀၁၆ |
| | | ၂။ | စိုင်းအောင်ကျော် | ရှမ်းအမျိုးသားများ ဒီမိုကရေစီအဖွဲ့ချုပ် | ၄.၁၂.၂၀၁၆ |
| | | ၃။ | စိုင်းအွမ်ခမ်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၂.၁၂.၂၀၁၆ |
| | | ၄။ | နန်းတင်ဦး | ရှမ်းအမျိုးသားများဒီမိုကရေစီပါတီ | ၁.၁၂.၂၀၁၆ |
| ၉ ။ | မိုင်းရှူး မဲဆန္ဒနယ် | ၁။ | ဦးကျော်တင်ရွှေ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ | ၄.၁၂.၂၀၁၆ |
| | | ၂။ | စိုင်းဝင်းအေး (ခေါ်) စိုင်းထွန်းအေး | ရှမ်းအမျိုးသားများ ဒီမိုကရေစီအဖွဲ့ချုပ် | ၄.၁၂.၂၀၁၆ |
| | | ၃။ | နန်းခမ်းရင် အောင် | ရှမ်းအမျိုးသားများဒီမိုကရေစီပါတီ | ၃၀.၁၂.၂၀၁၆ |
| | | ၄။ | ဦးဝင်းအောင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၄.၁၂.၂၀၁၆ |

ANFREL
Asian Network for Free Elections

The Asian Network for Free Elections (ANFREL)
105, Susthisarnwinichai Road, Samsennok, Huaykwang, Bangkok 10310, Thailand.
TEL : (+66 2) 26931867
Email : anfrel@anfrel.org
Website : www.anfrel.org
ISBN : BN-60-153969